
ဝေဝေအောင်
တစ်ချစ်တည်း

အနန္တော အနန္တ ငါးပါး အပါအဝင် မိဘနှစ်ပါး ဖြစ်သူ ဖေဖေနှင့် မေမေအား ရုပ်နှင့်နာမ် တည်မြဲနေသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ် သော ငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်း ရတနာ ဖြစ်ရပါလို၏။

စေစေအောင်



# စေစေအောင်

## တစ်ချစ်တည်း

(ဇာတ်သိမ်း)




ဤဝတ္ထု၊ အမည်ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။
တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

စေစေအောင်

ပထမအကြိမ်၊ တစ်ထောင့်ငါးရာ
စာအုပ်စာတမ်းစာနယ်ဇင်း
စာမူကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်အမှတ် ၆၅၅/၇၉(၁၀)
မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်အမှတ် ၆၉၃/၀၉(၁၀)
တန်ဖိုး — သုံးဆယ့်ခြောက်ကျပ်တိတိ
ပန်းချီ — ဗောင်ကျော်ညွန့် ✻ အဖွဲ့
ရေခဲပန်းချီ — ကြည်သိန်း
အဖုံး — ဦးမြသိန်း(၀၁၄၂၇)
သိန်းမြင့်ဝင်း အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ — ဒေါ်ဝေဝေအောင်(၀၃၁၃၇)
ဝိုင်းစာပေ
၁၅၀၊ မညာဒလလမ်း၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။
ပုံနှိပ် — ဒေါ်တင်ရွှေ[၀၁၄၄၀]
အောင်ချမ်းသာပုံနှိပ်တိုက်
၅၄၊ ၉၃ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။
စာအုပ်ချုပ် — ဒေါ်အေးကြည်မိသားစု



# တစ်ချစ်တည်း

---

## ဝေဝေအောင်

ဒုတိယပိုင်း ဇာတ်သိမ်း

ဝိုင်းစာပေ

# ဝေဝေအောင် ရေးသားထုတ်ဝေပြီး စာအုပ်များ


၁။ ဒီလိုမေတ္တာ (ဆွေဆွေအောင်နှင့် တွဲ) (၁၉၇၀)
၂။ မနေ့တစ်နေ့ကလိုပါပဲ (၁၉၇၁)
၃။ ငယ်ချစ်ဦး ။
၄။ ချစ်ခဲ့ဖူးပါသည် ။
၅။ မေတ္တာကိုသာပေးပါ (၁၉၇၂)
၆။ အစတုန်းက ချစ်တယ်ဆို ။
၇။ မချစ်လို့မှ မဟုတ်ဘဲ ။
၈။ ချစ်တတ်သည့် အသည်းနှလုံးနှင့်ပါ ။
၉။ ချစ်ရသူတိုင်း ပေါင်းရစေသား (၁၉၇၃)
၁၀။ ပြောနေဖို့များလိုသေးလား ။
၁၁။ ယနေ့ထက်တိုင် ချစ်လျက်ပါ ။
၁၂။ ပေးဆပ်ရသော မေတ္တာတွေ ။
၁၃။ ချစ်ကြွေး (ရီနွယ်ထွန်းနှင့် တွဲ) ။
၁၄။ အစားထိုးချစ်လိုက်မယ် ။
၁၅။ ချစ်သောကိုကို (၁၉၇၄)
၁၆။ ရင်ထဲကပဲ ချစ်တော့မယ် ။
၁၇။ ချစ်ချစ် မချစ်ချစ် ။
၁၈။ ခံစားဖူးမှ သိမှာပါ ။


ဝိုင်းစာပေ

၁၉။ တို့ချစ်သူ (၁၉၇၅)
၂၀။ ချစ်တယ် ။
၂၁။ နွေဦးမေ (ကြည်ပြာဖြိုးဝေနှင့် တွဲ) ။
၂၂။ ခွဲဝေလို့ဖြင့် ချစ်ချင်ဘူး (ပ) ။
။ (ဒု) ။
၂၃။ တိမ်ပေါ်ကမောင် ။
၂၄။ ချစ်ဦးသခင် (၁၉၇၆)
၂၅။ လက်ရှိအခြေအနေမှာပဲ ဆက်နေပါရစေတော့ ။
၂၆။ သိပ်ချစ်တဲ့ မမ (ပ) (၁၉၇၇)
။ (ဒု) ။
၂၇။ ချခဲ့ဖူးသောရေစက်၊ ပန္နက်ခဲ့ဖူးသော သစ္စာ ။
၂၈။ မချစ်ဘူးဆို (၁၉၇၈)
၂၉။ အမုန်းပြေပါ ။
၃၀။ ဝတ္ထုတိုပေါင်းချုပ် (၁) ။
၃၁။ ဇွဲ ။
၃၂။ ဝတ္ထုတိုပေါင်းချုပ် (၂) ။
၃၃။ ချစ်ငြိုးမပြေ ။
၃၄။ အနားမှာနေပါရစေ ။
၃၅။ ချစ်လို့ဆိုးမယ် (ခိုင်ဇင်သက်နှင့် တွဲ) (၁၉၇၉)
၃၆။ ခွင့်လွှတ်ပါနော် ။
၃၇။ ဝတ္ထုတိုပေါင်းချုပ် (၃) ။
၃၈။ တစ်ချစ်တည်း (ပ) ။
ယခုလ
၃၉။ တစ်ချစ်တည်း (ဒု) (ဇာတ်သိမ်း) ။



...ပအခါ...

...က မင်းသမီး

...ပဲ ခြောမှာသေ

...န်လက်ရှပ္မာ

---

...သအမှောင်ဝယ် ဘီအမ်ဒဗလျူ မိုးပြာရောင်လေးက ...သာဒိုမှ ရန်ကုန်သို့ အပြင်းမောင်းနှင်နေသည်။

...ားရှေ့ခန်းဝယ် ကားကို စိတ်လှုပ်ရှားစွာ မောင်းနှင် ...သူက ဦးကောင်းလွန်း။

သည်နေ့ ညနေ ခြောက်နာရီကမှ သူပါဝင်ရိုက်ကူးရသည့် ...တ်ကား၏....

...ာတ်သိမ်းပိုင်းကို ပဲခူးမှာ ရိုက်ကူးပြီးစီးသွားခဲ့သည် ...တ်ပါလား။

ဖြစ်ချင်တော့ ဇာတ်လမ်းက မင်းသားကို မင်းသမီးက ကျောခိုင်းသွားသည့်ဇာတ်လမ်း။

င်းသားက အညတရ....

ထိုအညတရဘဝမှ ရုန်းထွက်နိုင်အောင် မင်းသမီးက ကယ်မခဲ့သည်။

၂၅။ င်မြင့်လာတော့ မင်းသားက မင်းသမီးကို မေ့ကာ
၂၆။ သိပ်ချစ် သည်။
၂၇။ ချခဲ့ဖူး၏ အောင်မြင်မှုနှင့် ငွေကြေးအရှိန်အဝါကို မက်
၂၈။ မချစ် ထပ်သည့်မိန်းကလေးက သူ့လက်ထဲကပင်....
၂၉။ အမုန်း ပ်ချစ်သူ တစ်ယောက်ကို ထပ်ရှာသည်။
၃၀။ ဝတ္ထု မှ မင်းသားက နောင်တများနှင့် မင်းသမီးကို
၃၁။ ဇ တ်လမ်း။

မင်းသားရောက်လာချိန် မင်းသမီးက ယောဂီဝတ်ခါနီး ပြီ။

မင်းသားက သူ့ကိုခွင့်လွှတ်ဖို့နှင့် သူနှင့် ပြန်လိုက်ခဲ့ဖို့ တောင်းပန်ပေမယ့်....

အချစ်ကြီး၍ အမျက်ကြီးသည့်မင်းသမီးက သူ့ကို စိတ်နာသွားပြီ။

တစ်သက်မှာ တစ်ချစ်တည်းချစ်တတ်သူမို့ နောက်တစ်ခါ ပြန်လည်ချစ်ဖို့ မဖြစ်နိုင်တော့ကြောင်းပြောကာ ယောဂီ ဝတ် သွားခဲ့သည်။





ရုပ်ရှင်သာ ရိုက်နေသည် သူ့ဘဝကို သူပြန်လည်မြင်တွေ့နေရသလို....

ကောင်းလွန်းရင်မှာ တသိမ့်သိမ့်ခံစားနေရသည်။

ဖြစ်နိုင်လျှင် မင်းသမီးအစား စိမ်းမေသာ ဖြစ်လိုက်ပါတော့လား....

သူ စိမ်းမေကို ခွင့်လွှတ်နိုင်အောင် အထပ်ထပ်အခါခါ တောင်းပန်ပါမည်။

သို့ပေမယ့် သူ့စိမ်းမေကလည်း ရုပ်ရှင်ထဲက မင်းသမီးလို မာန သိပ်ကြီးသည့် သူတစ်ယောက်။

သူ တောင်းပန်လျှင် သူ့ကို မင်းသမီးလိုပဲ ပြောမှာသေချာသည်။

သည်တော့ သူ စိမ်းမေကို ရာသက်ပန် စွန့်လွှတ်ရမှာလား....

မင်းသမီးယောဂီဝတ်စုံနှင့် သူ့ကိုထားကာ ထွက်သွားသည့် အခန်းသည် သူ့ကို စိမ်းမေထားကာ ထွက်သွားသကဲ့သို့ ကောင်းလွန်းရင်မှာ ခံစားရသည်။

ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ယူကျုံးမရခြင်းအပြင်....

အချစ်ဆုံးကို ရာသက်ပန်လက်လွှတ် ဆုံးရှုံးရလေခြင်း ဟူသော အသိတို့ ပေါင်းစပ်ကာ....

ကောင်းလွန်း မျက်ဝန်းမှ မျက်ရည်များ စီးကျလာသည်။

ရင်မှ ခံစားချက်နှင့်ထပ်တူမို့ ရင်မှာ ခံစားရသည့်အတိုင်း သရုပ်ဆောင်လိုက်ရာ....

သရုပ်ပါလွန်း၍ ဒါရိုက်တာသာမက ရုပ်ရှင်လောကအဖွဲ့သားများအားလုံး ကောင်းလွန်းကို ချီးကျူးကြသည်။

အကယ်ဒမီရမည်ဟု တစ်ခဲပေးကြသည်။

အကယ်ဒမီလည်း မလိုချင်ပါ၊ ချီးကျူးသံတွေလည်း မကြားလိုပါ။

ဖြစ်နိုင်လျှင် ချစ်ဆုံးကိုသာ ပြန်လည်၍ လိုချင်ပါသည်။

အားလုံးကို လက်ဆွဲနှုတ်ဆက်ပြီးသည့်တိုင် ကောင်းလွန်းပါးပြင်ပေါ်မှာ မျက်ရည်က ဝေဆဲ....

"သေချာတယ် ကိုကောင်း၊ ခင်ဗျား ဒီကားမှာ အကယ်ဒမီရကို ရစေရမယ်"

"ဝမ်းသာပါတယ် ကိုသော်က"

ဒါရိုက်တာ ကိုသော်ကကို နှုတ်ဆက်ပြီး ပြန်လာပေမယ့် မျက်ဝန်းတွင်းမှာ ယောဂီဝတ်စုံနှင့် စိမ်းမေ မျက်နှာကိုသာ မြင်ယောင်နေသည်။

စိမ်းမေကော သူလိုက်အခေါ် သူ့ကို သည်လိုပဲ စွန့်ပစ်ခဲ့မည်လား....

သေချာပါသည်။

အချစ်ကြီးသလောက် အမျက်ကြီးသည်။ စိမ်းမေ သူ့ကိုထားကာ ထွက်ပြေးဦးမှာ သေချာသည်။





တစ်ခါကလည်း ထွက်ပြေးခဲ့ပြီးပြီ မဟုတ်လား....

နောက်တစ်ခါ ကောင်းလွန်းလိုက်လာလျှင် သူ့ကိုယ်သကော သူ့သမီးကိုပါ အဆုံးစီရင်ပစ်လိုက်မည်ဟု မှာသွားခဲ့၍ လိုက်ချင်လျက်နှင့် သူမလိုက်ရဲတော့ပါ။

ဆယ့်ငါးနှစ်တိတိ ရှိခဲ့ပါပြီ။

သည်လောက်ဆို စိမ်းမေ သူ့ကို စိတ်ပြေလုရောပေါ့။

ခွင့်လွှတ်ပါ စိမ်းမေရယ်....။

မောင် စိမ်းမေကိုလဲ တွေ့ချင်တယ်၊ သမီးကိုလဲ တွေ့ချင်တယ်။

ယခုတစ်ရက်နှစ်ရက်အတွင်းကို ကောင်းလွန်း ရင်တွေလှုပ်ရှားလွန်းနေသည်။

အထူးသဖြင့် လူလူဆိုသည့်ကောင်မလေးနှင့် တွေ့ဆုံပြီးကတည်းက ဖြစ်သည်။

သည်ကတည်းက သူ စိမ်းမေကိုလည်း သတိရသည်၊ သမီးကိုလည်း လွမ်းသည်။

လွမ်းစိတ်တွေ ပြေပါစေတော့ရယ်လို့ သည်ပွဲခူးကို ထွက်မလာခင်လေးတင်....

ကောင်းလွန်း ကိုကိုအောင်လွှင့်နှင့်တိုင်ပင်ကာ လုပ်သင့်တာ လုပ်လိုက်သည်။

သူပိုင်သည့်လုပ်ငန်းများထဲမှ လုပ်ငန်း တချို့တစ်ဝက်ကို သမီးနာမည်နှင့် လွှဲလိုက်ခြင်းပင်။

သူသိထားသည့်သမီးနာမည်က ခင်ကောင်းမေ။

ဟိုးလွန်ခဲ့သည့် အနှစ်နှစ်ဆယ်မတိုင်ခင် စိမ်းမေနှင့်သူ စယူစကတည်းက...

သူနှင့်စိမ်းမေ သေသေချာချာရွေးထားသည့် အမည်ပင်။

ယခုဆို သမီး ဆယ့်ရှစ်နှစ်ပြည့်လုနေပေါ့။

ပြန်တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ဖခင်တစ်ယောက်၏ ချစ်ခြင်းမေတ္တာကိုတော့ ကောင်းလွန်း အလျှော့မခံချင်ပါ။

သည်လိုလုပ်ချင်နေသည်မှာ ကြာပြီ။

ယခုတော့ လူလူဆိုသည့်ကောင်မလေးကြောင့် သူ့အကြံအစည် အကောင်အထည်ပေါ်လာခဲ့သည်။

စိမ်းမေနှင့်သူ ကွဲခဲ့ကြသည့်အဖြစ်တွင် စိမ်းမေဘက်က အပြစ်တစ်စုံတစ်ရာ မရှိခဲ့။

သူ့ဘာသာ တစ်ဘက်သတ်စွပ်စွဲချက်တွေနှင့် အတင်းကွဲခဲ့သည့်ကိစ္စ။

စိမ်းမေက သူ့ခြေထောက်ကိုဖက်ကာ အတန်တန်တောင်းပန်ခဲ့ပေမယ့်....

သူ သော်တာ့စကားဝင်ကာ စိမ်းမေကို မရရအောင် ကွာရှင်းခဲ့သည်။





စိမ်းမေ သူ့ကို နာကြည်းစရာ ကောင်းလှပါသည်။

သူ ကောင်းခဲ့သည်မှမဟုတ်ဘဲ....

ကောင်းလွန်းဆိုသည့် စိမ်းမေပေးခဲ့သည့်အမည်နှင့် ဆန့်ကျင်အောင် စိမ်းမေအပေါ်မှာ ဆိုးလွန်းခဲ့သည်။

တွေးရင်းနှင့်ပင် ရင်မှာ ကြေကွဲရသည်။

ခံစားရသည့်စိမ်းမေဆို ဘယ်လောက်နာကြည်းရှာမလဲ။

မောင့်ကိုခွင့်လွှတ်တော့ စိမ်းမေရယ်....

ဒီအဖြစ်တွေကြောင့်လေ မောင် ဘာတွေစီစဉ်ထားခဲ့တယ်မှတ်လဲ....

ကောင်းလွန်း စဉ်းစားရင်းမှ ကျေနပ်စွာ သက်ပြင်းကို ချလိုက်သည်။

ရုပ်ရှင်ရိုက်ကူးခြင်း လုပ်ငန်းအပြင် ကောင်းလွန်းပိုင် လုပ်ငန်းများစွာ ရှိပါသေးသည်။

စားသောက်ဆိုင်ဖွင့်ခြင်း၊ အဝေးပြေးကားထောင်ခြင်း၊ သဘော်ာနှစ်စီး ပြေးဆွဲနေခြင်း စသည့်လုပ်ငန်းများအပြင်....

သူပိုင်ခြံများစွာကို တချို့တိုက်ဆောက်ကာ သံရုံးငှားစားပြီး တချို့ကို အမြတ်ရလျှင် ပြန်ရောင်းသည်။

သည်တော့ ရုပ်ရှင်ရိုက်ကူးခြင်းလုပ်ငန်းမှ ဝင်ငွေအပြင် အခြားဝင်ငွေကလည်း မသေး။

ဘိုတို့၊ ချိုတို့၊ သော်တာတို့ စိတ်တိုင်းကျ သုံးနေသည့်တိုင် ဘဏ်မှာ ငွေစာရင်းက တိုးတိုးလာသည်။

ပြီးတော့ အတွင်းပစ္စည်းများ။

ကောင်းလွန်းလက်ထက်မှာ ပစ္စည်းများအပြင် ဒေမေ့ဆီမှ သော်တာ နည်းမျိုးစုံဖြင့် ရယူခဲ့သည့် ပစ္စည်းကကို မနည်း။

ထားပါတော့ သည်ပစ္စည်းတွေ....

ကောင်းလွန်းပေးမှာက ကောင်းလွန်းပိုင် ပစ္စည်းတွေကို သာပေါ့။

သည်ပစ္စည်းအားလုံး၏ အရှင်သခင်က စိမ်းမေ။

စိမ်းမေ သူ့ကို နာကြည်းစိတ်နှင့် မယူလျှင်တောင် သမီးကိုတော့ သူ ပေးရမည်။

သူ့မှာ တာဝန်လည်း ရှိသည်။

သည်တာဝန်ကျေမှ အနေဖြောင့်မည်။ အသေဖြောင့်မည်မို့....

ပဲခူးကို ထွက်မလာခင်လေးတင် ကိုကိုနှင့်တိုင်ပင်ကာ သူ့နာမည်နှင့် ပစ္စည်းမှန်သမျှကို သမီးကို လွှဲပေးခဲ့သည်။ မြန်မာထုံးစံအရ သေတမ်းစာရေးပိုင်ခွင့် မရှိမှန်း ကောင်းလွန်း သိပေမယ့် သမီးအတွက်ဖြစ်အောင် သတ်မှတ်ပေးခဲ့သည်။

သည်ပစ္စည်းအားလုံးကို သမီး အသက်ဆယ့်ရှစ်နှစ်ပြည့်သည့်နေ့မှာ ခံစားခွင့်ရှိစေရမည်။





သည်လိုလုပ်ပြီးကတည်းက ကောင်းလွန်း စိတ်ချမ်းသာနေသည်။

သမီးနှင့်စိမ်းမေကို မတွေ့ရလျှင်လည်း နေပါစေတော့....

သူ့....စီစဉ်တာလေးကိုသိပြီး သူ့စေတနာကို နားလည်လျှင် သူ ကျေနပ်ပါပြီ အတွေးနှင့် ပီတိပြုံး အပြုံး....

"ဟာ....ဟာ"

ကောင်းလွန်း နှုတ်မှ အလန့်တကြားအော်ကာ မျက်ဝန်းတွေ ပြာဝေသွားသည်။

မင်္ဂလာဒုံနားအရောက် တစ်ဘက်မှ မောင်းလာသည့် ကားမီးက ကောင်းလွန်းမျက်ဝန်းတွင်းကို စူးရှစွာ ကျရောက်လာ၍....

မျက်လုံးကို စုံမှိတ်ကာ ကားလီဗာကို အလျှော့....

မျက်ဝန်းတွင်းမှာ ကားရှေ့မှ လူရိပ်လိုလို အရိပ်တစ်ခုကို အမှတ်မထင် တွေ့လိုက်ရသည်။

ကြောက်အားလန့်အားဖြင့် ဘရိတ်ကို ဖိအနင်း၊ ကျွိခနဲ ကားရပ်သံနှင့်အတူ....

သူ တွေ့လိုက်ရသည့် လူရိပ်က သူ့ကားရှေ့မှာ ပုံခနဲ လဲကျသွားသည်။

ကားတိုက်မိပြီ ဟူသည့် အသိနှင့်အတူ ကောင်းလွန်း မှန်ထုကာ ကားပေါ်မှအဆင်း....

ကျွတ်....ကျွတ်....ဟူသော စုပ်သပ်သံနှင့်အတူ....

ကုန်းထနေသည့် လူတစ်ယောက်ကို ကောင်းလွန်း ဝမ်းသာအားရ တွေ့လိုက်ရသည်။

"ခင်ဗျား....ခင်ဗျား....ဘာမှ မဖြစ်ဘူးနော်"

ကောင်းလွန်း ကဘုန်ကယင်ဖြင့် မေးကာ ထိုလူ့ကို ပြေးပွေ့လိုက်သည်။

ဝမ်းသာလွန်း၍ ရင်မှာ တုန်ယင်နေသည်။

အကယ်၍ သူ့ရှေ့မှလူသာ တစ်ခုခု ဖြစ်သွားလျှင် သူလည်း သွားပြီ။

သူ စိုးရိမ်စွာတွေးနေချိန် တစ်ဘက်မှလူမှာလည်း ယောင်ယောင်ရမ်းရမ်း ကုန်းထရင်း ကောင်းလွန်းကို လှမ်းပြောသည်။

"ဟုတ်....ဟုတ်ကဲ့၊ ကျုပ်ကလဲ လမ်းကူးတာ လောကြီးသွားတယ်၊ ကျွတ်....ကျွတ်"

ကားအရှိန်ကို လျှော့ချထားသည့်အပြင် ဘရိတ်ကိုပါ ခပ်ဖိဖိနင်းထား၍....

အတိုက်ခံရသည့်လူ ပွန်းပဲ့ရုံသာ ဒဏ်ရာရသွားသည်။

"ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်ဖြင့် စိုးရိမ်သွားတာ အရမ်းပဲ"

ကောင်းလွန်း အတိုက်ခံရသည့်လူကို ဆွဲပွေ့ကာ ထူပေးရင်း ပြောလိုက်သည်။





အတိုက်ခံရသည့်လူက အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်ပါ။

ဆင်းရဲနွမ်းပါးပုံရကာ သူ့လက်ထဲမှာ ချိုင့်တစ်လုံး ပါလာပုံရသည်။

ယခုတော့ ထိုချိုင့်က ကားဘီးအောက်ဝယ် ပြားနေသည်။

"ကျုပ်....ကျုပ်မိန်းမအတွက် ကာဖီထွက်ဝယ်ရင်း ဖြစ်ရတာ၊ သူ မျှော်နေတော့မှာပဲ"

ထိုလူကြီးမျက်နှာက ကားအောက်ရှိ ဖိတ်စင်နေသော ကာဖီများကို ကြည့်ကာ ဝမ်းနည်းခန်၍ ကောင်းလွန်းပါ စိတ်မကောင်း ဖြစ်သွားရသည်။

စာနာစိတ်နှင့်လည်း လှမ်းမေးလိုက်သည်။

"ကာဖီ ဘာလုပ်ဖို့လဲဟင်"

"သူ သောက်ဖို့၊ သူ နေမကောင်းနေတာ ကြာပြီ၊ အစာလဲ မဝင်တော့ဘူး"

"ဟာ....ဗျာ"

ပိုစိတ်မကောင်း ဖြစ်သွားရသည်။

"ဒါနဲ့ ကာဖီဆိုင်က ဘယ်မှာလဲဟင်၊ ကျွန်တော် ဝယ်လိုက်မယ်လေ"

"နေပါစေတော့၊ ကျုပ် သူ့ကို စိတ်မချဘူး၊ ပြန်တော့မယ်"

ထိုလူကြီးက သူ့ဝေဒနာထက် သူ့အိမ်မှမိန်းမကိုသာ စိုးရိမ်နေဟန်မို့....

ကောင်းလွန်း ကရုဏာသက်စွာ လှမ်းမေးလိုက်မိသည်။

"ကျွန်တော်လိုက်ခဲ့မယ်လေ၊ ဝေးလား"

"ဟိုးရှေ့က မြင်နေရတဲ့ တဲလေးပဲ"

ကားလမ်းနှင့် တစ်မိုင်ခန့်အလိုတွင် မီးရောင်လဲ့လဲ့နှင့် တဲလေးတစ်လုံးကို ကောင်းလွန်း တွေ့လိုက်ရသည်။

ကားကို လမ်းဘေးပြန်ချကာ သော့ခတ်ပြီး ကောင်းလွန်း ထိုလူကြီးနှင့်အတူ တဲလေးရှိရာကို လိုက်လာခဲ့သည်။

ဖြစ်ကာစ ထူပူနေ၍ ထိုလူကြီး ဘာမှ မဖြစ်သေးသော်လည်း....

နောက်နေ့ဆိုလျှင်တော့ ကိုယ်တွေလက်တွေ နာကျင်လာမှာ သေချာသည်။

ယခုအချိန်မှာ ထိုလူကြီးက သူ့ကိုယ်မှ ဝေဒနာထက်....

အိမ်ကိုရောက်ဖို့သာ စိတ်စောနေ၍ ကောင်းလွန်း ထိုလူကြီးကို မီးအောင်လိုက်ရင်း လှမ်းမေးလိုက်သည်။

"ခင်ဗျားမိန်းမက ဘာဖြစ်တာလဲ၊ နေမကောင်းတာလား"

"မိန်းမရောဂါပါဗျာ၊ ကြာပြီ၊ တရှောင်ရှောင်နဲ့၊ ခုတော့လဲ မီးစာကုန် ဆီခန်းပါပဲ၊ သူမသေဘဲ ကျုပ်သေသွားရင် ကောင်းသားဗျာ"





"ဟာဗျာ"

ကောင်းလွန်း စိတ်မကောင်းစွာနှင့် ခေါင်းခါလိုက်သည်။

မြွေပူရာ ကင်းမှောင့် အဖြစ်မျိုးပင်။

သူ့အဖြစ်နှင့်သူပင် စိတ်ဆင်းရဲရသည့်ကြားထဲ သူ့ရှေ့မှ လူကြီးကလည်း အဖြစ်တစ်မျိုးနှင့်ပါလား။

ပြောရင်း ထိုလူကြီးက အင်္ကျီလက်နားစဖြင့် ခေါင်းငုံ့ကာ မျက်ရည်သုတ်နေ၍ ကောင်းလွန်း သက်ပြင်းချလိုက်သည်။

လူတစ်ခု ပူမှုရယ်က ဆယ်ကုဋေဆိုသလို....

လူရယ်လို့ စတင်ဖြစ်လာပြီဆိုကတည်းက နည်းမျိုးစုံဖြင့် ပူပန်နေကြရပါလား။

"ကလေးကငါးယောက်၊ ဘဝက မပြည့်မစုံနဲ့၊ သူသေရင် ကျုပ် ဘယ်လိုနေရမလဲ"

"မပြောကောင်း မဆိုကောင်းဗျာ"

တဖြည်းဖြည်း နှင့် တဲလေးဆီကို နှစ်ယောက်သား အရောက်....

တဲလေးထဲမှ ချည့်နဲ့နဲ့အသံလေးတစ်သံတိုးထွက်လာသည်။

"ကို....သာ....အောင် လားဟင်"

"ဟုတ်တယ် မယ်လှ"

"ကြာလိုက်တာတော်၊ ရှင် ဘယ်သွားနေတာလဲ"

"ကျုပ်....ကျုပ်"

ကိုသာအောင်ဆိုသည့်လူ နှုတ်မှ တုံ့ဆိုင်းစွာပြောရင်း ပါးပေါ် မျက်ရည်များ စီးကျလာသည်။

ထိုလူ့ကိုကြည့်ရင်း ရင်မှာမချိတော့ပါ။

တဲလေးအတွင်းမှာတော့ မှုန်ပျပျမှုန်အိမ်လေးသာ ထွန်းညှိထားပြီး....

အလင်းရောင် မှုန်မှုန် အောက် ဝယ် မိန်းမတစ်ယောက် စောင်လေးခြုံကာ လဲလျောင်းနေသည်။

သူ့ဘေးမှာတော့ ကလေးငါးယောက်က မျက်စိသူငယ်နှင့် ဝိုင်းထိုင်နေသည်။

အင်မတန် ကြေကွဲဝမ်းနည်းဖွယ်ရာ မြင်ကွင်းတစ်ခုအဖြစ် ကောင်းလွန်း လှမ်းအကြည့်....

မျက်ဝန်းထဲ လူမမာ မိန်းမမျက်နှာကိုကြည့်ပြီး ကောင်းလွန်းရင်မှာ ဒိတ်ခနဲ ခုန်သွားသည်။

သချာအောင်ထပ်အကြည့် နှုတ်မှ အလန့်တကြား ထွက်သွားသည်။

"မင်း....မင်း....အလှ....အလှမဟုတ်လား"

"ဘယ်သူလဲဟင်"

အလှက ဝေဒနာကို ပြင်းပြစွာခံစားနေရင်းမှ မျက်လုံးကို အားယူဖွင့်ကာ ခပ်တိုးတိုးလေး မေးသည်။

"အစ်ကိုလေးလေ အလှ၊ ကောင်းလွန်း"

"အစ်ကိုလေး လာသေးတယ်....နော်"





အလှက မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်ငိုသည်။

ကောင်းလွန်း အလှမျက်နှာကိုစိတ်မကောင်းစွာစိုက်ကြည့်ရင်း မသက်မသာမေးလိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ အလှရယ်"

အလှ ခက်ခဲပင်ပန်းစွာ အသက်ရှူနေရာမှ မျက်ရည်တွေတွေကျရင်း ကောင်းလွန်းကို လှမ်းကြည့်သည်။

ပြီးတော့ တစ်လုံးချင်း ပြောပြရှာသည်။

* * *

## အခန်း (၂)

"အစ်ကိုလေးနဲ့မမလေး ကွဲပြီးကတည်းက အလှလဲ အိမ်ထောင်ကျတာပေါ့ပဲ အစ်ကိုလေးရယ်၊ အလှ အမျိုးသားက သစ်စက်က အလုပ်သမားတစ်ယောက်ပါ၊ ရိုးတာ အေးတာကလွဲရင် ဘာမှ ကြိုးကြိုးစားစားမရှိဘူး....

ဒီတော့ မိသားစုမလောက်ငှဘူးပေါ့ အစ်ကိုလေးရယ်၊ အလှ တစ်ဘက်တစ်လမ်းက ဝင်ငွေရအောင် ကုန်စိမ်းရောင်းရတယ်၊ ကုန်စိမ်းရောင်းရတာ သိပ်ပင်ပန်းပြီး အကျိုးအမြတ်ရတာနည်းတော့ အလှ ကယ်ရီလုပ်တယ်အစ်ကိုလေး"

"မယ်လှ....မောမယ်လေ"

အလှခင်ပွန်း ကိုသာအောင်က အလှလက်ကိုဆွဲကာ လှမ်း ပြောသည်။

အလှပြောသလို ရိုးသားသည့် သူ့ ဟန်က မဖုံးနိုင်၊ မဖိ နိုင်။

အလှ လက်လေးကာရင်း....

“အလှ မောလို့ သေသွားပါစေ ကိုသာအောင်၊ အစ်ကို လေးကိုတွေ့ရတာ အလှ ဘယ်လောက် ဝမ်းသာနေတယ် မှတ်လဲ”

“အေးပါ အလှရယ်၊ အစ်ကိုလေးလဲ ဝမ်းသာပါတယ်၊ ဒါပေမယ့် ကိုယ့်ရောဂါကိုတော့ ငဲ့မှပေါ့”

“မငဲ့နိုင်ဘူး အစ်ကိုလေး၊ ဒီစကားတွေ ပြောချင်လွန်းလို့ အစ်ကိုလေးကို အလှ ခေါ်ခိုင်းတာပေါ့”

“ဘာ....အလှ”

ကောင်းလွန်း အလှကိုကြည့်ကာ အံ့ဩစွာ လှမ်းမေး လိုက်သည်။

“နင် ငါ့ကို ခေါ်ခိုင်းတယ် ဟုတ်လား”

“ဟုတ်တယ်လေ အစ်ကိုလေးရဲ့၊ အစ်ကိုလေးနဲ့ မတွေ့ခဲ့ ရဘူး၊ အစ်ကိုလေး တပည့်တစ်ယောက်ပဲ အလှဆီကို ရောက် လာတယ်”

“ဘာ....ဘာရယ်”





ကောင်းလွန်း အလှကို နားမလည်နိုင်စွာ လှမ်းကြည့်ပြီး အံ့ဩစွာ မေးနေချိန် အလှက အသက်ကို ခက်ခဲပင်ပန်းစွာ ရှူရင်း....

“ဒီအကြောင်းတွေ အလှ ပြောချင်နေတာ ကြာပါပြီ”

“ဟင်”

“တစ်နေ့ကမနက်ကတော့ အလှကိုယ်အလှလဲ အားမရ တာနဲ့ ကိုသာအောင်ကို အစ်ကိုလေးဆီလွှတ်ပြီး အလှဆီ လာဖို့ ပြောခိုင်းလိုက်တာ”

ကောင်းလွန်း မျက်မှောင်ကုတ်လိုက်သည်။ သူနဲ့လည်း မတွေ့ပါလား....

“ဘယ်သူနဲ့များ တွေ့ခဲ့ပါလိမ့်....

ထိုနေ့က သူ ပဲခူးကို သွားသည့်နေ့ပဲ....

“အစ်ကိုလေးအိမ်က အစ်ကိုလေးတပည့် လိုက်လာလို့ အလှ မမလေးအကြောင်းတွေ အားလုံး ပြောပြလိုက်တယ်၊ အစ်ကိုလေး သိပြီးပြီလားဟင်”

ကောင်းလွန်း ခေါင်းကို ဖြည်းလေးစွာ ခါလိုက်သည်။ အလှ ကောင်းလွန်းမျက်နှာကို အံ့ဩစွာကြည့်ရင်း....

“ဟင်....အစ်ကိုလေး တကယ်မသိဘူး ဟုတ်လား၊ အခု လာတာ အစ်ကိုလေး သိလို့ လာတာမဟုတ်ဘူးလား”

“မဟုတ်ဘူး အလှ”

ကောင်းလွှန်း အဖြစ်အပျက်အားလုံးကို ပြောအပြီး အလှ မျက်ရည်ကျလာရင်း ကောင်းလွှန်းကို စိတ်ပျက်လက်ပျက် လှမ်းမေးသည်။

"ဒါဆို အစ်ကိုလေးရယ် ဒီကိုလာတာ ဘယ်သူများလဲ"

မေးရင်း အလှက မောနေ၍ ကောင်းလွှန်း ကိုသာ အောင်ဘက်ကို လှည့်ကာ မေးလိုက်သည်။

"ဒီကိုလာတာ ဘယ်လိုပုံစံလဲ ကိုသာအောင်"

"လူငယ်တစ်ယောက်ပဲ၊ အသားညိုညို အရပ်မြင့်မြင့်နဲ့"

မျက်ဝန်းထဲ အိမ်မှဒရိုင်ဘာ ဇင်မောင်ကို ပြေးမြင်သည်။

ဒီကောင်က သူ့မသိဘဲ ဒီကို ဘာကိစ္စလာရတာလဲ၊ ဘယ်သူ့အမိန့်နဲ့ လာရတာလဲ....

ကောင်းလွှန်း မျက်မှောင်ကုတ်နေဆဲ အလှက ငိုရှိုက်ကာ ပြောသည်။

"အလှ....အလှ....ပြောလိုက်မိတာ မှားသွားပြီလား မသိဘူး အစ်ကိုလေးရယ်"

"ဘာ....ဘာတွေပြောလိုက်မိလို့လဲဟင် အလှ"

အလှက မောသည့်ကြားမှ သည်းထန်စွာ ငိုရှိုက်နေသည်။

"အလှ စေတနာဟာ မမလေးတို့အတွက် ဝေဒနာဖြစ်ရတော့မယ်နဲ့ တူပါတယ် အစ်ကိုလေးရယ်"

"ဘာတွေပြောလိုက်တယ်ဆိုတာ အစ်ကိုလေးကို ပြောပြဦးမှပေါ့ အလှရယ်"





ကောင်းလွှန်းမေးနေသည့်ကြားမှ အလှက အားရအောင် ငိုရှိုက်နေသည်။

ကောင်းလွှန်း အလှကိုကြည့်ကာ စိတ်မောစွာ သက်ပြင်းချလိုက်သည်။

အလှခေါ် လှလှက ကောင်းလွှန်းနှင့် စိမ်းမေ မကွဲခင်က သူတို့အိမ်မှာ သစ္စာရှိစွာ အလုပ်လုပ်သွားသည့် ကောင်မလေး....

လင်မယားကွဲပြီးနောက် အလှလည်း သူ့ရွာ သူပြန်သွားသည်။

မသွားဖို့ ကောင်းလွှန်း တားပေမယ့် သူမက စိမ်းမေ မရှိသည့်နေရာမှာ နေမည့်သူ မဟုတ်....

ယခင် ဝဝတစ်တစ် ချစ်စဖွယ်အလှက ယခုတော့ မည်းမည်းခြောက်ခြောက်နှင့် အရိုးပေါ်အရေတင် အလှ ဖြစ်နေလေပြီ။

အေးလေ....နှစ်ပေါင်း နှစ်ဆယ်ကျော်ဆိုတာ လူ့ဘဝကို အခြေအနေကော....

ရုပ်ဆင်း အင်္ဂါပါ ပြောင်းလဲသွားစေနိုင်တာပဲ....

"ဘလောက အလှလေ....အလှ"

ပြောရင်း အလှက မောနေသည်။ မောနေသည့်ကြားမှ အားယူရင်း....

"ကယ်ရီလုပ်ရင်း ဘယ်သူ့ကို တွေ့ခဲ့တယ် မှတ်လဲ အစ်ကိုလေး"

"ဟင်"

ကောင်းလွန်း အလှမျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

အလှက ပြောချင်လွန်း၍သာ အားယူကာ ပြောနေပေမယ့် သူ့အခြေအနေက ပြောနိုင်တော့မည့်ပုံမပေါ်....

ကိုသာအောင်က စိတ်ပျက်သလို အလှလက်ကို ဆုပ်ရင်း မချိတင်ကဲ ပြောသည်။

"မယ်လှကလဲကွာ မောပါ့မယ်ဆို"

"မောလဲ ကျုပ်ပြောရမှာပဲ ကိုသာအောင်၊ ကျုပ်ကိုယ်ကျုပ်သိတယ်၊ ကျုပ်နေရတော့မှာ မဟုတ်ဘူး၊ ကျုပ်မသွားခင် ကျုပ်သိသမျှ အစ်ကိုလေးကို ပြောပြချင်လွန်းလို့ ခေါ်ခိုင်းခဲ့တာ အစ်ကိုလေး ရောက်မလာဘူး၊ ဒီ့ပြင်လူပဲ ရောက်လာခဲ့တယ်၊ ခု....အစ်ကိုလေးရောက်လာပြီ၊ ကျုပ်သိသမျှ ပြောခဲ့ပါရစေ ကိုသောအောင်ရယ် နော်....နော်....လို့"

"တောက်"

ကောင်းလွန်း အံကိုကြိတ်ကာ လက်သီးကို ဆုပ်လိုက်သည်။

ဆိုးလိုက်သည့်ဘဝ။

မီးစာကုန် ဆီခန်းခါနီးမှ သူနှင့်လာတွေ့ရသည်။

သည့်ထက် စောတွေ့ခဲ့ရပါလျှင် အလှ သည်လို ဖြစ်စရာအကြောင်းမရှိ။





အိမ်ကလည်း ယုတ်မာလွန်းသည်။ သူ့ကို အလှအကြောင်း ဘာလို့ မပြောကြတာပါလိမ့်....

သိလိုစိတ် ပြင်းပြစွာဖြင့် အလှကိုအကြည့် အလှက အားယူကာ သူ့ကို လှမ်းပြောသည်။

"အလှ ကော့ကရိတ်ကအပြန်မှာ တစ်နေ့ မြို့တစ်မြို့မှာ သွအိပ်ရတယ် အစ်ကိုလေး၊ အဲဒီမှာ ဘယ်သူနဲ့ တွေ့တယ် မှတ်လဲ၊ မမလေး....မမလေးကို"

"အလှ"

ကောင်းလွန်း အလှလက်ကို စိုးရိမ်တကြီး ဆုပ်ကိုင်လိုက်သည်။

လုံးဝ မထင်မှတ်သည့် စကားပါလား....

သည်တစ်သက် စိမ်းမေသတင်းကို ပြန်ကြားရတော့မည်ဟု မထင်ကာမှ ကြားရ၍ ကောင်းလွန်း အံ့သြနေသည်။

မမလေးဟု အလှခေါ်သူက စိမ်းမေ...

စိမ်းမေကို အလှ ဘယ်မှာ တွေ့ခဲ့ရတာလဲ....

"မယ်လှ....မယ်လှကလဲကွာ"

ကောင်းလွန်းကိုပြောရင်း အလှအခြေအနေက ပိုဆိုးလာ၍....

ကိုသာအောင် သူ့မိန်းမလက်ကို ဝမ်းနည်းစွာ ဆုပ်ကိုင်ကာ မျက်ရည်များ ကျလာသည်။

"ကျွန်မ....ကျွန်မ....ဒါလေးကိုတော့ ပြောသွားခွင့်ပေးပါ ကိုသာအောင်ရယ် နော်၊ ဒါလေးကိုမှ ပြောခွင့်မရရင် ကျွန်မ အသေဖြောင့်မှာ မဟုတ်ဘူး"

ကိုသာအောင်ပင်မက အလှကိုကြည့်ကာ ကောင်းလွန်းပါ အသက်ရှူကျပ်လာသည်။ ဒါကြောင့်လည်း....

"ကဲ....အလှ၊ ဒါတွေနောက်မှပြော၊ အစ်ကိုလေးမှာ ကားပါတယ်၊ အလှကို ဆေးရုံပို့မယ်"

"နေတော့ အစ်ကိုလေး၊ အလှရောဂါ အလှ နားလည်ပါတယ်၊ အလှနေရတော့မှာ မဟုတ်ပါဘူး အစ်ကိုလေး၊ မသွားရခင် အစ်ကိုလေးကို ဒီအကြောင်းတွေ ပြောခဲ့ချင်လွန်းလို့ပါ"

"မယ်လှကလဲကွာ"

"အမေ....အမေ"

ကိုသာအောင်တင်မက ကလေးတွေကပါ သူ့အမေလက်ကို ဝိုင်းကိုင်ကာ ငိုကြသည်။

"ကျွန်တော်တို့ကို ထားမသွားပါနဲ့ အမေ"

ကြေကွဲဝမ်းနည်းစရာကောင်းသည့် အဖြစ်ကိုကြည့်ကာ ကောင်းလွန်းရင်မှာပါ ကြေကွဲဝမ်းနည်းနေရသည်။

ဆို့နင့်ကြေကွဲစွာ အလှကို ငေးစိုက်ကြည့်နေဆဲ....

"အစ်ကို....လေး"

အလှက သူ့လက်ကိုဆွဲကာ မောပန်းစွာခေါ်သည်။





"မမ...မမလေးက အလှကိုမှာခဲ့တယ်၊ ဒီအကြောင်းတွေ အစ်ကိုလေးကို ပြန်မပြောပါနဲ့တဲ့၊ ဒါပေမယ့် အစ်ကိုလေးရယ် အလှ မပြောဘဲမနေနိုင်ဘူး၊ မမ....မမလေးလေ ပန်း....ပန်းသစ်မြိုင်မှာရှိတယ်"

"အလှ....အလှ"

ကောင်းလွန်း အလှလက်ကို တင်းကျပ်စွာဆုပ်ကိုင်ဆဲ....

"အစ်ကိုလေး....အစ်ကိုလေး၊ ဆက်ဆက်သွားတွေ့လိုက်ပါ၊ အစ်ကိုလေးသမီး နာမည်က"

"အလှ....အလှ"

"မယ်လှ....မယ်လှ"

ကောင်းလွန်း၏ အလန့်တကြားအော်သံ၊ ကိုသာအောင်၏ စိုးရိမ်တကြီးအော်သံအောက်မှာ အလှဘဝလေး ထာဝရ ချုပ်ငြိမ်းပျက်စီးသွားခဲ့ပါလေပြီ။

အလှရယ်၊ မင်းနဲ့ငါတွေ့ရတာ သိပ်နောက်ကျတယ်။

ကောင်းလွန်းရင်ထဲမှ မချိတင်ကဲ ရေရွတ်နေချိန် ကိုသာအောင်နှင့် ကလေးတစ်စု ငိုရှိုက်သံက ကောင်းလွန်းနားထဲကို စိတ်မချမ်းမြေ့စွာ ဝင်လာစေသည်။

"အမေရယ်၊ အမေမရှိရင် ကျွန်တော်တို့ ဘယ်သူ့ကို အားကိုးရမှာလဲ၊ ဘယ်သူ့ကို အမေခေါ်ရမှာလဲ၊ ဦးဦး၊ ကျွန်တော်တို့ကို ပစ်မထားခဲ့ပါနဲ့ခင်ဗျာ"

ကောင်းလွန်း ခေါင်းညိတ်လိုက်သည်။

ပစ်ထားခဲ့၍ ဘယ်ဖြစ်ပါ့မလဲ၊ သူ့မှာ တာဝန်ရှိသည်။ ဒါ့ကြောင့်လည်း....

"ကိုသာအောင်"

ကိုသာအောင်က အငိုမျက်ဝန်းနှင့် သူ့ကို လှမ်းကြည့်သည်။

"ကျွန်တော် ခင်ဗျားတို့ဘဝကို ကူပါ့မယ်၊ အခုလောလောဆယ်တော့ ကျွန်တော် အိမ်မပြန်လို့မဖြစ်သေးဘူး၊ ဒါကြောင့်...."

ကောင်းလွန်း သူယူလာသည့်အိတ်ထဲမှ ကိုးဆယ်တန်တစ်ထုပ်နှင့် ငွေတစ်ထောင်ကို ထုတ်လိုက်သည်။

"ရော့... ဒါနဲ့ အလှကို သင်္ဂြိုဟ်ဖို့လုပ်ပါ"

ကိုသာအောင်က ကောင်းလွန်းပေးသည့် ငွေများကို အံ့သြစွာကြည့်ရင်း ရိုးသားစွာပြောသည်။

"များလှချည်လားခင်ဗျာ၊ ကျွန်တော် ဒီလောက်မယူပါရစေနဲ့"

သူတို့ဘဝအတွက် ငွေတစ်သောင်းသည် များလှပေမယ့် ကောင်းလွန်းဘဝအတွက်တော့ ဘာမှ ဟုတ်လောက်သည့်ငွေမဟုတ်၍....

"ယူပါ ကိုသာအောင်၊ အလှကို ခင်ဗျားစိတ်ကြိုက် သင်္ဂြိုဟ်ပါ၊ ကျွန်တော် နက်ဖြန်လာခဲ့ဦးမယ်"

ကောင်းလွန်း နေရာမှထကာ အလှကိုလှမ်းအကြည့်....





နားထဲ အလှပြောသောစကားသံက လှုပ်ရှားစွာ စီးဝင်လာသည်။

ဘာတဲ့....ပန်းသစ်မြိုင်တဲ့။

လူလူတို့နေတဲ့မြို့ပဲ။

လူလူတို့ဆိုမှ လူလူနှင့်မောင်နန်းဝေတို့ ပြန်လေပြီလားဆိုသည့်အတွေးက သူ့ရင်ထဲ တိုးဝင်လာသည်။

သူ ပဲခူးကိုထွက်မလာခင်တစ်ရက်က နန်းဝေ ဆေးရုံမှဆင်းရတော့မည့်သတင်းကို သူကြားလိုက်ရသည်။

အခုလောက်ဆို ပြန်ပြီလား....

ရင်မှာ လူလူတို့ကို တွေ့ချင်စိတ် ပြင်းထန်လာသည်။

သူမတို့ကိုတွေ့လျှင် စိမ်းမေသတင်းကို ခြေရာခံနိုင်သည်။ သမီးလေးသတင်းကို စုံစမ်းနိုင်သည်။

ကောင်းလွန်း ကိုသာအောင်ကို လှမ်းမေးလိုက်သည်။

"ဒါနဲ့ ကျွန်တော့်အိမ်က လိုက်လာတယ်ဆိုတုန်းက ဘယ်သူပါသေးလဲ"

"လူတစ်ယောက်ပဲ၊ ဘယ်သူပါတယ် မပါဘူးဆိုတာတော့ ကျွန်တော်လဲ အမှတ်မထားမိဘူး"

ရိုး သား အေး ဆေး သူ တစ် ယောက် အ နေ ဖြင့် သည်လောက်ပဲသိသည်မှာ မဆန်း....

သူ့ကိစ္စလည်း မဟုတ်၊ သည်တော့ သူ စိတ်ဝင်စားမည်ထင်....

ကာယကံရှင် ကောင်းလွန်းမှာသာ ကားပေါ် အမြ
တက်ကာ ရန်ကုန်ဘက်ကို ဦးတည် မောင်းလာခဲ့သည်။

ထိုအချိန် သီရိစန္ဒာခြံအတွင်းမှာတော့....

ဒေါ်သော်တာ စီးကရက်ကိုခဲကာ မျက်နှာကို မော့ပြ
ရယ်နေမိသည်။

ဩော်....ကုသိုလ်ကံမျှား ကောင်းချင်တော့ သတင်းပေ
မည့်လူက ဒေါ်သော်တာ့ရှေ့မှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်
လာသည်။

ထိုနေ့က ဘာရယ်မဟုတ် မနက်စောစော ခြံထဲ လမ်း
လျှောက်နေဆဲ....

နွမ်းနွမ်းဖတ်ဖတ်နှင့် လူတစ်ယောက် ခြံဝကို ရောက်လာ
သည်။

"ဒီမှာ ခင်ဗျာ၊ ဒီခြံက ဦးကောင်းလွန်းခြံပါလား"

ဒေါ်သော်တာ မျက်မှောင်ကုတ်ကာ လှမ်းကြည့်လိုက်
သည်။ စိတ်ထဲမှာတော့ ကိုကို့အသိထဲက နွမ်းပါး၍ လာ
တောင်းရမ်းသူဟုပဲ ထင်နေ၍ ခပ်ပြတ်ပြတ် ပြောလိုက်သည်

"ဟုတ်တယ်၊ ဘာကိစ္စလဲ"

"ကျွန်တော့်ကို မယ်လှက လွှတ်လိုက်တာပါ"

"မယ်လှ....မယ်လှ....ဟုတ်လား"

ဒေါ်သော်တာ ခြံဝနား လျှောက်လာကာ ထိုလူ့ကို
တအံ့တသြ လှမ်းမေးလိုက်သည်။





မယ်လှဆိုတာ ဘယ်သူလဲ....

သော်တာ တစ်ခါမှ မကြားဖူးသည့် အမည်ပဲ....

သိလိုစိတ်ဖြင့် ထိုလူ့ကို အကဲခတ်သလို လှမ်းအကြည့်
ထိုလူက လှမ်းပြောပြန်သည်။

"မယ်လှက ဦးကောင်းလွန်းကို ခဏလောက် လာခဲ့
ပါတဲ့၊ ပြောစရာရှိလို့တဲ့"

ဒေါ်သော်တာ မျက်မှောင်ကုတ်ကာ ထိုလူ့ကို လှမ်းမေး
လိုက်သည်။

"နေပါဦး၊ အဲဒီမယ်လှက ကိုကောင်းလွန်းကို သူ့ဆီ
လာဖို့ ခေါ်ရအောင် သူက ဘာလို့ မလာတာလဲ"

"သူ နေမကောင်းလို့ပါခင်ဗျာ"

"ဩော်"

ဒေါ်သော်တာ ခေါင်းညိတ်လိုက်သည်။ သည်လို မိန်းမ
တစ်ယောက်က ကိုကို့ကို သူ့ဆီလာပါ ခေါ်ရအောင် ဘာ
တွေ အရေးကြီးနေလို့ပါလိမ့်....

"ဦးကောင်းလွန်း မရှိဘူးလားခင်ဗျာ"

"ဩော်....ရှိပါတယ်"

"ဒါဆို ကျွန်တော် တွေ့ပါရစေလား"

ဒေါ်သော်တာ မျက်မှောင်ကုတ်လိုက်သည်။ ဘာကိစ္စမှန်း
သိ၊ ကိုကို့ကိုတော့ အသိမပေးချင်၊ ဒါကြောင့်လည်း
ထိုလူ့ကို ပြုံးပြရင်း....

"ကျွန်မ ပြောလိုက်ပါ့မယ်၊ ရှင် လိပ်စာသာ ပြောခဲ့"

သာအောင် ရီးသားစွာပင် ဒေါ်သော်တာကို လိပ်စာ ပြောပြလိုက်သည်။

ဒေါ်သော်တာ လိပ်စာကိုမှတ်ရင်း နှုတ်မှ ရေရွတ်လိုက်သည်။

တန်းပင်ကုန်းဆိုတာ မင်္ဂလာဒုံနားကပဲ၊ ကိုကိုနှင့် ဘယ်လိုပတ်သက်နေပါလိမ့်....

ဒေါ်သော်တာတစ်ယောက်တည်း ခြံဝမှာ တွေးနေသည့် သူ့နားကို ဇင်မောင် ရောက်လာသည်။

"ကားထုတ်ထားပါပြီခင်ဗျ"

"အေး....ထားလိုက်၊ နင့်ဆရာကော"

"တိုက်ထဲမှာပါ"

ဒေါ်သော်တာ တိုက်ထဲပြန်ဝင်လာသည်။ တိုက်တွင်းမှာတော့ ခင်ပွန်းသည်ကို အဝတ်သေတ္တာနှင့် အပြင်သွားဖို့ အသင့်တွေ့ရသည်။

"ကိုကို ဒီနေ့ ဘယ်သွားမှာလဲ"

ဒေါ်သော်တာ လှမ်းမေးလိုက်သည်။

"ပဲခူးကိုသွားရမယ်"

"ဘယ်သူ့ကိုခေါ်သွားမလဲ"

"နီးသားပဲ၊ မခေါ်တော့ပါဘူး"





ဒေါ်သော်တာ ဆိုဖာတွင်ဝင်ထိုင်ကာ စဉ်းစားနေသည်။ ကိုကို့ကိုဖွင့်ပြောလျှင် ကောင်းမလား။

ဒါမှမဟုတ် သူ့ဘာသာသူပင် သွားလျှင်ကောင်းမလား။

ဖွင့်ပြောလိုက်၍ သာမန်ကိစ္စဆို အရေးမကြီး၊ ဟိုကိစ္စဆို ဘယ့်နှယ့်လုပ်ပါ့မလဲ။

ဟိုကိစ္စဆိုတာက ခင်ပွန်းသည်၏ ပထမမိန်းမကိစ္စ။

သော်တာ့ဆန္ဒအရဆိုလျှင်တော့ ပြတ်လက်စနှင့် ပြတ်နေစေချင်ပြီ။

ဒါပေမယ့် သူ့မှာ သမီးကရှိနေသေးသည်။ တော်ကြာသည်သမီးက လိုက်လာပြီး အမွေတောင်းမှဖြင့်....

"အဟွန့်"

ဒေါ်သော်တာ နှုတ်ခမ်းကိုတွန့်ကာ မဲ့လိုက်သည်။

ပေးနိုင်ပါဘူး။

သူတို့နှင့်ဘာဆိုင်လဲ၊ သူနှင့် လက်ထက်ပွားပစ္စည်းတွေပဲ။ ရခြင်းရလျှင် ဘိုနှင့်ချိုပဲ ရစေရမည်။

သည်တော့ သည်သတင်းကို မပြောတာတဲ ကောင်းမည်ထင်သည်။

အတွေးဖြင့်ထိုင်နေသည့် သော်တာ့ကို လှမ်းကြည့်ရင်း ကောင်းလွန်း စိတ်ထဲမှပြုံးလိုက်သည်။

သူမ ဘာတွေတွေးနေပါလိမ့်။

သူမပုံစံက အကြံတစ်ခုခုကိုထုတ်နေပုံမို့ လှမ်းမေးလိုက်သည်။

"သော်တာ၊ ဘာတွေစဉ်းစားနေတာလဲ"

"ဘာမှမဟုတ်ပါဘူး ကိုကိုရဲ့"

သော်တာ ပြုံးကာပြောရင်း ခင်ပွန်းနား ကပ်လာခဲ့သည်။

"ကိုကို ဘယ်နှစ်ရက်လောက်ကြာမှာလဲ"

"နှစ်ရက် သုံးရက်ပေါ့"

"သော်တာတော့ လွမ်းနေတော့မှာပဲ"

ကောင်းလွန်း ပြုံးလိုက်သည်။ သည်အပြောတွေနှင့်ပဲ သူ့မှာ သော်တာ့ပိုက်ကွန်ထဲမှ ရုန်းမထွက်နိုင်သည့် သားကောင်ဖြစ်ခဲ့သည်။

ယခုတော့ ကောင်းလွန်း နားလည်လာပြီမို့ သော်တာ့ကို ခနဲ့သလို ပြောလိုက်သည်။

"လွမ်းရင်လဲ အောင်ဘော်ဆီ သွားပေါ့ကွာ"

"ကိုကိုနော်....ဘာစကား ပြောတာလဲ၊ မေ့ရီကြားရင် ဘာထင်မလဲ"

"ဘာထင်စရာလိုလဲ၊ မဟုတ်ဘူးလား"

ကောင်းလွန်း အိတ်ကိုဆွဲကာ သော်တာ့ရှေ့မှ ခပ်တည်တည်ဖြင့် ထွက်လာခဲ့သည်။





လူရှေ့မှာ မဟုတ်ဘူးဟု သော်တာ ကြွေးကြော်နေပေမယ့်....

လူကွယ်ရာတွင် တွေ့နေသည်ကို ကောင်းလွန်း မသိဘဲနေမလား။

နှစ်တွေ ကြာမြင့်ခဲ့ပြီပဲ။

မေ့ရီဆိုတာ အောင်ဘော်အတွက် အရုပ်ဆိုတာ ကောင်းလွန်း နောကြေအောင် သိနေ၍လည်း....

"ကဲ....ကိုကိုသွားမယ်၊ သော်တာလဲ ဟိုကိုသွားလိုက်ဦးပေါ့၊ ဟုတ်လား"

"တောက်"

သော်တာ နှုတ်ခမ်းကိုကိုက်ကာ သံတံခါးကို ဆွဲပိတ်လိုက်သည်။

ဟုတ်တာကို ဆို နာလိုခံခက် အမျက်ထွက်တဲ့၊ ဟုတ်တာပြောတော့ သော်တာ ခံရခက်နေသည်။

ဟွန်း....ငါ့သာပြောတာ သူကကော သူ့ဟာမကို သတိမရတာကျနေတာဘဲ....

ရှာမတွေ့လို့သာ တွေ့ရင်လား၊ ငါ မလွယ်ဘူး၊ ဒီတော့ သူတို့ကို မတွေ့ရအောင်ကို ငါလုပ်မှ....

"ဇင်မောင်"

ဒေါ်သော်တာ မြုံပြင်ကို ကုန်းအော်လိုက်သည်။

"ကားအသင့်ရှိလား"

"ရှိပါတယ် ခင်ဗျ"

"အေး....ထုတ်ထား၊ ငါအပြင်သွားမယ်"

သော်တာ လက်ပွေ့အိတ်ကိုယူကာ တိုက်ထဲမှ အထွက် တိုက်အပေါ်ထပ် လေသာဆောင်တွင် ဘိုကို ဘောင်းဘီတိုနှင့် တွေ့လိုက်ရသည်။

"ဘယ်လဲ မာ"

"အပြင်ကို"

"ဘိုင့်ဘိုင်"

ဘို အမေကို လက်ပြရင်းမှ ဇင်မောင့်ကိုဖါ လျှာထုတ်ပြလိုက်သည်။

ဇင်မောင်ပြုံးကာ ကားထဲအဝင် ဒေါ်သော်တာ ခပ်တည်တည် လှမ်းကြည့်နေ၍ မျက်နှာပိုး သတ်လိုက်ရသည်။

"ရော့...ဒီလိပ်စာအတိုင်း မောင်း"

ဒေါ်သော်တာ ခုနကလူလာပေးသည့် လိပ်စာအတိုင်း ဇင်မောင့်ကို မောင်းခိုင်းလိုက်သည်။

"ဟိုရောက်ရင် ပြော၊ ဦးကောင်းလွန်း တပည့်ပါလို့၊ ဦးကောင်းလွန်း လွှတ်လို့ လာရတာလို့ ကြားလား"

"ကြားပါတယ် ခင်ဗျာ"

"အေး....ဒါပဲ၊ ဘာမှ အပိုမပြောနဲ့၊ သူတို့ပြောတာတွေ ငါ့ကို ပြန်ပြော"

တွေးရင်း....တွေးရင်း ဒေါ်သော်တာ မျက်နှာကို မော့ကာ ရယ်ပစ်လိုက်သည်။

လူလူတဲ့....





လူလူဆိုတာ ဦးကောင်းလွန်း ဒေါ်စိမ်းမေတို့ရဲ့ သမီး

ဇင်မောင် ပြန်လာပြီး မကြာခင် သော်တာအားလုံးကို ...လိုက်သည်။

သူမ ဘာလုပ်ရမလဲ....

နဂိုကမှ သားနှင့်ပတ်သက်ကာ မှုန်းတီးနေရသည့် ကြား...

သူ့သားနှင့် သူ့သမီးကြား ဝင်လာမည့် သူဆိုတော့ ...ဒေါ်သော်တာ ရင်မှ ဒေါသက ပိုးပွားလာသည်။

ဒါကို ကိုကိုသိလို့မဖြစ်။

သူ သိလျှင် နောက်ဆက်တွဲပြဿနာတွေ ဝင်လာနိုင်သည်။

ယခုပင် သူက လူလူကို သံယောဇဉ်တွယ်နေသေးလျှင် ...မီးအရင်းပါဆိုတာ သိလျှင် သူတို့အတွက် ဒုက္ခရောက်နိုင် ...သည်။

သည်တော့ သူ ဘာလုပ်ရမလဲ....

ဒေါ်သော်တာ မင်္ဂလာဒုံမှအပြန် ကျောက်မြောင်းကို ဝင် ...ခဲ့သည်။

* * *

# အခန်း (၃)

"ကိုအောင်ဘော် ရှိလား"

"ဩော်....မမသော်တာ၊ လာ....လာ"

တစ်ထပ်တိုက်ပုလေးအတွင်းမှ အသားဖြူဖြူ ပိန်ပိန် ပါးပါး အမျိုးသမီးတစ်ယောက် ပြေးထွက်လာသည်။

မေရီပင်။

"သူ အိပ်တုန်းမမ၊ နှိုးလိုက်ရမလား"

"နှိုးလိုက်ပါ မေရီရယ်၊ အရေးကြီးလို့"

ဒေါ်သော်တာ့ စီးကရက်ကို သောက်ကာ ထိုင်စောင့်နေ သဲ အိမ်တွင်းမှ အသားမဖြူမညို အရပ်မနိမ့်မမြင့်နှင့်အသက်

လေးဆယ်ကျော် ခပ်ချောချောလူတစ်ယောက် အင်္ကျီကို ကြယ်သီးတပ်ကာ ထွက်လာသည်။

"သော်တာ ပါလား"

"ဟုတ်တယ် ကိုအောင်သော်"

"ဘာကိစ္စလဲ သော်တာ"

"အရေးကြီးလာလို့ ကိုအောင်သော်"

အောင်သော် သော်တာ့နား အထိုင် မေရီအိမ်ထဲမှ ဈေးခြင်းဆွဲကာ ထွက်လာသည်။

"မေရီ ဈေးသွားလိုက်ဦးမယ် ကိုကို"

"အေး....အေး"

"မမသော်တာ သွားမယ်နော်"

"အေးကွယ်"

သော်တာ ခေါင်းညိတ်ပြီးသည်နှင့် မေရီ အိမ်ပေါ်မှ အဆင်း အောင်သော် သော်တာ့ပခုံးကို လှမ်းကိုင်လိုက်သည်။

"ကိုအောင်သော် ရှင် ဘာလုပ်တာလဲ"

သော်တာ အောင်သော့်ကို အလန့်တကြား အော်ကာ နေရာရွှေ့ အထိုင် အောင်သော် သော်တာ့ကိုကြည့်ကာ အော်ရယ်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ သော်တာရဲ့၊ ကိုအောင့်ကို အကပ်တောင် မခံချင်တော့ဘူးတဲ့လား"





"အို....ကိုအောင့်မှာလဲ မေရီ ရှိနေပြီ၊ သော်တာ့မှာလဲ ကိုကို ရှိနေမှ သော်တာ ဒါမျိုး နေလို့ သင့်ပါ့မလား"

"သော်တာ....သော်တာ"

အောင်သော် သော်တာ့ကိုကြည့်ကာ ရယ်နေသည်။

သော်တာ အောင်သော့်ကိုကြည့်ကာ မျက်စောင်းခဲရင်း ခပ်တည်တည် ပြောလိုက်သည်။

"ကဲပါ....ဒါတွေ ထားပါဦး၊ အခု သော်တာလာတာ ကိစ္စရှိလို့ လာတာ"

"ဘာကိစ္စလဲ"

အောင်သော် စီးကရက်ကိုခဲကာ သော်တာ့ကို လှမ်းကြည့်လိုက်သည်။

လွန်ခဲ့သည့်အနှစ်နှစ်ဆယ်ကျော်ကတည်းက သော်တာ့ကို သိခဲ့ရပေမယ့် သော်တာ့အလှက ယခုတိုင် နုပျိုဆဲ၊ ရွှန်းသစ်ဆဲ....

ကြည့်ကောင်းကောင်းနှင့်မို့ ကြည့်နေဆဲ သော်တာက အသံကိုနှိမ့်ကာ သူ့ကို လှမ်းပြောသည်။

"သော်တာတို့တော့ ဒုက္ခရောက်တော့မယ် ကိုအောင်"

"ဘာဖြစ်လို့လဲ"

"သူ့သမီး ရန်ကုန်ရောက်လာပြီ ကိုအောင်"

"ဘာ"

"သော်တာ အောင်ဘော်ကို လူလူ့အကြောင်း အစ အဆုံး ပြောအပြ....

အောင်ဘော် ကောက်ကျစ်စွာ ပြုံးလိုက်သည်။

"ဒါများ သော်တာရယ် ခက်....ခက်လို့"

"ကိုအောင်ကသာ မခက်တာ၊ တစ်နေ့ သူသိသွားရင် ပြဿနာ ကိုအောင်"

"ပြဿနာ မလာအောင် လုပ်လိုက်ပေါ့"

"ပြောတာ လွယ်တယ်၊ သော်တာ ဘယ်လိုလုပ်ရမှာလဲ"

အောင်ဘော် သော်တာ့နားကပ်ကာ တီးတိုးပြောလိုက်သည်။

သော်တာ့မျက်နှာ ဝင်းပသွားသည်။

သည့်လိုဆိုတော့လည်း ကိုအောင်က ဘယ်ဆိုးလို့လဲ။

အေးလေ သော်တာ့ ဘဝတစ်လျှောက်လုံး ကိုအောင့် အကြံတွေနှင့်ပဲ သော်တာ လှုပ်ရှားခဲ့ရတာပဲ။

သူ့ကြောင့် ကိုကို့ကို သော်တာ ရယူနိုင်ခဲ့သည်။

ကိုကို့ဇနီးကို ပ,ထုတ်နိုင်ခဲ့သည်။

ယခုတစ်ခါ ကိုကို့သမီးကိုပါ ပ,ထုတ်ပစ်ရဦးမှာပေါ့။

သော်တာပြုံးကာ ကိုအောင့်ကို လှမ်းအကြည့်....

"အို....ကိုအောင်"

အောင်ဘော်က သော်တာ့ကို လှမ်းဆွဲသည်။

"လွှတ်ကွယ်....သော်တာ မကြိုက်ဘူး"





"သော်တာ မကြိုက်ပေမယ့် ကိုအောင်တော့ သော်တာနဲ့ ဒီလို ဘယ်တော့များမှ အတူနေရပါ့မလဲလို့ အမြဲ တွေးနေတယ်"

"ဖြစ်မှ မဖြစ်နိုင်တာကို"

"ကိုအောင်ကြံရင် ဘာလို့ မဖြစ်ရမှာလဲ"

"ကဲပါ....ကိုအောင်ရယ်၊ အဲဒီကိစ္စကို နောက်မှ စဉ်းစားစမ်းပါ၊အခု သော်တာတို့မှာ အရေးကြီးနေတာက ဟိုကိစ္စ၊ အဲဒီကိစ္စပြီးမှ ကိုအောင့်ကို စဉ်းစားမယ်"

"တကယ်လား"

"ကြော်....ကိုအောင်ရယ်၊ သော်တာက လိမ်နေရဦးမှာတဲ့လား"

သော်တာပြန်ရန် နေရာမှအထ အောင်ဘော်က သော်တာ့လက်ကိုဆွဲရင်း....

"ကိုအောင်လဲ အသုံးပြုတ်နေပြန်ပြီ သော်တာ"

"တစ်လတစ်လ ကိုအောင်ရယ် ဒီလောက် ကူညီတာပဲ တော်ရောပေါ့"

"ဒီခွင့်လေးနဲ့ ဘာရှိတာလိုက်လို့ သော်တာရယ်၊ သော်တာ ဝိုင်းတစ်ဝိုင်း တစ်ထိုင်တောင် မရှိပါဘူး"

သော်တာ သက်ပြင်းကိုချကာ ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်။

သူ့ကျေးဇူးတွေ ရှိနေ၍သာ ပေးနေရပေမယ့် သော်တာဝင် တစ်ခါတစ်ခါ မကြည်ဖြူချင်တော့။

"ကဲ....ဘယ်လောက်ပေးရမလဲ ပြော"

"ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်မကြီး စွန့်ကြဲသလောက် ပေါ့၊ ဟဲ....ဟဲ...."

"ဒါဆို တစ်ထောင်"

"ဘာ....သော်တာ၊ ငွေတစ်ထောင် ဘာလုပ်လို့ရမှာလဲ"

အောင်ဘော်၏ မျက်နှာက ဒေါသကြောင့် နီမြန်းသွားသည်။

"ဒါကြောင့် သော်တာက ဘယ်လောက်လဲလို့ဆိုတော့ ကိုအောင်က ဘာလို့ မပြောလဲ"

"သော်တာ့ကို အားနာလို့ပေါ့"

"ပြောပါ"

သော်တာ မပွင့်တစ်ပွင့်ပြောကာ အောင်ဘော်ကို လှမ်းအကြည့် အောင်ဘော်က လက်ငါးချောင်း ထောင်ပြသည်။

"ငါးထောင်လား၊ ရော့"

သော်တာ လက်ပွေ့အိတ်ကို အဖွင့် အောင်ဘော်က သော်တာ့လက်ကို ကပျာကယာ လှမ်းဆွဲပြီး....

"နိုး....နိုး....ငါးသောင်း"

"အို....ကိုအောင်၊ များလှချည်လား၊ ဒီလောက်ငွေတွေ သော်တာ့မှာ မရှိဘူး"





"မညာပါနဲ့ သော်တာရယ်၊ သော်တာတို့ ဘယ်လောက် ကြွယ်ဝနေတယ်ဆိုတာ ကိုအောင် သိပါတယ်"

သော်တာ အောင်ဘော်၏ ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

သူ တောင်းလွန်း၍ ပေးခဲ့ရသည့်အကြိမ်လည်း မနည်းတော့ပါ။

ယခုအခါက များလွန်းလှ၍....

"ကိုအောင် ထင်သလို သော်တာ့မှာ မကြွယ်ဝပါဘူး ကိုအောင်ရယ်၊ လုပ်ငန်း အများစုဟာ သူ့နာမည်တွေနဲ့ပါ၊ သော်တာ့မှာက လက်ဝတ်လက်စားနဲ့ ငွေစာရင်းလောက်ပဲ ရှိတာပါ"

"လက်ဝတ်လက်စား ဆိုတာကလဲ ပြောတော့သာပါ သော်တာရယ်၊ သော်တာပန်ထားတဲ့ စိန်နားကပ်ကတင် ဘယ်လောက်တန်လဲ၊ ကိုအောင် ခန့်မှန်းပေးရမလား"

တစ်လုံးတင် နှစ်သိန်းကျော်ပေးရသည့် ဖက်ထုပ်စိန်ကြီးကိုကြည့်ကာ ပြော်နေ၍ သော်တာ သက်ပြင်းကို ချရင်း....

"ကဲပါ....ခုတော့ ငါးထောင်ပဲပါတယ်၊ ယူသွားဦး၊ ကျန်တာကိုတော့ နောက်နေ့မှ သော်တာလာပေးမယ်"

"ဒါကြောင့် သော်တာ့ကို ကိုအောင် ချစ်...."

"ဖယ်ပါ"

အောင်ဘော် စကားမဆုံးခင် သော်တာ အောင်ဘော့ကို တွန်းကာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

"နက်ဖြန် ဆက်ဆက်နော် သော်တာ"

"အင်းပါ"

"မလာရင်တော့ ကိုအောင် လိုက်ခဲ့ရမှာပဲ"

သော်တာ ကိုအောင့်ကို မျက်စောင်းထိုးကာ လှည့်အထွက် ကိုအောင့်ရယ်သံက သော်တာ့နောက်ပါးမှာ ကပ်ပါလာသည်။

သော်တာ သက်ပြင်းချလိုက်သည်။

အိမ်ရောက်ရောက်ချင်း ကိုအောင်ဘော့ အစီအစဉ်အတိုင်း ချက်ချင်း စီစဉ်ရသည်။

တော်ကြာ လူလူဆိုသည့် မချောလေး ပြန်သွားမှာလည်း စိုးရသေးသည်။

ကံကောင်းချင်တော့ လက်မတင်လေးတင်ပင်....

ကောင်မလေးက ပြန်တော့မည်၊ မပြန်အောင် မနည်းတားကာ သူ့ အစီအစဉ်အတိုင်း ဆောင်ရွက်ရသည်။

ခုတော့ မိလူလူ ဘာတတ်နိုင်သေးလဲ....





သူ့ မိသားစုကို စိတ်ဆင်းရဲအောင် လုပ်သူမှန်သမျှ သော်တာနှင့် တွေ့စေရမည်။

ဒုက္ခ လှလှ ရစေရမည်။

သော်တာ စီးကရက်ကို ခဲကာ အားရပါးရ ရယ်ပစ်လိုက်သည်။

* * *

## အခန်း (၄)

"လူလူ ရှိလား....လူလူ"

ကောင်းလွန်း လူလူတို့ ခြံဝမှာရပ်ကာ အော်မေးလိုက်သည်။

ရန်ကုန်ကို ပြန်ရောက်ရောက်ချင်း သူ့ခြံထဲကို ဝင်ဖို့ထက် အမြင်ချင်ဆုံးဆန္ဒကို ဖြည့်ဆည်းရန် လူလူတို့ ခြံဝမှာ ားရပ်လိုက်သည်။

"ဟာ....အန်ကယ်"

ခြံဝမှာ အသင့်တွေ့ရသူက နန်းဝေ။

"မောင်နန်းဝေ၊ မောင်နန်းဝေတို့ မပြန်ရသေးဘူးပေါ့ ော်၊ အန်ကယ်ဝမ်းသာလိုက်တာ"

ရင်မှာ လှိုက်လှဲဝမ်းသာမိသည့်အတိုင်း နန်းဝေလက်ကို ဆုပ်ကိုင်ကာ ပြောလိုက်သည်။

“ဒါနဲ့ လူလူကော”

“ကျွန်တော်လဲ လူလူ့ကို သွားခေါ်မလို့ အန်ကယ်”

“လူလူက ဘယ်မှာမို့လဲ”

“အန်ကယ်တို့ခြံမှာပဲလေ၊ ဒီနေ့ အန်ကယ့်သား မွေးနေ့ဆိုပြီး ဖိတ်ထားလို့၊ ကျွန်တော် ခုပဲ ပြန်လာတာ၊ လူလူမ[illegible] လာသို့ ပြန်ခေါ်မလို့”

ဒေါ်သော်တာ့ စကားကြောင့်သာ နန်းဝေ ထွက်လာခဲ့ပေမယ့် လူလူ့ကို မတွေ့ခဲ့ရ၍ စိတ်ထဲမှာ လေးနေသည်။

လူလူကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ဇွတ်ခေါ်မည်အကြံနှင့်တစ်ဘက်ခြံကိုပြန်အလာယခုလို ဦးကောင်းလွန်းနှင့် ခြံဝမှာ တွေ့မိကြခြင်းပင်....

“လူလူက မောင်နန်းဝေနဲ့ တစ်ခါတည်း ဘာလို့မလိုက်ခဲ့တာလဲ”

“အန်တီက ပြန်ပို့ပေးမယ်ဆိုလို့ ထားခဲ့တာ အန်ကယ်၊ ခုတော့ စိတ်မချတာနဲ့....”

ပြောပြီးမှ နန်းဝေ ဦးကောင်းလွန်းကို အားနာ ပါးနာဖြင့် လှမ်းအကြည့်....

ဦးကောင်းလွန်း နားလည်စွာ ခေါင်းကို ညိတ်လိုက်သည်။





“ဟုတ်တာပေါ့၊ မိန်းကလေးတစ်ယောက်တည်း ဘယ်[illegible]ဉ့်တော်ပါ့မလဲ”

သူ့မိသားစု နေပုံထိုင်ပုံနှင့် လူလူတို့စရိုက်နှင့်က လုံးဝ နားကျင်နေသည်မို့....

“ဒါဆို မောင်နန်းဝေ အန်ကယ်နဲ့ လိုက်ခဲ့လေ၊ လာ”

ကောင်းလွန်း သူ့ကားပေါ် နန်းဝေကို တင်ကာ တစ်[illegible]က်ခြံတွင်းကို မောင်းလာခဲ့သည်။

စိတ်ထဲမှာတော့ သိပ်နားမလည်ချင်....

သူမပဲ သည်လူလူ့ကို ကြည့်မရအောင် မုန်းနေရာက [illegible]တော့ သားမွေးနေ့လုပ်ကာ ဖိတ်ပြန်သည်တဲ့။

သားမွေးနေ့ကို သူမှတ်မိပေမယ့် သည်လို လုပ်မည်ဟု သော်တာ တစ်ခါမှ မဟခဲ့....

ယခုမှ ချက်ချင်းကြီးဆိုတော့ သူမ ဘာကြံစည်မလို့လဲ....

အတွေးတစ်ခုကို တွေးမိသည်နှင့် ကောင်းလွန်းမျက်နှာက ခက်ထန်သွားသည်။

ကားလီဗာကို ဖိနင်းကာ ခြံထဲကို အရှိန်ဖြင့် မောင်းဝင်လာခဲ့သည်။

“ဟင်....ကိုကို”

ရုတ်တရက် ခင်ပွန်းသည်ကို တွေ့လိုက်ရတော့ သော်တာ [illegible]က်နှာပျက်သွားသည်။

ဘိုကလည်း မီခင်နားကို ပြေးလာကာ မိခင်လက်ကို ဆုပ်ကိုင်လိုက်သည်။

"သော်တာက ကိုကို ပြန်လာဦးမယ်မထင်လို့၊ သော်တာ ဘာသာ စီစဉ်လိုက်တာ"

"လူလူ ဘယ်မှာလဲ သော်တာ"

ကောင်းလွန်း သော်တာ့စကားထက် မီးရောင်စုံ ထိန်လင်းနေသော တစ်ခြံလုံးကို လှည့်ပတ်ကြည့်ကာ သူလိုရာကို မေးလိုက်သည်။

"ဘာလဲ ကိုကိုရဲ့"

သော်တာက ဟန်မပျက် မေးသည်။

"ငါမေးနေတယ်၊ လူလူ ဘယ်မှာလဲလို့"

"အို်း....သော်တာ ဘယ်သိပါ့မလဲ၊ သော်တာက သူ့တစ်ယောက်တည်းကိုပဲ စောင့်ခံနေရတာမှ မဟုတ်တာ၊ ကဲပါ ကိုကို မောလာပုံရတယ်၊ အမောပြေ ဂျူ့လေး သောက်လိုက်ပါလား၊ သန်း....ကြည်...."

"သော်တာ"

သော်တာ့အော်သံ မဆုံးခင် ကောင်းလွန်း သော်တာ့ကို ဆောင့်အော်လိုက်သည်။

သည်လို လေသံမျိုး၊သည်လို အိုက်တင်မျိုး ကောင်းလွန်းအတွက် ရိုးနေပြီမို့ သော်တာ့မျက်ဝန်းများကို ခပ်စိမ်းစိမ်း စိုက်ကြည့်ကာ လေသံပြတ်နှင့် မေးလိုက်သည်။





"ငါ....ဒါတွေ မသိချင်ဘူး သော်တာ၊ ငါ သိချင်တာ လူလူ ဘယ်မှာလဲ"

ကောင်းလွန်း ဒေါသကြောင့် သော်တာ မျက်နှာကိုမော့ကာ ခါးထောက်လိုက်သည်။

နဂိုကမှ လူလူကို မကြည်ရသည့်ကြားထဲ ခင်ပွန်းသည်က ငါ ယခုလို ဒေါနှင့်မောနှင့် ပြောလာတော့ ဒေါသထွက်ထွက်နှင့် ပြန်အော်လိုက်သည်။

"အို်း....သော်တာ မသိပါဘူးဆို၊ သော်တာ့ကို သင်း အကြောင်း လာမေးရအောင် သော်တာ သူ့အမေလဲ မဟုတ်ဘူး၊ သူနဲ့လဲ ဘာမှ မဆိုင်ဘူး"

"မင်း....မင်း"

ကောင်းလွန်း သော်တာ့ပခုံးကို ဆွဲဆောင့်ကာ ခါယမ်းပစ်လိုက်သည်။

ဒါနဲ့မျှား နန်းဝေကို သူ ပြန်ပို့မည်ဟု ဘာဖြစ်လို့ ပြောခဲ့လဲ....

သူမ လူလူ့ကို တစ်ခုခုလုပ်ထားပြီ ထင်သည်။

သိပ်ယုတ်မာသည့် မိန်းမ၊ သူမကြောင့် သူ့ဘဝမှာ ချစ်သည့် စိမ်းမေနှင့် ကွဲခဲ့ရသည်။ သမီးနှင့် ဝေးခဲ့ရသည်။ ညီမတွေနှင့် တခြားစီ ဖြစ်ခဲ့ရသည်။

ဘယ်မလဲ ကောင်းတဲ့အချက်....

တစ်သက်လုံး စည်းစိမ်နှင့် နေလာရသည့် အမေမှာလည်း သူ သူ့မကို ယူမိ၍ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရှာသည်။

ယခုလည်း လူလူ့ကို ဘာလုပ်ထားပြန်သည် မသိ။

ကောင်းလွန်း နေရာမှာရပ်ကာ တွေတွေကြီး တွေးနေဆဲ....

''သား''

သူ့နားတွင်းကို မေမေ့အသံက တုန်ယင်စွာ ဝင်လာသည်။

''မေမေ''

ကောင်းလွန်း သူ့အမေနား ပြေးအလာ သော်တာ မျက်နှာပျက်သွားပြီး လှမ်းအော်သည်။

''အို....အဘွားကြီး ဘာဝင်ရှုပ်ဦးမလို့လဲ၊ ဘို သွားစမ်း၊ နင့်ဘွားအေကို အခန်းထဲပြန်ခေါ်သွား၊ စိတ်ရှုပ်ရတဲ့ကြားထဲ သူက တစ်မျိုး''

''မေ....မေ''

ကောင်းလွန်း ခေါ်ဆဲ ဒေါ်နုနု မျက်ရည်အဝဲသားနှင့် ဘို တွန်းခေါ်ရာ အခန်းတွင်းကို ကုလားထိုင်နှင့် ပြန်ပါသွားရရှာသည်။

ကောင်းလွန်းအံကြိတ်လိုက်သည်။

မေမေ သူ့ကို ပြောစရာရှိ၍ပဲ ဖြစ်ရမည်။ ဘာပြောမလို့ပါလိမ့်....





တွေးရင်းမှ နန်းဝေကို လှမ်းပြောလိုက်သည်။

''မောင်နန်းဝေ၊ မင်း ဒီမှာနေခဲ့''

ကောင်းလွန်း အပေါ်ထပ်ကို ပြေးအတက် သော်တာ ပြေးလိုက်လာကာ ကောင်းလွန်းရှေ့မှ ဆီးကာရင်း ကောင်းလွန်းကို ဒေါနှင့်မောနှင့် ပြောလိုက်သည်။

''ဒီမှာကိုကို၊ ရှင်နဲ့ဘာဆိုင်လို့ ဒီကောင်မလေးကို ဂရုစိုက်နေရတာလဲ''

''ငါနဲ့ ဆိုင်ဆိုင် မဆိုင်ဆိုင် သော်တာ၊ လူလူဟာ မင်း ညီသည်၊ မင်းဖိတ်လို့ သူလာရတယ်၊ မင်းမှာ ပြန်ပို့ပေးဖို့ တာဝန်ရှိတယ်၊ အခု ဘယ်မှာလဲ''

''မသိဘူး''

သော်တာ မျက်နှာကိုမော့ကာ ပြောသည်။

ကောင်းလွန်း သော်တာ့မျက်နှာကိုကြည့်ကာ လူလူ့အခြေအနေကို နားလည်၍....

''မင်း....မင်း....ယုတ်မာထားပြီ မဟုတ်လား''

''အိုး....ကိုယ့်ကိုယုတ်မာရင် ကိုယ်က ယုတ်မာရမှာပဲ၊ သော်တာတို့က မှန်လို မိန်းမစား၊ ကိုယ့်ကိုပြုံးပြရင် ပြန်ပြုံးပြမယ်၊ မဲ့ပြရင်တော့လား အဟွန်း....သူ့ထက်ပိုမဲ့ပစ်လိုက်မယ်''

''ဒါဖြင့် မင်း လူလူ့ကို တစ်ခုခု လုပ်ထားတယ်ပေါ့ ဟုတ်လား''

သော်တာ မထေမဲ့မြင် ပြုံးနေသည်။

ကောင်းလွန်း သော်တာ့မျက်နှာကိုကြည့်ကာ ဒေါသတွေ မထိန်းဆည်းနိုင်တော့ပါ။

သူမကိုယ်ကို ဆွဲချကာ အပေါ်ထပ်ကို ပြေးတက်လာခဲ့သည်။

ရင်မှာ ဒေါသတွေ ဆူဝေနေ၍ ဘာကိုမှ ဂရုမစိုက်အား၊ ချို့အခန်းရှေ့အရောက် တံခါးကို ကိုယ်နှင့်တိုက်ကာ ဆောင့်အဖွင့်...,

ဝုန်းခနဲ တံခါးဖွင့်သံနှင့်အတူ....

"ဟာ....ဒယ်ဒီ"

ချိုအလန့်တကြား သူ့ကို လှမ်းကြည့်သည်။

ခုတင်ပေါ်မှာတော့ လူလူက အိပ်ပျော်လျက်....

"မင်း....မင်း"

ကောင်းလွန်း စိတ်ကို မချုပ်တီးနိုင်တော့ပါ။

ချို့အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲကာ ချို့ကိုဆင့်ကာဆင့်ကာ အထိုး....

"ဒယ်ဒီ....ဒယ်ဒီ တော်ပါတော့"

ဘိုက သူ့ကိုလှမ်းဆွဲကာ ငိုသည်။

သည်အချိန်အထိ သူ့ဒေါသက မသေသေး၊ ချို့အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲကာ ဒေါသတကြီး ပြောလိုက်သည်။





"မင်း....မင်း....လူယုတ်မာ"

"မဟုတ်ဘူး ဒယ်ဒီ"

"ဘာ မဟုတ်တာလဲ၊ လက်ဆုပ် လက်ကိုင် တွေ့နေပြီပဲ"

အကယ်၍ လူလူသာ သူ့သမီးဆိုပါလျှင် လူကြားလို့မှ မကောင်းသည့်အဖြစ်....

ဒေါသနှင့် ချိုကို ဝေးနေဆဲ....

"ဟင်"

လူလူ လန့်နိုးလာသည်။

သူ ဘယ်ရောက်နေတာလဲ....

လူလူ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။

ဦးကောင်းလွန်း ချိုနှင့် ဘိုတို့က လူလူ့ကို လှမ်းကြည့်နေကြသည်။

လူလူ ဘယ်ရောက်နေတာလဲ၊ ဒါ သူ့ပတ်ဝန်းကျင်မဟုတ်ပါဘူး....

"အို"

ယခုမှ လူလူ အဖြစ်အပျက်ကို သူ ပြန်သတိရလာသည်။

"ဒါဆို၊ ဒါ....ဘယ်သူ့အခန်းလဲ"

"ဘုရား....ဘုရား"

လူလူ ရင်ဘတ်ကို ဖိကာ နေရာမှ ထလိုက်သည်။

ဒါ ချို့အခန်းဖြစ်ရမည်၊ ဒါကြောင့်သာ ချိုလဲ ရှိနေခြင်း မဟုတ်ပါလား။

"ကျွန်....ကျွန်တော်"

ချိုက သူ့ဖခင်ကို ရှင်းပြဖို့ ကြိုးစားသည်။

"လူလူ့ကို ကျွန်တော် ခေါ်လာတာ မဟုတ်ပါဘူး ဒယ်ဒီ၊ မာ....မာမီ"

"ဟော....ချို၊ မင်း ဘာတွေ ပြောနေတာလဲ"

ထိုအခိုက် ဒေါ်သော်တာ ဝင်လာပြီး သားကို ဟောက်သည်။

"မင်းတို့ချင်း ဖြစ်လို့ သူ့ဘာသာ မင်းအခန်းထဲ လိုက်လာတာကို ငါလဲအသိ၊ မင်းအစ်မလဲအသိ၊ ဒါကို မင်း ဘာလို့ ငါ့ကို လွှဲချနေရတာလဲ"

"အို....အို....မဟုတ်ဘူး"

လူလူ နေရာမှ ကုန်းအော်လိုက်သည်။ သူ သည်အခန်းထဲကို ဘယ်လို ရောက်ခဲ့မှန်းပင် မသိ....

သူ သိသည်က ဒေါ်သော်တာပေးသည့် လိမ္မော်ရည် သောက်ပြီး သူ အိပ်ပျော်သွားသည်။

ယခု သူနိုးလာတော့ ချို့အခန်းထဲ ရောက်နေသည်။

ရှက်လိုက်တာ....ရှက်လိုက်တာ။

ပြီးတော့ ဒေါ်သော်တာက ပြောသေးသည်။ ချိုနဲ့ သူနဲ့ ဖြစ်လို့ ဒီအခန်းထဲကို လူလူလိုက်လာတာတဲ့....





ချိုနဲ့သူနဲ့လဲ ဘာမှ မဖြစ်ပါဘူး။

သူကလဲ ယောကျ်ားလေးတစ်ယောက်၏ အခန်းကို လိုက်လာရအောင် သည်လောက် အရှက်နည်းသည့် မိန်းကလေး လဲ မဟုတ်ပါပဲလျက်....

ယခုတော့ သူ ခင်မင် လေးစား ကြည်ညိုရသော ဦးကောင်းလွန်းရှေ့မှာမှ အပြောခံရသည်။

ဒါကြောင့် အစ်ကိုက သူ့ကို ဒီခြံမသွားပါနဲ့လို့ အတန်တန် တားမြစ်ခဲ့တာဘဲ....

ခုတော့ အစ်ကို့ကို အရွဲ့တိုက်ကာ လာခဲ့မိသမျှ လူလူ အရှက်ကွဲဖို့ ဖြစ်လာသည်။

အစ်ကိုရယ် လူလူ့ကို ကယ်ပါဦး....

သည်းထန်စွာ ငိုရှိုက်နေသည့် လူလူ့ကို ကြည့်ကာ ဒေါ်သော်တာ မဲ့လိုက်သည်။

"အံ့ပါ့တော်၊ မိန်းကလေးတဲ့၊ ယောကျ်ားလေးအခန်းထဲ အတင်းဝင်ပြီး သူကပဲ မဟုတ်ဘူး ငြင်းရသေးတယ်၊ မယုံရင် လာကြည့်ကြပါ အရပ်ကတို့ရေ"

အောင်မလေး....ရှက်လိုက်တာ....ရှက် လိုက် တာ၊ ရှက်တယ်....သိပ်ရှက်တယ်။

လူလူ မျက်နှာကိုအုပ်ကာ ငိုကြွေးရင်း တိုက်အပေါ်ထပ်မှ အောက်ထပ်ကို ပြေးဆင်းလာခဲ့သည်။

"လူလူ....လူလူ....နေဦးလေ"

အောက်ထပ်မှ စောင့်နေသည့် နန်းဝေ အပေါ်ထပ်မှ ပြေးဆင်းလာသည့် လူလူ့ကို လှမ်းအော်ပေမယ့် လူလူ လှည့်မကြည့်တော့ပါ။

သူ့ကို အထင်သေးသလို လှမ်းကြည့်နေသည့် လူတွေကို ကြည့်ရမှာ လူလူ ရှက်သည်။

ရှက်လွန်း၍ တစ်ဘက်ခြံကိုသာ ဒရောသောပါး ပြေးထွက်လာခဲ့သည်။

ဖြစ်နိုင်လျှင်တော့ သည်ခြံထဲမှ ငှက်ကလေးတစ်ကောင်လို အဝေးကို ပျံပြေးချင်ပါတော့သည်။

ဘယ်သူမှ မတွေ့ရသည့် နေရာမှာ ပြေးပုန်းချင်ပါတော့သည်။

မဖြစ်နိုင်တော့၊ ရင်မှာ ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ ယူကျုံးမရခြင်းတို့ ပေါင်းစပ်ကာ တွေ့ရာ ကုလားထိုင်မှာ ဝင်ထိုင်ကာ အားရအောင် ရှိုက်ငိုပစ်လိုက်သည်။

ဘယ်လောက် ရှက်စရာကောင်းသည့် အဖြစ်လဲ....

အကယ်၍ ဦးကောင်းလွန်းသာ အချိန်မီ ရောက်မလာပါက သူ့ဘဝလေး ချို့ရင်ခွင်အောက်မှာ ပျောက်ကွယ်ပျက်စီးရတော့မည်။





ဒါ ဒေါ်သော်တာ သူ့ကို အရှက်ခွဲချင်၍ တမင် စီစဉ်တာပဲ ဖြစ်ရမည်။

သည်လို စီစဉ်ထား၍သာ သူ့ကို မရမက ခေါ်သလို အဝတ်အစားတွေ ဘာတွေပင် ချုပ်ပေးခဲ့သေးသည်ပဲ။

သူကတော့ သည်အစီအစဉ်တွေကို မသိ၍ အစ်ကို အတင်းကာရော တားမြစ်နေသည့်ကြားမှ ဇွတ်တရွတ် သွားခဲ့သလို ပြန်ပါဆိုတော့လည်း စွတ်ရွတ်ကာ နေခဲ့မိသည်။

ခုတော့ နေရင်းထိုင်ရင်း လူလူမှာ အရှက်ကွဲရပြီ။

သည်မိန်းမကြီး လူလူ့ကို ဘာလို့ သည်လောက် မုန်းတီးနေရတာလဲ။

သူ့မှာလည်း သမီးရှိလျက်နှင့်သူမို့ သည်အကြံကို ကြံစည်ရက်သည်။

"အို....ငါရှက်တယ်၊ သိပ်ရှက်တယ်"

လူလူ တစ်ယောက်တည်း သည်းထန်စွာ ရှိုက်ငိုနေဆဲ နန်းဝေ လူလူ့နားကို အမောတကော ရောက်လာသည်။

"လူလူရယ်....စောင့်ပါဦးဆို နင်က ဇွတ်ပဲ"

"ငါ သိပ်ရှက်တယ် နန်းဝေ၊ ငါ ပတ်ဝန်းကျင်ကို ဘယ်လိုကြည့်ရမလဲ၊ ငါ့ကို အထင်သေးကြတော့မှာပဲ နန်းဝေရယ်၊ တခြားလူတွေ အထင်သေးတာထက် အစ်ကို ငါ့ကို ဘာပြောမယ် မသိဘူး"

အစ်ကို ပြန်ခိုင်းနေသည့်ကြားမှ သူ စွတ်ရွတ် နေခဲ့သည် ဆိုတော့ သည်သတင်းကြားလျှင် အစ်ကို သူ့ကို စိတ်ဆိုးမှာ သေချာသည်။ အထင်လွဲမှာ သေချာသည်။

“ခွင့်လွှတ်ပါ အင်ကိုရယ်၊ လူလူ အစ်ကို့ကို ချစ်ပါတယ်၊ ချစ်လွန်းလို့ လူလူ သဝန်တိုမိပါတယ်၊ အစ်ကို့ကို ဆန့်ကျင်မိပါတယ်၊ ခုတော့ အစ်ကိုရယ် လူလူလေ အစ်ကို့မျက်နှာကို ဘယ်လို ကြည့်ရတော့မှာလဲ”

ငိုရှိုက်နေသည့် လူလူ့ကိုကြည့်ကာ နန်းဝေ သက်ပြင်းချလိုက်သည်။

ဘယ်သူမပြု မိမိမှုပဲ မဟုတ်ပါလား။

သူနှင့် ကိုမျိုးလွင် တားနေသည့်ကြားမှ လူလူ ဇွတ်နေခဲ့သည်။

ယခုတော့ သူ့အပြစ်နှင့်သူ ငိုရှိုက်နေရပြီ။

“ငါပြောသားပဲ လူလူရယ်၊ နင် ငါ့စကားမှ နားမထောင်ဘဲ၊ နင့်မှာ အားလုံးတော်ပါလျက် တစ်ခါတစ်ခါ ဇွတ်လုပ်တတ်တာ ခက်တာပဲ”

“ပြောတော့ နန်းဝေ၊ ပြောရုံတင်မက နင် ငါ့ကို သတ်ပစ်လိုက်မယ်ဆိုရင် ပိုတောင် ကောင်းဦးမှာပါ၊ အမေ တားနေတဲ့ကြားက ငါ ရန်ကုန်ကို ဇွတ်လာခဲ့မိတာလဲ မှားတယ်၊ အစ်ကို့ကို ချစ်မိတာလဲ မှားတယ်၊ အဲဒီခြံကို သွားမိတာလဲ မှားတယ်”





“ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ လူလူရယ်”

နန်းဝေ ငိုရှိုက်နေသည့် လူလူ့ကိုကြည့်ကာ ကရုဏာသက်စွာပြောလိုက်မိသည်။

လူလူ့ဘဝ သာယာလျှင် သူ စိတ်ချမ်းသာသည်။ လူလူ ယခုလိုငိုနေရသည်ဆိုတော့ သူ စိတ်မချမ်းမြေ့နိုင်။

“သူ ငါ့ကို ဘာလို့ ဒီလောက်မုန်းနေရတာလဲမသိဘူး နန်းဝေရယ်”

“ဘယ်သူလဲ”

“ဒေါ်သော်တာလေ”

ရှိုက်သံကြားမှ လူလူဖြေလိုက်သည်။

“ဩော်….သူ့သားနဲ့ ပတ်သက်ပြီး ပြဿနာဖြစ်ထားတော့ ကလဲ့စားချေတာနေမှာပေါ့”

“သမီးချင်း စာနာဖို့ ကောင်းပါတယ် ဟယ်၊ ငါ ဒီလို အရှက်ကွဲတော့ သူ ဘာအကျိုးထူးမလဲ”

နန်းဝေပြုံးလိုက်သည်။

အ့လိုက်သည့် မိလူ။

လူလူ ဒီလိုဖြစ်တော့ သူ့သမီးကို ကိုမျိုးလွင်နှင့်အစွံထုတ်လို့ရတာပေါ့။

ဒါကို လူလူ မသိလေရော့သလား၊ ပြောပြန်လျှင်လည်း လူလူပဲစိတ်ဆင်းရဲဦးမည်မို့….

“ကဲပါ လူလူရယ်၊ တို့လဲ နက်ဖြန်ပဲပြန်ကြရတော့မယ့်ဟာပဲ၊ ဒီအဖြစ်တွေကိုမေ့လိုက်ကြစို့ဟာ”

"မေ့ရမယ်....ဟုတ်လား"

လူလူမျက်ရည်များကြားမှ နန်းဝေကိုကြည့်ကာ ရယ်လိုက်သည်။

သူကတော့ ဟုတ်တာပေါ့၊ မေ့နိုင်တာပေါ့။

လူလူကတော့မိန်းကလေးတစ်ယောက်၏ အရှက်အနည်းဆုံးဖြစ်ခဲ့ရသည့်အဖြစ်ကို ဘယ်မေ့နိုင်ပါ့မလဲ။

"ငါ....ငါ ဒီကိုလာမိတာကို မှားပါတယ် နန်းဝေရယ်"

ရန်ကုန်ကိုလာခဲ့မိသည့် အချိန်တိုတိုလေး အတွင်းမှာ နန်းဝေပြဿနာဖြစ်ခဲ့ရသည်။ အစ်ကိုနှင့်ချစ်ခဲ့မိရသည်။

ယခု မိန်းကလေးတစ်ယောက်၏သိက္ခာ အကျဆုံးအဖြစ်ဆို သူ ဖြစ်ပြီးခဲ့ပါပြီ။

ဘာကျန်သေးလဲ။

အဲ....တစ်ခုကျန်သေးသည်။ သူ ပြန်လျှင် သူ့နှလုံးသားနုနု အစ်ကိုတို့ဆီမှာ ကျန်ခဲ့ဦးမည်။

ဟန်လုပ်ကာ အစ်ကို့ကို ဇွတ်တင်းနေမိပေမယ့်....

ဟန်မလုပ်နိုင်သည့် နှလုံးသားနုနုလေးကတော့ အစ်ကို့ဆီကို ပါသွားပါပြီ။

လူလူ ဘယ်လိုလုပ်ပြန်တောင်းရမလဲ၊ ဘယ်လိုလုပ်ပြန်ယူ၍ရမလဲ။

အချစ်ဆိုတာ ဖန်တီးယူ၍ရသည့်အရာမဟုတ်သလို ဇွတ်အတင်းကာရော မုန်းလို့ရသည့်အရာလဲမဟုတ်။





ဒီတော့ လူလူ့ဆီမှာ ဘာကျန်သလဲ။

နှလုံးသားမဲ့ ခန္ဓာကိုယ်ကြီးသာ ကျန်သည်။

သည်ခန္ဓာကိုယ်ကြီးနှင့် သူ ပန်းသစ်မြိုင်ကို ပြန်ရပါဦးမည်။

ဆက်လက် ရှင်သန်သွပ်ရှားရပါဦးမည်။

"နန်းဝေရယ်"

"လူလူ"

လူလူ နန်းဝေကိုဖက်ကာ သည်းသည်းလှိုက်လှိုက် ငိုကြွေးလိုက်မိသည်။

နန်းဝေ လူလူ့ကို အလိုက်သင့်ပြန်ဖက်ရင်း သူ့ပါမျက်ရည်တွေ ရောကျလာသည်။

ဖြစ်နိုင်လျှင် လူလူ့အစား သူပဲခံစားချင်ပါတော့သည်။ သူ လူလူ့ကိုချစ်သည်၊ သိပ်ချစ်သည်။

* * *

## အခန်း (၅)

''လာ....လူလူ၊ ဒီမှာထိုင်''

နန်းဝေ လူလူ့ကိုလက်ဆွဲကာ သူ့ဘေးမှာ ထိုင်ခိုင်း က်သည်။

လာတုန်းက မိုးပေါ်မှာ တလူလူလွင့်ကာ လေငြေ့ရာ ျော်မြူးနေသည့် စွန်လေးတစ်စွန်လို လူလူ့ အသွင်က ရှားပျော်မြူးခဲ့ပေမယ့်....

ယခုတော့ သက်မဲ့ခန္ဓာလို နန်းဝေပြရာနေရာ လှုပ် ှားခြင်းကင်းမဲ့စွာ လူလူဝင်ထိုင်လိုက်မိသည်။

ပြန်ပါတော့မည်။

လူလူ ပြန်ပါတော့မည်။

လူလူ့ကို ချစ်သူတွေကိုကော၊ မုန်းသူတွေကိုပါ လူလူ ရင်ထဲမှ နှုတ်ဆက်နေမိသည်။

ထွေးထွေးကော ဒေါ်လေးမကျင်ပါ လိုက်ပို့ပေးမည် ပြောပေမယ့် လူလူ မလိုက်စေတော့ပါ။

သံယောဇဉ်ငင်ပြီး လူလူ မပြန်ချင်ပါ၊ ယခု လက်ရှိ အသည်းနှလုံးမဲ့ ခန္ဓာနှင့်ပဲ လူလူ ပြန်ချင်ပါသည်။

အသည်းနှလုံးရှိလျှင် ချစ်မိဦးမည်၊ လွမ်းမိဦးမည်၊ တမ်းတမိဦးမည်။

အသည်းနှလုံး မရှိဘူးဆိုတော့ သည်အရာတွေကို မခံစားမိဘူးပေါ့....

"လူလူ ရော့....စားလိုက်"

နန်းဝေက လူလူ့ကို ပဲနှင့် နံပြား လာပေးသည်။

လူလူ မစားလိုပါ၊ ဖြစ်နိုင်လျှင် သည်လိုပဲ ငြိမ်သက်စွာ နေချင်သည်။

နေရင်း နေရင်း အသက်ထွက်သွားလည်း ထွက်ပေါ့။

"ရော့လေ"

"ဟင့်အင်း"

"လူလူကလဲကွာ"





ခေါင်းကိုခါကာ သူ့ကို မျက်လုံးကြောင်ကြီးဖြင့် မော့ကြည့်လာသည့် လူလူ့ကို ကြည့်ပြီး နန်းဝေ ခေါင်းခါလိုက်သည်။

ညပိုင်း တစ်ဘက်ခြမ်းမှ ပြန်လာပြီးကတည်းက ပထမပိုင်းစကားတွေ တတွတ်တွတ်ဆိုကာ လူလူ ငိုခဲ့ပေမယ့်....

နောက်ပိုင်း သူ့ကို စကားတစ်လုံးမှ မပြောတော့။

သည်မနက်ပိုင်း ထလာတော့လည်း သူပြောသမျှ လုပ်သည်။ ထဆို ထသည်။

ထိုင်ဆိုထိုင်သည်။

ရွှင်မြူးဖွယ် အပြုံးရိပ်တို့၊ ညွှတ်နူးဖွယ် စကားသံတို့ လူလူ့ဆီမှာ ဆိတ်သုဉ်း ပျောက်ကွယ်သွားခဲ့သည်။

လူလူ ဘာဖြစ်သွားတာလဲ။

"လူလူ စားလေ၊ နင် ဘာမှ စားရသေးတာမှ မဟုတ်တာ"

"ငါ စားပြီးပါပြီ"

"ဟင်"

"ညတည်းက ငါ့ဘဝတစ်သက်တာအတွက် ထာဝရအစာ ငါ စားပြီးခဲ့ပြီ"

"လူလူရာ မဟုတ်တာ၊ နင် ဒါတွေ တွေးမနေပါနဲ့တော့"

"မတွေးနဲ့၊ ဟုတ်လား နန်းဝေ"

လူလူ ဆွေးဆွေးမြည့်မြည့်လေး ပြောပြီး အဝေးကို ငေးနေသည်။

ဖြစ်နိုင်ရင်တော့ သည်ရန်ကုန်မြေမှ အမြန်ဆုံး ထွက်ခွာလိုပါပြီ။

ဒါမှ သူ့ အရာအားလုံးကို မေ့နိုင်မည်။

အချစ်ကိုကော အမုန်းကိုကောပေါ့....

တစ်ကနေ ပြန်စလို့ ရမည်ဆိုပါလျှင် လူလူ့ဘဝကို တစ်ကနေ ပြန်စချင်ပါသည်။

ဒါမှ သည်ဘဝထဲမှာ အမေလည်း ပါမည်၊ ပြီးတော့ နန်းဝေ....

ပြီးတော့ လူလူ့နေရာ ပန်းသစ်မြိုင်၊ ပြီးတော့ သူငယ်ချင်းများ....

ဘယ်လောက် အေးချမ်းသည့် ဘဝလဲ။

ယခုတော့ သူ စပ်ဆော့ကာ ရန်ကုန်ကို လာခဲ့မိ၍ သူ့ အသည်းနှလုံးလဲ ဆုံးရှုံးခဲ့ရပြီ။

မိန်းကလေးတစ်ယောက်၏ တန်ဖိုးဖြစ်သည့် အရှက်ကိုပါ သူ ပေးဆပ်ခဲ့ရပြီ။

လူလူ့ဘဝမှာ ဘာကျန်တော့လဲ....

"အမေ"

ခလုတ်ထိမှ အမိတတဲ့....





အရေးကြုံမှ အမေ့ကို လူလူ လွမ်းလာသည်။

ဒါတွေကြောင့် အမေ လူလူ့ကို ရန်ကုန် မလွှတ်ခဲ့တာနော်....

လူလူမှားပါပြီ အမေရယ်....

လူလူ အမေ့ကို တွေ့ချင်လိုက်တာ၊ အမေနဲ့တွေ့မှ အမေ့ရင်ခွင်မှာ လူလူ ခိုလှုံမယ်။

အမေ့စကားကို လူလူ နားထောင်မယ်။

လူလူ နန်းဝေကိုလှည့်ကြည့်ကာ မေးလိုက်သည်။

"ကား မထွက်သေးဘူးလား နန်းဝေ"

"ထွက်တော့မယ်၊ ဘာဖြစ်လို့လဲ"

"အမေ့ကို ငါ တွေ့ချင်ပြီ"

"တွေ့ရမှာပေါ့ လူလူရယ်"

အမေနှင့် တွေ့ချင်စာမှ ခရီးက ဝေးသလို ခံစားနေရသည်။

"အမေ ငါ့ကို စိတ်ဆိုးနေမှာပဲနော်"

"မိဘတိုင်းဟာ သားသမီးတွေကို ခွင့်လွှတ်တတ်ကြပါတယ် လူလူရယ်၊ နင် ပူမနေပါနဲ့"

"ဟုတ်တယ်၊ အမေ ငါ့ကို သိပ်ချစ်တယ်"

အမေနှင့်ဝေးနေစဉ်က အမေ့စေတနာတွေ၊ မေတ္တာတွေ လူလူ နားမလည်ခဲ့ပေမယ့်....

အမေ့ဒေသနှင့် နီးလာလေ အမေ့မေတ္တာတွေ၊ စေတနာတွေကို လူလူ နားလည်လာသည်။

အမေ့ရင်ခွင်ကို သမီးအမိုက်ကြီး ပြန်လာတော့မယ် အမေ....

အမေ့စကား နားမထောင်ဘဲ သမီးထွက်သွားခဲ့လို့....

သမီးမှာ နှလုံးသားလဲ မပါလာတော့ဘူး အမေ၊ သိက္ခာလဲ မရှိတော့ပါဘူး။

အမေရိုက်မှာလား၊ ရိုက်ပါ။

မိလူ ခံပါ့မယ်၊ မိလူ အမေ့ကို တွေ့ချင်ပြီ အမေရယ်....

တွေ့ချင်ကာမှ အမေ့ဆီရောက်ဖို့ နှောင့်နှေးနေသည်။

ကားက လမ်းမှာ ဘီးပေါက်သေးသည်။

လမ်းဘေးတွင် ဆောင့်ကြောင့်ကလေးထိုင်ကာ ကားဆီကို ငေးနေသည့် လူလူ့ကိုကြည့်ကာ နန်းဝေ သက်ပြင်း ချလိုက်သည်။

ရန်ကုန်စသွားစဉ်က မျက်နှာနှင့် ဆန့်ကျင်ကာ လူလူ့မျက်နှာက နွမ်းနေသည်။

သည်မျက်နှာလေးကို လန်းသွားအောင် သူ ဘယ်လိုလုပ်ရပါ့မလဲ....

"လူလူ"





"ဟင်....နန်းဝေ"

"ငါ့ကို ခွင့်လွှတ်ပါ"

"ဘာဖြစ်လို့လဲ နန်းဝေ"

"နင် ဒီလို စိတ်ဆင်းရဲအောင် လုပ်ခဲ့မိတာ ငါ့ကြောင့်ပါ၊ ငါသာ ရန်ကုန်ခေါ်မသွားရင် နင် ဒီလို ဖြစ်မလား"

"ဘယ်သူမပြု မိမိမှုတဲ့ နန်းဝေ၊ နင်နဲ့ မဆိုင်ပါဘူး၊ နင် ရန်ကုန်ကို ပို့လဲ ငါ အစ်ကို့ကို မချစ်မိရင် ဒီလို မဖြစ်ပါဘူး၊ အစ်ကို့ကို ချစ်မိလို့ အရွဲ့တိုက်ချင်လို့ ငါဒီလို ဖြစ်ရတာပါ၊ အဆုံးကျတော့ ငါ့အပြစ်ပါ နန်းဝေရယ်၊ ငါ အစ်ကို့ကိုလဲ မမုန်းဘူး၊ ဒေါ်သော်တာတို့ကိုလဲ မမုန်းဘူး၊ သူ့သားနဲ့ သဘောမတူလို့ ငါ့ကို ဒီလိုလုပ်လိုက်တာလို့ပဲ ငါ ထင်ပါတယ်၊ ဒီကိစ္စတွေကို ဒီနေ့ ဒီနေရာမှာ ငါနောက်ဆုံး ပြောမယ် နန်းဝေ၊ နောက် ငါဘယ်တော့မှ မပြောတော့ဘူး၊ မေ့လိုက်တော့မယ်၊ နင်လဲ မပြောပါနဲ့၊ ငါ့ကို ကတိပေးပါ"

"လူလူရယ်"

နန်းဝေ လူလူ့ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

ပါးစပ်မှသာ မေ့လိုက်တော့မယ် ပြောပေမယ့် အဖြစ်တွေက လောလောလတ်လတ်ဆိုတော့ လူလူ မေ့နိုင်ဦးမည် မထင်။

“ငါတော့ အစ်ကိုမျိုးလွင်ပဲ သနားတယ်”

လူလူ ပြုံးလိုက်သည်။ နန်းဝေက သနားနေပေမယ့် အစ်ကို့ ဘေးမှာ တို အသင့်ရှိနေသည်။

ယခုအချိန်လောက်ဆို အစ်ကို လူလူ့ သတင်းကြားပြီးရော ပေါ့....

လူလူ့ ကို အထင်သေးနေရောပေါ့....

“ရှိပါစေတော့ နန်းဝေရယ်၊ ငါ့တစ်သက်မှာ တစ်ချစ်တည်း ချစ်ဖူးတယ်၊ အဲဒီအချစ်ဟာ အစ်ကို့ ကို ချစ်မိတဲ့ အချစ်ပါပဲ၊ ဒါပေမယ့် ဒီအချစ်ကို ငါမေ့လိုက်တော့မယ်၊ ငါ့အသက်ရှင်နေသရွေ့ နောက်ထပ်အချစ်ဆိုတာ ငါ့ဆီကို မလာစေရတော့ဘူး၊ ငါ လက်မခံတော့ဘူး”

ပြောရင်း လူလူ့ အသံတွေတုန်ယင်လာကာ နေရာမှ ထကာ ကားဆီကို ပြေးသွားသည်။

နန်းဝေ လူလူ့ ကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

ပါးစပ်မှ မေ့လိုက်တော့မည် ပြောပေမယ့် အသည်းနှလုံးထဲမှ မမေ့နိုင်သေးသည့်အဖြစ်ကို လူလူ ဟန်ဆောင်၍ပင် မရချေ.....

သည်အကြောင်းပြော၍ လူလူ မျက်ရည်ကျရသည်ဆိုလျှင်





သူ နောက် သည်အကြောင်း မပြောမိအောင် ဂရုစိုက်ရ တော့မည်။

“ပြီးပြီ၊ လာကြပါ”

နန်းဝေ ကားနားအရောက် ကားက ဘီးသစ်လဲပြီးသွား ပြီ။

မကြာခင် ပန်းသစ်မြိုင်ကို ပြန်ရောက်တော့မည်။

* * *

## အခန်း (၆)

"အမေ"

ဇက်ဆိပ်မှကားတက်ကာ ဂိတ်မှာ ကားရပ်ပြီးသည်နှင့် ခြံကိုလွယ်ကာ လူလူ အိမ်ကိုတစ်ချိုးတည်း ပြေးလာခဲ့သည်။

အမေ ကို တွေ့လိုလှပါပြီ....

တောင်းပန်လိုလှပါပြီ....

ခြံထိပ်မှာ ဦးလေးလှကျော်ကိုတွေ့ရ၍ လူလူ ဝမ်းသာအားရ လှမ်းအော်လိုက်သည်။

"ဦးလေး....အမေကော"

ဦးလေးလှကျော် မျက်နှာပျက်သွားသည်။

"မိလူ....မိလူ"

နှုတ်ခမ်းဖျားမှ ခပ်လေးလေးရွတ်ကာ မိလူကိုငေးကြည့် နေသည်။

"နင်...ပြန်လာသေးတယ်နော်"

"ပြန်မလာလို့ လူလူ အပြီးသွားတာမှ မဟုတ်တာ ဦးလေးရယ်၊ အမေကော"

ပြောရင်းမှ လူလူ အမေ့ကို အမောတကော ရှာ လိုက်သည်။

အိမ်လေးက တိတ်ဆိတ်ငြိမ်သက်နေကာ အမေ့အရိ အရောင်ကို လုံးဝမတွေ့။

သည်တော့မှ စိုးရိမ်ရကောင်းမှန်းသိလာကာ ဦးလေး လှကျော်နား ပြေးလာခဲ့သည်။

"အမေကော....ဦးလေး"

"နင့်အမေ နင်တို့ထွက်သွားပြီး နှစ်ရက်အကြာ ရောက်လာတယ် မိလူ၊ နင် ရန်ကုန်လိုက်သွားတယ်လဲကြား ရော ဒေါ်သူပုန်ထတာပဲ"

အမေရယ်....

လူလူ ပါးပြင်ပေါ် မျက်ရည်များစီးကျလာသည်။ အမေ မကြိုက်တာကို လုပ်ခဲ့မိခဲ့တဲ့ မိလူရင်မှာ ဒဏ်ရာဒဏ် တွေနဲ့ပါ။

"အခု အမေ ဘယ်မှာလဲဟင်....ဦးလေး၊ လူလူ အမေ ကို တွေ့ပါရစေ"





"ငါလဲမသိဘူး၊ နင်တော့ နင့်အဖေနဲ့တွေ့ကြတော့မှာ ပြီး သူ ထွက်သွားတာပဲ၊ ငါလဲ တားလို့မရဘူး"

"ဘာ....ဦးလေး၊ လူလူ့အဖေ ဟုတ်လား"

လူလူ ဦးလေးလှကျော်ကို အမောတကော ဆုပ်ကိုင်ကာ မ်းမရ မေးလိုက်မိသည်။

"အိမ်း....နင့်အဖေနဲ့နင် ရန်ကုန်မှာ မတွေ့ဘူးလား"

"အဖေ....ဟုတ်လား၊ ဘယ်သူလဲ၊ အဖေသေပြီဆို"

လူလူ့ အသံကြောင့် နန်းဝေပါ လူလူတို့အနားရောက် သည်၊

ဦးလေးလှကျော် သက်ပြင်းကိုချရင်း ခေါင်းခါလိုက် သည်။

"နင့်အဖေ မသေဘူး လူလူ၊ နင့်အမေ နင့်ကို ညာ ားတာ"

"ဘုရား"

လူလူ ရင်ဘတ်ကိုဖိကာ ဘုရားတ,လိုက်သည်။ လူလူ့ ်သက် မထင်မှတ်သည့်စကားပါလား။

ဟုတ်ရဲ့လား၊ လူလူ မယုံပါဘူး။

အမေပြောတော့ အဖေသေပြီဆို၊ အမေဟာ မညာ တ်ပါဘူး။

"လူလူ မယုံဘူး ဦးလေး၊ လူလူ အမေ့ကို တွေ့ချင် တယ်"

"နင်တွေ့ချင်ပေမယ့် သူမှ လူလူ့ကိုမတွေ့ချင်တော့တာပဲကွယ်"

"အမေ....အမေ၊ လူလူ ပြန်လာပြီအမေ၊ လူလူအမေ့ကို ဘယ်မှာရှာရမှာလဲ"

လူလူ ဦးလေးလှကျော်နားမှပြေးထွက်ကာ အိမ်လေး၏ လှေကားထစ်လေးမှာထိုင်ကာ ရှိုက်ငိုလိုက်သည်။

"အမေ့ကို လူလူတွေ့ချင်တယ်၊ အမေ့စကား နားမထောင်ဘဲ ထွက်သွားတဲ့သမီးကို လာတွေ့ပါဦးလား အမေရယ်၊ အမေ ဘယ်ကိုထွက်သွားရတာလဲ၊ လူလူမယုံဘူး"

ငိုလျက်မှလူလူ အိမ်လေးပေါ်ပြေးတက်လာကာ အမေ့ကို ဘစ်အိမ်လုံး လှည့်ပတ်ရှာသည်၊

ခြေရာလက်ရာမပျက် ပစ္စည်းလေးများမှလွဲ၍ အမေက သည်အိမ်ခလေးမှ ပျောက်ကွယ်နေသည်။

"ဦးလေး၊ လုပ်ပါဦး ဦးလေးရယ်၊ အမေမရှိတော့ လူလူ ဘယ်သူနဲ့နေရမှာလဲဟင်၊ အမိုး....အမိုး....လုပ်ပါဦး အမိုးရဲ့၊ အမေကောဟင်"

အမိုးဗျားခေါ်ပါ လူလူ့ကိုကြည့်ကာ မျက်ရည်တွေတွေ ကျနေသည်။

"နင် သိပ်မိုက်တယ်လူလူ၊ နင့်အမေ နင့်ကိုချစ်တာ သိလျက်နဲ့ နင် ဘာလို့ ရန်ကုန်ကို ထွက်သွားခဲ့ရတာလဲ"





"လူလူ....လူလူ မရောက်ဖူးလို့ ရောက်ဖူးချင်လို့ သွားခဲ့ ...ပါ"

"ပြီးတော့ နင်သွားတဲ့နေရာက သူ အမုန်းဆုံးနေရာ"

"ရှင်....ဦးလေး"

လူလူ ဦးလေးလှကျော်ကို အံ့အားသင့်စွာမော့အကြည့်....

"ဟုဘ်တယ် လူလူ၊နင်တို့နဲ့ အခုပတ်သက်ခဲ့တဲ့ ဦးကောင်း ...်းဟာ သူ အမုန်းဆုံးလူ၊ သူ အချစ်ဆုံးလူ၊ အဲဒီလူဟာ ...ယ်သူလဲ နင် သိလား"

...လူ ဘာမှ မပြောနိုင်ပါ။

...ါးစပ်အဟောင်းသား ပွင့်ကာ ဦးလေးလှကျော်ကို ...းအကြည့် ဦးလေးလှကျော်က လူလူ့ကို တစ်လုံးချင်း ...ာပြရှာသည်။

"အဲဒီလူဟာ တခြားလူ ဟုတ်ပါရိုးလားကွယ်၊ သူ....သူ ...ာ သမီးရဲ့ ဖေဖေပဲပေါ့"

"အို"

...လူ ခေါင်း မိုက်ခနဲ ဖြစ်သွားသည်။

...ဦးကောင်းလွန်းဟာ လူလူ့ရဲ့ ဖေဖေ၊ ဖေဖေဆိုပါ ...ား....

...လူ မယုံနိုင်လိုက်တာ။ လူလူ အိပ်မက်မက်နေတာများ ...ား....

လူလူ သူ့အသားကို ဆိတ်ကြည့်လိုက်သည်။ နာက ခြင်းက အိပ်မက်မဟုတ်မှန်း သိသာစေသည်။

ဒါ....ဒါဖြင့် ဦးလေးကျော်စကားတွေသည် အမှန်ပေါ့။

"ဒီစကားတွေကို ဦးလေး မပြောချင်ပါဘူး၊ ဒါပေမယ့် မပြောလို့မဖြစ်တော့ဘူး လူလူ၊ လူလူက ဦးကောင်းလွန်း ပတ်သက်ခဲ့မှပဲကွယ်"

လူလူ ရှိုက်ငိုလိုက်သည်။

ဦးလေးပြောသလို လူလူဟာ ဦးကောင်းလွန်းသမီး ချိုတို့ ဘိုတို့က လူလူနှင့် မောင်နှမတွေပေါ့။

"အို....ဘုရား....ဘုရား"

ကံကောင်းလို့သာပဲ။

"လူလူ"

အံ့ဩလွန်း၍ ကြောင်နေမိသည့် လူလူ့ကို နန်းဝေက သတိပေးသလို လှမ်းဆုပ်ကိုင်သည်။

"ဒါ....ဒါတွေဟာ တကယ်လား နန်းဝေ"

"အေး....ငါလဲ နင့်လိုပဲ အဖေ့ကို မေးချင်နေတယ်"

"တကယ်ပါ သား၊ လူလူ့အမေ မြစိမ်းဟာ တကယ် အချစ်ကြီးတဲ့ မိန်းမဖြစ်သလို တကယ်လဲ အမုန်းကြီးတဲ့ မိန်းမ ပါပဲကွယ်"

"မြစိမ်း....မြစိမ်း ဟုတ်လား ဦးလေး၊ ကျော့မေ မဟုတ် ဘူးလားဟင်"





"ဘယ်က ကျော့မေရမလဲ သမီးရယ်၊ သမီးမေမေ နာမည် အရင်းက မြစိမ်း၊ ကျောင်းအပ်တော့ သူ့အဖေ ကိုဘခက် နာမည်ပါအောင် မြစိမ်းခက်၊ ကိုချစ်ဦးဝေနဲ့တွေ့မှ မြစိမ်း မေ ဖြစ်လာတာပါ"

"ကိုချစ်ဦးဝေဆိုတာ ဘယ်သူလဲ အဖေ"

နန်းဝေက သူ့အဖေကို လှမ်းမေးလိုက်သည်။

"ကိုချစ်ဦးဝေဆိုတာက အခု ဦးကောင်းလွန်းလို့ ခေါ် နေတဲ့ လူလူ့ အဖေပေါ့"

"အဖေ....အဖေတဲ့၊ လူလူ ယုံရမှာလား၊ လူလူ မယုံချင် ဘူး ဦးလေးရယ်"

"အေး....တစ်သက်လုံးမပြောပါဘူးလို့ ဦးလေး မြစိမ်းကို ကတိပေးထားခဲ့ပေမယ့် ခုတော့ မနေနိုင်တော့ဘူးကွယ်၊ ဦးလေး ပြောပြပါ့မယ်၊ သူတို့ဇာတ်လမ်းကို အစအဆုံး သိခဲ့သူက ဦးလေးပါပဲကွယ်"

"အဲဒီတုန်းက မြစိမ်းတို့က ရန်ကုန် ဟိုး....အင်းစိန်ဘက် မှာ နေကြတာ"

* * *

## အခန်း (၄)

''မြစိမ်းရေ....ဟော့ မြစိမ်း''

''လာပြီအမေ''

မြစိမ်းက ဆန်ရွေးနေရာမှ အပြင်ကို ပြေးထွက်လာကာ....

ဈေးရောင်းပြီး ပြန်လာသည့် အမေ့ဈေးတောင်းကို ပြေးချပေးလိုက်သည်။

''ကုန်ခဲ့လား အမေ''

''ကုန်ခဲ့ပါတယ် သမီးရယ်၊ အမေ့ကို ရေအေးအေးလေး တစ်ခွက် ပေးစမ်း''

''ခဏနေဉ် အမေ''

မြစိမ်း နောက်ဖေးကို ပြေးကာ သောက်ရေတစ်ခွက် ခပ်လာခဲ့သည်။

"ဒါနဲ့ သမီးတို့အဖေ ကိုဘခက်ကော"

"အဖေ အခုလေးတင်ပဲ အလုပ်ထွက်သွားပြီ အမေ"

"အေး....အေး"

ဒေါ်မြ ခေါင်းခု ပုဆိုးကို ဖြန့်ကာ ချွေးထွက်နေသော မျက်နှာကို တဖျပ်ဖျပ်ခတ်လိုက်သည်။

မြစိမ်း အမေ့မျက်နှာ နီရဲရဲကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

အမေ့မှာ၊ မနက် ဈေးရောင်း၊ နေ့လယ် ဈေးရောင်းဖြင့် နားရသည် မရှိသလို....

အဖေ့မှာလည်း မနက်တိုင်း လက်သမား ကိရိယာထည့်ထားသည့် စစ်အိတ်အစုတ်လေးကို လွယ်ကာ အလုပ်မသွားရသည့် နေ့မရှိ....

လူလေး သုံးယောက်အတွက် ပင်ပန်းလှသည်။

သည်အဖေနှင့်အမေကိုကြည့်ကာ မြစိမ်း တစ်နေ့မှ စိတ်မချမ်းသာ....

မြစိမ်း ဖြစ်လိုသည်က တစ်ဘက်တိုက်အိမ်ကြီးမှ သူဌေးမကြီး ဒေါ်နုနုလို အမေ့ကို ကုလားထိုင်ပေါ်အခန့်သားထိုင်ကာ စီမံခန့်ခွဲစေလိုသူသာ ဖြစ်စေချင်သည်။ လင်သားက ဓာတ်ပြားကုမ္ပဏီပိုင်ရှင် ဖြစ်သလို၊ သူမကိုယ်တိုင်ကလည်း စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသူမို့ အမေနှင့် အသက်ရွယ်တူပေမယ့် အမေ့ထက်ကို နုပျိုကာ ချောမွေ့နေရသည်။





အမေ့မှာတော့ ဆင်းရဲခြင်းဒဏ်၊ ရာသီဥတုဒဏ်၊ ပင်ပန်းမှုဒဏ်တွေကြောင့် စိတ်ထောင်း ကိုယ်ကြေကာ ရှိရင်းစွဲအသက်ထက် ရင့်ရော်နေသည်။

"သမီး....ထမင်းစားပြီးပြီလား ဟင်"

အမေ့ကိုကြည့်ကာ ငိုင်နေသည့် သမီးကို အမေက ပြုံးကာ လှမ်းမေးသည်။

"စားပြီးပြီ အမေ"

"သမီး မောင်လေးတွေကော"

"သူတို့လဲ စားပြီးသွားပြီအမေ၊ အမေ့အတွက် သမီးဟင်းခတ်ထားတယ်"

"အေး....အေး"

ဒေါ်မြ သမီးကို လှမ်းပြောကာ အိမ်ထဲဝင်လာခဲ့သည်။

ဆင်းရဲပေမယ့် သားသမီးတွေက လိမ္မာတော့ ပင်ပန်းရကျိုးနပ်သည်။

အထူးသဖြင့် သမီးကြီးမြစိမ်းက လိမ္မာလှသည် မဟုတ်ပါလား။

တစ်မိပေါက် တစ်ယောက်ထွန်းဆိုသလို သူကော သူ့ ခင်ပွန်းသည် ကိုဘခက်ပါ မလှမပ သာမန် ရွက်ကြမ်းရေကျို ရုပ်မျိုးလောက်သာ ရှိကြပေမယ့်....

သမီး မြစိမ်းကတော့ စိမ်းဖန့်ဖန့်အသား၊ မျက်လုံး မျက်ဖန်လှလှ၊ ကိုယ်လုံးကိုယ်ထည် ကျော့ရှရှော့နှင့် စာကလည်း တော်သည်ဆိုတော့ ဒေါ်မြ သွားလေရာ မျက်နှာပွင့်သည်။

"မမြ သမီးလေးက ဘယ်နှစ်တန်းလဲ"

"ကိုးတန်း ရောက်ပြီ အစ်မ"

"ဩော်....ကိုးတန်းတောင် ရောက်ပြီလား၊ အတော် အတန်းကြီးလှမှပဲ"

"ဟုတ်ပါတယ်၊ ကျွန်မတို့မှာ သူလေးပဲ စိတ်ထဲအားခဲ နေကြရတာပါ"

"ကလေးမလေးက ရုပ်လေးက ချောလိုက်တာ၊ စာလဲ တော်တယ် မဟုတ်လား"

"တော်ပါတယ် အစ်မ၊ အတန်းထဲမှာ အမြဲလို ပထမ ရပါတယ်"

ဒေါ်မြ သမီးအတွက် ဂုဏ်ယူစွာ ပြောလိုက်မိသည်။

"အေးကွယ်၊ အားကိုးရမယ့် သမီးလေး ဖြစ်မှာပါ၊ အကူအညီလိုလဲ ပြောနော် မယ်မြ၊ အစ်မတို့ကို ဘာမှ အားမနာနဲ့"





သမီးနှင့်ပတ်သက်ကာ ကောင်းသူများရှိသလို မကောင်းသူများကလည်းရှိသည်။

သူတို့က တခြားသူများမဟုတ်။

သူတို့နှင့်ခြံချင်းကပ်လျက်မှ ဒေါ်နုနု၏သမီးနှစ်ယောက်ဖြစ်သည်။

ဖခင်ကုမ္ပဏီပိုင်ရှင်သူဌေးနှင့်သားက သဘောကောင်းသလောက် သမီးနှစ်ယောက်က အတော်ဆိုးသည်၊

သမီးကိုလည်း လုံးဝမနာလိုကြ။

မနာလိုရလောက်အောင်လည်း သမီးက ရုပ်ချောသည်။

အဝတ်အစား နွမ်းနွမ်းပါးပါးလေးတွေ ဝတ်ရသည့်ကြားမှ သမီးအသားစိမ်းဖန့်ဖန့်က သန့်စင်ကြည်လင်နေကာ မျက်နှာပါးပါးလေးကလည်း နှာခေါင်းချွန်ချွန်၊ နှုတ်ခမ်းပါးပါး၊ မေးချွန်ချွန်လေးနှင့်....

သမီး မျက်လုံးလေးများက အရောင် တစ်လက်လက်တောက်ပနေသည်။

ဘုရားပေးသည့်သမီးပဲ ဖြစ်ပါလိမ့်မည်။

မိဘဆင်းရဲပေမယ့် မငြူစူ၊ မိဘကိုစိတ်ချမ်းသာအောင်ထားကာ စာကိုအချိန်မှန်မှန်ကျက်၍ ယခင် ဟိုဘက်ခြံမှ အငယ်ဆုံးမ သစ်ထူးဆွေနှင့်အတန်းတူ ခုနစ်တန်းမှ ယခု

သစ်ထူးခဆွဲထက် အထက် နှစ်ဦးမေကိုပင် ကျော်ကာ ကိုးတန်းကိုရောက်လာ၍....

ညီအစ်မနှစ်ယောက်လုံး သမီးကို မျက်မှန်းကျိုးနေကြ သည်။

"ကောင်မကိုက ကုတ်ကမြင်း၊ လူကြည့်တော့ မတုန် မလှုပ်နဲ့ သိပ်နန့်တာ"

မြစိမ်း မကြားဟန်ဆောင်ကာ ဆန်ဆက်ရွေးနေလိုက် သည်။

"သမီး....မကြားဟန်ဆောင်နော်၊ လူဆိုတာ ဒီလိုပဲ၊ ကိုယ့်ထက်သာ မနာလိုတတ်ကြဘူး"

အမေက မြစိမ်းကိုလက်ကုတ်ကာ ပြောသည်။

မြစိမ်း အမေ့ကို စိတ်ပျက်လက်ပျက်ဖြင့်ကြည့်ကာ မေး လိုက်သည်။

"သူတို့က မြစိမ်းကို မနာလိုရအောင် မြစိမ်းတို့က သူတို့ထက် ချမ်းသာနေလို့လား အမေ"

မြစိမ်းတို့နေသည့်အိမ်က ဆယ့်ငါးပေခန့်သာ ကျယ် သည့် သစ်သားအိမ်ကျဉ်းကျဉ်းလေးပါ။

သူတို့နေသည့်အိမ်က နှစ်ထပ်တိုက်ကြီး။

နေရသည့်အခြေအနေချင်းလည်း မတူသလို၊ စီးပွားရေး အခြေအနေခြင်းလည်း မတူပါ။





မြစိမ်းတို့က အဖေကော အမေပါလက်လုပ်ပါမှ ပါးစပ် လှုပ်ရသည့်ဘဝ။

သူတို့က သူတို့လုပ်လုပ် မလုပ်လုပ် ပိုက်ဆံ အလို အလျောက်ဝင်နေသည့် သူဌေးတွေ....

ဒါကိုများ သူတို့ မြစိမ်းကိုပဲ ဘာဖြစ်လို့မနာလိုဖြစ်နေ ကြတာပါလိမ့်။

မျက်ခုံးလေးကိုတွန့်ကာ အလုပ်လုပ်နေဆဲ အမေက မြစိမ်းမျက်နှာကိုစိုက်ကြည့်ကာ လှမ်းပြောသည်။

"ဆင်းရဲတာ ချမ်းသာတာနဲ့မဆိုင်ဘူး၊ သိလားလူဆိုတာ လှရင်လဲ မနာလိုဘူး၊ ဝရင်လဲ မနာလိုဘူး၊ သမီးကသူတို့ ထက်လှတယ်မဟုတ်လား၊ ဒါကြောင့် နေမှာပေါ့"

သည်စကားကိုကြားတော့ မြစိမ်းပြုံးမိသည်။

မေးရာပါအလှကို မြစိမ်း ဘယ်လိုလုပ် မလှပါနှင့်ဟု ပြုပြင်ရမလဲ။

မြစိမ်းအသားက သနပ်ခါးမလူးရလောက်အောင် ဝင်း ဝါစိမ်းစိုနေကာ....

မြစိမ်းမျက်ခုံးတွေ မျက်လုံးတွေကလည်းဆေးမဆွဲ ကာ ခြယ်မကူရဘဲကို နက်မှောင်နေပြီး....

နှာတံကချွန်ကာ နှုတ်ခမ်းလေးက အလိုအလျောက် နီမြန်းကာ စိုပြည်နေသည်။

ကိုယ်လုံးကကော....

တကူးတက မကစားရဘဲကို ခါးသေးသေး ရင်မို့မို့နှင့် လှချင်တိုင်းလှနေပါသည်။

ဒါကို မနာလို ရန်ပြုသည်ဆိုလျှင်တော့ မြစိမ်းဘယ်လို လုပ်ရမလဲ။

သူတို့က မနာလိုမယ့်သာမနာလိုသည်။သူတို့နှင့်ခြံချင်း ကပ်လျက်မို့ သူတို့အိမ်တွင် အားကစားကိုရိယာမျိုးစုံနှင့် ကစားသည်ကို မြစိမ်းမသိဘဲနေမလား။

အလှပြင်ကရိယာမျိုးစုံနှင့် အလှပြင်သည်ကို မြစိမ်းမမြင်ဘဲ နေမလား။

ဘယ်လောက်အလှပြင်ပြင် နဂိုရှိမှ နဂိုင်းထွက်သည်ကို တော့ မြစိမ်းယုံကြည်သည်။

''မြတ်ပန်းရုံ'' ခြံကြီးတွင် အန်တီ ဒေါ်နုနုနှင့် သား အကြီးဆုံး ကိုချစ်ဦးဝေတို့ နှစ်ယောက်သာ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် ရုပ်ရည် ချောမောပြီး ကျက်သရေရှိ သလောက်....

မိန်းကလေးနှစ်ယောက်ဖြစ်သည့် နှစ်ဦးမေနှင့် သစ်ထူး ဆွေက ဖခင် ဦးသာဦးနှင့် ချွတ်စွတ်တူကာ အသားမည်းပြီး နဖူးမောက်လျက် အရပ်ပုကြသည်။

ရုပ်ဆိုးပြီး သဘောကောင်းလျှင် တော်သေးသည်။ ခုတော့ နှစ်ယောက်လုံးက ရုပ်လည်းဆိုး၊ သဘောပုပ်၍ မြစိမ်း ခပ်မှန်မှန်ပင် နေသည်။





ဒါကိုပင် သူတို့က အားမနာတမ်း ပြောကြပြန်သည်။

''နေတော့တဲပုတ်၊ ဝတ်တော့အစုတ်၊ စားတော့ ပဲပြုတ်၊ ...ဟိ၊ ဒါကိုများ သူ့ကိုယ်သူ ဘဝင်နဲ့''

''အမေ''

မြစိမ်း ဆန်ဇန်းကို ပစ်ချကာ အမေ့ကို ကုန်းအော်လိုက် သည်။

အမေက ကိုယ့်ရပ်ကွက်သားချင်း ရန်မဖြစ်ပါနဲ့ဟု ပြော၍ မြစိမ်း သည်းခံနေရပေမယ့်....

သူတို့တွေ စော်ကားမှုက လွန်လာပြီ။

ကျောင်းမှာလည်း မြစိမ်းမို့ တွေ့လျှင် ပဲပြုတ်ဟု တိုးတိုး ကော ကျယ်ကျယ်ပါ စ,ကြသည်။

ပဲပြုတ် ဘာဖြစ်လဲ၊ မြစိမ်းအမေ ပဲပြုတ်ရောင်းတာပဲ....

ဒါကို သူတို့က လှောင်သလို ပြောင်သလို မြစိမ်းကို စကြ သည်။

''သမီးရယ် နားပိတ်ထားစမ်းပါ၊ လေကုန်တော့ ရပ် သွားလိမ့်မယ်''

''ရပ်မှာမဟုတ်ဘူး အမေ၊ သင်းတို့ သမီးကို မခံချင် အောင် စ,နေတာ ကြာပြီ၊ အမေ့စကားကြောင့် သမီး သည်းခံနေရပေမယ့် သည်းမခံနိုင်တော့ဘူး''

ပြောရင်း မြစိမ်း နှုတ်ခမ်းပါးများ တဆတ်ဆတ် ဖ
လာကာ မျက်ရည်များလည်း ဝဲလာသည်။

တစ်သက်နှင့်တစ်ကိုယ် သူများအစော်ကားကို မခံခဲ့

ကျောင်းမှာလည်း ဣန္ဒြေရှိသည့် မြစိမ်းကို ဘ
ယောကျ်ားလေးမှ မစ,ရဲ၊ မနောက်ရဲ။

လူငယ်ပေမယ့် မြစိမ်း ဣန္ဒြေရှိသည်။ စာကြိုးစားသည်

သည်တော့ မြစိမ်းကို ခလေးစားကြသည်။ အများတက
လေးစားနေကြပါလျက် သူတို့နှစ်ယောက်ပဲ မြစိမ်းကို ဘာ
မနာလို ဖြစ်နေကြရတာလဲ....

"သမီး ပြောရမလား အမေ"

"မပြောပါနဲ့ သမီးရယ်၊ သူတို့ ဆိုးပေမယ့် မောင်ချစ်ဦး
ဝေတို့ ဦးသာဦးတို့မျက်နှာက ရှိသေးတယ် မဟုတ်လား"

မြစိမ်း သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

သူတို့ ဆိုးပေမယ့် အမေပြောသလို ကိုချစ်ဦးဝေကော၊
သူ့အဖေ ဦးသာဦးပါ မြစိမ်းတို့အပေါ် သဘောထားပြည့်
လှသည်။

အထူးသဖြင့် ကိုချစ်ဦးဝေက ပိုသည်။

သူ့အမေနှင့် သူ့ညီမတွေက ဆင်းရဲသည့် မြစိမ်းတို့အိမ်
လာတာ မကြိုက်ပေမယ့် သူက လာသည်။

မြစိမ်း မောင်လေးတွေနှင့် ချက်(က) ကစားသည်။
စကားပြောသည်။





အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ နှာတံပေါ်ပေါ်နှင့် ကိုချစ်
ဝေက မြစိမ်းတို့ကျောင်းမှာ ဆယ်တန်းတက်နေသူလည်း
သည်။

အားလျှင် မြစိမ်းနှင့် လာစကားပြောတတ်ပေမယ့် မြစိမ်း
ပြောလိုပါ။

ကိုချစ်ဦးဝေကို ခင်ပါသည်။ ဒါပေမယ့် သူ့မိသားစုကို
မ်း မုန်းသည်။

မုန်းမုန်းနှင့် မြစိမ်း နေရာမှအထ....

"မြစိမ်း"

"အို"

မြစိမ်း နေရာမှာ ပြန်ထိုင်လိုက်သည်။

ကိုချစ်ဦးဝေပင်။

ဘယ်ကပြန်လာသည် မသိ၊ သူ့လက်ထဲမှာ အထုပ်နှစ်
ပ်နှင့်....

"မြစိမ်း၊ သိန်းတို့ ဟိန်းတို့ကော"

"အပြင်သွားတယ် ကိုဝေ"

"ဒါဆို....သူတို့လာရင် ဒီခေါက်ဆွဲထုပ်လေး ပေးလိုက်
နော်၊ သူတို့ မှာလိုက်လို့"

ပြောရင်း ကိုဝေက အတွင်းကို လှမ်းကြည့်ကာ မြစိမ်းကို
မေးသည်။

"ဘယ်သူမှ မရှိကြဘူးလား"

"အမေရှိတယ်၊ ဟိုး....နောက်ဖေး ရောက်နေတယ်နဲ့
တယ်"

လူမရှိဘူးဆိုသည်နှင့် ကိုဝေက မြစိမ်း မျက်နှာကို စို
ကြည့်ကာ မေးသည်။

"စာတွေ ကျက်ပြီးပြီလား မြစိမ်း"

"ကျက်တုန်းပါပဲ ကိုဝေရယ်"

"မေးသာမေးရတယ်၊ မြစိမ်းက တော်ပြီးသားပါကွာ"

မြစိမ်း ပြုံးလိုက်သည်။ ပြီးတော့ ကိုဝေ့ကိုလည်း လှမ်း
မေးလိုက်သည်။

"ကိုဝေကကော"

"ကိုဝေကတော့ ဒီလိုပါပဲ၊ တစ်နှစ်တစ်တန်း အောင်
အောင်တော့င် မနည်းကြိုးစားနေရတာ"

"ကိုဝေတို့က အရေးကြီးတယ်နော်၊ အစိုးရစစ် မဟုတ်
လား"

ကိုဝေက ခေါင်းညိတ်ကာ မြစိမ်းကို စူးစိုက်ကြည့်နေ
သည်။

ခက်ရပါလား....

ကိုဝေ့ ရှေ့မှာ ထိုင်နေမိသည့် မြစိမ်း မလုံမလဲဖြစ်ရသည်။

ဆန်ရွေးနေချိန်မို့ ပေါ်နေသည့် ခြေသလုံးသားလေး
ကို လုံချည်ဖြင့် ဆွဲအဖုံး....





"ကိုကို့"

ဘစ်ဘက်ခြံမှ ငှက်ဆိုးထိုးသံလို သစ်ထူး၏ အသံမာဆတ်
ဆတ်က ထွက်လာသည်။

"ဟော....သစ်ထူး ခေါ်နေပြီ၊ ဘာလုပ်ဖို့လဲ မသိဘူး၊
အဲဒီကောင်မလေးတွေ အဲ့ဒီလိုပဲ"

ကိုဝေ မကျေမနပ်ပြောကာ နေရာမှ ထသည်။

မြစိမ်း သိပါသည်။ ကိုဝေ သည်ဘက်ခြံကို လာတာ
မကြိုက်၍ ခေါ်သည်မှန်း....

ဒါကြောင့်လည်း ခေါင်းကိုင့်ကာ ကိုဝေ့ကို ခပ်တိုးတိုး
ပြောလိုက်မိသည်။

"သူတို့ မကြိုက်ရင် မလာပါနဲ့လား ကိုဝေရယ်"

"ဘာဆိုင်လဲ မြစိမ်းရဲ့၊ သူတို့က ဘာလို့ မကြိုက်ရမှာ
လဲ"

"မြစိမ်းတို့က ဆင်းရဲတယ် မဟုတ်လား"

"ဆင်းရဲတာနဲ့ ကိုဝေက မြစိမ်းကို မခင်ရတော့ဘူး တဲ့
လား"

"ကိုကို့"

ခြံစည်းရိုးတွင် သစ်ထူး ပင်မက သူ့အထက် နှစ်ဦးပါ
ပေါ်လာပြန်ပြီမို့ ကိုဝေ မြစိမ်းကို လှမ်းနှုတ်ဆက်လိုက်
သည်။

"ကဲ....ကိုဝေသွားမယ် မြစိမ်း"

ကိုဝေ့မျက်ဝန်းများက တောင်းပန်ခြင်းများနှင့် ပြည့်နှက်နေပေမယ့်....

မြစိမ်းရင်ထဲမှာတော့ နှစ်ဦးနှင့် သစ်ထူး အသွင်ကြောင့် ဒေါသလှိုင်းထကာ သိမ့်သိမ့်ခုန်နေသည်။

ဝမ်းနည်းစိတ်ဖြင့် ကပြင်လေးမှာ ဆက်ထိုင်နေဆဲ....

"ကိုကိုနေဘ် မေမေက ဘာပြောထားလဲ"

သစ်ထူးအသံက လိုအပ်သည်ထက် ပိုကျယ်ကာ မြစိမ်းနားထဲ ဆောင့်အောင့်ဝင်လာသည်။

"ဘာပြောထားလို့လဲ"

"ပေါက်ကရတွေနဲ့ မရောပါနဲ့လို့ မှာထားတယ် မဟုတ်လား"

မြစိမ်း နှုတ်ခမ်းကို ကိုက်ကာ အံကိုကြိတ်လိုက်သည်။

ဒါ သူ့ကို တမင်စောင်းပြောတာပဲ။

မိဘစကားနားထောင်ကာ မပြောချင်၍ အောင့်ခံနေသည်ကို သူတို့က ကြောက်သည် အောက်မေ့နေသည်။

မြစိမ်းတဲ့....

သသောကောင်းလျှင် နှစ်ယောက်မရှိအောင် ကောင်းသလောက် ဆိုးလာလျှင်လည်း သူများထက် ဆိုးတတ်သည်။





ဘလောက သူတို့ကျောင်းမှ အကောင်နှစ်ကောင် စကားဆက်ပြောသည်။ မြစိမ်း ကောင်းကောင်းမွန်မွန်နှင့် ကိုယ့်ဝမ်းကိုယ်သွားဖို့ တောင်းပန်ပေမယ့် မရ....

ဒါကြောင့် ကျောင်းအုပ်ကြီးနှင့် သွားတိုင်၍ သူတို့နှစ်ယောက်လုံး အချခံရသည်။ သည်တည်းက မြစိမ်းကို တစ်ယောက်မှ မလိုက်ရဲတော့။ မြစိမ်းက ရုပ်လှသလို အနေသည်းတည်၍ တော်ရုံတန်ရုံ မြစိမ်းကို ဖြုံကြသည်။ ခုလည်း ဒေါ်ပွလာပြီမို့ ဆန်ဇန်း ဖျတ်ခနဲ ပစ်ချကာ ခြံစည်းရိုးနားလျှောက်လာခဲ့သည်။ ပြီးတော့ သစ်ထူးကို ခပ်မာမာ လှမ်းမေးလိုက်သည်။

"သစ်ထူး၊ ခုနက နင့်စကားကို ပြန်ပြောစမ်းပါ"

"နားမပါဘူးလား"

သစ်ထူးက ခါးထောက်ကာ မြစိမ်းကို မျက်စောင်းထိုးသည်။

"ပါတယ်၊ ပါလို့လဲ ကြားတယ်၊ ပေါက်ကရဆိုတာ နင်ဘယ်သူ့ကို ပြောတာလဲ"

"အိုး....သိရင်ပြီးရောပေါ့"

"ဘာပြောတယ် သစ်ထူး"

မြစိမ်း ဒေါ်ပွပွနှင့် ရှေ့ကိုတိုးအလာ ကိုဝေ ရောက်လာကာ သူ့ညီမကို ဆွဲခေါ်သည်။

"သစ်ထူးကလဲကွာ၊ ဘာတွေ ပြောနေတာလဲ၊ လာ...."

"အို....လွှတ် ကိုကို၊ ကိုယ့်မောင်နှမချင်း စကားပြောတာ တောင် ကောင်းကောင်း မပြောရဘူး၊ သူက လာရှုပ်နေ အောင် နင်က ဘာကောင်မမို့ လို့လဲ၊ ကောင်မ နောက်မှလ ပြောင်းလာသေး ထောင်ထောင်ထောင်ထောင်လဲနေသေး"

"အေး....ထောင်တယ်၊ ဘာဖြစ်လဲ၊ ငါ့ထမင်း ငါစားပြီး ထောင်တာ၊နင့်ထမင်းစားပြီး ထောင်တာမဟုတ်ဘူး၊ နင်တို့ သာ မိဘလုပ်စာထိုင်စားပြီး ဖြစ်ချင်တာ ဖြစ်နေကြတာ"

"အောင်မယ်....ကောင်မ"

"သစ်ထူး....တော်တော့"

ခြံဘေးရှိ ခဲကို ကိုင်ကာ ကောက်ပေါက်တော့မည့် သစ် ထူးလက်ကို ကိုဝေက လှမ်းဆွဲသလို....

မြစိမ်းကိုလည်း အမေက လာဆွဲသည်။

"သမီးရယ် လာပါတော့၊ အမေ တောင်းပန်ပါတယ်"

"အမေ မသိဘူးနော်၊ မြစိမ်း ဘယ်လောက် သည်းညည်း ခံလဲ၊ ဒါကို သူတို့က တစ်နေ့တခြား ပိုပို စော်ကားလာ တယ်"

"အေး....စော်ကားလို့ မနေချင် ပြောင်းပေါ့"

"သစ်ထူး၊ တော်ဆို....ငါ...."

ချစ်ဦးဝေ ညီမဖြစ်သူကို ရိုက်ရန်အရွယ် သစ်ထူး ကိုယ်ကို သူ့ အစ်ကိုရှေ့ တိုးရင်း....





"အောင်မယ်....ကိုကိုကပါ ကိုယ့်ညီမဘက် မပါဘဲ သူ များဘက် ပါတယ်ပေါ့လေ၊ မေမေရေ....မေမေ"

"ဟဲ့....ဟဲ့....ဘာဖြစ်တာလဲ"

တိုက်ထဲမှ ဒေါ်နုနုနှင့် နှစ်ဦးမေတို့ အပြေးအလွှားထွက် လာ၍ ချစ်ဦးဝေ မိခင်ဖြစ်သူကို ရှင်းပြလိုက်သည်။

"သား အပြင်ကပြန်လာပြီး ဟိုဘက်ခြံမှာ မြစိမ်းနဲ့ သွား စကားပြောတာကို မေမေ့သမီးက ရန်လုပ်တယ် မေမေ"

"မဟုတ်ဘူး မေမေ၊ သူ ဘာတွေဝယ်လာပြီး သွားပေး တယ် မသိဘူး၊ သမီးက အဲဒါကိုတွေ့လို့ ပြောတာ"

"ဟုတ်လား ချစ်"

ဒေါ်နုနု သားဖြစ်သူကို မကျေမနပ်ကြည့်ကာ လှမ်းမေး လိုက်သည်။

ချစ်ဦးဝေ ခေါင်းကိုငုံ့ရင်း ခပ်တိုးတိုး ဖြေလိုက်သည်။

"ဟိုတစ်နေ့က သိန်းနဲ့ ဟိန်းက...."

"တော်....ချစ်၊ နောက် မေမေ ဒီစကားတွေ ဘာမှ မကြားချင်ဘူး၊ သားကို မေမေ ဘာပြောထားလဲ၊ တွေ့ရာ မိန်းကလေးတွေနဲ့ အရောမဝင်ပါနဲ့လို့ ပြောထားတယ် မဟုတ်လား၊ လာ...."

ဆောင့်ကြီးအောင့်ကြီးပြောကာ သားဖြစ်သူကို တိုက်ထဲ လက်ဆွဲခေါ်သွားသည့် ဒေါ်နုနုဆိုသည့် မိန်းမကြီးကို ကြည့် ကာ မြစိမ်း နှုတ်ခမ်းပါးကိုပြတ်လုမတတ် ကိုက်လိုက်မိသည်။

ကိုယ့်ရုပ်ကိုယ့်ရည်မှ မထောက် မြစိမ်းကို ပြောသွားလို့တာ....

မြစိမ်းက ဘာဖြစ်နေလို့လဲ....

နူနေလို့လား၊ ဝဲနေလို့လား....

ဆင်းရဲတာလေး တစ်ခုကို အကြောင်းမရှိ အကြောင်းရှာကာ ပြောနေကြသည်။

ဆင်းရဲတာ ဘာဖြစ်လဲ၊ ကြိုးစားလျှင် တစ်နေ့ ချမ်းသာနိုင်တာပဲ။

ချမ်းသာလျက်နှင့် မကြိုးစားလျှင်သာ မွဲသွားနိုင်သည်ကို သူတို့ မသိလေရော့သလား....

"လာပါ....သမီးရယ်"

အမေ အတင်းကာရောဆွဲခေါ်မှုကြောင့် ပါလာရပေမယ့် မြစိမ်းရင်ထဲကဒေါသက မငြိမ်သက်သေးပါ။

ဒေါ်ပွပွနှင့်ထိုင်နေဆဲ....

"မစိမ်း....ရန်ဖြစ်လို့ဆို"

မြစိမ်းမောင် သိန်းနှင့်ဟိန်း အိမ်ပေါ် အပြေးအလွှားတက်လာကြသည်။

မြစိမ်း အံကိုကြိတ်ရင်းမှ ပါးပေါ် မျက်ရည်များ စီးကျလာသည်။





ဆင်းရဲသည့်ဘဝများ နှိမ်လိုက်တာ၊ သူတို့ခြံကိုလာနေသည့် သော်တာဆိုသည့်ကောင်မလေးဆို နှန့်မှနှန့်၊ ကျောင်းမှာ ရည်းစားပေါင်း သောင်း ခြောက်ထောင် ထားကာ ယောကျ်ားပေါင်းစုံနှင့် တွဲနေတာကိုတော့ အပြစ်မမြင်။ လာလျှင် ပျာပျာသလဲ ဧည့်ခံတတ်သလောက်....

မြစိမ်းတို့ကျတော့ ပေါက်ကရတဲ့။

မြစိမ်း လက်သီးကိုတင်းတင်းဆုပ်ကာ အံကိုကြိတ်လိုက်သည်။ မောင်တွေကိုလည်း လှမ်းပြောလိုက်သည်။

"နောက် နင်တို့ ဟိုဘက်ခြံက ကိုဝေနဲ့ မရောပါနဲ့ဟာ၊ နင်တို့ကြောင့် အပြောခံရတယ်"

"သူတို့က ဘာပြောလဲ မစိမ်း"

"ကိုဝေ ဒီကိုလာတာ မကြိုက်ဘူးလေ၊ ပေါက်ကရတွေနဲ့ရောတယ် ပါတယ်နဲ့၊ သစ်ထူးကပြောတယ်"

"အောင်မယ်....သင်းကရောတာ၊ ကျောင်းမှာ အကောင်ပေါင်းစုံနဲ့ မတွေ့ချင်မှအဆုံး"

မောင် အလတ် သိန်းက ဒေါ်ပွပွနှင့်ပြောသလို ဟိန်းကလည်း....

"ဟုတ်တယ်....သင်းတို့ကသာ ပေါက်ကရမတွေ၊ ကိုဝေမျက်နှာထောက်ပြီး မပြောချင်လို့ သိလား"

"တော်ပါတော့ဟာ၊ နောက်....အဲဒီ ကိုဝေ့ ကိုလဲ နင်တို့ မရောကြပါနဲ့"

"ကျွန်တော်တို့က ရှောတာမှ မဟုတ်တာ၊ သူ့ဘာသာ လာတာ ကျွန်တော်တို့က ဘာလုပ်ရမှာလဲ"

"အခုလဲ နင်တို့အတွက်တဲ့၊ ဒီမှာ လာပေးထားတယ်"

ခေါက်ဆွဲထုပ်နှစ်ထုပ်ကိုကြည့်ကာ သိန်းကော ဟိန်းပါ ငြိမ်ကျသွားသည်။

သူ့အမေနှင့် သူ့ညီမတွေ ဆိုးသလောက်၊ ကိုဝေကတော့ သဘောထားပြည့်ကာ စိတ်ထားကောင်းလှသည်။

"ကျွန်တော်တို့ ဒါတွေ ဘာလုပ်ရမလဲဟင် မစိမ်း"

"သွားပြန်ပေးလိုက်ပါ သိန်းရယ်၊ ဒါတွေ စားရမှ တို့ ဗိုက်ပြည့်မှာ မဟုတ်ပါဘူး၊ မောင်လေးတို့ စားချင်ရင် အစ်မ လုပ်ပေးမှာပေါ့ နော်"

သိန်း အစ်မစကားကို နားထောင်ကာ တစ်ဘက်ခြံကို ထွက်သွားသည်။

မြစိမ်း မောင်ဖြစ်သူကျောကို ကြည့်ကာ မျက်ရည်များ ကျလာသည်။

မောင်လေးတွေကို ပြည့်စုံစွာ စားနိုင်အောင် သူ ဘာ လုပ်ရမလဲ။

* * *



## အခန်း (၈)

"အမေ"

ဒေါ်မြ ဆေးပေါ့လိပ်ကို ငေါ့ကာ ဖွာကာ အိမ်ရှေ့ ကပြင်တွင် ထွက်ကာ ထိုင်နေရာမှ သမီးဖြစ်သူကို လှမ်း ကြည့်လိုက်သည်။

မြစိမ်း မီးရောင်မှိန်ပျပျတွင် စာကျက်နေရာမှ အမေ့နား လျှောက်လာခဲ့သည်။

"သမီး တစ်ခုခုလုပ်ချင်တယ် အမေ"

"ဘာလုပ်မှာလဲ သမီးရယ်၊ အခုတောင် သမီး ကျောင်း ကတစ်ဘက်၊ အိမ်အလုပ်က တစ်ဘက်နဲ့ မအားရတဲ့ ကြား ထဲ"

"ဒီမအားတဲ့ အချိန်ထဲက ဖဲ့ပြီး သမီး အလုပ်တစ်ခု လုပ်မလားလို့၊ ဝင်ငွေတိုးတာပေါ့"

"သမီးရယ်"

ဒေါ်မြ သမီးမျက်နှာလှလှလေးကို ကြည့်ကာ စိတ်မကောင်း ဖြစ်သွားသည်။

သူတို့လင်မယားရှာသမျှကို စားတာရယ်၊ ကလေးတွေကို ကျောင်းထားပေးတာရယ်ကလွဲ၍ ပိုလျှံခြင်း အလျဉ်းမရှိ၍ သမီးမှာ ရုပ်ကလေး လှပပါလျက်....

အဝတ်အစားလေးတွေက နွမ်းနေရှာသည်။

သည်နွမ်းနေသည့် အဝတ်လေးများကြားကပင် သမီးက လှနေ၍ ဒေါ်မြ အသနားပိုသွားသည်။

"သမီးက ဘာလုပ်ချင်တာလဲ"

"ကြယ်သီးတံ တပ်ချင်တာ အမေ၊ သမီးဒီလိုလုပ်တော့ မောင်လေးတို့လဲ ပိုပိုလျှံလျှံ သုံးရတာပေါ့"

ပြောရင်း မြစိမ်း သူ့မောင်လေး သိန်းနှင့် ဟိန်းကို မြင်ယောင်လာသည်။

ရုပ်ကလေးတွေက ဖြူဖြူစင်စင်နှင့် သူတို့ခမျာ ချို့တဲ့ရှာလွန်းသည်။

ကျောင်းဝတ်စုံသည် အိမ်ဝတ်စုံဖြစ်သလို၊ အိမ်ဝတ်စုံသည်လည်း ကျောင်းဝတ်စုံဖြစ်နေသည်။





အပြင်အဝတ် ဝယ်ဖို့ထက် ကျောင်းဝတ်စုံ ဝတ်နိုင်ဖို့က အရေးကြီးနေ၍ အဖြူနှင့် အစိမ်းသာ သူတို့၏ ပင်တိုင်လိုဖြစ်နေသည်။

ဒါပေမယ့် သူတို့ စာတော်ကြသည်။

သိန်းက ဆယ့်သုံးနှစ်နှင့် ခုနှစ်တန်းဖြစ်ကာ၊ ဟိန်း ကတော့ ဆယ့်လေးနှစ်နှင့် ရှစ်တန်း။

ဟိုဘက်ခြမ်မှ နှစ်ဦးနှင့် ဟိန်းက အတန်းတူကာ၊ သိန်း က သစ်ဦး နှင့် အတူတူဖြစ်သည်။

ဘာပဲပြောပြော မောင်လေးတွေ စာတော်၍ မြစိမ်း စိတ်ချမ်းသာမိသည်။

"ဒေါ်ချစ်ကြီးကို ပြောရင်တော့ ရပါတယ် သမီးရယ်၊ ဒါပေမယ့် သမီးပင်ပန်းမှာစိုးလို့ပါ"

"ပင်ပန်းလဲ ဘာဖြစ်လဲအမေရယ်၊ ကိုယ့်မိသားစုအတွက်ပဲဟာ၊ အမေတို့တောင် မိသားစုအတွက် ပင်ပင်ပန်းပန်း ရှာကျွေးနေရင် သမီးကကော မရှာထိုက်ဘူးလား"

"အေးပါ သမီးရယ်၊ အမေ ပြောပေးပါ့မယ်"

မြစိမ်း ဝမ်းသာစွာ နေရာမှထလာခဲ့သည်။ ကျော့ကျော့ရှော့ရှော့ ကိုယ်လုံးလေးနှင့် သူ့ရှေ့မှ ထွက်သွားသော သမီး၏ ကျောပြင်ကိုကြည့်ကာ ဒေါ်မြ ကျေနပ်စွာ ပြုံးလိုက်သည်။

လိမ္မာသည့်သမီး၊ ကျန်းမာပါစေ...ချမ်းသာပါစေ။

နောက်တစ်နေ့မှာ မြစိမ်းဆန္ဒအတိုင်း လမ်းထိပ်ရှိ အပ်ချုပ်သည့် ဒေါ်ချစ်ဆီမှ လက်ချုပ်အော်ဒါရသည်။

ကျောင်းမသွားခင် အိမ်အလုပ် အမြန်လုပ်၊ ကျောင်းက ပြန်လာလျှင် လက်ချုပ်လဲချုပ်၊ စာလဲကျက်ဖြင့် နေ့လေးများကို ကျော်ဖြတ်ဆဲ....

"မြစိမ်း"

"ဟင်"

မြစိမ်း မျက်နှာပျက်သွားသည်။

ကိုဝေပါလား....

ကိုဝေက လက်ချုပ်ချုပ်နေသည့် မြစိမ်းဘေးနား ဝင်ထိုင်လာ၍....

မြစိမ်း မျက်နှာတည်တည်လေးနှင့် ပြောလိုက်မိသည်။

"ကိုဝေ လာပြန်ပြီလား၊ ကိုဝေ့အိမ်က ကြိုက်တာလဲ မဟုတ်ဘဲနဲ့"

"သူတို့ကြိုက်ကြိုက် မကြိုက်ကြိုက်ပေါ့ မြစိမ်းရယ်၊ ကိုဝေ မြစိမ်းဆီ မလာရဘူးလား"

"လာရပါတယ် ကိုဝေ၊ ဒါပေမယ့် မြစိမ်း အပြောမခံချင်ဘူး"

မြစိမ်းရယ်....





ချစ်ဦးဝေ သက်ပြင်းကိုချကာ မြစိမ်းမျက်နှာလှလှလေးကို ငိုက်ကြည့်နေမိသည်။

သူ့ညီမတွေ၊ သူ့အမေတွေ ဘယ်လိုပြောပြော ချစ်ဦးဝေကတော့ မြစိမ်းကို ခင်သည်။ အထင်လဲကြီးသည်။

ပြီးတော့ လေးလည်း လေးစားသည်။

သူပင် ယောကျ်ားတန်မဲ့ မိဘလုပ်စာ စားနေချိန် မြစိမ်းကတော့ ကျောင်းတစ်ဘက်၊ အိမ်အလုပ်တစ်ဘက် စီးပွားကိုလည်း ရှာနေလိုက်သေးသည်။

မြစိမ်း သည်ဘက်ခြံမှာ မနက်လေးနာရီကတည်းက ထမင်းအိုးတည်ကာ အိမ်အလုပ်လုပ်ပြီး စာကျက်နေချိန်....

သူကော သူ့ညီမတွေပါ အိပ်လို့ကောင်းတုန်း။

မြစိမ်း ကျောင်းသွားခါနီးမှ သူတို့ အိပ်ရာမှ ထကြသည်။

အသင့်ပြင်ထားသည့် လက်ဖက်ရည်နှင့် မုန့် စားကာ ကျောင်းသွားကြသည်။

အပြန် ထမင်း အဆင်သင့်စားရုံ....

လွယ်အိတ်ချကာ လုပ်ချင်တာ လုပ်နေရုံ....

ယခုလည်း လွယ်အိတ်ကိုချကာ သည်ဘက်ခြံကို လှမ်းအကြည့် မြစိမ်းကို တွေ့လိုက်ရ၍ ချစ်ဦးဝေ ဝင်လာခဲ့ခြင်းပင်....

လက်ဖြူဖြူဖွေးဖွေးလေးနှင့် လက်ချုပ်ကို စိတ်ဝင်စားစွာ ချုပ်နေသော မြစိမ်းကို ကြည့်ကာ....

ချစ်ဦးဝေ သူ့ညီမနှစ်ယောက်ကို မြင်ယောင်လာသည်။

တစ်ယောက်က သူ့အခန်းထဲတွင် ရည်းစားစာ ခိုးဖတ်နေကာ တစ်ယောက်က ဝတ္ထုစာအုပ် ဖတ်နေသည်။

စာလည်း မကြိုးစား၊ အိမ်အလုပ်လည်း မလုပ်၊ သည်ဘက်က မြစိမ်း တစ်နှစ်တစ်တန်း မှန်မှန်အောင်လာလျှင်တော့ ရန်လုပ်ဖို့ သူတို့ စဉ်းစားကြသည်။

မေမေကလည်း ကိုယ့် သား သမီး လုပ်တာ မှန်မမှန် မကြည့်....

သမီးတွေပြောသည်နှင့် ဇွတ်ယုံလိုက်သည်က များနေတော့ ချစ်ဦးဝေ ကြားထဲက မြစိမ်းကို အားနာနေမိသည်။

အားနာနာနှင့်လည်း....

"မြစိမ်း"

မြစိမ်း ကိုဝေ့ကို မော့ကြည့်လိုက်သည်။

နှစ်ဦးတို့ သစ်ထူးတို့နှင့် တစ်မိသားတည်းမှ ပေါက်ဖွားလာသောသူပေမယ့်....

ကိုဝေ့အသွင်က နှစ်ဦးတို့ သစ်ထူးတို့နှင့် ဆန့်ကျင်ကာ ချောလွန်းလှသည်။

ကိုဝေ့အသားက ဖြူဖွေးနေကာ မျက်ခုံးတွေ၊ မျက်လုံးတွေကလည်း ပေါ်ပေါ်လွင်လွင်၊ နှာတံက စင်းနေကာ သေသေသပ်သပ်နှင့်မို့ ကိုဝေသည် လူချောတစ်ဦးပါ။





ပြီးတော့ ငွေကြေးပြည့်စုံသော မိဘများ၏ တစ်ဦးတည်းသောသားမို့ မိန်းကလေးအများစုက စိတ်ဝင်စားကြသည်။

ကိုဝေသာ လက်ကမ်းမည်ဆို သူ့ကို လက်လှမ်းချင်သူတွေက ဒုနှင့်ဒေး ရှိနေသည်။

ဒါတွေကို ကျော်ကာ ကိုဝေ မြစိမ်းဆီကိုမှ ဘာလို့ လာချင်နေရတာလဲ....

မလာချင်ပါနဲ့ ကိုဝေရယ်....

ကိုဝေနဲ့ မြစိမ်းနဲ့က အဆင့်အတန်းချင်းလည်း မတူပါဘူး၊ ဘဝချင်းလည်း မတူပါဘူး....

ကိုဝေတို့ဘဝက ပန်းခင်းတဲ့လမ်းပေါ်မှာ လျှောက်နေတဲ့သူ၊ မြစိမ်းတို့ကတော့ ဆူးခင်းတဲ့လမ်းပေါ်က သူတွေပါ။

အတွေးများဖြင့် ကိုဝေ့ကို မော့အကြည့် ကိုဝေက ခေါင်းကို ငုံ့ကာ ခပ်တိုးတိုးမေးသည်။

"မြစိမ်း ကိုဝေ့ကို စိတ်ဆိုးနေလား"

"ဘာဆိုင်လို့ ဆိုးရမှာလဲ"

"ကိုဝေ တခြားမကြောက်ပါဘူး၊ မြစိမ်း စိတ်ဆိုးမှာပဲ ကြောက်တာ"

မြစိမ်း သက်ပြင်းကို ချလိုက်သည်။ ကိုဝေ့အကြည့်တွေ၊ ကိုဝေ့အပြောတွေ မရိုးသားမှန်း မြစိမ်း ရိပ်မိပေမယ့် မြစိမ်းသည် ကိုဝေ့ကို စိတ်မဝင်စားအားပါ။

မြစိမ်းမှာ ရည်ရွယ်ချက်တွေ အများကြီး ရှိသည်။

သည်ရည်ရွယ်ချက်တွေက သူဆယ်တန်းကို အောင်အောင်ဖြေမည်။

အလုပ်လုပ်မည်။ တစ်ဘက်ကလည်း လုပ်သားကောလိပ်တက်ကာ ဘွဲ့ရအောင် ယူမည်။

အသက်ကြီးလာသည့် အဖေတို့အမေတို့ကို အေးချမ်းစွာ အနားယူခိုင်းမည်။

အတန်းတွေ တဖြည်းဖြည်းကြီးလာမည့် မောင်လေးတွေကို သူ့လို ဆယ်တန်းအောင်အောင် ဖြေခိုင်းကာ အလုပ်လုပ်ခိုင်းမည်။

တစ်ဘက်ကလည်း လုပ်သားကောလိပ် တက်ပေါ့....

သူကော မောင်လေးနှစ်ယောက်ပါ အလုပ်လုပ်ကြလျှင် အိမ်လည်း အများကြီး ချောင်လည်လာမည်။

သည်အခါ သည်လို သက်ငယ်မိုးအိမ်လေးမှ....

အုတ်ခံကာ၊ သစ်သားအိမ်လေး ပြင်ဆောက်မည်။

အဖေက လက်သမားပဲ၊ မဆောက်တတ်ဘဲ နေမလား....

သည်လှပသော, အိမ်လေးထဲမှာ အဖေရယ်၊ အမေရယ်၊ မြစိမ်းတို့ မောင်နှမသုံးယောက်ရယ် မခွဲမခွာ နေကြမည်။

ကဲ....ဘယ်လောက် ပျော်စရာ ကောင်းလဲ....





အတွေးသည် ပျော်စရာ ကောင်းပေမယ့် လက်တွေ့ဘဝကို တည်ဆောက်သည့်နေရာမှာတော့ အခက်အခဲရှိမှာ သေချာသည်။

သည်အခက်အခဲတွေကို မြစိမ်း မတွေ့ကြုံပါရစေနဲ့....

ရင်မဆိုင်ပါရစေနဲ့၊ ဒါကြောင့်လည်း....

"ဟို....ကိုဝေ ထမင်းစားပြီးပြီလား"

"ဘာဖြစ်လို့လဲ မြစိမ်း"

"ဟိုလေ....မြစိမ်း ထမင်းစားတော့မလို့"

ချစ်ဦးဝေ မချိပြုံးပြုံးကာ နေရာမှ ထလိုက်သည်။

မြစိမ်း လိမ္မာ ပါးနပ်စွာဖြင့် သူ့ကို နှင်နေပြီကို သူသိသည် မဟုတ်ပါလား။

"ကိုဝေ ပြန်တော့မယ် မြစိမ်း"

မြစိမ်း ခေါင်းကို ညိတ်ကာ ကျောခိုင်းသွားသည့် ကိုဝေ့ကို ကြည့်ပြီး သက်ပြင်းချလိုက်သည်။

ကိုဝေ မြစိမ်းကို စိတ်ဝင်စားနေတာ မြစိမ်းသိပါတယ်။

ဒါပေမယ့်....မြစိမ်း ကိုဝေ့ကို စိတ်မဝင်စားပါရစေနဲ့....

မချစ်ပါရစေနဲ့....

မြစိမ်းဘဝနဲ့ မြစိမ်းနေပါရစေ ကိုဝေရယ်....

ကိုဝေ့ကို အကြာကြီး လှမ်းကြည့်ပြီး အိမ်ခန်းထဲ အဝင်၊ အမေက မြစိမ်းမျက်နှာကို လှမ်းကြည့်နေသည်။

အမေ့အကြည့်ကို မြစိမ်း နားလည်ပါတယ်၊ ဒါကြော
လည်း....

စိတ်ချပါအမေရယ်၊ မြစိမ်းစိတ်ထဲမှာ အဓိကက အမေ
အမေပါ၊ ပြီးတော့ မောင်လေးတွေ၊သည်လူတွေပြီးမှ ကိုဝေ
ကို ထားမှာပါ၊ အမေ မြစိမ်းကို ယုံကြည်ပါ၊ စိတ်ချပါ
အမေတို့အတွက် မြစိမ်းဟာ သမီးကောင်းပဲ ဖြစ်ရမှာပါ...

* * *



## အခန်း (၉)

ရင်မှာ ဝမ်းသာလှိုက်လှဲစိတ်ကြောင့် ခြေလှမ်းက ပို့သွက်နေသည်။

သည်နေ့ မြစိမ်းတို့ ကိုးတန်းစာမေးပွဲ ဖြေပြီးသွားခဲ့ပြီ မဟုတ်ပါလား....

ဘာသာရပ်တိုင်းကို အောင်မြင်စွာ ဖြေနိုင်ခဲ့သလို စာမေးပွဲဆိုသည့် ဝဋ်က ကျွတ်ပြီမို့ မြစိမ်းပျော်နေမိသည်။

နောက်နှစ်ဆို ဆယ်တန်း....
နောက်တစ်နှစ်ဆို တက္ကသိုလ်....
အို... မြစိမ်း ရည်မှန်းချက် ဘယ်ဝေးတော့လို့လဲ....

ဝမ်းသာစိတ်ဖြင့် အိမ်ကို တက်သုတ်ရိုက်ကာ အပြန်....

''မြစိမ်း....မြစိမ်း''

''ဟင်''

မြစိမ်း မျက်နှာပျက်သွားသည်။

ကိုဝေပါပဲ၊ ကိုဝေ ဘာလို့ မြစိမ်းနောက် တကောက်ကောက် လိုက်နေရတာလဲ....

မျက်နှာပျက်ပျက်လေးဖြင့် မြစိမ်း အစောင့် ကိုဝေ မြစိမ်းနား အမောတကော ရောက်လာသည်။

''လိုက်လိုက်ရတာ မြစိမ်းရယ်၊ မြန်လိုက်တာ''

''ကိုဝေ ဘာလုပ်မလို့လဲဟင်''

မြစိမ်း ခေါင်းကိုငုံ့ကာ ခပ်ပြတ်ပြတ် လှမ်းမေးလိုက်မိသည်။

မြစိမ်း အသွင်ကြောင့် ကိုဝေ့မျက်နှာ ညှိုးသွားကာ....

''မြစိမ်းက ကိုဝေ့ကို စကားမပြောချင်လို့လား''

မြစိမ်း ပြုံးလိုက်မိသည်။ မပြောချင်ဘဲ နေပါ့မလား....

ဒါပေမယ့် သည်လောကကြီးထဲမှာ ကိုဝေနှင့် မြစိမ်း နှစ်ယောက်တည်း မဟုတ်ဘူးဆိုတာ ကိုဝေ မသိလေရော့သလား၊ ဒါကြောင့်လည်း....

''ကိုဝေ အိမ်က တွေ့မှာစိုးလို့ပါ''

''စိတ်ချ မြစိမ်း၊ မတွေ့ပါဘူး၊ နှစ်ဦးက အိမ်မှာ စာကျက်နေတယ်၊ သစ်ထူးက သူ့သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်နေတယ်၊ မြစိမ်းကော မကြည့်ဘူးလား''





''အားအားယားယား ကိုဝေရယ်၊ မြစိမ်းတို့က အားတဲ့လူ မဟုတ်ပါဘူး''

''ကိုဝေ သိပါတယ် မြစိမ်းရယ်၊ ဒါပေမယ့် မြစိမ်းကို သနားလို့ပါ''

''ဘာရယ်....ကိုဝေ''

မြစိမ်း ကိုဝေ့ကိုကြည့်ကာ ရယ်ပစ်လိုက်သည်။

ကိုဝေ သနားရအောင် မြစိမ်းက ဘာဖြစ်နေလို့လဲ၊ ကျိုးနေလို့လား၊ ပဲ့နေလို့လား....

ဒါမှမဟုတ် မြစိမ်းက အိပ်ရာထဲ လဲနေလို့လား....

သည်မျက်ဝန်းများနဲ့ ကိုဝေ့ကို အကြည့် ကိုဝေက မြစိမ်းမျက်နှာကို ကြင်နာစွာ စိုက်ကြည့်ရင်း ပြောသည်။

''ကိုဝေ အိမ်ပေါ်က မြစိမ်းကို အမြဲတမ်း ကြည့်နေတာ၊ မြစိမ်း သိပ်ပင်ပန်းတယ်နော်''

''ဒါပေါ့ ကိုဝေရဲ့၊ ရိုးရိုးသားသား ရှာစားတဲ့လူဟာ ပင်ပန်းတာချည်းပဲပေါ့၊ မြစိမ်းတို့ဘဝက ကိုဝေတို့ဘဝလို ပြည့်စုံတာမှ မဟုတ်တာ''

စည်းစိမ်ချမ်းသာ ပြည့်စုံရသည့်ကြားထဲ မိုးကုတ်ရှိ ကိုဝေတို့အဘွားက ကိုဝေ့ကို ရွေးကာ အမွေပေးခဲ့သေးသည် ဆိုပဲ။

အချစ်ဆုံး မြေးဦးဖြစ်သည့်အပြင် တစ်ဦးတည်းသော မြေး ယောကျ်ားလေးမို့ ကိုဝေ့ ဘွားဘွားက ကိုဝေ့ကို တုန်နေအောင် ချစ်သည်။ သည့်အတွက်ကြောင့်....

အမွေပင် သမီးနှင့် ကျန်မြေးမများကို မပေးဘဲ မြေး အတွက်သိုကာ ကိုဝေ့ အမေလက်ထဲ အပ်သွားသည်ဘု...

မြစိမ်းတို့ ကြားဖူးသည်။

အမွေမရလျှင်လည်း ကိုဝေတို့က ပြည့်စုံပြီးသားပါ။

ကိုဝေတို့အိမ်က တစ်နေ့စာဈေးဖိုးသည် မြစိမ်းတို့အိမ် အတွက် တစ်လစာအသုံးငွေနှင့် ညီမျှ၍ အခြေအနေခြင်းက မိုးနှင့်မြေမက ကွာခြားလွန်းနေသည်မို့ ကိုဝေ ပြောခြင်း ဖြစ်ပါလိမ့်မည်။

မြစိမ်းကတော့ သူများ ချမ်းသာ၍လည်း အားမကျပါ၊ ကိုယ်လုပ်မှ ကိုယ်ရသည့်ဘဝမို့ စာမေးပွဲ ပြီးသွားသည်ကိုပဲ ကျေနပ်နေသည်။

ကျောင်းပိတ်ရက်အတွင်းမှာ မြစိမ်း စက်ချုပ်သင်မည်။

ကိုယ်တိုင်ချုပ်တတ်လျှင် ယခု လက်ချုပ်ချုပ်နေရသည့် ဘဝထက် ပိုအဆင်ပြေမည် မဟုတ်ပါလား....

မြစိမ်း လက်ချုပ်ယူချုပ်နေသည့် ဒေါ်ချစ်က မြစိမ်းကို ချစ်လည်းချစ်သည်၊ ညှာလည်းညှာသည်။

ကျောင်းစာတစ်ဘက်နှင့် အလုပ်လုပ်နေသူမို့ မြစိမ်းမို့ နည်းနည်းပါးပါး နောက်ကျလည်း ဘာမှမပြော။

အားလျှင် စက်ချုပ်သာသင်ဖို့ပင် ပြောလိုက်သေးသည်။ ကဲ....မြစိမ်း ယခု အားပြီ။





အမေလည်း နေ့လယ်ပိုင်းဈေးမထွက်တော့ပြီမို့ အမေ့ကို အိမ်စောင့်ထားကာ မြစိမ်း စက်ချုပ်သင်မည်။

စာမေးပွဲပြီးသွား၍ အားနေသည့် မောင်လေးနှစ် ယောက်ကိုတော့ အလကားမထား။

အဖေနှင့် ထည့်လိုက်မည်။

အဖေလည်းသက်သာ၊ အဖေ့ပညာလည်း သူတို့ ရစေ မည်။

အတွေးဖြင့် မြစိမ်း ခြေလှမ်းကို အသွက်....

"မြန်လိုက်တာ မြစိမ်းရယ်၊ ဘာလို့ ဒီလောက် လောနေ ဘာလဲ"

"မြစိမ်းမှာ ကိစ္စရှိလို့ ကိုဝေ"

"ဘာကိစ္စလဲ"

မြစိမ်း ကိုဝေ့ကို အတိုချုံးကာ ပြောပြလိုက်သည်။

ချစ်ဦးဝေ မြစိမ်းကိုကြည့်ကာ သက်ပြင်းရှိုက်လိုက်သည်။

အိမ်အလုပ်တွေနှင့် ထာဝစဉ် ရှုပ်ထွေးနေသူလေးကို သူ့ မေတ္တာ ဘယ်လို ဖွင့်ဟရပါ့မလဲ....

မြစိမ်း လက်ခံလျှင် ကိစ္စမရှိ၊ မြစိမ်း စိတ်ဆိုးသွားလျှင် သူ့မှာ ဒုက္ခရောက်မည်၊ အတွေးဖြင့် မြစိမ်းကို အငေး၊ မြစိမ်းက သူ့စိတ်ကို သိသလို လှမ်းပြောသည်။

"ကိုဝေလဲ စာကျက်ဦးလေ၊ ရှေ့လ စာမေးပွဲ မဟုတ် လား"

"ကိုဝေ ကျက်ပါတယ်၊ ဒါပေမယ့်...."

ပြောရင်း ချစ်ဦးဝေ မြစိမ်းကို စောင်းငဲ့ကြည့်လိုက်သည်။

စာထက် သူ့မျက်ဝန်းမှာ မြစိမ်း၏ လှုပ်ရှားမှုတွေကိုသာ မြင်နေမိသည်။

ဖြစ်နိုင်လျှင် မြစိမ်းကို သူ့ဘဝထဲ ဆွဲခေါ်ချင်လှပါသည်။

ခက်တာက မေမေနှင့် သူ့ညီမများ။

မြစိမ်းနှင့် သဘောတူဖို့ နေနေသာသာ သူ မြစိမ်းတို့ ခြံလေးဘက်ကို မသိမသာနှင့် ကြည့်မိသည်ကိုပင် မကျေနပ်ကြ....

"ကိုကိုနော်၊ မှာထားပါရဲ့၊ ဒီ့ပြင်လူကို ကြိုက်ရင်ကြိုက်ပါ၊ အဲဒီဘက်ခြံက ကောင်မကိုများ ကြိုက်ရင် နှစ်ဦးတို့နဲ့ အပြတ်ပဲ၊ လူနေတော့ ချုံကြား၊ စိတ်နေဘုံဖျား၊ နှစ်ဦးတို့နဲ့ ဖြစ်မှာ မဟုတ်ဘူး"

အကြီးမပြီး အငယ်မက ဝင်ပြောပြန်သည်။

"ဟုတ်တယ် ကိုကို၊ လှတာမက်ရင် ညစာခက်နေမယ်။ ကောင်မက ရုပ်လေးသာလှတာ၊ မွဲလိုက်တာချာနေတာပဲ၊ ဒီကောင်မကို ကိုကိုကြိုက်ရင် ကိုကိုပဲ ဒုက္ခရောက်မှာ"

"အဲဒီတော့ ကိုကို ဒုက္ခမရောက်အောင် သစ်ထူးတို့က သူ့ကို အိမ်မှာ ခေါ်ထားလိုက်ပေါ့"

ညီအစ်မနှစ်ယောက်က နှစ်ခမ်းကို ပြိုင်တူမဲ့ကာ ပြောကြသည်။





"သူ့ကို ကိုကိုခေါ်တင်ရင် သစ်ထူးတို့ ဒီအိမ်ပေါ်က ဆင်းသွားမှာပေါ့"

"ဟုတ်တယ် ကိုကို၊ ခေါ်တင်ရဲ ခေါ်တင်ကြည့်ပါလား"

ချစ်စကားပင် မစရသေး ချစ်ဦးဝေ ရင်မောနေရပြီ။

မေမေကလည်း သူ့သမီးများလေသံအတိုင်း ချစ်ဦးဝေကို ပြောသည်။

"ဒါပဲနော် သား၊ သားကို မွေးတုန်းက ချစ်လွန်းလို့ ဘဆီက အချစ်တွေဝေတဲ့ သားဦးလေးဆိုပြီး ချစ်ဦးဝေလို့ မေမေတို့ မှည့်ခဲ့တာ၊ မေမေတို့ဆီက အချစ်မရဘဲ အမုန်းရအောင်တော့ သား လုပ်မသွားနဲ့"

"သား ဘာလုပ်လို့လဲ မေမေရာ"

ချစ်ဦးဝေ စိတ်ပျက်လက်ပျက်ဖြင့် အမေး မေမေက သူ့ ပခုံးကိုပြုံးကာ ကိုင်ပြီး နှစ်သိမ့်သည်။

"မေမေတို့မကြိုက်တာ လုပ်မိမှာစိုးလို့ မေမေက သားကို သတိပေးတာ"

သည်ကတည်းက မေမေ့ သဘောထားအမှန်ကို ချစ်ဦးဝေ ရိပ်မိပြီးသားပါ။

ဒါပေမယ့် ချစ်တာကိုတော့ ဘယ်လိုလုပ် တားျမရမလဲ....

အချစ်မှာ မျက်စိမရှိတဲ့....

တခြားလူတွေအတွက်တော့ မှန်ချင်မှန်မည်။ ချစ်ဦးဝေ အတွက်ကတော့ မြစိမ်းကို မြင်နေရတိုင်း အချစ်တွေက အသစ်အသစ် ထပ်တိုးလာသည်။

သူ ဘယ်လိုလုပ်ရပါ့မလဲ....

မြစိမ်း ဘေးမှ ခေါင်းငိုက်စိုက်ချကာ ပါလာဆဲ....

"ချစ်"

"ဟာ....ကိုကို"

ချစ်ဦးဝေဘေးကို စကိုဒါကားလေးတစ်စီး ထိုးရပ်လာသည်။

* * *



## အခန်း (၁၀)

ကားပေါ်မှ ခေါင်းပြူထွက်လာသူက ဖေ့ဖေ့သူငယ်ချင်း စက်ရှင်တရားသူကြီး ဦးလွင်နှင့် ဒေါ်ခင်ခင်တင့်တို့၏ သား ကိုအောင်လွင်ပင်....

တစ်ဦးတည်းသောသားမို့ ချစ်ဦးဝေကို ညီလေးအရင်း တစ်ယောက်လို ချစ်သလို....

ချစ်ဦးဝေကသည်း အစ်ကိုရင်းတစ်ယောက်လိုခင်မိသူပါ။

ကိုအောင်လွင်က ရန်ကုန်တက္ကသိုလ်တွင် ဥပဒေပညာ ဘွဲ့ရပြီး ရှေ့နေလုပ်နေကာ၊ မမျိုးခင်ဆိုသည့် ချစ်သူနှင့် မကြာခင်က လက်ထပ်ထားသူလည်း ဖြစ်သည်။

"ကိုကို.... ချစ်တို့အိမ်ကို အခုပဲရောက်သေးတယ်၊ ခုန အပြင်ထွက်သွားတယ်ဆိုလို့ ပြန်တော့မလို့"

"ချစ်....လိုက်ခဲ့မယ်လေ....ကိုကို"

ချစ်ဦးဝေ ကိုအောင်လွင်ကိုပြောပြီးမှ မြစိမ်းကိုနှုတ်ဆက်လိုက်သည်။

"မြစိမ်း....ကိုဝေသွားမယ်နော်"

မြစိမ်း ခေါင်းညိတ်ကာ ဆက်အလျှောက် အောင်လွင် ချစ်ဦးဝေကို လှမ်းမေးလိုက်သည်။

"သူက ဘယ်သူလေးလဲကွ"

"မြစိမ်းခက်တဲ့ ကိုကိုရ၊ ချစ်တို့ခြံဘေးက၊ မချောဘူးလား...."

"အင်း....ချောပါတယ်၊ ဒါပေမယ့် မာနတော့ကြီးမယ့်ပုံပဲနော်၊ နှုတ်ခမ်းပါးကိုတင်းနေတာပဲ"

ကိုကိုပြောတာမှန်နေ၍ ချစ်ဦးဝေ ပြုံးလိုက်သည်။

"ဒါနဲ့ ချစ်....စာကျက်ပြီးပလား"

"ကျက်တုန်းပါပဲ ကိုကိုရာ"

"ကျက်တုန်း လုပ်မနေနဲ့....ချစ်ရ၊ စာမေးပွဲကရှေ့လမဟုတ်လား၊ အောင် အောင်လုပ်စမ်းပါ၊ မရတာရှိလဲကိုကို့ကို ပြော"

"စာ ရပါတယ်....ကိုကိုရာ"





"ဟာ....စာရတော့ ဘာ မရတာရှိလို့လဲ"

အောင်လွင်မေးရင်းမှ ချစ်ဦးဝေမျက်နှာကို လှမ်းကြည့်လိုက်သည်။

ချစ်က သူ့ကိုမကြည့်၊ ကားအပြင်ကိုသာကြည့်ပြီး ပါလာသည်။

အောင်လွင် မျက်မှောင်ကုတ်ကာ ထပ်မေးလိုက်သည်။

မျက်ခုံးထူထူ မျက်နှာသွယ်သွယ်နှင့်ချောသော 'ချစ်'ကို အောင်လွင် ညီအရင်းလေးတစ်ယောက်လို ချစ်သည်။

ချစ်ကလည်း အခြား သူတို့အိမ်သားများနှင့်မတူ၊ အေးသည်မဟုတ်လား....

သည်ဘော့ သူ ကြင်လည်းကြင်နာမိသည်။

ကြင်နာစိတ်နှင့်လည်း....

"ကိုကို့ ကိုပြောလေကွာ၊ ကိုကို ကူညီစရာရှိလဲ ကူညီရအောင်"

ချစ်ဦးဝေ သက်ပြင်းချလိုက်သည်။ ချရင်းမှလည်းကိုကို့ကို လေးတွဲ့စွာပြောလိုက်မိသည်။

"ကိုကို....မကူညီနိုင်ပါဘူး"

"ဘာကိစ္စမို့လဲ ချစ်ရ၊ ပြောစမ်းပါဦး"

အောင်လွင် ရယ်မောကာမေးရင်း ချစ်မျက်နှာကို လှမ်းကြည့်လိုက်သည်။

ချစ် မျက်နှာက ညှိုးနေသည်၊ ခဏနေမှ အောင်လွ
စ်ိ ့ရဲကြည့်ရင်း ခပ်တိုးတိုးပြောသည်။

"ခုနက မြစိမ်းကို ကိုကိုတွေ့တယ်မဟုတ်လား"

"အေးလေကွာ....ဘာဖြစ်လဲ"

"ကျွန်တော် သူ့ကို ချစ်နေမိတယ်"

"ဩော်....ချစ်....ချစ်"

အောင်လွင်ရယ်ရင်း ချစ်ပခုံးကို လှမ်းပုတ်လိုက်သည်

သူ တွေ့စတည်းက ရိပ်မိလိုက်ပါသည်။ ကောင်မလေး မျက်ဝန်းတွေထက် ချစ်မျက်ဝန်းတွေ ပိုမိုတောက်ပနေသည် မဟုတ်ပါလား။

"ကောင်မလေးကကော ဘာတဲ့လဲ"

"ကျွန်တော် ဖွင့်မပြောရသေးပါဘူး၊ ပြောမယ်....ပြေ မယ်နဲ့၊ ပြောလဲမပြောရဲဘူး"

ပြောရင်း ချစ် ရယ်လိုက်မိသည်။ မြစိမ်းနှင့်မတွေ့ခင်က ကိုယ့်ကိုယ်ကို သတ္တိရှိလှပြီအောက်မေ့မိပေမယ့်....

မြစိမ်းရှေ့ကျတော့ သူ ဘာလို့မှန်းမသိ၊ တွန့်ဆုတ်နေ မိသည်။

"ကိုကို့ကို မင်းကောင်မလေးအကြောင်း ပြောပြပါဦး"

ကိုကိုက ကားကို ဂရုစိုက်ကာ မောင်းနေရင်းမှ သူ့ဂ လှမ်းမေးသည်။





"သူတို့က ဆင်းရဲပါတယ်ကိုကို၊ သူ့အဖေက လက်သ ား၊ သူ့အမေက ဈေးသည်၊ သူက သမီးအကြီးဆုံး၊ သူ့ အောက်မှာ မောင်လေး နှစ်ယောက်ရှိသေးတယ်"

အောင်လွင် ချစ်ဦးဝေစကားကို နားထောင်ရင်း ပြုံး ိုက်သည်။ ပြီးတော့ ချစ်ကို လှမ်းမေးလိုက်သည်။

"ဖြစ်ပါ့မလား"

"ဘာကိုလဲ ကိုကို"

"မင်း အိမ်နဲ့"

ချစ်ဦးဝေ ပခုံးတွန့်ပြလိုက်သည်။ သူ့အိမ်အကြောင်း ကိုကို့ထက် သူက သိနေသည်မို့....

"ခု ဘာမှ မဖြစ်သေးတာတောင် ပြဿနာဖြစ်နေပြီကိုကို၊ ဖြစ်ရင်တော့ မလွယ်ဘူး"

"ဒါဆိုလဲ ရှေ့မဆက်နဲ့တော့ပေါ့ ချစ်ရာ၊ မကောင်းဘူး လား"

ချစ်ဦးဝေ မချိပြုံးပြုံးလိုက်သည်။ သူ မြစိမ်းကို လက် မလွှတ်ပါရစေနဲ့....

ရင်ထဲက ခံစားချက်အတိုင်း ကိုကို့ကို ပြောပြလိုက်သည်။

"ကျွန်တော် သူ့ကို ချစ်တယ် ကိုကို"

"ဒါဆိုလဲ ကိုကို ချစ်ကို တစ်ခု ပြောမယ်"

"ပြောပါ ကိုကို"

"ချစ် စာမေးပွဲ အောင်အောင်ဖြေလိုက်ဦး၊ ပြီးတဲ့အခါ ကျမှ မင်းကောင်မလေးကို ဖွင့်ပြော၊ မင်းမပြောရဲရင် ကို လိုက်ပြောပေးမယ်"

"တကယ်လား ကိုကို"

"တကယ်ပေါ့ ချစ်ရ"

ချစ်ဦးဝေ ကိုကို့မျက်နှာကို အားကိုးတကြီး လှမ်းကြည့်လိုက်မိသည်။

ထိုအချိန် မြစိမ်းမှာလည်း ချစ်ဦးဝေထွက်သွားပြီမို့ အိမ်ဘက်ကို ဆက်အလျှောက်....

"မြစိမ်း"

"ဟယ်"

မြစိမ်း ဝမ်းသာ၍ ပါးစပ်လေးပင် ဟသွားမိသည်။

"လှကျော်၊ နင်....နင် လိုက်လာတယ်"

"ဟုတ်တယ်၊ အဖေလဲပါတယ်"

လှကျော်က မြစိမ်းမျက်နှာကို စိုက်ကြည့်ကာ ပြုံးပြီး ပြောသည်။

လှကျော်က မြစိမ်းတို့ ယခင်နေခဲ့သည့် ပဲခူးမှ အိမ်နီးချင်းပါ။

မြစိမ်းနှင့်ငါးတန်းအထိ ကျောင်းအတူတူနေဖူး၍ သူငယ်ချင်းလည်းဖြစ်၊ မောင်နှမလိုလည်းခင်ကာ ပြောမနာ ဆိုမနာ ဖြစ်နေသည်။





လှကျော် အဖေနှင့်အမေက ကွဲနေကာ လှကျော်က အဖေနှင့် နှစ်ယောက်တည်း နေရသည်။

လှကျော်ပုံစံက အသားဖြူကာ သူ့အဖေလို မေးရိုးလေးသောင့်၊ ကိုယ်ခန္ဓာ ခပ်ပြားပြားနှင့် စကားပြောလျှင် ခပ်လေးလေးပြောတတ်၍ ရိုးသားကာ သဘောကောင်းလွန်းသူဖြစ်သည်။

မြစိမ်းတို့ ပဲခူးမှ စီးပွားရေးမကောင်း၍ အင်းစိန်ကို ပြောင်းမည်ဆိုတော့ လှကျော် တစ်ပတ်ခန့် ထမင်းမစားနိုင်၊ စိတ်မကောင်း ဖြစ်နေရှာသည်။

ပဲခူးနှင့် အင်းစိန်နဲ့ ဘာဝေးတာလိုက်လို့ သွားရယ်၊ လာလည်ပေါ့ ဟု....

မြစိမ်းအမေက ပြောသည့်တိုင် လှကျော် မျက်နှာပျက်နေရှာသည်။

မြစိမ်းကလည်း လှကျော်ကို နှစ်သိမ့်ရသည်။

"ဟုတ်သားပဲ လှကျော်ရယ်၊ ဘာဝေးတာ လိုက်လို့၊နင်မလာလဲ ငါလာခဲ့မယ်၊ ကြားလား"

ရန်ကုန်ရောက်ပြီး မြစိမ်း ပဲခူးကို နှစ်ခေါက်ရောက်သေးသည်။

နောက်ပိုင်း မရောက်တော့ပါ။

လှကျော်က လုံးဝမလာ။

မြစိမ်းတို့ကို တွေ့ရလျှင် သူ့ဝေဒနာ အသစ်ပြန်ဖြစ်မှာ စိုးလို့တဲ့၊ ခုတော့....သူရောက်လာပြီ။

လှကျော် သူနှင့်ခွဲစဉ်ကထက် ပိုမိုလှလာသော မြစိမ်းကို ကြည့်ရင်း မေးလိုက်သည်။

"ခုနက လူက ဘယ်သူလဲ"

"ဘယ်သူလဲ လှကျော်ရဲ့"

"အသားဖြူဖြူ၊ ရှပ်အင်္ကျီအဖြူ၊ ဘောင်းဘီအညိုနဲ့ လူလေ"

"ြော်....ကိုဝေနဲ့တူတယ်"

"သူက ဘယ်ကလဲ"

လှကျော်က မျက်မှောင်ကုတ်ကာ မေးသည်။ မြစိမ်း ရယ်ရင်း....

"တို့ခြံဘေးကပေါ့ဟ လှကျော်ရ၊ နင် မြင်လိုက်လို့လား"

လှကျော်က ငြိမ်နေသည်။

"ငါမေးနေတယ်လေဟယ်"

မြစိမ်း နောက်တစ်ခါ ပြန်မေးမှ လှကျော် မဖြေချင့်ဖြေချင်နှင့်....

"မြင်သွားပဲ၊ သူနဲ့နင်နဲ့ သိလို့လား"

"သိတာပေါ့ လှကျော်ရဲ့၊ ငါတို့ ဒီရောက်တာပဲ လေးနှစ်ပြည့်လုရော့ဟာ"





လှကျော် ဘာမှ ဆက်မပြောဘဲ တိတ်ဆိတ်စွာ လျှောက်လာသည်။

မြစိမ်းတို့ခြံနားအရောက်....

"ငါ နင့်ကို လာနှုတ်ဆက်တာ မြစိမ်း"

"ဟင်"

မြစိမ်း လှကျော်ကို အံ့အားသင့်စွာ မော့ကြည့်လိုက်သည်။

"ငါ ကားလိုက်ရတော့မယ်"

"ဟယ်"

မြစိမ်း လှကျော်ကို စိတ်မကောင်းစွာ ကြည့်လိုက်သည်။

မြစိမ်းသာ တစ်နှစ်တစ်တန်း မှန်မှန်အောင်ပြီး ကိုးတန်းရောက်လာပေမယ့် လှကျော်ကတော့ ရှစ်တန်းမှာပင် ပြုတ်ကျန်ရစ်ခဲ့ပါပြီ။

ယခုတော့ ကျောင်းဆက်မတက်သည့်အပြင် ကားလိုက်တော့မည်တဲ့။

"ဘာကားနဲ့ ဘယ်ကိုလိုက်ရမှာလဲ လှကျော်ရယ်"

"ကုန်ကားကြီးတွေနဲ့ ရှမ်းပြည်ကို လိုက်ရမှာ၊ အဖေက သူ့အသိပွဲရုံမှာ သွင်းပေးတာ"

"နင် ကားမောင်းတတ်လို့လား"

"အခုတော့ ဘယ်မောင်းတတ်ပါ့မလဲ၊ နောက်တော့ တတ်သွားမှာပေါ့ မြစိမ်းရယ်"

မြစိမ်း လှကျော်ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။ သူလည်း သူ့ဘဝအတွက် ရှန်းကန်နေရသလို လှကျော်လည်း သူ့ဘဝနှင့်သူ ရုန်းကန်လှုပ်ရှားနေရပါလား။

အေးလေ....မြစိမ်းတို့တစ်တွေက ပြည့်မှမပြည့်စုံကြတာ။

လှကျော်နှင့်အတူ ခြံထဲဝင်လာရင်း တစ်ဘက်ခြံကိုလှမ်းအကြည့်၊ လှကျော်ကပါ မြစိမ်းနှယ် လိုက်ကြည့်ရင်းတီးတိုးပေးသည်။

"နင် ပြောတဲ့လူက အဲဒီခြံကလား"

"အေး...."

"ငါလဲ သူတို့လိုချမ်းသာရင် နင်နဲ့နီးနီးလေးနေရမှာနော် မြစိမ်း"

လှကျော်ရယ်....

မြစိမ်း လှကျော်မျက်နှာကိုကြည့်ကာ စိတ်မကောင်းဖြစ်သွားသည်။

ပြီးမှ ကိုယ့်ကိုယ်ကိုအားပေးသလို မျက်နှာကိုမော့ကာ ပြုံးရင်း လှကျော်ကိုနှစ်သိမ့်လိုက်သည်။

"နင်လဲ တစ်နေ့တော့ အဲဒီလို ချမ်းသာလာမှာပေါ့ လှကျော်ရယ်"

"မလွယ်ပါဘူး မြစိမ်းရယ်၊ ဆင်းရဲသားဟာ ဆင်းရဲသားပါပဲ၊ ချမ်းသာဖို့ဆိုတာ ကုသိုလ်ကံပါမှ ချမ်းသာတာပါ"





"နင်ကလဲ ယောကျ်ားမဟုတ်သလိုပဲ၊ အားလျော့လိုက်တာ၊ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်သေးတာပဲ၊ ငါတို့ဒါ ချမ်းသာတာမှမဟုတ်တာ၊ ဒီလိုပဲ ကြိုးစားနေရတာပေါ့"

"နင်က ငါ့ထက် သတ္တိကောင်းတယ်၊ ဇွဲ ကောင်းတယ်"

"လုပ်မနေနဲ့ လူချင်းအတူတူပဲ၊ ငါသတ္တိကောင်းသလို နင်လဲ ကောင်းရမှာပေါ့၊ငါဇွဲရှိသလို နင်လဲရှိရမှာပေါ့၊လာအခုမှာ နင့်အမေကြီးထွက်စောင့်နေတယ်"

မြစိမ်း လှကျော်လက်ကိုဆွဲကာ ခြံထဲဝင်အလာ တစ်ဘက် နှစ်ဦးက မြစိမ်းကို မဲ့သလိုလို ရွဲ့သလိုလိုကြည့်ကာ အိမ်ထဲဝင်သွားသည်။

လှကျော် မြစိမ်းမျက်နှာလှမ်းကြည့်ရင်း ခပ်တိုးတိုးမေးသည်။

"သူက....ဘယ်သူလဲ"

"နှစ်ဦးဝေတဲ၊ ခုနက ကိုဝေညီမ"

"နင်နဲ့ မတည့်ဘူးလား"

"ဟင့်အင်း"

မြစိမ်း လှကျော်ကိုပြောကာ အိမ်ကပြင်မှာ ဝင်အထိုင် အမေက လှမ်းပြောသည်။

"မောင်နှမနှစ်ယောက် ဘာတွေ ပြောလာကြတာလဲ"

"အစုံပါပဲ အမေရာ၊ ထမင်းဆာလာပြီ"

"သိန်းဘို့ဟိန်းတို့ကော သမီးရဲ့"

"စာမေးပွဲဖြေပြီး လျှောက်လည်မှာပေါ့ အမေရဲ့"

"ဒါနဲ့ သမီးကော ဖြေနိုင်ခဲ့ရဲ့လား"

မေးသာမေးရသည် သမီးဖြေနိုင်မည်ဆိုတာ ဒေါ်မြ သိပြီးသားပါ....

မြစိမ်းကသာ အမေ့ကိုဖက်ရင်း....

"စိတ်ချနေတော့ အမေ၊ နောက်နှစ်ဆို မြစိမ်း ဆယ်တန်းပဲ၊ ကဲပါ....မြစိမ်း ဆာလှပြီ အမေရဲ့"

"ခုးပြီးသား အသင့်ပဲသမီး၊ မောင်လှကျော်ပါ လာ"

"ကျွန်တော် မစားတော့ဘူး အကြီး"

"လာပါ....နင်ကလဲ ညှော့သည်ကျနေတာပဲ"

မြစိမ်း လှကျော်လက်ကိုဆွဲကာ အိမ်ထဲအခေါ် သူတို့နှစ်ယောက် လှမ်းကြည့်နေသည့် နှစ်ဦးမေနှင့် သူ့အမေ ဒေါ်နုနုကို မြစိမ်းတွေ့လိုက်ရသည်။

လှကျော် မျက်မှောင်ကုတ်ရင်း မြစိမ်းကို တအံ့တသြ လှမ်းပြောလိုက်သည်။

"ကြည့်နေပြန်ပြီ ဟ"

"ကြည့်ပစေ၊ ဂရုစိုက်မနေနဲ့၊ လာ....စား"





မြစိမ်း သူတို့နှစ်ဦးကိုကျောပေးကာ လှကျော်ပန်းကန်ထဲ ဟင်းများခပ်ထည့်ပေးလိုက်သည်။

ဟင်း ခပ်ထည့်ပေးရင်းမှလည်းလှကျော်ကို အကြောင်းပြောပြလိုက်သည်။

"ဒါဆို နင်နေရတာ စိတ်ညစ်နေမှာပေါ့"

"ညစ်တော့ ညစ်တာပေါ့ ဟယ်၊ ဒါပေမယ့် ဘယ့်နှယ်လုပ်မလဲ၊ သူတို့မနာလိုလဲ ကြိုးစားကြပေါ့"

"ပညာတင် မကပါဘူး ဟယ်၊ နင့် ရုပ်လှတာကိုလဲမနာလိုတာ ပါမှာပါ"

မြစိမ်း ခေါင်းငုံ့ကာ ငြိမ်နေလိုက်သည်။

လှကျော်ကတော့မှု သူနှင့် နေစဉ်ကထက် အလှတွေတိုးလာသည့် မြစိမ်းကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

ငယ်စဉ်က ဝေးခဲ့ရတာပင် သူ့မှာအတော်ခံစားခဲ့ရသေးလျှင် မကြာမတင်မှာ သူနှင့် မြစိမ်း အပြီးတိုင် ဝေးကြရတော့မှာလား။

ထမင်းသာ စားနေသည် လှကျော် မျက်ဝန်းထဲ မြစိမ်းနှင့် စကားပြောနေသည့် ကိုဝေဆိုသည့် လူ၏ သန့်ပြန့်ချောမောသော အသွင်သာ မြင်ယောင်နေသည်။

"နောက် နင် ရန်ကုန်ရောက်တိုင်း ဝင်နော် လှကျော်"

ထမင်းစားပြီးထအလာ မြစိမ်းက လှမ်းပြောသည်။

"အေးပါ၊ နင်အမြဲရှိနေပါစေလို့ ငါဆုတောင်းပါ တယ်"

"အောင်မယ်....ငါကမရှိလို့ ဘယ်သွားရမှာလဲ၊ လှကျော် နော်"

"သိဘူးလေ"

"ကဲ....ကဲ"

မြစိမ်း လှကျော် ကျောကို ထုထည့်လိုက်သည်။

"ဟော....မောင်နှမတွေက တွေ့တာနဲ့ ရန်ဖြစ်ကုန် ကြပြီ"

အမေက မြစိမ်းနှင့် လှကျော်ကို လှမ်းပြောရင်း ရယ် သည်။

"ဖြစ်မှာပေါ့အမေရဲ့၊ သူက မြစိမ်းကို မယုံသလိုနဲ့၊ မြစိမ်း က ရန်ကုန်ရောက်တိုင်း ဝင်ဖို့ပြောတာ၊ နင် အမြဲရှိပါစေတဲ့၊ မြစိမ်းက မရှိလို့ ဘယ်သွားရမှာလဲ နော့ အမေရယ်"

"သိနိုင်ဘူးလေ၊ အကြီးသမီးက လှတော့ ယောကျ်ား တွေ တာတွေများ ယူမှာလားလို့ ပြောတာ"

မြစိမ်း လှကျော်ကို မျက်စောင်းခဲရင်း ခပ်သွက်သွက်လေး ပြန်ပြောလိုက်သည်။

"ယောကျ်ားများ ဘယ်တော့မှ မယူသေးဘူး၊ ငါ့စိတ်ထဲ မှာ ငါ့ပညာရေးရယ်၊ ငါ့မိဘအရေးရယ်၊ ငါ့မောင်လေး





တွေအရေးရယ်ပဲ ရှိတယ်၊ ကျန်တာ စိတ်ထဲမဝင်စားဘူး၊ ဝဦးစားတောင် မစဉ်းစားဘူး"

"အိမ်း....မမြသမီးက လိမ္မာပါတယ်၊ အားကိုးရမှာပါ"

လှကျော်အဖေက လှမ်းကာ မြစိမ်းကို ချီးမွမ်းသည်။

"ကဲ....ပြန်မှ သားရေ၊ ပွဲရုံက သူဌေးနဲ့ တွေ့ဖို့ ချိန်း ထားတယ်"

"ဒါဆို ငါသွားမယ် မြစိမ်း"

"နင့်လိပ်စာ ပေးခဲ့လေ လှကျော်"

"ငါ့လိပ်စာက ဘာမှန်းမသိသေးဘူး၊ ဟိုရောက်မှ ငါ စာထည့်လိုက်မယ်၊ နင် စာပြန်နော်"

"အေးပါ လှကျော်ရဲ့၊ ငါ အခင်ဆုံး သူငယ်ချင်းက နင်ပဲ ရှိတဲ့ဟာ"

သည်လိုဆိုတော့ လှကျော် ကျေနပ်သွားသည်။

မြစိမ်းမျက်နှာကို လှမ်းကြည့်နေသည်။ ခဏနေမှ....

"ကဲ....ငါသွားမယ် မြစိမ်း၊ သိန်းတို့ ဟိန်းတို့လာရင်လဲ ငါနှုတ်ဆက်သွားတယ် ပြောလိုက်ပါ"

"အေးပါ"

"ရော့....နင့်အတွက်"

"ဘာတုံး"

မြစိမ်း လှကျော်ကို လှမ်းကြည့်သည်။ လှကျော်က မြစိမ်း ကို မကြည့်ဘဲ မျက်နှာကြီးနီကာ ရှက်လျက်....

"ငါသွားမှ ဖွင့်ကြည့်၊ ကဲ....သွားမယ်၊ အကြီးသွားမယ်၊ ဘကြီး ပြန်လာရင်လဲ ကျွန်တော်နှုတ်ဆက်သွားတယ် ပြော လိုက်ပါ"

ပြောရင်း လှကျော်က အမေ့ကို ကန်တော့၍ အမေက ဆုပေးသည်။

"အေးကွယ်....သွားလေရာ လာလေရာ ခလုက်မထိ ဆူး မငြိပါစေနဲ့"

"သွားမယ် မြစိမ်း"

လှည့်ကြည့်လှည့်ကြည့်နှင့် ထွက်သွားသည့် လှကျော်ကို ကြည့်ကာ မြစိမ်းကော အမေပါ စိတ်မကောင်းမိ....

အကယ်၍ လှကျော်ကော မြစိမ်းပါ ပြည့်စုံသော မိဘ များမှ ပေါက်ဖွားလာလျှင် လှကျော်လည်း သည်လို အလုပ် လုပ်ရမည်မထင်....

ကံဇာတ်ဆရာ စီမံရာအတိုင်း လိုက်နာရသည်က လူသား တို့၏ တာဝန်မို့....

မြစိမ်း လှကျော်ပေးသည့် ဘူးလေးကို ဖွင့် အကြည့် မျက်နှာလေးက ပြုံးသွားရသည်။

လှကျော်ပေးသည့် ဘူးလေးထဲမှာ တည့်ထားသည် က ဖဲ အဖြူရောင်နှင့်ပြုလုပ်ထားသည့် ပန်းလေးတစ်ပွင့်....

စာလည်းရေးထားသည်။





ပန်းနီနီပေးရင် ချစ်ဦးသူနှင့်ကွဲတတ်သတဲ့။ တို့ကတော့ အဖြူရောင်လေးပဲ ပေးပါတယ်။

မြစိမ်းထာဝရ စိတ်ချမ်းသာနိုင်ပါစေ—

လှကျော်

လှကျော်ရယ်....

တို့မှာ ချစ်ဦးသူလဲမရှိဘူး၊ ချစ်ဖူးသူလဲမရှိဘူး။

တို့ အခင်ဆုံးက နင်တစ်ယောက်တည်းသာပါ။

မြစိမ်း ပန်းလေးကိုကိုင်ကာ အိမ်ထဲဝင်လာချိန် အမေက မြစိမ်းကိုပြုံးကာ လှမ်းကြည့်နေသည်။

* * *

# အခန်း (၁၁)

"အစ်မ အစ်မ....အစ်မ သိပြီးပြီလား"

အချိန်တို့သည် အကုန်မြန်လွန်းပေ၏။

မြစိမ်း စက်ချုပ်သင်၍ ကောင်းမွန်စွာတတ်သည့်အချိန်တွင် မြစိမ်းတို့အောင်စာရင်းထွက်သည်။

မြစိမ်းလည်းအောင်သည်။ သိန်းနှင့်ဟိန်းလည်း အောင်သည်။

အားလုံး ကျောင်းပြန်တက်ရသည်။

မြစိမ်းကတော့ ဆယ်တန်းရောက်လာပြီမို့ စာကိုပိုကြိုးစားနေရသည်။

ယနေ့တော့ ဟန်ဂ်နွေနေ့မို့ အပ်ထည်များကိုပြီးအောင်ချုပ်နေဆဲ ဟိန်းကအော်ကာ အိမ်ပေါ်တက်လာခြင်း ဖြစ်သည်။

"အစ်လို ချစ်ဦးဝေ ဆယ်တန်း အောင်တယ်တဲ့"

"ဟုတ်လား"

ရင်က ဝမ်းသာလှိုက်လှဲစိတ်ဖြင့် ဖျတ်ခနဲခုန်သည် ။ ဝမ်းသာစိတ်ဖြင့် တစ်ဘက်ခြံကိုလှမ်းအကြည့်....

"ဟွန်း....ဒါမှ တို့ကိုကို၊ နို့မို့ဆို သူများကြွားတာပဲ ခံနေရလို့ နားကြားပြင်းကပ်နေတာ၊ ခုတော့ သစ်ထူးတို့ ကြွားနိုင်ပြီ"

ထိုစကားကြောင့် ဟိန်းကမဲ့ကာ အသံကို ကျယ်ရင်း သစ်ထူးကြားအောင် လှမ်းပြောသည်။

"သူ အောင်တာလဲ မဟုတ်ဘဲနဲ့ ကြွားနေလိုက်တာ နားကြားပြင်းကပ်တယ်"

သည်နှစ်တွင် နှစ်ဦးမေကော သစ်ထူးဆွေပါ ထပ်ကျ၍ နှစ်ယောက်လုံး ကျောင်းမတက်ရတော့....

ဟုတ်တာကိုဆို နာလိုခံခက် အမျက်ထွက်ဆိုသည့်အတိုင်း ဟိန်း စကားကြောင့် သစ်ထူး ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်လာသည်။ ဒေါသထွက်ထွက်နှင့် ဟိန်းကိုတစ်ဘက်ခြံမှ လှမ်းအော်သည်။

"အောင်မယ်....သူတောင်းစားက ငါ့ဘာသာငါ ပြောတာ ဘာဖြစ်လဲ၊ လူးဝါးဝလို့"

"ဟိန်း....လာစမ်း"





ရန်ဖြစ်တော့မည့် အခြေအနေကိုသိ၍ မြစိမ်း အိမ်ပေါ်မှ ...းကို လှမ်းအခေါ် သစ်ထူးက ခြံစပ်တွင်ခါးထောက်ရင်း ...းကို လှမ်းရန်ထောင်ပြန်သည်။

"ငါ့ဘာသာငါကျတာ ဘာဖြစ်လဲ၊ ငါတို့စာမေးပွဲကျလို့ ...ကြောင်းမဟုတ်ဘူး၊ နင်တို့ စာမေးပွဲကျမှငတ်မှာ"

"ငတ်မှာပူရင် နင် ခေါ်ကျွေးထားပါလား"

"အောင်မယ်....ခွေးစုတ်၊ မမရေ....မမ"

သစ်ထူး ဟိန်းကိုပြောမနိုင်၍ အိမ်ထဲမှ သူ့အစ်မကိုစစ်ကူ ...မ်းခေါ်သည်။

"ဘာလဲ....ဘာလဲ"

အိမ်ထဲမှ နှစ်ဦး ပြေးထွက်လာသည်။

"ဒီမှာ သူတို့က သစ်ထူးကို ရန်စ,နေတယ်"

"စကားပြောတာ ကြည့်ပြော သစ်ထူး၊ နင့်ကိုငါ စိတ်လဲ ...င်စားဘူး၊ ငါ့မောင် ငါ လာခေါ်တာ"

"အောင်မယ်....ကောင်မက လူဝါးဝလို့၊ အေး....ငါတို့ ...တော့ နင် ဘယ်စိတ်ဝင်စားမလဲ၊ ငါတို့ အစ်ကို ကိုတော့ ... ဒီဘက်ကမြှူနေတယ် မဟုတ်လား"

"ဘာ....ဘာ"

မြစိမ်း နှစ်ဦးစကားကြောင့် မျက်လုံးတွေ ပြာဝေသွား...သည်အထိ ဒေါသထွက်လာသည်။

ဒေါသဖြစ်ဖြစ်နှင့် တစ်ဘက်ခြံရှိ နှစ်ဦးကို လှမ်းအဆဲ

"ဟဲ့....ဟဲ့....ဘာဖြစ်ကြတာလဲ"

တိုက်ထဲမှ ဒေါ်နုနု ပြေးထွက်လာကာ သူ့သမီးတွေ
လှမ်းဆွဲသည်။

"ဒီကောင်မ သမီးတို့ကို ရန်စတယ်မေမေ၊ စိတ်မ
စားဘူးလေး ဘာလေးနဲ့"

ဒေါ်နုနု ခါးကို ဆတ်ခနဲထောက်ရင်း မြစိမ်းကို က
ကက်လန်မတတ် ရန်ထောင်သည်။

"အောင်မယ်...ကောင်မက၊ ညည်းစိတ်ဝင်စားစရာ
မလိုပါဘူးတော်၊ ကျုပ်တို့ကတောင် ညည်း စိတ်ဝင်စားမ
ကြောက်နေရသေးတာ၊ လာ....နှစ်ဦး၊ သူတို့နဲ့ စကားပြေ
ရတာ သန တယ်"

မြစိမ်း အံကိုကြိတ်ပစ်လိုက်သည်။

မြစိမ်းတို့နဲ့ စကားပြောလို့ သနရအောင် မြစိမ်းတို့
ဘာဖြစ်နေလို့လဲ....

ကြိုးစားနေတဲ့လူ၊ နိုးကြားနေတဲ့လူ....

သူ့သမီးတွေသာ ပျင်းပြီးရင်း ပျင်း၊ ဖျင်းပြီးရင်း ဖျင်း
ပြီးတော့ သူ့သားကို မြစိမ်း စိတ်ဝင်စားမှာ စိုးနေ
တာတဲ့....

ဝေးပါသေးရဲ့၊ မြစိမ်းလား စိတ်ဝင်စားမှာ....

"ငှတ်ခမ်းကို တင်းတင်းကြိတ်ကာ မြစိမ်းတွေးနေဆဲ....





"မြစိမ်း"

မြစိမ်း ချာခနဲ လှည့်ကာ ခြံစပ်မှ အိမ်ထဲကို ပြေးဝင်လာ
ခဲ့သည်။

ခြံစပ်မှာ ကျန်ရစ်ခဲ့သည့် ချစ်ဦးဝေမှာ မြစိမ်းကျောပြင်
ကို စိတ်မကောင်းသလို ကြည့်ရင်း အိမ်ထဲကို ပြန်ဝင်လာခဲ့
သည်။

သည်ပြဿနာတွေကို ပြေလည်အောင် သူ ဘယ်လို ဖြေ
ရှင်းရပါ့မလဲ....

သားဖြစ်သူ မျက်နှာညှိုးနေသည်ကိုကြည့်ကာ ဖခင်က
မိခင်ကို ဆူသည်။

"မင်းတို့ကလဲကွာ၊ သား စာမေးပွဲအောင်လို့ ပျော်ရ
မလား အောက်မေ့ပါတယ်၊ အလကား ဆူပူနေကြတာပဲ"

"ပူမှာပေါ့တော့၊ အဲဒီကောင်မကိုက လူဝါးဝနေတာ
ကိုး"

"မင်းတို့က ဘာလို့မဟုတ်တာ သွားပြောလဲ"

"အို....ပြောမှာပေါ့တော့၊ သူတို့ကပဲ တော်သမီးတွေကို
ဖျင်းသလေး ပျင်းသလေးနဲ့"

"နို့....မဟုတ်ဘူးလားကွာ"

"ဘာ...ဘာရှင့်၊ ရှင်ကပါ အလိုတူ အလိုပါ"

ဦးသာဦး စကားကြောင့် ဒေါ်နုနု ဒေါသထွက်သွား
သည်။

"ဟုတ်တယ်လေ၊ မြစိမ်းလေးက အလျှင်တုန်းက မင်းသမီးတွေနဲ့ အတန်းတူ၊ အခု သူဆယ်တန်း၊ မင်း သမီးတွေ ဘယ်နှစ်တန်းလဲ"

"အိုး....ဘယ်နှစ်တန်းဖြစ်ဖြစ် ကျုပ်သမီးတွေက သူဌေးသမီးတွေ၊ ပညာမတတ်လဲ ထိုင်စားလို့ ရတယ်၊ သူတို့သာ ပညာတတ်မှ ထမင်းစားရမှာဆိုတော့ ကုန်းရုန်းသင်နေရတာ"

ချစ်ဦးဝေ အမေဖြစ်သူကို ကြည့်ကာ သက်ပြင်း ချလိုက်သည်။

သူ့မိသားစုနှင့် မြစိမ်းတို့ ပြေလည်အောင် သူ ဘယ်လိုများ လုပ်ရပါ့....

စိတ်ညစ်ညစ်နှင့် နေရာမှ ထွက်အလာ၊ ဦးသာဦး ဇနီးသည့်ကို လှမ်းဆူလိုက်သည်။

"တွေ့လား....မင်းတို့ ပူညံပူညံလုပ်တာနဲ့ သား စိတ်ညစ်သွားပြီ"

"ညစ်မှာပေါ့၊ သူက ဒီကောင်မကို စိတ်ဝင်စားနေတဲ့ဟာ၊ မဖြစ်ဘူး....မဖြစ်ဘူး၊ ဆယ်တန်းလဲ အောင်နေမှပဲ၊ ဘွဲ့ရရင်ရ၊ မရရင်လဲ မမကြီး သမီး သော်တာလေးနဲ့ ပေးစားလိုက်တာပဲ အေးတယ်"

"ဘာလဲ၊ ပျံတန်တန် နန့်တန့်တန့် ဟို ကောင်မလေးကို ပြောတာလား"





"ကိုသာဦးနော်၊ သူ့ဘာသူ ပျံပျံနန့်နန့်၊ ပိုက်ဆံ ချမ်းသာတယ် နားလည်လား"

"တို့လဲ ဆင်းရဲနေတာမှ မဟုတ်ဘဲ နူနူရယ်၊ သား သဘောကျ နေပါစေ"

"အို....မနေနိုင်ဘူး၊ နုနုတို့က ဒါဆိုဒါပဲ"

မိခင်ကိုကြည့်ကာ နှစ်ဦးကော သစ်ထူးပါ ကျေနပ်စွာ ပြုံးလိုက်မိသည်။

ချစ်ဦးဝေမှာတော့ မြစိမ်းတို့ခြံဝမှ ခြံထဲကို ကဲကြည့်ရင်း ကွပ်ပျစ်တွင်ထိုင်ကာ စာကျက်နေသည့် ဟိန်းကို မဝံ့မရဲ လှမ်းခေါ်လိုက်သည်။

"ဟိန်း....ခဏ"

ခြံထဲကိုဝင်ချင်သော်လည်း မဝင်ရဲပါ။

မြစိမ်းကို သူ လန့်သည်။ လန့်လန့်နှင့် ခြံဝမှ ဟိန်းကို အစောင့်....

"ဟိန်း....ဘယ်လဲ"

နေရာမှထလိုက်သည့် ဟိန်း....သူ့အစ်မ အသံမာမာကြောင့် နေရာမှာပြန်ထိုင်လိုက်ရသည်။

"ကိုယ့်ကို....ဘာပြောထားလဲ"

"ကိုကိုချစ် ပြောတာမှ မဟုတ်ဘဲ မမရယ်"

ဟိန်း ခြံဝတွင်ရပ်နေသည့် ချစ်ဦးဝေကို အားနာသလို ကြည့်ရင်း အစ်မကို စောဒကတက်လိုက်သည်။

"သူ ပြောပြော...မပြောပြော သူ့မိသားစုပြောတာနဲ့ အတူတူပဲ၊ လာ"

မြစိမ်း မောင်ကို ဆတ်ခနဲဆွဲခေါ်ကာ အိမ်ထဲသွင်းလိုက်သည်။

ပြီးတော့ တံခါးကို ဂျိမ်းခနဲ ပိတ်ပစ်လိုက်သည်။

ကိုဝေနှင့်ဘာမှမဆိုင်မှန်း မြစိမ်း သိသော်လည်းကိုဝေ့ မိသားစုတော့ မုန်းလှသည်။

မုန်းမုန်းနှင့် စာကိုပိုကြိုးစားသည်။

ဆယ်တန်းအောင်၍ အလုပ်ရလျှင် မြစိမ်းတို့ သည်နေရာမှ ပြောင်းမည်။

ရည်မှန်းချက်နှင့်မို့ မြစိမ်း ပြင်ပကိုပင် မကြည့်မိ။

တစ်ဘက်ခြံမှ ချစ်ဦးဝေကတော့ မြစိမ်းကိုအချိန်ပြည့် ငေးနေမိသည်။

တလောက ကိုကို လာသည်။

ချစ်ဦးဝေကို အခြေအနေမေးသည်။ သူ လိုက်ပြောပေးရတော့မလားတဲ့....

ချစ်ဦးဝေ ဝမ်းနည်းစွာ ခေါင်းခါပြလိုက်သည်။

ယခုမှ အခြေအနေက ပိုတောင်ဆိုးရွားသွားပြီ မဟုတ်ပါလား....





ခါတိုင်း မြစိမ်းနှင့်စကားမပြောရသော်မှ မြစိမ်း မောင် သိန်းနှင့်ဟိန်းတို့နှင့် စကားပြောကာ မြစိမ်းကိုချောင်း ကြည့်နိုင်သည်။

ယခုတော့ သိန်းတို့ဟိန်းတို့ကိုပါ ချစ်ဦးဝေစကားပြော ပိုင်ခွင့် မရှိတော့ပါ။

သူ့ အစ်မစကားကြောင့်လားမသိ။ သိန်းနှင့်ဟိန်းတို့က သူ့ကိုတွေ့လျှင် ရှောင်ကြသည်။

ကျောင်းတွေ ပြန်ဖွင့်သည့်တိုင် ချစ်ဦးဝေရင်ထဲမှာ ဝမ်းနည်းခြင်းက ကြီးစိုးနေတော့သည်။

မြစိမ်းမှာတော့ မခံချင်စိတ်ကြောင့် ပိုကြိုးစားနေရသည်။

သည်နှစ်အောင်လျှင် သူ့ဘဝအတွက် ပထမလှေကား ထစ်ကို စနင်းမိပြီ....

သည့်နောက်တော့ တစ်ထစ်ပြီးတစ်ထစ်ပေါ့....

နေ့မအိပ် ညမအိပ်ကြိုးစားလွန်းသည့် သမီးကိုကြည့်ကာ အမေက တားသည်။

"သမီးရယ်....နည်းနည်းပါးပါး လျှော့ပါဦး"

"လျှော့လို့မဖြစ်ဘူးအမေ၊ မြစိမ်းတို့ကို ဟိုဘက်အိမ်က သိပ်နှိမ်ချင်တာ၊ ကြိုးစားနိုင်မှ တော်ရုံကျမှာ"

အစ်မကကြိုးစားတော့ မောင်တွေလည်း ကြိုးစားကြသည်။

မြစိမ်း မောင်တွေ၏ စံပြဖြစ်ချင်သည်။

သည်တော့ မောင်တွေ အားကျလာအောင် ပိုကြိုးစားရသည်။

တစ်ဘက်ကလည်း စက်ကို ကျွမ်းကျင်စွာချုပ်တတ်လာပြီမို့ ဝင်ငွေလည်း အသင့်အတင့် ပြေလည်စပြုလာခဲ့သည်။

အဖေက မြစိမ်းကိုကြည့်ကာ သနားသည်။

"ငါ့သမီး....သိပ်ပင်ပန်းတာပဲကွယ်"

"မြစိမ်းရင်ထဲမှာ မိသားစုအတွက် ပို မပင်ပန်းပါဘူး အဖေ"

"အေး....ငါ့သမီးကြီး စိတ်ချမ်းသာပါစေ"

သည်လိုနှင့် မြစိမ်းတို့ စာမေးပွဲရက် တိုင်လာခဲ့သည်။

နဂိုကတည်းက ကြိုးစားသူမို့ ဘာသာရပ်တိုင်းကိုမြစိမ်း ကောင်းမွန်စွာ ဖြေနိုင်ခဲ့သည်။

* * *



## အခန်း (၁၂)

ကြိုးစားသူအတွက် အောင်မြင်ခြင်းသည် စောင့်မျှော်နေသည်တဲ့....

မြစိမ်း၏ ကြိုးစားမှုအတွက် အောင်မြင်ခြင်းကို မြစိမ်း ဆုအဖြစ် လက်ခံရရှိခဲ့သည်။

ရိုးရိုးတန်းတန်းပင် မဟုတ်၊ ဂုဏ်ထူးတစ်ဘာသာ ပါသေးသည်။

ဝမ်းသာလွန်း၍ အိမ်ကိုအပြေး ပြန်လာသည့် မြစိမ်း လမ်းထိပ်တွင် သူ့ကို ငေးကြည့်နေသည့် ကိုဝေ့ကို တွေ့လိုက်ရသည်။

သူက သူ့ကြိုးစားမှုတွေနှင့် ကိုဝေ့ကို မေ့ထားနိုင်ပေမယ့်....

ကိုဝေက မြစိမ်းကို မေ့နိုင်ပုံမပေါ်....

ကိုဝေ့မျက်ဝန်းတွေက မြစိမ်းကို မျှော်လင့်ကြီးစွာ လှမ်းမျှော်ကြည့်နေ၍....

ခါတိုင်း ကိုဝေ့ကိုအတွေ့ မျက်နှာကို တင်းကာ ခပ်မော့မော့လေး လျှောက်တတ်သည့် မြစိမ်း....

သက်ပြင်းကိုချကာ ခပ်အေးအေးအလျှောက်....

"မြစိမ်း"

ထင်သည့်အတိုင်း ကိုဝေ လိုက်လာသည်။

"မြစိမ်း အောင်တယ်ဆို"

မြစိမ်း ခေါင်းညိတ်အပြ ကိုဝေ့မျက်နှာက ပြုံးသွားသည်။

"ဝမ်းသာပါတယ် မြစိမ်းရယ်၊ ကိုဝေက အောင်စာရင်းမထွက်ခင်ကတည်းက မြစိမ်း အောင်မယ်ဆိုတာ ကြိုသိပြီးသားပါ"

နှစ်ဦးသား ပြောစရာစကား မရှိတော့သလို ဖြစ်သွားခိုက် ကိုဝေက မြစိမ်းမျက်နှာကို ကြည့်ပြီး မေးသည်။

"မြစိမ်း တက္ကသိုလ် ဆက်တက်မှာလား ဟင်"

"ကိုဝေရယ်"





မြစိမ်း ကိုဝေ့ကိုကြည့်ကာ ရယ်လိုက်သည်။ ဆယ်တန်းပင် မနည်းတက်ခဲ့ရသည်။ မြစိမ်း တက္ကသိုလ်ဆိုတာ အိပ်မက်ထဲပင် မမက်ဖူးသော အရာမို့ ကိုဝေ့ကို မချိပြုံးလေးဖြင့် ဖြေလိုက်သည်။

"တက္ကသိုလ်ဆိုတာ ပိုက်ဆံရှိ သားသမီးတွေ အတွက်ပါ ကိုဝေရယ်၊ မြစိမ်းတို့က ပိုက်ဆံရှိတာမှ မဟုတ်ဘဲ၊ ဘယ်တက်နိုင်ပါ့မလဲ"

"ဒါဆို"

"မြစိမ်း အလုပ်လုပ်မှာ၊ ပြီးတော့မှ လုပ်သားကောလိပ် ဆက်တက်မှာ"

သူ့ထက်ငယ်သော်လည်း သူ့ထက် အတွေးအခေါ်မြင့်ကာ သူ့ထက်တော်သည့် မြစိမ်းကို မချီးကျူးဘဲ မနေနိုင်....

"ကိုဝေ မြစိမ်းကို ချီးကျူးပါတယ်"

"ကဲ....ဒါပဲလား ကိုဝေ၊ တော်ကြာ ကိုဝေ့အိမ်က တွေ့သွားရင် အပြောခံနေရဦးမယ်"

"သူတို့ မရှိကြဘူး မြစိမ်း၊ မန္တလေးသွားကြကယ်"

မြစိမ်း အောင်စာရင်းမထွက်ခင် ကြိုရှောင်သွားကြသည့် အဖြစ်ကို မြစိမ်းနားလည်ကာ မဲ့ပြုံး ပြုံးမိသည်။

မရှိတော့လည်း တစ်မျိုးကောင်းပါသည်။ ရှိလျှင် စောင်းဘရား၊ မြောင်းတရား အပြောခံရဦးမည်။

"ကဲ....မြစိမ်း သွားမယ်"

သွက်လက်စွာ ပြောရင်း ထွက်သွားသည့် မြစိမ်း ကျော ပြင်ကို ကြည့်ရင်း ချစ်ဦးဝေ သက်ပြင်းကို ချလိုက်သည်။

ဘယ်တော့များမှ သူ မြစိမ်းကို ချစ်စကားဖွင့်ပြောရပါ မလဲ....

ကိုဝေ့ ရှေ့မှ သွက်လက်စွာ ထွက်လာခဲ့သည့် မြစိမ်းမှာ လည်း နွမ်းလျစွာ ကျန်ရစ်မည့် ကိုဝေ့ အသွင်ကို မြင်ယောင် ကာ သနားနေမိသည်။

အမှန်မှာ သူတို့ တစ်မိသားစုကို မုန်း၍ ကိုဝေ့ ကို ရှောင် ဖယ်ဖယ်လုပ်နေရသော်လည်း ကိုဝေ့ မှာ ဘာမှ အပြစ်မရှိ ရှာပါ။

မြစိမ်းကို နားလည်ပါ ကိုဝေရယ်၊ မြစိမ်း ဟန်လုပ်ပြီး တင်းနေရပေမယ့်....

မြစိမ်း နှလုံးသားကလဲ အချစ်နဲ့ နှလုံးသားပါ။

အိမ်နားရောက်ခါနီး ကိုဝေ့ ကို အမှတ်မထင် လှည့် အကြည့်....

သူ့ နောက်မှ ခေါင်းငိုက်စိုက်ချကာ ပါလာသော ကိုဝေ့ ကို ကြည့်ကာ မြစိမ်း သနားသွားသည်။

သနားခြင်းသည် ချစ်ခြင်း၏ အစဆိုလျှင် မြစိမ်း ကိုဝေ့ ကို ချစ်မိပြီလား....

အို....ငါ ဘာတွေ တွေးနေပါလိမ့်၊ ငါ့မှာ မိသားစု အတွက် ကြိုးစားရဦးမှာပဲ....





မြစိမ်း ခေါင်းကိုခါကာ အိမ်ထဲအဝင် အဖေနှင့်အမေက မြစိမ်းကို ဆီးမေးကြသည်။

"ဘယ့်နှယ့်လဲ သမီး"

"အောင်တယ် အမေ၊ ဝမ်းဒီပါတယ်"

"ဝမ်းဒီဆိုတာ ဘာလဲ သမီးရဲ့"

အမေက နားမလည်သလို အမေး၊ အဖေက အမေ့ကို မျက်စောင်း ခဲရင်း....

"ဟာ....မယ်မြကလဲ အံ့ပါ့၊ ဂုဏ်ထူးပါတာကိုပြောတာ ဟ၊ ဝမ်းဆိုတာ တစ်၊ တစ်လုံးပါတယ်ပေါ့နော် သမီး"

"ဟုတ်တယ် အဖေ"

"အေး....ငါ့သမီး အောင်စာရင်းထွက်မယ့်နေ့မို့ အဖေ တောင် အလုပ်မသွားသေးဘဲ စောင့်နေတာ၊ ခုတော့ သွား တော့မယ်သမီးရေ၊ အလုပ်က အဖေ့ မိတ်ဆွေတွေကို အဖေ ကြွားရဦးမယ်"

"အင်း....ရှင်ကြွားသလို ကျုပ်လဲ ထွက်ကြွားလိုက်ဦး မယ်၊ သမီး အိမ်စောင့်နေဦး"

"အမေတို့ကလဲနော် ရှက်စရာကြီး"

မြစိမ်း ရှက်ရှက်နှင့် အမေတို့ကိုအပြော၊ အမေက မြစိမ်း ကို မျက်စောင်းခဲလျက်....

"ဘာရှက်ရမှာလဲ သမီးရဲ့ အောင်လို့အောင်တယ် ပြောတာပဲ၊ ကျရက်နဲ့အောင်တယ် ပြောတာမှ ရှက်စရာ၊ ကဲ.... အမေလဲ သွားမယ်"

အဖေနှင့်အမေ ရှေ့ဆင့်နောက်ဆင့် ထွက်အသွား အိမ်မှာ မြစိမ်း တစ်ဦးတည်း ကျန်နေခိုက်....

"မြစိမ်း"

"အို....ကိုဝေ"

မြစိမ်း လန့်သွားသည်။

ခါတိုင်း ခြံဝမှသာ လှမ်းကြည့်နေတတ်သည့် ကိုဝေက ယခု မြစိမ်းတို့ အိမ်ရှေ့ကွပ်ပျစ်မှာပင် ထိုင်နေပါရောလား....

"ဘာကိစ္စလဲ ကိုဝေ"

ခုနကပင် လမ်းမှာ စကားပြောခဲ့ပြီးပြီမို့ မြစိမ်း လှမ်းအမေး ကိုဝေက အထုပ်တစ်ထုပ် လှမ်းပေးသည်။

"ဘာလဲ"

"မြစိမ်းကို ဂုဏ်ပြုတာပါ၊ ဖွင့်ကြည့်ပါ"

အနီရဲရဲ ကချင်လွယ်အိတ်လေးပါ။

မြစိမ်း လွယ်အိတ်လေးကို ခဏသာ ကိုင်ကြည့်ပြီး ကိုဝေ့ကို ပြန်ပေးလိုက်သည်။

"မြစိမ်း မယူရဲဘူး ကိုဝေ၊ တော်ကြာ...."





"ဘာလဲ ကိုဝေ့ အိမ်က ပြောမယ်လို့ မြစိမ်း ပြောဦးမလို့လား၊ ဒါ ကိုဝေ့ ပိုက်ဆံနဲ့ ဝယ်တဲ့ လွယ်အိတ်ပါ မြစိမ်းရယ်၊ ယူပါ၊ ကိုဝေ စေတနာသန့်သန့်နဲ့ပေးတာပါ၊ ကိုဝေ ပြန်မယ်နော်"

အတင်းထားပြီး ပြန်သွားသည့် ကိုဝေ့ကျောကို ကြည့်ကာ မြစိမ်း သက်ပြင်း ချလိုက်သည်။

တဖြည်းဖြည်းနှင့် ကိုဝေဆိုသည့် သံယောဇဉ်က သူ့ရင်ထဲကို အတင်းတိုးဝှေ့ ဝင်နေပါရောလား....

မြစိမ်း ဘယ်လို ငြင်းရမှာလဲ ကိုဝေရယ်....

လွယ်အိတ်လေးကို တယုတယကိုင်ကာ ဖြန့်အကြည့်....

"ဟင်"

မြစိမ်း လန့်သွားသည်။

လွယ်အိတ်ထဲတွင် စာလေးတစ်စောင်....

ကိုဝေ့ကို ပြန်ပေးမည်အကြံဖြင့် တစ်ဘက်ခြံကို လှမ်းအကြည့်၊ သူ့ကို အသနားခံသလို ကြည့်နေသည့် မျက်ဝန်းများကြောင့် စာလေးကို ဖြန့်အဖတ်....

ကိုဝေ့လက်ရေးလှလှက မြစိမ်းစိတ်ကို ညှို့ငင် ဖမ်းစားစေသည်။

**ချစ်တယ် မြစိမ်းရယ်....**
**ဒီအချစ်တွေကို ကိုဝေ ဘယ်လောက်အထိ**
**ကြာအောင် သိမ်းဆည်းထားရမှာလဲ....**

**ကိုဝေ မသိမ်းဆည်းနိုင်တော့ဘူး....**
**မသိမ်းဆည်းချင်တော့ဘူး။**
**မြစိမ်း ဆန္ဒကို သိပါရစေ။**

**ချစ်မိတဲ့ ကိုဝေ**

"ကိုဝေရယ်"

မြစိမ်း စာလေးကို ရင်ဝယ်ပိုက်ကာ မျက်လုံးကို မှိတ်ထားလိုက်သည်။

မြစိမ်း ရင်ထဲမှာလည်း ကိုဝေ့လိုပါပဲ....

ဒါပေမယ့် မြစိမ်း....မြစိမ်း ကိုဝေ့ကို မချစ်ရဲဘူး။
ရှက်ရွံ့စိတ်ဖြင့် တစ်ဘက်ခြံကို အကြည့်....
"အို"

မြစိမ်း ရင်တွေ တဖျပ်ဖျပ်ခုန်သွားသည်။

ကိုဝေ....ကိုဝေရယ်လေ တစ်ဘက်ခြံမှ မြစိမ်းကို စိုက်ကြည့်လို့....

မကြည့်ပါနဲ့ ကိုဝေရယ်....
မြစိမ်း ရှက်တယ်၊ ကိုဝေ့ကို မြစိမ်းမကြည့်ရဲဘူး....
ပြန်ကြည့်မိရင် မြစိမ်း ကိုဝေ့ကို ချစ်မိတော့မယ်....
မကြည့်ပါရစေနဲ့....မကြည့်ပါရစေနဲ့....
အတွေးဖြင့် မျက်လုံးကို တင်းတင်းမှိတ်ထားရာမှ ဖွင့်အကြည့်....





"ဟင်"
ကိုဝေ ခုနက နေရာမှာ မရှိတော့....
သူ....သူ ဘယ်ရောက်သွားပါလိမ့်....
မျက်လုံး ဝိုင်းဝိုင်းလည်မျှ မြစိမ်းလိုက်အကြည့်....
"မြစိမ်း"
"ဟင်....ကိုဝေ"
မြစိမ်းမျက်နှာလေး ပတ္တမြားခဲလေးလို ရဲရဲတွတ်သွားသည်။ ကိုဝေ သူ့အနားမှာ ရောက်နေပါပေါ့လား။
"မြစိမ်း ရှက်သွားလား"
"သွား....ကိုဝေ သိပ်ဆိုးတာပဲ"
"ဆိုးတာ မဟုတ်ဘူး မြစိမ်း၊ ချစ်တာ၊ အခုမှ ချစ်တာလဲမဟုတ်ဘူး၊ စရောက်တည်းက ချစ်တာ"
"သိသားပဲ"

"သိရင် အဖြေပေးလိုက်ပါတော့လား မြစိမ်းရယ်၊ မြစိမ်းအောင်စာရင်းထွက်လို့ ပျော်ရသလို ကိုဝေလဲ အချစ်အောင်စာရင်းထွက်လို့ ပျော်ချင်လှပြီ၊ ဖြစ်နိုင်ရင်တော့ ဂုဏ်ထူးလေးနဲ့ပေါ့"

"ဘာရယ်....ကိုဝေ"

"ဟဲ....ဟဲ....ရိုးရိုးချစ်တဲ့ အဖြေအပြင် သိပ်ဆိုတဲ့ စကားလေး တစ်လုံးရှေ့ကပါရင် ဂုဏ်ထူးလေး တစ်လုံးပေါ့၊ သိပ်သိပ်ဆိုတာ နှစ်လုံးပါရင် ဂုဏ်ထူး နှစ်လုံးပေါ့"

"ကိုဝေက စကားတွေ သိပ်တတ်နေပါလား၊ စကား တတ်ရင် မြစိမ်းကြောက်တယ်၊ ယောကျ်ားဆိုတာ လျှာအရိုး မရှိဘူး ဆို"

"အဲဒါ တခြားယောကျ်ားပါ မြစိမ်းရယ်၊ ကိုဝေ့လျှာကတော့ အရိုးနဲ့ပါ"

"ဒါဆို....ဘယ်မလဲ ပြ"

"ဒီတိုင်း မပြနိုင်ဘူး၊ မြစိမ်းဆီက အဖြေရမှ ပြနိုင်မယ်"

"အဖြေ ဟုတ်လား"

"ဟုတ်တယ်လေ မြစိမ်းရဲ့၊ မြစိမ်းဆီက ကိုဝေစောင့်နေတဲ့ အဖြေ"

"ပေးဖို့ လိုသေးလား ကိုဝေရယ်၊ ဖြစ်မှ မဖြစ်နိုင်တဲ့ ဟာကို"

ခေါင်းကို ဖြည်းညင်းစွာ ခါနေသည့် မြစိမ်းကို ချစ်ဦးဝေ စိုက်ကြည့်ရင်း စိတ်အားထက်သန်စွာ ပြောလိုက်သည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ မြစိမ်းရဲ့၊ မြစိမ်းကို ကိုဝေချစ်တယ်၊ ကိုဝေ့ကို မြစိမ်း ချစ်တယ်ဆို ပြီးပြီပေါ့"

"ကိုဝေ စကားပြောတာ သိပ်လွယ်တာပဲ၊ ချစ်ရုံဆိုကိစ္စမရှိဘူး၊ ကိုဝေနဲ့မြစိမ်း လက်ထပ်ကြရင် ဘယ်လိုလုပ်မလဲ၊ ကိုဝေတို့အိမ်နဲ့ မြစိမ်းတို့နဲ့ တည့်ကြတာမှ မဟုတ်တာ"

"ဘယ်သူတွေ တည့်တည့် မတည့်တည့် ကိုဝေ မြစိမ်းကို ချစ်ရင် ပြီးတာပဲ မဟုတ်လား"





မြစိမ်း ကိုဝေ့ကို မော့ကြည့်လိုက်သည်။ ပညာလည်း ထူးချွန်၊ ငွေကြေးလည်း ပြည့်စုံ၊ ရုပ်ရည်လည်း ချောမောသည့် ကိုဝေကို ငြင်းရမှာ ခက်လှပါသည်။

ဒါပေမယ့်....ကိုဝေ့အဒေမနှင့် ညီမများမျက်နှာကို မြင်လိုက်သည့်အချိန်မှာတော့ မြစိမ်း သက်ပြင်းကို ချလိုက်မိသည်။

"မြစိမ်း စဉ်းစားဦးမယ် ကိုဝေရယ်"

"ဘယ်လောက်ကြာအောင် စဉ်းစားမှာလဲ"

"တစ်လလောက်ပေါ့"

"ဟာ....ကြာလှချည်လား"

"ကန်စွန်းရွက်လေးဆိုလဲ ကောင်းသား"

"ဘာဖြစ်လို့"

"ကိုဝေ ဝယ်သွားဖို့လေ"

ကိုဝေ နားလည်သလို ပြုံးသွားသည်။

သည့်နောက်ပိုင်းရက်များတွင် ကိုဝေတစ်ယောက် အပြင်မထွက်တော့ဘဲ....

အချိန်ပြည့် တဘက်ခြံမှနေကာ မြစိမ်းကို ထိုင်ကြည့်ခြင်း—

လူလစ်သည်နှင့် နမ်းသလိုလုပ်ပြခြင်းတို့က မြစိမ်း နှလုံးသားနုနုကို အရည်ပျော်စေသည်။

တစ်လပြည့်မှ အဖြေပေးမည်ဆိုပေမယ့် တစ်လမပြည့်ခင်ကတည်းက မြစိမ်းနှင့်ကိုဝေတို့ ချစ်မိခဲ့ကြပါပြီ။

* * *

## အခန်း (၁၃)

ကိုဝေနှင့်ချစ်မိ၍ နှစ်လခန့်အကြာမှာဖြစ်သည်။

"သမီး"

မြစိမ်း အင်္ကျီချုပ်နေရာမှ အမေ့ကို မော့ကြည့်လိုက်သည်။

အမေ့မျက်နှာက မြစိမ်းကိုကြည့်ကာ ဝမ်းနည်းကြေကွဲသည့်ပုံ ပေါ်နေသည်။

မျက်နှာလည်း မကောင်းသည်မို့....

"ဘာလဲ....အမေ"

မြစိမ်း မျက်နှာပျက်ပျက်နှင့်အမေး အမေက မြစိမ်းမျက်နှာကိုစိုက်ကြည့်ကာ မေးသည်။

"သမီးနဲ့ ဟိုဘက်အိမ်ကမောင်ဝေတို့ချစ်နေကြတယ်ဆို"

မြစိမ်း ဘာပြောရမှန်းမသိ၊ ခေါင်းငုံ့ကာ ငြိမ်နေမိသည်။

"ဖြစ်ပါ့မလား သမီးရယ်၊ နှစ်ဦးတို့က စွာကစွာနဲ့"

ကိုဝေနှင့်မချစ်ခင်က မာကျောသော မြစိမ်းနှလုံးသားတွေက ခုတော့....အလိုလိုပျော့ပျောင်းသွားရပြီမို့....

"နှစ်ဦးတို့ကစွာပေမယ့် ကိုဝေက သဘောကောင်းပါတယ် အမေရယ်"

"သမီးနဲ့ ကြိုက်နေတာ သဘောတူပါ့မလားအေ၊ မနုနုက ဂုဏ်မက်ပါဘိ"

"ကိုဝေကပြောတော့ သူ့သဘောတစ်ခုတည်းလို့ ပြောတာပဲ"

"အမေတော့ ရင်လေးတယ် သမီးရယ်"

အမေရင်လေးနေဆဲ တစ်ည ကိုဝေရောက်လာသည်။

ကိုဝေ့မျက်နှာမကောင်း၍ မြစိမ်း စိုးတထိတ်ထိတ်ဖြင့် လှမ်းမေးလိုက်မိသည်။

"ဘာဖြစ်လို့လဲ....ကိုဝေ"

"ကိုဝေ မပြောချင်ဘူး၊ ပြောရင် မြစိမ်း စိတ်ညစ်မယ်"

"ချစ်သူချင်းပဲ ကိုဝေရယ်၊ ကိုဝေစိတ်ချမ်းသာရင် မြစိမ်းလဲ စိတ်ချမ်းသာရမယ်၊ ကိုဝေစိတ်ဆင်းရဲရင် မြစိမ်းလဲစိတ်ဆင်းရဲရမှာပေါ့၊ ပြောပါ"





ကိုဝေကမပြောဘဲ မြစိမ်းမျက်နှာကို ငေးကြည့်နေပြီးမှ စိတ်ပျက်သလိုပြောလာသည်။

"ဒုက္ခပဲ....မြစိမ်းရယ်၊ မေမေတို့က ကိုဝေ့ကို မိန်းမပေးစားတော့မလို့တဲ့၊ သော်တာ့ကို မြစိမ်း သိတယ်မဟုတ်လား"

ကိုဝေတို့အိမ် မကြာခဏ လာတတ်သည်မို့ မြစိမ်း သော်တာ့ကို မြင်ဖူးနေပါသည်။

ရုပ်မလှသော်လည်း ပြင်နိုင်ဆင်နိုင်သည်။ ငွေကြေးချမ်းသာသည်။

သည်တော့ ဒေါ်နုနု တင်မက နှစ်ဦးနှင့်သစ်ထူးတို့ကပါ သော်တာများလာလျှင် ပျာယာခတ်နေကြသည်။

"ကောင်းတာပေါ့"

မြစိမ်း ဟန်လုပ်ကာပြောလိုက်ပေမယ့် အသံကအဖျားခတ်ကာ တုန်ယင်သွားသည်။

ဒေါ်နုနုတို့ နှစ်ဦးတို့ မြစိမ်းကို အမေပြောသလိုအနိုင်ယူကြတော့မည် ထင်သည်။

အေးလေ...မြစိမ်းကလည်း သူတို့သားကိုချစ်ခဲ့မိပြီကိုး.... မိန်းကလေးတွေ၏ဘဝ ကိုကဆိုးသည်။

ယောကျ်ားလေးတစ်ယောက်ကို မချစ်မိခင်မှာ ကိုယ်က အသာစီးရသလောက်....

တကယ်ချစ်မိပြီးနောက်မှာတော့ အရှုံးပေးရသည်သာ များတော့သည်။

မြစိမ်း အရှုံးပေးရတော့မှာလား....

"ကိုဝေတို့ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုလုပ်ရမှာလဲ ကိုဝေရယ်၊ ယူလိုက်ရုံပေါ့"

"ကိုဝေ မြစိမ်းကလွဲလို့ ဘယ်သူ့ကိုမှမယူနိုင်ဘူး၊မြစိမ်းကော"

"မြစိမ်းလဲ ကိုဝေ့လိုပါပဲ ကိုဝေရယ်၊ ဒါပေမယ့်... သူတို့က သဘောမတူတော့ ဘယ်လိုလုပ်ကြမလဲ"

"ဒီလိုလုပ်ရင် မကောင်းဘူးလား"

ကိုဝေက မြစိမ်းနားကိုကပ်ပြောသည်။

"အို....ဖြစ်ပါ့မလား"

မြစိမ်း ကိုဝေ့မျက်နှာကို အလန့်တကြား မော့ကြည့်လိုက်သည်။

"မြစိမ်းပဲ ကိုဝေ့ကိုမခွဲချင်ဘူးဆို"

မြစိမ်း ကိုဝေ့ကိုလှမ်းကြည့်လိုက်သည်။ ဇာတ်သက်မှာ တစ်ခါ တစ်ချစ်တည်း ချစ်ဖူးသူမို့ မြစိမ်း ကိုဝေ့ကို မခွဲပါရစေနဲ့....

မိုက်တယ်ဟုပင်ဆိုစေတော့ ထိုနေ့မှာပင် မြစိမ်း ကိုဝေ့နောက်ကို လိုက်ခဲ့တော့သည်။





ချစ်ဦးဝေ သူငယ်ချင်းအိမ်မှာနေဆဲ ချစ်ဦးဝေထံသို့ ကိုကိုအောင်လွင် လိုက်လာသည်။

"ကိုကို"

"ညီလေး"

ကိုကိုအောင်လွင်က ချစ်ဦးဝေကိုဖက်ထားသည်။

"ကျွန်တော် ဒီလိုမလုပ်လို့မဖြစ်တော့ဘူး ကိုကို၊ အိမ်က မိန်းမပေးစားတော့မယ်၊ ကျွန်တော်မယူနိုင်လို့ ထွက်လာတာ"

"မင်း....ဒုက္ခရောက်တော့မှာပဲ ညီလေးရယ်"

"ရောက်ပစေပေါ့ ကိုကို၊ မချစ်တဲ့သူနဲ့နေရပြီး စိတ်မချမ်းသာတာထက်စာရင် ချစ်သူနဲ့နေပြီး ဆင်းရဲတာက ပိုစိတ်ချမ်းသာဦးမယ်"

"ကိုကို.... မြစိမ်းနဲ့သဘောမတူလို့ ပြောတာမဟုတ်ဘူးနော် ညီလေး၊ မြစိမ်းက လိမ္မာရေးခြားရှိတဲ့မိန်းကလေးပါ၊ ဒါပေမယ့် အိမ်ထောင်တစ်ခုကို ရုတ်တရက် တည်ဆောက်တာမျိုးက အစ ဒုက္ခမရောက်ပေမယ့်နောက်ပိုင်းမှာ ဒုက္ခတွေ့တတ်တယ်"

"ကျွန်တော် ကြံ့ကြံ့ခံနိုင်ပါတယ် ကိုကို"

ချစ်စ ခင်စမို့ ချစ်ဦးဝေကိုယ်မှာ ချစ်အင်အားတွေပြည့်နေပေမယ့်....

ထိုအင်အားသည် တစ်သက်လုံး ပြည့်နိုင်မှာလား....

အထူးသဖြင့် အောက်ခြေမှလာသူမို့ မြစိမ်းက ခံနိုင်ရည် ရှိပေမယ့်....

စည်းစိမ်အပြည့်ဖြင့်နေလာသည့် ချစ်ဦးဝေက ဆင်းရဲခြင်း၊ မပြည့်စုံခြင်းဒဏ်တွေကို ရေရှည် ခံနိုင်ပါ့မလား။ ပြီးတော့ ချစ်ဦးဝေစိတ်ကပျော့ပျောင်းလွန်းသည်။ အောင်လွင် သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ညီလေးအကူအညီလိုရင် ကိုကို့ကိုပြောပါ၊ ရော့....ညီလေး"

အောင်လွင် ချစ်ဦးဝေကို ငွေတစ်ထောင်ထုတ်ပေးသည်။

"ဟာ....ရတယ် ကိုကို၊ ညီ့ဆီမှာ ငွေနှစ်ထောင်ပါလာတယ်"

"ယူထား....ညီလေး၊ လူပျိုဘဝမှာ ငွေမလိုအပ်ပေမယ့် အိမ်ထောင်သည် ဖြစ်လာရင်တော့ ငွေကအမြဲလိုနေမှာပဲ"

"အိမ်ကတော့ ကျွန်တော့်ကို ဒေါကန် နေမှာပဲနော် ကိုကို"

"အစတော့ ဒီလိုပေါ့ကွာ၊ နောက်တော့လဲ ပြေလည်သွားမှာပါ၊ ကဲ....ကိုကိုသွားမယ်"

ချစ်ဦးဝေ ကိုကိုအောင်လွင့်ကျောကိုငေးမောကြည့်ကာ ကျန်ရစ်ခဲ့သည်။





ကိုကိုအောင်လွင်ကပြောသည်။

အိမ်ထောင်တစ်ခုကို ရုတ်တရက်တည်ဆောက်တာမျိုးက အစ ဒုက္ခမတွေ့ပေမယ့် နောက်ပိုင်း ဒုက္ခတွေ့တတ်တယ်တဲ့။

သူ....ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားရမည်။

ကိုဝေ့ သူငယ်ချင်းအိမ်မှာ ဆယ်ရက်ခန့်နေပြီး မြစိမ်း အိမ်ပြန်အရောက်....

"မိုက်လှချည်လား သမီးရယ်၊ နင် မိုက်လှချည်လား"

အမေက မြစိမ်းကို ဖက်ကာငိုသည်။

ကိုယ့်ဘက်က သမီးပါနေပြီမို့ အဖေက ဒေါ်နုနုထံ အောက်ကျခံကာ ကလေးတွေကို တစ်ခုခုလုပ်ပေးဖို့ သွားပြောပေမယ့် ဒေါ်နုနုက ခါထုတ်သည်။

"ဒါကတော့ သူတို့ဘာသာသူတို့ လိုက်ပြေးကြတာ၊ မတတ်နိုင်ဘူး၊ သဘောလဲမတူဘူး၊ ဘာမှလဲ လုပ်မပေးနိုင်ဘူး၊ ချစ် အမွေဆိုတာကလဲ ကျွန်မ ထုတ်ပေးမှ ဖြစ်တာ၊ ကျွန်မ သဘောမတူလို့ ထုတ်လဲမပေးနိုင်ဘူး"

'ဒါတွေနဲ့မဆိုင်ပါဘူး အစ်မကြီးရယ်၊ အခုကိစ္စက သားသမီးချင်း စာနာပြီး...."

"အို....မစာနာနိုင်ပါဘူး၊ နဂိုကတည်းက သဘောမတူပါဘူးလို့ ပြောထားတဲ့ ဥစ္စာ"

မြစိမ်း အံကို တင်းတင်းကြိတ်လိုက်သည်။

ရက်စက်လိုက်တာ၊ သမီး မရှိတာ ကျနေတာပဲ....

မောင် အကြီး သိန်းက တစ်ဘက်အိမ်ကို ဒေါ်ပွသော်လည်း ကိုဝေ့ မျက်နှာကြောင့် ဘာမှ ဝင်မပြော....

ကိုဝေက မြစိမ်းကို အားပေးသည်။

"သူတို့ အသိအမှတ်မပြုလဲ ဘာဖြစ်လဲ မြစိမ်းရယ်၊ မြစိမ်းနားမှာ ကိုဝေရှိနေပြီပဲ"

ကိုဝေ တစ်မျက်နှာနှင့်ပင် မြစိမ်း ပတ်ဝန်းကျင်ကို ရဲရဲရင့်ရင့်ရင်ဆိုင်ခဲ့သည်။

အလုပ်မရသေး၍ ရရာအလုပ်ကို မြစိမ်း ဝင်လုပ်ရသည်။

မြစိမ်းမှာ ပါးစပ်တစ်ပေါက်မဟုတ်၊ ကိုဝေပါဆိုတော့ ပါးစပ်နှစ်ပေါက်....

မြစိမ်းက ပွဲရုံမှာ အရောင်းစာရေးအဖြစ် လုပ်ကာ....

ကိုဝေက ကားမောင်းသည်။

ခါတိုင်း ကြော့ကြော့မော့မော့နှင့် ဘာမှ အပူအပင်မရှိသလို နေတတ်သည့် ကိုဝေက အခုတော့ ကားမောင်းနေရ၍ မြစိမ်း လုံးဝ စိတ်မချမ်းသာ....

ဖြစ်နိုင်လျှင် မြစိမ်း ကိုဝေ့ကို ကိုဝေ့ မိဘတွေထက် မသာလျှင်တောင် မနိမ့်ကျအောင် ထားချင်ပါသည်။

သို့ပေမယ့် မြစိမ်းတို့မိသားစုက နဂိုကတည်းက ပြေလည်ကြသူတွေ မဟုတ်....





မြစိမ်းတို့အတွက် အဖေ ကြံဖန်လုပ်ပေးထားသည့် အခန်းက ကျဉ်းကျဉ်းလေးရယ်....

အခန်းကျယ်ကြီးဖြင့် နေလာခဲ့ရသည့် ကိုဝေ၊ ထိုအခန်းမှာ တာရှည်နေနိုင်ပါ့မလား....

အစ ပထမမို့ ကိုဝေ ဘာမှမပြောပေမယ့် စိတ်ပျက်နေသည့်ပုံစံက အထင်းသားကြီးပါ။

ဒါကြောင့်လည်း မြစိမ်း ကိုဝေ့ကို မေးလိုက်သည်။

"ဒီမှာ နေရတာ ကိုဝေ ကျဉ်းကျပ်နေလားဟင်"

"ရပါတယ်"

ကိုဝေ့ အသံက အေးစက်စက်။

ကိုဝေ မြစိမ်းကို စိတ်ပျက်နေပြီလား....

ဝမ်းနည်းအားငယ်စိတ်ဖြင့် ကိုဝေ့ကို မေးလိုက်သည်။

"ကိုဝေ မြစိမ်းကို စိတ်ပျက်နေပြီလား ဟင်"

"မြစိမ်းရယ်"

ချစ်ဦးဝေ မြစိမ်းကို တင်းကျပ်စွာ ဖက်လိုက်သည်။

အနေဆင်းရဲ၍ စိတ်ညစ်ရခြင်းမှ လွဲ၍ မြစိမ်းကို သူ ချစ်ပါသည်။

ကိုဝေ သည်လိုချစ်လေ အလုပ်ကို ပိုကြိုးစားရသူက မြစိမ်းပါ။

သူကိုယ်တိုင် ကျောင်းမတက်နိုင်ပေမယ့် ကိုဝေ့ကိုတော့ ကျောင်းမပျက်စေချင်ပါ၊ ကျောင်းဆက်တက်စေသည်။ အားချိန်မှ ကားမောင်းခိုင်းသည်။

"ကိုဝေ ကျောင်းပြီးမှ အလုပ်ရမယ် မဟုတ်လား၊ ကိုဝေပဲ တက်ပါ"

"မြစိမ်းကကော"

"မြစိမ်းက မိန်းကလေးပဲ မောင်ရယ်၊ မလိုပါဘူး၊ မောင် ဂုဏ်ရှိရင် မြစိမ်းဂုဏ်ရှိတာပဲပေါ့၊ မဟုတ်ဘူးလား မောင်"

"သိပ်လိမ္မာတဲ့ မောင့်မိန်းမ၊ ဒါနဲ့များ မြစိမ်းခက်လို့ ဘာလို့ နာမည်ပေးထားရတာလဲ၊ မောင့်အတွက် လိမ္မာတဲ့ မေ၊ မောင့် 'မြစိမ်းမေ' ဒီနာမည်လေး မကောင်းဘူးလား"

"ကောင်းတယ်"

"မောင့်သမီးရတော့ ခင်ကောင်းမေ၊ ကောင်းတယ် နော်"

"မောင့်သဘော"

"မြစိမ်း သဘောကကော"

"မောင့်ကို ချစ်လို့ မြစိမ်းယူထားမှတော့ မောင့်သဘောက မြစိမ်းသဘောပဲပေါ့ မောင်ရယ်"

"ချစ်တယ် မြစိမ်းရယ်"

မောင့်အထွေးအပွေ့၊ အနမ်းအရှိုက်တွေကြားမှာ မြစိမ်း ပင်ပန်းသမျှတွေ ပြေပျောက်ရသည်။





ခါတိုင်း မြစိမ်းကြိုးစားမှုသည် မြစိမ်းမိသားစုအတွက် ဖြစ်ပေမယ့်....

အခုတော့ မောင့်အတွက် ချစ်သော မောင့်အတွက်....

မောင် ကောင်းကောင်းစားရဖို့၊ မောင် ကောင်းကောင်း ဝတ်ရဖို့၊ မောင် ကျောင်းနေဖို့ မြစိမ်းလက်တွေက ဇယ်ဆက်သလိုပါ။

ပွဲရုံမှပြန်လာလျှင် မြစိမ်း စက်ချုပ်ရသေးသည်။

နှစ်ယောက်တည်းပင် မပြေလည်သေး၍ မြစိမ်းကလေး ယူဖို့လည်း မကြိုးစားမိပါ။

မောင့်ဘဝပြည့်စုံမှ မြစိမ်းဘဝ ပြည့်စုံမည်ဟု မြစိမ်းခံယူထားသည်မို့....

မောင်လေးတွေ မကျေနပ်သည့်ကြားမှ မောင့် အတွက် အသက်ရှင်နေခဲ့သည်။

လှုပ်ရှားနေခဲ့သည်။

မြစိမ်း တစ်ဘက်မှ ပင်ပန်းစွာ မောင့်အတွက် ရှာဖွေနေချိန် မောင်ကတော့ ဘယ်အချိန်က သူ့အိမ်နှင့် ဆက်မိသွားသည် မသိ။

မြစိမ်း ရှိစုမဲ့စုပိုက်ဆံဖြင့် ဟင်းကောင်းလေးတွေချက်ကာ ကိုဝေ့ကို ထမင်းစားစောင့်ခေါ်မယ် ကိုဝေမစားတာ ကြာပါပြီ....

သူ့အိမ်မှာပဲစား၊ သူ့အိမ်မှာပဲ အနေများလာ၍ မြစိမ်း ကိုဝေ့ကို ပြောလိုက်မိသည်။

"ကိုယ့်မှာ မိန်းမရှိသေးတယ်ဆိုတာ သတိရသေးရဲ့လား ကိုဝေရယ်"

"သတိရလို့သာ ပြန်လာနေတာပေါ့၊ သတိမရရင် ပြန်တောင်မလာဘူး"

ကိုဝေ လေသံက မာကျောလှသည်။ မြစိမ်း အဖေတို့ အမေတို့ကြားမှာစိုး၍ အသံကိုနှိမ့်ရင်း....

"ကိုဝေ....ကားလဲမကောင်းတော့ဘူးဆို"

မြစိမ်းနှင့်ယူပြီးကာစက ကိုဝေပိုက်ဆံမှန်မှန် အပ်ပေမယ့် ယခုတော့ ကိုဝေ့ဆီက တစ်ပြားတစ်ချပ်မှ မရတော့ပါ။

"ဟုတ်တယ်....မေမေက မမောင်းနဲ့ ပင်ပန်းတယ်၊ သူ ကျွေးမယ်တဲ့"

"သူ ကျွေးထားရအောင် မြစိမ်းက မောင့်ကို မကျွေး ထားလို့လား မောင်ရယ်၊ မြစိမ်းတို့လဲ ကျွေးနေတာပဲ မဟုတ်လား၊ ဒါပေမယ့် မိန်းမ ယူထားတဲ့ ယောကျ်ား တစ်ယောက်ဟာ မိန်းမကိုရှာကျွေးဖို့ဆိုတဲ့တာဝန်တော့ သိ ထားရမယ် မောင်၊ အဖေနဲ့အမေကို မြစိမ်းအားနာတယ်"

သမီးဖြစ်သူ စိတ်မချမ်းမြေ့မှာစိုး၍ အဖေကော အမေ ပါ ဘာမှ မပြောကြပေမယ့် ကိုဝေကိုတော့ မကျေနပ်ကြ မှန်း သိသာလှပါသည်။





ကိုဝေက အိပ်နေရာမှ ရှူးရှူးရှားရှားထရင်း....

"ဒီလိုဆိုလဲ မင်း ငါ့ကို ဘာလို့ယူထားသေးလဲ၊ မင်း ဘကိုအားနာသလို၊ ငါလဲ ငါ့မိဘကိုအားနာတာပဲ၊ သူတို့ ချော ငါ့ကြောင့် ဘယ်လောက် မျက်နှာပျက်လဲ"

"တိုးတိုးပြောပါ မောင်ရယ်"

အဖေတို့အမေတို့ မောင်လေးတို့ကြားမည်စိုး၍ မြစိမ်း ားပေမယ့် ကိုဝေက အော်ကြီးဟစ်ကျယ်နှင့်....

"မတိုးနိုင်ဘူးကွာ....မတိုးနိုင်ဘူး၊ မင်း....မကျေနပ်ရင် ကွာ"

ပြောပြောဆိုဆို ကိုဝေ အိမ်ပေါ်မှ ဆင်းသွားတော့ ည်။

မြစိမ်း ငိုရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့....!

မြစိမ်းမှာ ချစ်ဘဘ်သည့်အင်အားမှလွဲ၍ ဘာကိုမှပေး ပ်စရာ မရှိပါ။

ကိုဝေတို့ အိမ်မှာတော့....

"စားနော်....သား၊ ငါ့သားလေးကြည့်ရတာ စိတ်ဆင်း လို့နဲ့တူတယ်၊ ပိန်လိုက်တာ၊ အားဆေးလဲ သောက်ဦး"

"ဟုတ်တယ် ကိုကို၊ သော်တာကတောင် ကိုကို့ကိုတွေ့ ာ့ အံ့ဩလို့တဲ့"

"သူ့ကိုယူရင် ကိုကို ဒီလိုဖြစ်မှာမဟုတ်ဘူးနော်"

ပြောပါများတော့ စကားအောင်သလို ကိုဝေ မြစိမ်းတို့အိမ်ထက် သော်တာတို့အိမ်သာ ခြေဦးလှည့်တော့သည်။

သိန်းကဆို ကိုဝေ့ကို တွေ့တိုင်း ထိုးမည် ကြိတ်မည်တကဲကဲ။

ကိုဝေ့ကြောင့် သူ့အစ်မ ပန်းကောင်းအညွန့် ကျိုးရသည် မဟုတ်လား။

"အစ်မက လွန်လွန်းပါတယ်၊ ယောကျ်ားဗျ၊ လျှာအရိုးမရှိတိုင်းဖြီးမှာပဲ၊ လိမ်မှာပဲ၊ ဒါကို အစ်မကယုံပြီး အစ်မကို တကယ်ချစ်နေတယ် ထင်နေတာ မဟုတ်လား"

"တော်ပါတော့ သိန်းရယ်၊ ပြောမနေနဲ့တော့၊ ပြောလို့လဲ ကွဲလို့ကွာလို့ ဖြစ်တာမှ မဟုတ်တာ၊ မိန်းမဆိုတာ တစ်လင်ကတစ်လင်ပြောင်းလို့ ကောင်းတာ မဟုတ်ဘူး၊ မောင်ဝေကိုတွေ့ရင်သာ ချော့မော့ခေါ်ခဲ့စမ်းပါ"

အမေ့ မှာစကားကြောင့် ကိုဝေ ပြန်ရောက်လာသည်။

မြစိမ်းနှင့်ပေါင်းနေပေမယ့် ကိုဝေ့ပုံစံက စိတ်မပါတော့သလိုပါ....

မြစိမ်း ပြုံးလိုက်မိသည်။

မြစိမ်းတို့ လိုက်ပြေးပြီး ပြန်ရောက်လာကာစက အဖေတို့အမေတို့ကို ကန်တော့ကြသည်။

အဖေနှင့်အမေက မြစိမ်းနှင့် ကိုဝေ့ကိုကြည့်ကာ ဆုပေးကြသည်။

အိုအောင် မင်းအောင် ပေါင်းသင်းရပါစေတဲ့....

ယခု အိုတောင်မအိုသေး၊ ကိုဝေ မြစိမ်းဆီက ပြေးထွက်ချင်နေပြီ....

အတူတူနေကြပေမယ့် ဝေးကွာသလိုခံစားနေရသည်။

တစ်နေ့ မြစိမ်း အလုပ်မှအပြန် မမျှော်လင့်ဘဲ ကိုကိုအောင်လွင့်ကို တွေ့လိုက်ရသည်။

"မြစိမ်း မဟုတ်လား"

"ကိုကို အောင်လွင်"

မြစိမ်း ကိုကိုအောင်လွင့်ကို ကြည့်ကာ မျက်ရည်များ ကျလာသည်။ သူ ကိုကိုအောင်လွင့်ကို တွေ့ချင်နေခဲ့သည်မှာ ကြာပါပြီ။

"ချစ်ကော"

မြစိမ်း အကြောင်းစုံကို ပြောပြလိုက်သည်။

"ဒါဆို...မြစိမ်း ဒီလိုနေလို့ ဘယ်ဖြစ်မလဲ၊ ကိုယ့်ယောကျ်ားကို အချိန်မီ ပြုပြင်လို့ရအောင် မြစိမ်း အိမ်ခွဲနေ၊ ဒါမှ သူလဲ သူ့အိမ်နဲ့ ဝေးသွားမယ်၊ ချစ်အကြောင်း ကိုကိုသိတယ်၊ ချစ်ဟာ သိပ်စိတ်ပျော့တယ်၊ ဆွဲဆောင်ရာကို အလွယ်တကူ ပါတယ်၊ ယုံလွယ်တတ်တယ်၊ အိမ်ခွဲနေ"

အိမ်ခွဲနေရအောင် မြစိမ်းမှာ အပို ပိုက်ဆံမရှိပါ။

အောင်လွင် မြစိမ်းကို နားလည်စွာ ကြည့်ရင်း....




ဝိုင်းစာပေ

"ကိုကိုတို့မှာ အိမ်ပိုတစ်လုံးရှိတယ်၊ မြစိမ်းတို့ အဲ့ဒီမှာ သွားနေ"

ချစ်နှင့် ပတ်သက်လာတော့လည်း မြစိမ်းကိုပါ အောင်လွင် သံယောဇဉ်တွယ်မိသည်။

ချစ်လုပ်ခဲ့သည်ကလည်း လမ်းလွဲနေသည် မဟုတ်လား...

"ကိုကိုလဲ သူ့ကို ပြောပါဦး"

"အေး....ကိုကို ခုပဲ သွားမယ်၊ သူဘယ်မှာလဲ"

"သူတို့အိမ်မှာပဲ ရှိမယ် ကိုကို"

* * *



## အခန်း (၁၄)

ကိုကိုအောင်လွင့်ကျေးဇူးကြောင့် စမ်းချောင်းရှိ အိမ်လေး တစ်လုံးဆီသို့ မြစိမ်းတို့ ပြောင်းလာဖြစ်သည်။

အဖေတို့ အမေတို့ကတော့ မြစိမ်းကို လုံးဝ မပြောင်းစေ ချင်ပါ။

"ညည်းယောကျ်ားက တို့ရှေ့မှာတောင် မွေဖောက်ချင် နေသေးတာ၊ တို့ကွယ်ရာဆို ပိုဆိုးမှာပေါ့ မြစိမ်းရယ်၊ မပြောင်းချင်ပါနဲ့"

"ဟုတ်တယ်အစ်မ၊ သူ ဟိုကောင်မနဲ့ စုံတွဲ ခုတ်နေတာ ကျွန်တော်တို့ တွေ့တယ်"

သိန်းနှင့် ဟိန်းကလည်း ဝင်ပြောသည်။ မြစိမ်း ခေါင်းခါလိုက်သည်။

ဒါကလည်း အနေနီးလို့ပါ။ အနေဝေးသွားတော့ ကိုဝေမေ့သွားမှာပါအတွေးနှင့် မြစိမ်း ဇွတ်ပြောင်းလာခဲ့သည်။

ပြောင်းလာစတည်းက ကိုဝေ့ မျက်နှာက မကြည်ပါ။

မြစိမ်း သိပါသည်။

သို့ပေမယ့် မသိဟန်ဆောင်ကာ နေခဲ့သည်။

အိမ်ခွဲလိုက်၍ ပိုကောင်းလာမလား၊ မြစိမ်း တွေးမိပေမယ့် ပိုလို့သာ ဆိုးရွားလာသည်။

ကိုဝေ မြစိမ်းဆီကို လုံးဝမလာတော့ပါ။

သည်တော့လည်း မြစိမ်း မတင်းနိုင်ပါ။ ချစ်မိပြီ မဟုတ်ပါလား။ မောင် တွေဆီမြေးရသည်။

ကိုဝေကို ရှာခိုင်းရသည်။

"တွေ့ခဲ့လား သိန်း"

မောမောပန်းပန်းဖြင့် ပြန်လာသူကို မြစိမ်းမျှော်လင့်ကြီးစွာ လှမ်းမေးလိုက်သည်။

သိန်းက အိမ်ကပြင်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း ဒေါပွပွဖြင့် ပြောသည်။

"မတွေ့ခဲ့ပါဘူး အစ်မရယ်၊ ရှာမနေပါနဲ့တော့၊ မတွေ့ချင်လို့ ပုန်းနေတဲ့လူကို ရှာတော့ကော မစိမ်း ဘာလုပ်လို့ ရမှာလဲ"





မြစိမ်း ဘာလုပ်လို့ ရမှာလဲ၊ ဟုတ်လား....

မြစိမ်း ရင်ထဲမှ တီးတိုး ရေရွတ်လိုက်သည်။

ဘာလုပ်ရမလဲဆိုတော့ မြစိမ်းတွေ့ချင်တာပေါ့။

ကိုဝေဟာ မြစိမ်းရဲ့ လင်ယောကျ်ားပဲ။

သည်နေ့ဆို ကိုဝေ မြစိမ်းဆီကို ပြန်မလာသည်မှာ နှစ်လကျော်ခဲ့ပါပြီ။

ခါတိုင်းလည်း သွားနေကျပေမယ့် လေးငါးဆယ်ရက်ဆို ပြန်လာနေကျ။

ယခုတော့ လချီပြီးတောင် ကြာမြင့်ခဲ့ပါပြီ။

"နင်....သူ သွားနေကျ နေရာတွေ လိုက်မရှာဘူးလား သိန်းရယ်"

"ရှာလိုက်သမှ တွေ့တဲ့လူတိုင်းက သိန်းကိုမြင်တာနဲ့ ကိုဝေ့ကိုရှာမှန်းသိလို့ သူတို့ဆီမလာဘူးလို့ ကြိုကြိုအော်နေကြပြီ"

သိန်းမျက်နှာက ဒေါသနှင့်အတူ နီမြန်းနေသည်၊ အစ်မကိုသနား၍ ရှာပေးနေပေမယ့်....

ကိုဝေ့သတင်းတွေ သူတို့ ကြားပြီးသား။

နောက်ထပ် အသစ်တစ်ယောက်နှင့် ပေါ်ပေါ်ထင်ထင်တွဲနေသည့်အဖြစ်ကိုလည်း မြင်ပြီးသား။ ဒါပေမယ့် အစ်မဖြစ်သူကို ဘယ်လိုပြောရက်ပါ့မလဲ၊ မပြောရက်တော့လည်း....

"မေ့လိုက်စမ်းပါ မစိမ်းရာ၊ ဒီလိုကောင်မျိုးပေါင်းဒေ တော့ကော ဘာထူးမှာလဲ"

ဘာမှမထူးမှန်း မြစိမ်းသိပါသည်။ ဒါပေမယ့် မြစိမ်း စရိုက်က လွယ်လွယ်နှင့်မချစ်တတ်သလို လွယ်လွယ်နှင့် မုန်း လို့မရတာ၊ မေ့လို့မရတာ၊ ဘယ်လိုလုပ်ရမလဲ....

မျက်ရည်ပေါက်ပေါက်ကျနေသော အစ်မကိုကြည့်ကာ သိန်းကစိတ်ပျက်သလို ခေါင်းခါရင်းပြောသည်။

"အစ်မ အဲလို ငိုပြလေ သူက မလာချင်လေ နေမှာ ပေါ့ မစိမ်းရ၊ ယောက်ျားဆိုတာ လိုက်ရင်ပြေးတယ်အစ်မ ရေ၊ အစ်မ အလျင်တုန်းကလိုပြေးပါလား၊ သူ လိုက်လာ လိမ့်မယ်"

"သိန်းရယ်"

မြစိမ်း နှုတ်ခမ်းကိုကိုက်ကာ ခေါင်းကို ငုံ့လိုက်သည်။ သိန်းပြောတာ အလျင်တုန်းက မြစိမ်းပါ။

ယောက်ျားဆို ဘယ်ယောက်ျားမှ စိတ်မဝင်စားဘဲ စာကိုသာ အပတ်တကုတ် ကြိုးစားခဲ့သည့် မြစိမ်း။

ကိုယ့်မိသားစု တိုးတက်ရေးမှလွဲလို့ ဘာကိုမှ စိတ်ဝင် စားရကောင်းမှန်း မသိခဲ့သည့် ကောင်မလေး မြစိမ်း။

ယခု မြစိမ်းက ကိုဝေဆိုသည့် ပင့်ကူအိမ်မှာ ရုန်းမရ ထွက်မရ ငြိတွယ်နေမိသည့် မြစိမ်း။





"ရုန်းထွက်လိုက်ပါလား မစိမ်းရာ"

သိန်းမျက်လုံးတွေက သည်အပြောတွေနှင့် စိမ်းကို ငေး ကြည့်နေပေမယ့် စိမ်းမှာ ရုန်းထွက်နိုင်လောက်အောင် အင် အား မဲ့နေခဲ့ပြီ။

ယခင်က စိမ်းမျက်လုံးတွေက မာနဖြင့် တောက်ပြောင် ခဲ့ပေမယ့်....

ယခုတော့ လွမ်းရဆွေးရ တမ်းတရလွန်း၍ မှေးမှိန်လို့ နေခဲ့ပါပြီ။

"ဒါနဲ့ အလျင်တုန်းက မစိမ်းပြောတော့ အစ်မစိတ်က သိပ်မာဆိုဗျ၊ အခု အဲဒီစိတ်တွေ ဘယ်ရောက်ကုန်လဲ"

ပြောတော့ သိန်းရယ်၊ ပြောတော့။စိမ်းစိတ်တွေ ပြောင်း လွဲတာ ကြာခဲ့ပြီပဲ။

သည့်မတိုင်ခင်က မြစိမ်းဆိုသည်မှာ မြစိမ်းရောင် စံပယ် ဖူးလေးလို ဖူးရွကာ အပြစ်အနာကင်းပြီး နှင်းဆီပန်းလေး ဆူးတွေရံသလို မာနကြီးလွန်းခဲ့သူ။

ညီအစ်ကို မောင်နှမတွေအတွက် စံပြ ဖြစ်စေခဲ့သူ၊ နမူနာ ယူစေခဲ့သူ။

ယခု စိမ်းကတော့ ထိုစိမ်းနှင့် ဆန့်ကျင်စွာ ငိုကြွေးနေရ သူ။

အဖေအမေနှင့်တကွ မောင်တွေပါ စိတ်ပျက်နေရသူ။

ဖြစ်နိုင်လျှင် စိမ်းသေလိုက်ချင်သည်။ စိမ်းသေမှ အဖေတို့ အမေတို့လည်း စိမ်းအတွက် စိတ်မဆင်းရဲရတော့။ ကိုဝေ့ကို မျှော်လင့် စောင့်စားနေရသည့် အဖြစ်လည်း မရှိတော့။

စိမ်း သည့်လိုစိတ်တွေ ဖြစ်ပေါ်နေမှန်းသိတော့ အဖေတို့ အမေတို့က စိမ်းကို သူတို့အိမ်မှာ ပြန်ခေါ်ထားကာ စောင့်ကြည့်နေကြသည်။

နှုတ်မှ ဖွင့်မပြောပေမယ့် မျက်လုံးလေးများဖြင့် စိမ်းကို အရိပ်အကဲ ကြည့်နေသည့်အဖေနှင့် အမေကိုကြည့်ကာ စိမ်း အော်ငိုချင်လာသည်။

အဖေတို့အမေတို့ကို စိမ်း သည်လိုမဖြစ်စေချင်ပါ။

စိမ်းဖြစ်စေချစ်သည်က တော်လွန်းသည့် စိမ်းကို အားကျစိတ်ဖြင့် ချီးကျူးစိတ်ဖြင့် ငေးမောကြည့်နေစေချင်တာ။

"အဖေလာနေပြီ မစိမ်း"

အဖေလာ နေပြီဆိုတော့ စိမ်းမျက်ရည်ကို ကမန်းကတမ်း သုတ်ပစ်လိုက်သည်။

သူ ငိုနေသည်ကို အဖေမမြင်စေလိုပါ။

သူ့ကြောင့် အဖေစိတ်မဆင်းရဲစေလိုပါ။

စိမ်း ခေါင်းငုံ့နေဆဲ အဖေက သိန်းကို လှမ်းမေးသည်။

"တွေ့ခဲ့လား သိန်း"

"ထုံးစံအတိုင်းပဲ အဖေ"

အဖေ မျက်နှာ ညှိုးသွားသည်။ အိမ်အတွင်းသို့ပင် မဝင်ပဲ အပေါက်ဝမှာ ရပ်နေပြီးမှ....





"အေးလေ....သူက အသာစီး ရသွားမှာကိုး"

ခပ်လေးလေးကြီးပြောကာ အဖေ အိမ်တွင်း ဝင်လာသည်။ ပြုံးမယောင် မိုးလို ညှိုနေသည့် အဖေ့မျက်နှာကိုကြည့်ကာ စိမ်း ဟန်မလုပ်နိုင်တော့။

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ အိပ်ခန်းတွင်းကို ပြေးဝင်လာမိတော့သည်။

ဟုတ်တာပေါ့၊ အဖေပြောသလို သူအသာစီး ရသွားမှာပဲ။ စိမ်းကို သူနိုင်သွားမှာပဲ။ ခံပေတော့ စိမ်း။

ငိုရင်းငိုရင်း စိမ်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ အံကို တင်းတင်း ကြိတ်လိုက်မိတော့သည်။

* * *

## အခန်း (၁၅)

ညအမှောင်က စိမ်းကို စိမ့်ခေါ်နေသည်။

ညနေပိုင်းတည်းက စိမ်းဆုံးဖြတ်ပြီးပါပြီ။

သူ့အိမ်မှာ မနေလိုတော့။ ကိုဝေက သူ့ကို ကွာရှင်းခွင့်ပင် တောင်း၍ ပေးခဲ့ရပြီ မဟုတ်ပါလား။ အဖေတို့အမေတို့ကိုလဲ ဒုက္ခမပေးလိုတော့။

သည်တော့ စိမ်း ဘာလုပ်ရမလဲ။

ဝေးရာကို သွားတာက အကောင်းဆုံး မဟုတ်လား။

တစ်ချိန်က တက်ကြွမှုဖြင့် သွက်လက်ခဲ့သော စိမ်း ခြေလှမ်းတွေက ခုတော့ လမ်းပင် အနိုင်နိုင်လျှောက်နေရသည်။

စိမ်း အိပ်မရသည်မှလည်း ကြာပါပြီ။ စားမရသည်မှာသည်း ရက်တွေမရေတွက်ချင်တော့။

စိုင်းစာပေ

ယခင်သွယ်သော စိမ်းကိုယ်လုံးက ယခုတော့ စက္ကူရွက်လေးတစ်ရွက်လို ပါးလှပ်လှပ်။

စိမ်းမိုက်သည်။

သိပ်မိုက်သည်။ တကယ်လို့ ကိုဝေ့ကိုသာမချစ်ဘဲ ကိုယ့်ဘဝကိုယ် ရည်ရွယ်ချက်မြင့်မြင့်ဖြင့် ဆက်လျှောက်ပါက စိမ်းခုလို ဖြစ်မလား။

စိမ်း နားယောင်ခဲ့သည်။ မိုက်မဲခဲ့သည်။

စိမ်းလိုလူမိုက် သည်လောကမှာ မရှိမှအေးမည်၊ ထိုအတွေးဖြင့် လမ်းကိုဖြတ်အကူး....

"ကျွီ"

"ဟာ"

"ဒုန်း"

ကျယ်လောင်သော ကားတရိုတ်အုပ်သံနှင့်အတူ စိမ်းကိုယ်လေးမြောက်တက်ကာ ပလက်ဖောင်းပေါ် ပစ်ကျသွားသည်။

ခြေထောက်ဆီမှပြင်းပြသော နာကျင်မှုကိုသာ သတိရပြီး နောက်မှာတော့ ကိုဝေ့ကိုသာမက စိမ်းပတ်ဝန်းကျင်လောကတစ်ခုလုံးကို မေ့လျော့သွားရတော့သည်။

* * *





"သတိရပြီလား"

စိမ်း သတိရလာသည့်အချိန် စိမ်းကို အသက်လေးဆယ်ကျော်ခန့်ရှိ ဖြူဖြူချောချော ခံ့ခံ့ညားညားလူကြီးတစ်ဦး ကြည့်နေကြောင်း စိမ်းသိရသည်။

သူ့ဘေးကိုအကြည့် စိမ်း အံ့သြသွားသည်။

"လှကျော်"

"ဟုတ်တယ်....မြစိမ်း၊ နင့် တိုက်မိတာ ငါ့ သူဌေးကားနဲ့ တိုက်မိတာ၊ အခု နင်ရောက်နေတာ အင်းလျားလမ်းထဲမှာ...."

"အား....ကျွတ်....ကျွတ်"

နေရာမှအထ ခြေထောက်ဆီမှပြင်းပြသော နာကျင်မှုက စိမ်းရင်ထဲ အသည်းထဲတိုင် ပျံ့နှံ့စေသည်။

"မထနဲ့လေ....သမီး၊ သမီးခြေထောက်ကျိုးသွားတယ်"

"အို"

မြစိမ်းပါးပေါ် မျက်ရည်များ စီးကျလာသည်။ ခြေထောက်ကျိုးရုံတင်မကဘဲ သေသွားလိုက် ပါတော့လား၊ ယခုတော့ သူများကို ဒုက္ခပေးဖို့ ဖြစ်ရပြန်ပြီ။

"ဘာမှ စိတ်အားမငယ်နဲ့ သမီး၊ သမီးကို ဦး အားလုံး တာဝန်ယူပါတယ်"

တာဝန်ယူပါတယ်ဆိုမှ မြစိမ်း ပိုမျက်ရည်ကျလာသည်။

တကယ် တာဝန်ယူရမည့်သူက ကိုဝေ။

ခတော့ သူကတာဝန်မဲ့စွာ မြစိမ်းနှင့်အဝေးမှာရောက်
လေးတ
သည်။
စိမ်းမ
သိပ်မုံ့းမိကာ မျက်ရည်အကျ....
မြစိမ်း"
ဘဝကို "ဟင်"
ခုလို

မြစိမ်း လှကျော်မျက်နှာလို လှမ်းကြည့်လိုက်သည်။

"ငါ စိတ်မကောင်းပါဘူး"

"ငါ့ကုသိုလ်နဲ့ငါပေါ့ဟယ်"

လှကျော် သက်ပြင်းချလိုက်သည်။ သူ...ရန်ကုန်ရောက်ကတည်းက မြစိမ်းသတင်းတွေ ကြားပြီးပါပြီ။

သူ ဘာတတ်နိုင်မလဲ။

သူ ပေးခဲ့သည့် ပန်းဖြူဖြူလေးလို သူ ဖြူစင်သော မေတ္တာကိုပဲ မြစိမ်းကို ပေးနိုင်တော့မည်။

"ငါ...ဘာကူညီရမလဲဟင်"

မြစိမ်း သူ့ ရင်ဘတ်ထဲမှ သော့ လေး တစ် ချောင်းကို လှကျော်ကို လှမ်းပေးလိုက်သည်။ အိမ်သော့ပင်။

"ဒါကို လူတစ်ယောက်ဆီ သွားပေးပါ လှကျော်"

"နာမည် ဘယ်သူလဲဟင် ...မြစိမ်း

"ကိုအောင်လွင်တဲ့၊ ငါ လိပ်စာရေးပေးလိုက်မယ်"

ကိုကိုအောင်လွင်က စေတနာနှင့် အိမ် ပေးခဲ့ပေမယ့် သည်အိမ်မှာနေဖို့ရာ မဖြစ်တော့ပြီ။

"ငါ ဆက်ဆက်သွားပေးပါ့မယ်ဟာ"





"ငါ ဒီလိုဖြစ်တာ အိမ်ကိုလဲ မသိစေချင်ဘူး လှကျော်ရယ်"

"ငါ မပြောပါဘူး၊ ကတိပေးပါတယ်"

ထိုနေ့ ညနေဘက်တွင် ကိုကိုအောင်လွင် မြစိမ်းထံရောက်လာသည်။

"ဘယ်လိုဖြစ်တာလဲ မြစိမ်းရယ်"

မြစိမ်း နှုတ်မှမဖြေတော့ပါ၊ အေးစက်သော အပြုံးသာ ပြုံးပြနိုင်တော့သည်။

"ကိုကို ဒီကောင့်ကိုရှာတယ်၊ သူ ကိုကို့ကို အတွေ့မခံဘူး"

"မြစိမ်း ကုသိုလ်ပေါ့ ကိုကိုရယ်"

မချိပြုံးလည်း မြစိမ်း ပြုံးတတ်ပါပြီ။ ခုချိန်မှာတော့ မြစိမ်း ဘာကိုမှ မမျှော်လင့်တော့ပါ။

လှကျော်၏ ဖေးမမှုရယ်၊ သူ့ဘူဌေး၏ ကူညီမှုရယ်၊ ကိုကိုအောင်လွင်၏ စောင့်ရှောက်မှုရယ်ဖြင့် နှစ်လဟူသည့်အချိန်များကို ကျော်ဖြတ်ဆဲ....

တစ်နေ့ မြစိမ်းဆီ မြစိမ်း မမျှော်လင့်သည့်လူတစ်ယောက် ကိုကိုအောင်လွင်နှင့်အတူ ပါလာသည်။

"မြစိမ်း"

"အို"

မြစိမ်း မျက်ဝန်းမှာ မျက်ရည်တို့ပြည့်ခဲ့ပါသည်။

"မောင် မှားပါပြီ မြစိမ်းရယ်"

ကိုဝေက မြစိမ်းကို ဖက်ကာ ငိုကြွေးသည်။ မြစိမ်း ဘာပြောရမှာလဲ၊ ကွာချင်တော့လဲသူ၊ ပေါင်းချင်တယ် ဆိုတော့လဲသူ၊ မှားတယ်ဆိုတော့လဲသူ....

မြစိမ်း နားမလည်နိုင်စွာ မောင့်ကို ငေးစိုက်ကြည့်နေဆဲ မောင်က မြစိမ်းလက်ကိုကိုင်ကာ ခပ်တိုးတိုးပြောသည်။

"မောင့်ကို ခွင့်လွှတ်ပါ"

မောင့်ကို စချစ်ကတည်းက အမုန်းမရှိသည့်အချစ်ဖြင့် ချစ်ခဲ့သည့် မြစိမ်း၊ ခုလို မောင်က တောင်းပန်လာသည်ဆိုတော့ ဝမ်းသာရုံကလွဲ၍ ဘာကိုမှ မပြောနိုင်ပါ။ ပြီးတော့ မြစိမ်းက မိန်းကလေး၊ တစ်လင်က နှစ်လင်မပြောင်းချင်တော့ပါ။

"မောင်ခလေ...မောင်....မြစိမ်းကိုပဲ ချစ်ပါတော့မယ်"

အချစ်နှင့် ပတ်သက်လျှင် မိန်းမတို့၏ စိတ်သည် ပျော့ညံ့သည်၊ ယုံလွယ်သည်။

ဒါသည်ပင် မြစိမ်း၏အမှားပေပဲလား။





"မောင် ဒါ မြစိမ်းကို စောင့်ရှောက်နေတဲ့ မြစိမ်း သူငယ်ချင်း လှကျော်"

"ဟုတ်ကဲ့....တွေ့ရတာ ဝမ်းသာပါတယ် ကိုလှကျော်"

"ဒါက ဦးသိန်းမိုးတဲ့၊ ကိုလှကျော်ရဲ့ သူဌေး"

"ဟုတ်ကဲ့....အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် မြစိမ်းကို ပြန်ခေါ်သွားပါရစေ၊ ကျွန်တော့် မိန်းမကို ကျွန်တော် ပြန်ပြုစုပါရစေ"

"ဒါဆို ရော့....အိမ်သော့"

"နေပါစေ ကိုကိုရာ၊ ချစ် ဘာသာပဲ ငှားနေပါတော့မယ်၊ ချစ် ဒီလောက်တော့ တတ်နိုင်နေပါပြီ"

မောင့်အစီအစဉ်နှင့်ပင် ဗဟန်းတွင် အိမ်လေးတစ်လုံး ငှားဖြစ်သည်။

ခုတော့လည်း မြစိမ်းဘဝ ပြန်လည်သာယာလာပြန်သည်။ မြစိမ်း မိတ်တွေနှင့် မောင့်တွေကတော့ ကိုမဝနှင့် ပြန်ပေါင်းနေသည့် မြစိမ်းကို လုံးဝစကားမပြောတော့ပါ၊ အဆက်အဆံ မလုပ်ကြတော့ပါ၊ မိုက်လွန်းသည့် သမီးအတွက် ဒေါ်ပွကာ အိမ်ပင် ပြောင်းသွားကြပါပြီ။

သည်တစ်ခါ ပြန်လာပြီးကတည်းက မောင်တစ်ယောက် ငြိမ်ချက်သား ကောင်းနေသည်။

မြစိမ်းအနားက တစ်ဖဝါးမှ မခွာ။

မောင် သော်တာနှင့် ဘာတွေ ဖြစ်ခဲ့လဲ၊ မြစိမ်းသိချင်ပေမယ့် မမေးခဲ့ပါ။

မြစိမ်းဘဝလေး ပျက်စီးမှာ စိုးသည်။ မြစိမ်း မောင့်ကို ချစ်သည် မဟုတ်လား။ မြစိမ်း ပြန်လည်စိတ်မဆင်းရဲချင်တော့ပါ၊ မောင့်ကို ချစ်နေရလျှင်ပင် မြစိမ်း ကျေနပ်နေပါပြီ။

"မောင်ရယ်၊ မောင်နဲ့တွေ့မှ မြစိမ်းက ခြေထောက်ကျိုးနေရတယ် ရယ်လို့၊ မြစိမ်း မောင့်ကို အားနာတယ်"

"ဘာမှ အားနာစရာ မလိုဘူး၊ မောင် မြစိမ်းကို ပြုစုဖို့ ကောင်မလေး တစ်ယောက်ရှာမယ်"

တစ်ပတ်ခန့်အကြာ မြစိမ်းတို့ အိမ်ကို ဖြူဖြူဝဝနှင့် လှလှဆိုသော ချစ်စရာ ကောင်မလေးတစ်ယောက် ရောက်လာသည်။

သွက်လက်ဖျတ်လတ်စွာ လုပ်တတ်ပြီး အိမ်မှုကိစ္စ နိုင်နင်းသူမို့ မြစိမ်း စိတ်ချမ်းသာရသည်။

"ကဲ....မြစိမ်း၊ ကျေနပ်ပြီလား"

"မေးနေရသေးလား မောင်ရယ်"

မြစိမ်း ရင်ထဲမှာတော့ ပြောင်းလဲလာသည့် မောင့်ကို မေးချင်သည့်စကားတွေ တန်းစီနေပေမယ့် မေးလည်း မေးချင် ကြားလည်းမကြားဝံ့နှင့် ဖြစ်နေဆဲ....





မြစိမ်း မမျှော်လင့်သည့်သတင်း မြစိမ်းဆီကို ရောက်ရှိလာသည်။

သယ်လာသူက ဦးသိန်းမိုး။

လုကျော်၏ ပွဲရုံပိုင်ရှင် သူဌေး။

သူ့ သူငယ်ချင်း ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်က မောင့်ကို ရုပ်ရှင်အစမ်း ရိုက်ချင်လို့တဲ့။

မြစိမ်း အံ့ဩသလို မောင်လည်း အံ့ဩနေသည်။ သူလိုးဝမမျှော်လင့်သည့်သတင်း။

"မောင် ရိုက်မှာလား"

မြစိမ်း မောင့်ကို ငေးကြည့်နေသည်။ မိန်းမသာ ရထားပေမယ့် မောင်က နဂိုတည်းက ချောသူပါ။ ရုပ်ဖြောင့်သူပါ။

"မြစိမ်းက ခွင့်ပြုမှာလား"

"မောင့်ဘဝ အမြင့်ရောက်ဖို့ဆို မြစိမ်းကိုယ်ကို တံတားခင်းပေးဝံ့တဲ့သူပါ မောင်ရယ်"

"မြစိမ်းရယ်"

မောင်က မြစိမ်းကိုဖက်ကာ မျက်ရည်တွေဝဲနေသည်။

တကယ်ပါ။ ချစ်ဦးဝေခုမှ နောင်တတွေ ရနေသည်။

ဘုရားမှတ်လို့ ကိုးကွယ်ပါသည် ဖွတ်ထွက်မှ တောင်ပို့မှန်းသိ ဆိုတာလို သူ့မိသားစု အလိုကျ သော်တာနှင့် သူတွဲသည်။

သော်တာ့ကို လက်ထပ်လျှင် သူရပိုင်ခွင့်ရှိသည့် အမွေတွေ အားလုံးပေးမည်ဆို၍ မြစိမ်းကို ကွာကာ သူ သော်တာ့ကို လက်ထပ်လိုက်သည်။

မြစိမ်းကို သူချစ်သော်လည်း ဆင်းရဲမှုဒဏ်ကိုတော့ ချစ်ဦးဝေ မခံစားချင်ပါ။ ဒါကြောင့် မြစိမ်းကို မတွေ့ရအောင် သော်တာတို့အိမ်မှာ လိုက်နေသည်။

သည်တော့မှ သော်တာ့ မကောင်းသည့်စရိုက်တွေကို ချစ်ဦးဝေ သိလာသည်။

သည်သတင်းတွေကြောင့် ချစ်ဦးဝေ သော်တာ့ကို ကွာရှင်းဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်သည့်အပြင် သော်တာက သူ့ မိသားစုကိုပါ အနိုင်ယူကာ အိမ်ပေါ်ကိုပင် တက်လာခဲ့ပြီ။

ချစ်ဦးဝေ ဘာလုပ်ရမလဲ။

နောက်ဆုံးတော့ နောင်တပေါင်း များစွာဖြင့် ကိုက်အောင်လွှင့်ကို တောင်းပန်ကာ မြစိမ်းဆီကို ပြန်လည်ပို့ပေးခိုင်းခဲ့ခြင်း ဖြစ်ပါတော့သည်။

"မြစိမ်း"

"မောင်"

"မောင် မြစိမ်းအတွက် ကြိုးစားမယ်၊ မြစိမ်း မောင့်ကို ယုံလားဟင်"





"ပြောနေရဦးမှာလား မောင်ရယ်"

သည်လိုနှင့် ကုမ္ပဏီပိုင်ရှင် သူဌေးက မောင့်ကို စမ်းရိုက်ကြည့်သည်။ မောင့်အမူအရာ မဆိုးသည့်အပြင် မောင့်ရုပ်က ခေတ်ပုံစံသော ရုပ်မျိုးမို့ မောင်နှင့်ပဲရိုက်ရန် သဘောတူလိုက်သည်။

သည်ကမ္ဘာလောကမှာ မြစိမ်းလောက်ပျော်သည့်သူ ရှိပါတော့မလား။တစ်သက်တာလုံး လုံးဝ မမျှော်လင့်သည့်အဖြစ်ပါ။

"ဒါနဲ့ ကုမ္ပဏီပိုင်ရှင်ကပြောတယ်၊ မောင့် နာမည်ကို မကြိုက်ဘူးတဲ့၊ မောင်တို့ ဘယ်လိုမှည့်ကြရင် ကောင်းမလဲ"

"အလျင်တုန်းက မောင်မြစိမ်းအပေါ် ဆိုးခဲ့ပေမယ့် အခုအခါမှာတော့ အကောင်းတွေ များလွန်းနေလို့ အမှတ်တရဖြစ်အောင် 'ကောင်းလွန်း' လို့ မှည့်ရင် မကောင်းဘူးလား မောင်"

"ကောင်း....သိပ်ကောင်း၊ ဒါကြောင့် မြစိမ်းကို မောင်ချစ်ရတာ"

ချစ်သူ၏ အထွေးအပွေ့မှာ မြစိမ်း စိတ်ညစ်ခဲ့ရသမျှတွေ ပြေပျောက်ရပါပြီ။

သည်လိုနှင့် မောင်ရုပ်ရှင်မင်းသား ဖြစ်လာခဲ့သည်။

ပညာတ်သွားရာခဲ့တက်သက်ပါဆိုသလို နှာမည်ကပဲ ကောင်းလွန်း၍လား၊ မောင်သရုပ်ဆောင်မှုကပါ ကောင်းလွန်း၍လား၊ ကုသိုလ်ကံကပဲ ကောင်းလွန်း၍လား မြစိမ်း မသိ။

တစ်ကားတည်းနှင့်ပင် မောင့်နာမည်က ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ပါပြီ။

"အဲဒါ မြစိမ်းကြောင့်"

"တော်ပါ....ခုမှ"

"မတော်နိုင်ဘူးခင်ဗျ၊ မြစိမ်း မောင့်ကို လုပ်ပေးရမှာ တစ်ခု ကျန်သေးတယ်"

"ဘာတုံး မောင်ရ"

မောင်က မြစိမ်းနားကပ်ကာ ခပ်တိုးတိုးပြောသည်။

"အို....မောင်ကလဲ"

မြစိမ်း မောင့်ကို ထုလိုက်သည်။ မြစိမ်းလဲ မောင်ပြောသလို မောင့်အတွက် ရင်သွေးလိုချင်ပါပြီ။

ဒါပေမယ့် မောင့် အောင်မြင်မှုကို ထိပါးမှာ စိုးသည်။

"ယူတာပေါ့ မောင်ရယ်၊ မောင့်နာမည်လေး အရှိန်ရပါစေဦး"

"ဘာဆိုင်လဲ မြစိမ်းရယ်"

"ဆိုင်တယ်မောင်၊ မောင့်ကို သားပူ၊ မယားပူ မရှိစေချင်သေးဘူး၊ မောင့်ကို မြစိမ်းမကူညီနိုင်ဘဲလဲ နေမယ်"





ယခု မောင်ရိုက်လေရာ ရိုက်ကွင်းတိုင်းကို မြစိမ်းက လိုက်ပါ ကူညီနိုင်ပေမယ့် သားသမီးရလာလျှင် မောင့်နောက် လိုက်နိုင်တော့မည် မထင်။

"နော်....မောင်၊ မြစိမ်းစေတနာကို နားလည်စမ်းပါ၊ များများမဟုတ်တူး နှစ်နှစ်ပဲ"

သည်ဘက်မှာ ချစ်ဦးဝေ အောင်မြင်မှုက စိတ်ချမ်းသာနေချိန် တစ်ဘက်မှာတော့ ဒေါ်နုနုတို့ သောက ပွေနေချိန်ပါ။

* * *

## အခန်း (၁၆)

သမီးအကြီး နှစ်ဦးမေကို သူဌေးသား တစ်ယောက်နှင့် ပေးစားဖို့ စီစဉ်ပေမယ့်....

သူဌေးသားဘက်မှ လက်မခံဘဲ သူ့ချစ်သူနှင့် လက်ထပ်လိုက်၍ နှစ်ဦးက အရှဲ့တိုက်ကာ အကောင်တစ်ကောင်နှင့် လိုက်ပြေးသွားသလို....

သစ်ထူးကလည်း အိမ်မှခိုင်းသည့် အလုပ်သမား တစ်ယောက်နှင့် လိုက်ပြေးသွား၍ အရှက်ရကာ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ယခု ဒေါ်နုနုအိမ်မှာ တစ်ဦးတည်း ဗိုလ်ကျမင်းမူနေသူက သော်တာ။ သူ့အမေ ဒေါ်မမကြီးကလည်း သမီးအတွက် စိတ်အေးနေရပြီမို့ ရောဂါဝတ်သွား၍သော်တာဒေါ်နုနုတို့အိမ်ကို အလိုအလျောက် ရောက်လာခြင်း ဖြစ်သည်။

ဒေါ်နုနုက သမီးတွေကို ပြန်ခေါ်ချင်ပေမယ့်....

သူမက လုံးဝ အခေါ်မခံ။

"ရှက်စရာ မေမေရယ်၊ သူဌေးသမီးတွေလုပ်နေပြီး တွေ့ကရာလူနဲ့ လိုက်ပြေးတာ နော့....ဖေဖေရယ်"

ဦးသာဦး သော်တာ့ကိုမကြည့်ဘဲ တစ်ဘက်ကိုလှည့်လိုက်သည်။

သည်ကောင်မလေးနှင့်သားကို သူ့အိမ်မှ သဘောတူတည်းက သူလက်မခံခဲ့။

ဆင်းရဲပေမယ့် ဣန္ဒြေရသော၊စာတော်သော မြစိမ်းခက်လေးကိုသာ သူ သဘောကျခဲ့သည်။

သို့ပေမယ့် သူ့ မိန်းမနှင့် သူ့ သမီးတွေ အလျော်ကောင်း၍ သည်ကလေးမလေးကို သား လက်ထပ်ခဲ့ရသည်။

ယခုတော့ သမီးတွေကော သားပါ သူမကြောင့် အိမ်မှာမရှိတော့။

"မေမေ....သမီး အပြင်သွားဦးမယ်"

"အေး....အေး"

လက်ပွေ့အိတ်ကို လက်မှာယမ်းကာ အပြင်ကိုထွက်သွားသည့်ချွေးမဖြစ်သူကိုကြည့်ရင်း ဦးသာဦး နှုတ်ခမ်းကိုတွန့်လိုက်သည်။





ဒါလား....မိန်းမကောင်း။

လင်ကပစ်သွားတာတောင်မမှု။ သူ့ကိုယ်သူ ရုပ်ရှင်မင်းသမီးအလား ပြင်ဆင်ထားတာ ကြော့နေသည်။

အိမ်ကိစ္စဆိုလည်း ဝေလာဝေး၊ သူတို့ကပင် လိုက်လုပ်ပေးရမည့်ပုံ။

ဦးသာဦး ဇနီးဖြစ်သူကို လှမ်းမေးလိုက်သည်။

"မင်း....ဒီကလေးမကို ဘာသဘောနဲ့ သားနဲ့ ပေးစားတာလဲ"

"ဘာ သဘောကမလဲတော့ ဆွေကောင်း မျိုးကောင်း၊ ပိုက်ဆံရှိသားသမီးမို့ ပေးစားရတာပေါ့"

"ဆွေကောင်းမျိုးကောင်း....ဟုတ်လား"

ဦးသာဦး မော့ရယ်လိုက်သည်။ သင်းက အကောင်တစ်ကောင်နှင့် သွားချင်ရာသွား လာချင်ရာလာ....

သူ့အမေက ဖဲဝိုင်းတကာလည်ရိုက်နေတာ ဆွေကောင်းမျိုးကောင်းလား။

ပိုက်ဆံရှိသည်ဆိုသည်ကလည်း အလကားပါ။

ဦးသာဦးသိသလောက် သော်တာ့မိခင် ဒေါ်မကြီးနေသည့် တိုက်နှင့်ခြံမှာ ငှားနေသည့်တိုက်သာဖြစ်ပြီး အိမ်ပိုင်အဖြစ် ပျဉ်ထောင်အိမ်လေးတစ်လုံးသာ ရှိကြောင်းနှင့်....

မပြေလည်၍ လက်ဝတ်လက်စားတွေထုခွဲရောင်းစားနေ ရကာ သမီးကိုဗန်းပြပြီး သူ့ငွေးသမက် ရှာနေကြောင်းနှင့် သမီးကလည်း သူ သဘောမတူသည့် လူတယောက်နှင့် တွဲနေကြောင်း ဦးသာဦး သိရသည်။

ဒါတွေကို ဇနီးသည်အား ဖွင့်ပြောတော့လည်း မယုံ။

"ဒါ....မနာလိုလို့ ပြောကြတာပါတော်၊ မမကြီးဖဲရိုက် တယ်ဆိုတာလဲ အလျင်ကပါ၊ သော်တာတွဲနေတာလဲ သူတို့ ဆွေရိုပ်မျိုးရိပ်မကင်းထဲက ကောင်လေးလို့ပြောတာပဲ"

"အေး....အဲဒီလိုပဲပြောပြီး နောက်တော့ ပြဿနာပေါ် ကြတာပဲ မဟုတ်လား၊ အခု မင်းသားကိစ္စ ဘယ်လိုလုပ် မလဲ"

"ဘာလုပ်ရမလဲတော့၊ ကျုပ်တို့သဘောတူလို့ ပေးစား ထားတာ ဒါပဲ ကျုပ်တို့ချွေးမပေါ့၊ လူတွေကမနာလိုလို့ သားပုပ်လေလွင့်ပြောကြတာ၊ ကျုပ်တော့ မယုံဘူး"

"အေး....မင်း အဲ့ဒီလိုယုံ၊ တစ်နေ့ ဒုက္ခရောက်မယ်"

ဒေါ်နုနု မျက်နှာကိုမော့ကာ ခင်ပွန်းသည်နားမှ ထွက် လာခဲ့သည်။

ဘယ်နည်းနှင့်မှတော့ သားကို တစ်ဘက်ခြမ်းမှမိန်းကလေး နှင့် သဘောမတူနိုင်။





ဘယ့်နှယ့် သူတောင်းစားသာသာ ကောင်မကများ သူ့ သားလို ရုပ်ချောအပြောကောင်း သူဌေးသားကို ပိုင်ဆိုင် ခွယ်လို့ ....

မပိုင်ဆိုင်စေရပါဘူး။

သူ့သားကို သူသဘောတူသည့် သော်တာပဲ ပိုင်ဆိုင် စေရမည်။

ယခု သား စိတ်ဆိုး၍ထွက်သွားလဲ ခဏပေါ့။

မကြာခင် သူ့ဆီ ပြန်ရောက်လာစေရမှာပေါ့။

သော်တာသည် သူသဘောတူ၍ ပေးစားထားသည့် မိန်းမ။

သည်မြစိမ်းခက်ဆိုသည့် ကောင်မက သူသဘောတူ၍မှ မဟုတ်ဘဲ၊ လက်မခံနိုင်ပါဘူး၊ အသိအမှတ်လဲ မပြုနိုင်ပါဘူး။

ဒေါ်နုနု နှုတ်ခမ်းကိုတွန့်ကာ မဲ့ပြုံးပြုံးလိုက်သည်။

ထိုအချိန် သော်တာမှာ အိမ်တစ်အိမ်ကို ရောက်နေသည်။ ထိုအိမ်က သော်တာ့ငယ်ရည်းစား အောင်ဘော်၏ အိမ်။

သော်တာ့မိခင် သဘောမတူ၍ ချစ်ဦးဝေနှင့် လက်ထပ် လိုက်ရပေမယ့် သော်တာနှင့် အောင်ဘော်က အဆက် အသွယ် မပြတ်ကြ....

"လွမ်း လိုက်ရတာ အချစ်ရယ်"

"သော်တာလဲ မောင့်လိုပါပဲကွယ်"

နှစ်ဦးသား ဖက်တွယ်မိကြသည်။

“ဒါနဲ့....သော်တာ့ယောကျ်ား မောင်တို့အကြောင်း သိသွားပြီဆို၊ ဘယ်လိုလုပ်မလဲ”

“ဘာလုပ်စရာလိုလဲ မောင်ရဲ့၊ သော်တာ့ကို သူ့အမေကိုယ်တိုင် သဘောတူထားတဲ့ဟာ၊ သူ ဘယ်လိုလုပ် ကွာလို့ရမလဲ”

“ကလေးကိစ္စကိုကော သူ့အမေက ဘာပြောလဲ”

“အိုး....သော်တာနဲ့ကိုကိုနဲ့ လက်မထပ်ခင်ကတည်းက တွဲနေတာ မေမေလဲ သိရက်နဲ့၊ ဒါ....သူ့တမင် ဟို ကောင်မဆီသွားချင်လို့ ဉာဏ်ဆင်တာလို့ ပြောလိုက်တော့ အဘွားကြီးက ယုံသွားတာပေါ့”

“တော်တယ်....မောင့်အချစ် တော်တယ်”

“ဖယ်ပါ၊ ဒီမှာဖြင့် အဆင်ပြေအောင် ကြံလိုက် ဖန်လိုက်ရတာ၊ သူကဖြင့် ငြိမ့်လို့”

စားပွဲပေါ်မှ အရက်ပုလင်းများကို ကြည့်ကာ သော်တာအပြော အောင်ဘော် ခေါင်းခါလိုက်သည်။

“ဒါ ငြိမ့်နေတာ မဟုတ်ဘူး သော်တာ၊ အလွမ်းဖြေနေတာ၊ ကိုယ့်ချစ်သူကို သူများ ရင်ခွင်ထဲထည့်ရတာ ဘယ်ယောကျ်ားက ပျော်နေမှာလဲ သော်တာ”





“ဒီလို မထည့်ချင်ရင် မောင် ဘာလို့ မကြိုးစားခဲ့လဲ”

“မောင့်အရည်အချင်းနဲ့ မောင် ဘယ်လိုကြိုးစားရမှာလဲ သော်တာ၊ မောင့်မှာ ပညာလဲ ရှိတာမဟုတ်ဘူး၊ ငွေကြေးလဲ ပြည့်စုံတာ မဟုတ်ဘူး”

သော်တာ သက်ပြင်းချလိုက်သည်။ အောင် ဘော် မပြည့်စုံသလို သော်တာတို့အနေနှင့်လည်း ဟန်ပဲရှိတော့သည်ကို သိ၍ မေမေတိုက်တွန်းသည်နှင့် ချစ်သူအောင်ဘော်နှင့် တိုင်ပင်ကာ ချစ်ဦးဝေကို လက်ထပ်ခဲ့ခြင်း ဖြစ်သည်။

လက်မထပ်လို့ကလည်း သူ့မှာ အရှက် ကွဲတော့မည်။ အောင်ဘော်ကလည်း ယူနိုင်သည့်အခြေအနေမရှိ၊ နောက်သလက်ထပ်ရမည့်သူမှာ သူ့အလျှင် ဇနီးတစ်ယောက် ရှိခဲ့ဖူးတာက လွဲလျှင်....

ရုပ်ရည်ရှိသည်၊ ပညာရှိသည်၊ ငွေကြေး ပြည့်စုံသည်။ ဒါကြောင့် သော်တာ လက်ထပ်လိုက်ခြင်း ဖြစ်သည်။

“အခုကော သော်တာ မောင့်ကို ဘယ်လောက်ပေးမှာလဲ”

“မောင်ကလဲကွာ၊ လူလာဘိုင်း ငွေပဲ တောင်းနေတော့တာပဲ”

“တောင်းရမယ် သော်တာ၊ အခု သော်တာဟာ အလျှင်သော်တာ မဟုတ်တော့ဘူး၊ သူဌေး ဦးသာဦး၊ ဒေါ်နုနုတို့ရဲ့ တစ်ဦးတည်းသော အမွေခံ သော်တာ ဖြစ်နေပြီ”

သော်တာ ကျေနပ်စွာ ပြုံးလိုက်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ သမီးအကြီး နှစ်ဦးမေ သော်တာ အောင်သွယ်ပေးသည့် ကလေကချေကောင်တစ်ကောင်နှင့် လိုက်ပြေးသွား၍ အိမ်ကို အလာမခံသလို....

သစ်ထူးဆွေကလည်း သူ့စရိတ်နှင့်သူ ငြိမ်းပြီးသား....

သည်တော့ ကိုကို၊ ဖေဖေနှင့်မေမေ့ဆီမှ ဆက်ခံရမည့် အမွေမှန်သမျှသည်လည်း သူပဲ ဆက်ခံရပေတော့မည်။

ယခု လောလော လတ်လတ်မှာကို ကိုကို့အမွေစုက သော်တာ့လက်ထဲ ရောက်လို့နေပြီ။

“ကဲ ရော့....ဒါပဲပါတယ်”

သော်တာက လက်ပွေ့အိတ်ထဲမှ ပိုက်ဆံပါသရွေ့ကို ထုတ်ကာ အောင်ဘော့်ကိုအပေး၊ အောင်ဘော်က မျက်မှောင်ကုတ်ရင်း....

“နှစ်ထောင်တည်းလား သော်တာရဲ့၊ နည်းလှချည်လား”

“အစဆိုတော့ သော်တာ အရမ်းသုံးလို့ဖြစ်တာ မဟုတ်ဘူး မောင်၊ အဘွားကြီးကကြည်ပေမယ့် အဘိုးကြီးကရှိသေးတယ်”

“မိန်းမက အဓိကပါ သော်တာရယ်၊ သူ့မိန်းမကို ပိုင်ရင် ပြီးတာပါပဲ၊ မဟုတ်ဘူးလား”





“ဒါတွေနဲ့ပဲ သော်တာ့မှာလဲ ကုန်တော့မယ်၊ မောင်ကစားပဲ နေမယ့် အစား အလုပ်တစ်ခုခု လုပ်ပါလား”

“ဘာလုပ်စရာလိုလဲ သော်တာရယ်၊ မောင့်ချစ်သူက သူဌေးမ ဖြစ်နေမှပဲ၊ မဟုတ်ဘူးလား”

“မောင့်ကြောင့်လဲ ခက်တယ်၊ မောင် တစ်သက်လုံး ဒီလိုပဲ နေတော့မလား”

“သော်တာမှ မောင့်နား မရှိတာ မောင်ဒီလိုပဲ နေရမှာပေါ့”

“သော်တာ မောင့်နားမှာ ရှိတုန်းကကော မောင် ဘာလုပ်ဖို့ စဉ်းစားခဲ့လဲ”

အောင်ဘော် ငြိမ်နေသည်။ သော်တာ အောင်ဘော်ကို ကြည့်ရင်း ကိုချစ်ဦးဝေမျက်နှာကို မြင်ယောင်လာသည်။

ယခင်တုန်းက ချစ်လက်စရှိ၍သာ သော်တာ လာနေရပေမယ့် သော်တာ ကိုအောင်ဘော်ကို စိတ်ကုန်နေပါပြီ။ ဖြစ်နိုင်လျှင် ကိုအောင်ဘော်နှင့် ဘဝကိုပြည်ဖုံးကား ချကာ ကိုချစ်ဦးဝေနှင့်သာ သူ့ဘဝကို အေးချမ်းစွာ စခန်းသွားလိုပါပြီ။ ဒါပေမယ့် သူက သော်တာ့ကို လက်လွှတ်ခံမလား။

သော်တာစဉ်းစားနေဆဲ အောင်ဘော်က လှမ်းပြောသည်။

"ဒီလောက်အမွေတွေရထားတာ ကုန်မလား သော်တာရဲ့၊ ဒါနဲ့....သော်တာ့ယောကျ်ားလဲ ရုပ်ရှင်ရိုက်နေပြီဆို"

"ဟုတ်တယ်၊ ခုထိ သူ အိမ်ပြန်မလာသေးဘူး"

ပြောရင်း သော်တာ နှုတ်ခမ်းကို ကိုက်လိုက်သည်။

ပြန်လာအောင်တော့ထူလုပ်ရမည်။သည်ဗိုက်ထဲမှ ကလေးပြဿနာကို ပြေလည်အောင် ရှင်းရဦးမည်။

သော်တာ တွေးနေဆဲ၊ အောင်ဘော်က သော်တာ့လက်မောင်းကို ကိုင်ကာ မေးသည်။

"သော်တာ ဘာတွေ စဉ်းစားနေလဲ"

"စဉ်းစားရမှာတွေက အများကြီးပဲမောင်၊ ဒီဗိုက်ထဲက ကလေးဟာ သူ့ကလေး မဟုတ်ဘူးဆိုတာ သူ သိသွားတယ်"

"အဲဒီတော့ သော်တာ ဘာလုပ်မလဲ"

"သူ့ကို မှားပါတယ်လို့ သော်တာ ဝန်ခံရမှာပေါ့"

"သူက ခွင့်လွှတ်နိုင်ပါ့မလား"

"ရန်သူတောင် ဝန်ချရင် ကြေအေးရသေးတာပဲ မောင်ရယ်၊ ကိုကိုဟာ သဘောထား ပြည့်ဝတဲ့သူပါ"

တွေးရင်း သော်တာ ကိုကို့ကို မြင်ယောင်မိသည်။ သူ့မှာ အပြစ်ရှိ၍ ကိုကို သူ့ကို ထားကာ ထွက်သွားပေမယ့် သော်တာ ကိုကို့ကို လက်လွှတ်မခံနိုင်ပါ။ဒါကြောင့်လည်း....





"သော်တာ ပြန်မယ်"

"ပြန်တော့မလား သော်တာရဲ့၊ နေပါဦး"

အောင်ဘော်က သော်တာ့လက်ကို လှမ်းဆွဲသည်။

သော်တာ ရုန်းရင်းမှ....

"မဖြစ်ဘူး မောင်၊ အိမ်မှာလဲ အတိုးကြီး အဘွားကြီးပဲရှိတာ၊ သော်တာ ခြေငြိမ်နေမှ ဖြစ်မယ်"

"မောင်က ဒီလိုပဲ နေရမှာလား"

"သော်တာ လာမှာပေါ့ မောင်ရယ်"

"မလာရင် မောင်လိုက်ခဲ့ရမလား"

"အို"

သော်တာ မျက်နှာပျက်သွားသည်။ သိသာသိစေ မမြင်စေလိုပါ။ သို့အတွက်ကြောင့်လည်း....

"မောင်ကလဲ သော်တာ လာပါ့မယ်ဆို၊ နောက်ပိုင်း ကိုယ်ဝန်ရင့်လာရင်တော့ လာနိုင်တော့မှာ မဟုတ်ဘူးနော်၊ အခုကတည်းက ကြို့ပြောထားမယ်"

အောင်ဘော် သော်တာ့ပခုံးကို ဖက်ကာ ခပ်တိုးတိုးမေးလိုက်သည်။

"မောင့်အတွက် သားသားလေး မွေးပေးမှာလား၊မီးမီးလေး မွေးပေးမှာလား"

"မောင်လိုချင်ရင် အလျင်ထဲက သော်တာ့ကို ယူနိုင်အောင် ကြိုးစားပါလားမောင်၊ အခုမှတော့ ဒါတွေ သော်

တာ မစဉ်းစားအားသေးဘူး၊ လောလောဆယ် သော်တာမှာ ပြဿနာရှိနေသေးတယ် မဟုတ်လား၊ သော်တာ ပြန်မယ်"

"သော်တာ"

အောင်ဘော် သော်တာ့ကို ခေါ်ရင်း လက်ညှိုးနှင့်လက်မကို ဝိုင်းပြလိုက်သည်။

"ခက်တာပဲ"

သော်တာ အိတ်ထဲမှ ပါသရွေ့ကိုထုတ်ကာ အောင်ဘော်ကို လှမ်းပေးပြီး အိမ်ထဲမှ ထွက်လာခဲ့သည်။

ထိုမြင်ကွင်းကို တိုက်တိုက်ဆိုင်ဆိုင် မြင်လိုက်ရသူက ဇနီးသည်နှင့်အတူ လမ်းလျှောက်ထွက်လာသည့် ကိုအောင်လွင်ပင်။

* * *



## အခန်း (၁၇)

"ကျွန်တော် ဒါတွေသိတယ် ကိုကို၊ ဒါကြောင့် အိမ်ကို မပြန်တာပေါ့"

"အေး....အခု မပြန်လို့ မဖြစ်ဘူး ချစ်၊ ဒီကိစ္စပြောဖို့ ကိုကိုလာတာ၊ မင်းအဖေ အသည်းအသန် ဖြစ်နေတယ်"

"ဗျာ"

ချစ်ဦးဝေ သက်ပြင်းချလိုက်သည်။

သော်တာ့ကိုစိတ်နာလွန်း၍ သူ အိမ်မပြန်ဘဲ နေခဲ့သည်မှာ တစ်နှစ်တိတိ ရှိခဲ့ပါပြီ။

သည်တစ်နှစ်အတွင်းမှာ သူ့အလုပ်ထဲမှာပဲသူ စိတ်မြှုပ်ထားခဲ့သည်။

အားလပ်ခြင်းလည်း လုံးဝမရှိ။

နာမည်ကျော်စ မင်းသားတစ်ယောက်မို့ ကုမ္ပဏီများက အလုပ်အယက်ငှားရမ်းနေသလို၊ ဇာတ်ကားများကို လက်မ လည်အောင် ရိုက်နေရသူမို့ လည်း အိမ်ကိုရော သော်တာ ကိုပါ သူ မေ့ထားနိုင်ခဲ့ပါပြီ။

ယခုမှ သူ အိမ်ကို ပြန်လည်သတိရလာသည်။

"နို့ မို့ ဆိုလဲ ကိုကိုလာမပြောပါဘူး၊ မင်းအမေကိုယ်တိုင် လာပြောတော့ ကိုကိုလဲမနေသာတော့ဘူး"

ချစ်ဦးဝေ မြစိမ်းဘက်ကို လှည့်ကြည့်လိုက်သည်။

သူ မြစိမ်းနှင့် မခွဲလိုတော့ပါ။ သာယာသော ဘဝလေး ကို တည်ဆောက်ခဲ့ပြီးပါပြီ။

ဒါပေမယ့် နာရေးဆိုတော့ မသွားလို့ ဖြစ်ပါ့မလား၊ သွားပြန်လျှင် သော်တာနှင့်ဆုံရမည်။ မတွေ့ချင်သောမျက်နှာ ကို တွေ့ရမည်။ စဉ်းစားနေဆဲ။

"သွားလိုက်ပါ....မောင်ရယ်၊ မိဘဆိုတာ အစားထိုး လို့ မရတဲ့အရာပါ၊ မြစိမ်း ကိုယ်ချင်းစာပါတယ်"

ချစ်ဦးဝေမျက်ဝန်းထဲ ဖေဖေ့ မျက်နှာကို မြင်ယောင်လာ သည်။

မေမေထက်စာလျှင် ဖေဖေသည် အမြော်အမြင်ကြီးသူ.... သားဖြစ်သူကို စိတ်ချမ်းသာစေချင်ခဲ့သူ။





"ကျွန်တော် ခုလိုက်ခဲ့မယ် ကိုကို"

ချစ်ဦးဝေ နေရာမှထကာ အင်္ကျီလဲသည်။ မြစိမ်း ချစ်ဦး ဝေ အင်္ကျီလဲရာလိုက်ပါလာရင်း....

"မောင့် ဖေဖေ နေမြန်မြန်ကောင်းပါစေလို့ မြစိမ်း ဆုတောင်းနေပါတယ် မောင်"

"မြစိမ်းရယ်"

ချစ်ဦးဝေ မြစိမ်းလက်ကလေးကိုညှစ်ကာ အိမ်ပေါ်မှ ပြေးဆင်းလာခဲ့သည်။

စိတ်ထဲမှာ ဖေဖေ့ ကို တွေ့ချင်လှပါပြီ။ တွေ့ချင်စိတ်နှင့် တိုက်ထဲကိုပြေးအဝင်....

"ကိုကို"

ချစ်ဦးဝေမျက်နှာကို ချာကနဲလှည့်ကာ အပေါ်ထပ်ကို ပြေးတက်လာခဲ့သည်။

သည်မိန်းမမျက်နှာကို လုံးဝမကြည့်ချင်။

အပေါ်ထပ်အရောက်....

"သား"

"မေမေ"

ဒေါ်နုနု သားကိုဖက်ကာမျက်ရည်ကျလာသည်။

"သား....ဖေဖေ့ ကိုကြည့်ပါဦးကွယ်"

"ဖေဖေ"

ချစ်ဦးဝေ ဖေဖေ့ကို ခပ်တိုးတိုးခေါ်ပေမယ့် ဖေဖေက ချစ်ဦးဝေကို လုံးဝမကြည့်နိုင်။

"မနက်အစောကြီး အိမ်သာတက်ပြီး ပြန်လဲဆင်းလာ ရော ဒီလိုဖြစ်သွားတာပါပဲ သားရယ်"

"ဖေဖေ"

ချစ်ဦးဝေ အသက်ကို ခက်ခဲစွာရှူနေသော ဖေဖေ့ကို ကြည့်ကာ မျက်ရည်များကျလာသည်။

သမီးများရှိပါလျက် သမီးများကလည်း အနားမှာမရှိ၊ သားကလည်း ဖေဖေနှင့်အဝေးမှာ....

"ဒီလို ကြည့်နေလို့မဖြစ်ဘူး....ချစ်၊ ဆေးရုံတင်မှဖြစ် မယ်"

ကိုကိုအောင်လွင့် အကူအညီနှင့် ဖေဖေ့ကို ဆေးရုံတင် သည်။ သို့ပေမယ့် နောက်ကျသွားပါပြီ၊ ဖေဖေလမ်းမှာ တင် ဆုံးပါးသွားသည်။

ဖေဖေ့ အသုဘကိစ္စနှင့် မတွေ့ချင်လဲတွေ့၊ မဆက်ဆံ ချင်လဲ ဆက်ဆံနေရသည်က သော်တာ့ကိုပါ။

"ကို....ကို"

ချစ်ဦးဝေ သော်တာ့ကိုမကြည့်ဘဲကျောခိုင်းလိုက်သည်။ သော်တာ့လက်ထဲမှ ကလေးကို သူ လုံးဝမကြည့်ချင်....





သည့်ကလေးက သူ့ကလေးမှမဟုတ်ဘဲ၊ သော်တာအလိမ် မ၊ အညာမ။

"သော်တာ့ကို ခွင့်လွှတ်ပါ ကိုကိုရယ်၊ သော်တာ မှားခဲ့ မိပါတယ်"

"ဘာကွ....မင်း လုပ်ချင်တာလုပ်ပြီး မှားတယ်လို့ပြောရုံ နဲ့ ငါက ကျေနပ်ရမှာလား"

ချစ်ဦးဝေ အော်သံကြောင့် ကလေးကလန့်ငိုသည်။

ဖြူဖြူတစ်တစ်နှင့် ချစ်စရာကောင်းသော ကလေးကို ကြည့်ကာ ချစ်ဦးဝေ တဒင်္ဂငိုင်သွားပေမယ့် စိတ်ကမပြေ နိုင်။

"တကယ်တော့ သမီးဟာ သနားစရာပါ ကိုကို၊ မွေး လာပြီးကတည်းက အဖေဆိုတာ သူ မမြင်ဖူးသေးပါဘူး"

"မမြင်ဖူးရင် မင်းလူကို သွားပြလိုက်ပေါ့"

"သူနဲ့သော်တာနဲ့ ပတ်သက်တော့တာမှ မဟုတ်ဘဲ ကိုကို ရယ်၊ ယုံပါ"

"ယုံပါ....ဟုတ်လား၊ မင်းကို ယုံရလွန်းလို့ ငါဘာလုပ် ခဲ့လဲ၊ တော်ပါတော့ သော်တာရာ၊ မင်းကို စကားပြောချင် လွန်းလို့၊ မျက်နှာချင်း ဆိုင်ချင်လွန်းလို့ ငါပြန်လာတယ် များ အောက်မေ့နေလား၊ သာယာနေတဲ့ ငါ့ဘဝကို မင်း မဖျက်ဆီးပါနဲ့"

"ကိုကိုရယ်"

သော်တာ ပါးပြင်ပေါ် မျက်ရည်များ စီးကျလာသည်။

သူ့ မိုက်ပြစ်တွေကို နောင်တ ရလာသည်။ ချစ်ဦးဝေခြေရင်း ဝပ်စင်းရင်း....

"ခွင့်လွှတ်ပါ ကိုကိုရယ်၊ သော်တာ နောက်မမိုက်တော့ပါဘူး၊ သမီးလေးမျက်နှာကို ကိုကိုထောက်ပါ၊ သမီးလေးဟာ ဘာမှ အပြစ်မရှိတဲ့ ကလေးပါ၊ သမီးလေးဘဝကို ကိုကိုမှ မကယ်ရင် ဘယ်သူမှ ကယ်နိုင်မှာ မဟုတ်ဘူး ကိုကို"

ချစ်ဦးဝေ သော်တာ့ဘေးမှ ကလေးကို လှမ်းကြည့်လိုက်သည်။

သူ့သွေး မဟုတ်သည်မှလွဲလျှင် ပတ်ဝန်းကျင်အားလုံး လက်ခံထားသည်က သူ့သမီးပါ။

သူ ဘာလုပ်ရမလဲ။

"သား"

ချစ်ဦးဝေ အသံလာရာကို ကြည့်လိုက်သည်။ မေမေက သူ့ကို မျက်ရည်အဝဲသားနှင့် ကြည့်နေသည်။

"သမီးငွေအတွက်ကော သားဖေဖေအတွက်ပါ စိတ်ဆင်းရဲနေရတဲ့ မေမေ့ကို စိတ်ဆင်းရဲအောင် လုပ်ဦးမလို့လား ကွယ်"





"မေမေ မသိပါဘူး"

"မေမေသိတယ်သား၊ အားလုံးကို သိတယ်၊ သော်တာလဲ နောင်တရနေပါပြီ၊ ခွင့်လွှတ်လိုက်ပါကွယ်၊ နော်.... သား"

ယခင် ချစ်ဦးဝေတွေ့ခဲ့ရသည့် သော်တာက ပေါကြော့ သော်တာ။

ယခုသော်တာက ကလေးတစ်ဘက်၊ အိမ်ကိစ္စ တစ်ဘက်၊ မေမေ့ကို စောင့်ရှောက်ရသည်က တဘက်နှင့် ပြောင်းလွဲနေပါပြီ။

"သား မပြန်ပါနဲ့ဦးနော်၊ မေမေ့ကို ထားမသွားပါနဲ့"

ဖေဖေ့ စီးပွားရေးကိစ္စများ မပြတ်သေး၍ မပြန်ဖြစ်သေးသလို....

မေမေ့ တားမြစ်မှုကြောင့်လည်း ချစ်ဦးဝေအိမ်မှာပိုအနေကြာသွားသည်။

သည်တော့လည်း သော်တာနှင့် ပိုအနေနီးရသလို သော်တာ့ အပြုအစု အယုအယအောက်မှာ ပြန်ဝင်ခိုမိပြန်သည်။

တကယ်တော့ ပြဿနာတစ်ခုကြောင့်သာ သူထွက်သွားပေမယ့် သော်တာသည် သူ့တရားဝင် လက်ထပ်ထားသည့် ဇနီးပါ။

သော်တာ့ကို ပြန်လက်ခံမိတော့ သော်တာ့သမီးကိုပါ သူ့သမီးလေးလို သူ ပြန်လက်ခံမိသည်။

"သော်တာ ဝမ်းသာလိုက်တာ ကိုကိုရယ်၊ ကိုကိုဟာ သော်တာ့အတွက်ရော သမီးအတွက်ပါ၊ ကျေးဇူးရှင်ပါ"

သည်လိုနှင့် ချစ်ဦးဝေ အိမ်မှာ ကြာသွားသည်။

ပြန်မည် ပြုပြန်တော့ မေမေက တားသလို သော်တာကလည်း မလွှတ်။

"ကိုကိုရယ် ဘယ်သွားဦးမလို့လဲ၊ ကိုကိုမရှိရင် သော်တာနဲ့ မေမေ ဘယ်သူ့ကို သွားအားကိုးရမလဲ"

"ဟုတ်ပါတယ် သားရယ်၊ ဒီမှာပဲ နေပါနော်"

သည်လိုနှင့် ချစ်ဦးဝေ မေမေတို့ထံမှာ သောင်တင်ပြန်သည်။

သည်ကြားထဲ မြစိမ်းဆီကို ခဏတဖြုတ်ပဲ ရောက်တော့သည်။

မြစိမ်းကို မြင်ပြန်တော့လည်း သနားသည်က မေမေနှင့် သော်တာ သူ့ကို အားကိုးသလို မြစိမ်းကလည်း သူ့တစ်မျက်နှာနှင့် နေရသူ မဟုတ်ပါလား။

"မောင့်ကို ခွင့်လွှတ်ပါ မြစိမ်းရယ်"





"မြစိမ်း နားလည်ပါတယ် မောင်ရယ်၊ မောင့်ဖေဖေ မရှိတော့တဲ့အတွက် မောင့်မှာ တာဝန်ရှိတယ်ဆိုတာ မြစိမ်းသိပါတယ်"

သည်လိုနှင့် နေ့ရက်ပေါင်းများစွာကို ကျော်လာခိုက်....
"မြစိမ်း"

"ဟင်....လှကျော်၊ လာ....လာ"

မြစိမ်း လှကျော်ကို ပြေးကြိုလိုက်သည်။

"ကိုချစ်ဦးဝေ ကော"

"သူ ရှုတင်ရှိလို့ သွားတယ်လေ၊ နင် အိမ်ထောင် ကျနေပြီဆို"

"အေး....အဖေ ပေးစားတာပဲ၊ သူတို့ရွာက မိန်းကလေး၊ နာမည်က မမိုးဆွေတဲ့"

"ခေါ်ခဲ့ဦးလေဟယ်"
"မအားပါဘူး မြစိမ်းရယ်၊ သူလဲ ကလေးတစ်ဘက်နဲ့"

"ဟယ်....နင် ကလေးတောင် ရနေပြီလား"

လှကျော် ရှက်ပြုံးပြုံးလိုက်သည်။

"အေးလေ၊ နင်နဲ့မတွေ့ရတာ နှစ်နှစ်တောင် ကျော်ပြီပဲ"
"နင်အခု နေတော့ကော"

"ငါ မိန်းမရှိတဲ့ ပန်းသစ်မြိုင်မှာပဲ နေတာ၊ အခု ရန်ကုန်ကို ကားဆွဲရင်း လာတာ"

လှကျော် သက်ပြင်းချလိုက်သည်။ သူ မြစိမ်းကို ဘယ်လိုပြောရပါ့မလဲ၊ မနေ့က ကိုအောင်လွင်နှင့် တွေ့၍ ကိုချစ်ဦးဝေအကြောင်း ကြားရသည်။ ကိုချစ်ဦးဝေ မြစိမ်းကွယ်ရာတွင် သော်တာနှင့် ပြန်လည်တွဲနေသည့်တဲ့၊ မြစိမ်း မသိသေးဘူးလား၊ ငယ်စဉ်ကတည်းက တွယ်တာခဲ့ရသူမို့ သူ မြစိမ်းကို ဒုတိယအကြိမ် စိတ်မဆင်းရဲစေလိုပါ။

"ကိုချစ်ဦးဝေ အိမ်ကိုကော မှန်မှန်ပြန်လာရဲ့လား"

"သူက အားတဲ့လူမှ မဟုတ်ဘဲ လှကျော်ရယ်၊ ဘယ်ပြန်လာနိုင်ပါ့မလဲ"

"နင် လွှတ်ထားပြန်ပြီလား မြစိမ်း"

မြစိမ်း ပြုံးလိုက်သည်။ သူ မောင့်ကို ယုံသည်။ မောင့်ကို သူ မလိမ်သရွေ့ သူ့ကိုလည်း မောင် လိမ်မည်မထင်....

"ခက်တယ် မြစိမ်း၊ နင်က အပြင်လဲထွက်တာ မဟုတ်ဘူး၊ နေရာတကာ စိတ်ချနေတော့တာပဲ"

နာမည်ရလာသော မောင့်ဝင်ငွေကြောင့် မြစိမ်းဘဝလေး အေးချမ်းနေပါပြီ။ သည်တော့ မြစိမ်း အပြင်လည်း သိပ်မထွက်ဖြစ်။





"ငါတော့ နင့်အတွက် စိတ်မောတယ် မြစိမ်း၊ နင့်ယောက်ျားကို နင် သိပ်ယုံလွန်းတယ်၊ တစ်နေ့ နင် ဒုက္ခရောက်မယ်"

လှကျော်တယ်လောက်ပြောပြော မြစိမ်းကို ချစ်သည့်မောင့်ကို မြစိမ်းချစ်သည်။ သည်တော့လည်း မြစိမ်း ဘယ်လိုမှ အပြစ်မမြင်ခဲ့....

မောင် နာမည်အတော်တက်ပြီး နှစ်နှစ်ခန့်ကြာမှ သမီးကို မြစိမ်းမွေးသည်။

ထိုအချိန် ချစ်ဦးဝေမှာလည်း သော်တာနှင့် သား တစ်ယောက် ထပ်မံရရှိနေပါပြီ။

ခွေးမြီးကောက် ကျည်တောက်စွပ်သလို သမီးမွေးပြီး နှစ်နှစ်ခန့် ငြိမ်ချက်သား ကောင်းသွားသည့် သော်တာ သမီးကို လက်လွှတ်ရသည်နှင့် အောင်ဘော်ကို သံယောဇဉ် တွယ်မိပြန်သည်။

"မေမေ သမီး အပြင်သွားမလို့"

"သမီးကလဲကွယ် ကလေး တစ်ယောက်တည်း"

"နာနီရှိသားပဲ မေမေရဲ့၊ သော်တာရှိလဲ ဘာလုပ်တတ်မှာလဲ၊ ကိုကို လာရင်သာ သော်တာ အပြင်သွားတယ်လို့ ပြောလိုက်ပါ"

တားလည်းမရသည့်အတူ ဒေါ်နုနု ငုတ်တုတ်ကြည့်နေလိုက်သည်။

သော်တာကတော့ စီးကရက်ကို ခဲကာ ကားကို ကိုယ်တိုင်မောင်းပြီး ထွက်သွားသည်။

ဒေါ်နုနု သက်ပြင်းချလိုက်သည်။ ပထမတစ်ခါ ပြဿနာဖြစ်ပြီး၍ နောင်ကြဉ်သွားမလား အောက်မေ့နေသည်။ ယခုစလာပြန်ပြီ....

ဒေါ်နုနု တွေးနေဆဲ ခြံထဲကို နောက်ထပ်ကားတစ်စီးဝင်လာသည်။ ကားပေါ်က ဆင်းလာသူက ချစ်ဦးဝေ....

"သော်တာကော မေမေ"

"အပြင် သွားတယ် ပြောတာပဲ သားရယ်"

ချစ်ဦးဝေ မျက်မှောင် ကုတ်လိုက်သည်။ ယခုတလော သော်တာ သူ့အလျင်လူနှင့် ပြန်တွဲနေသည်ဟု ချစ်ဦးဝေ သတင်းကြားသည်။

ပထမတစ်ခါ နောင်တရပါပြီပြော၍ သူခွင့်လွှတ်ခဲ့သည်။ ယခုတစ်ခါဆိုလျှင်တော့ သူ သည်းမခံနိုင်တော့။

ထိုနေ့က သော်တာမိုးချုပ်မှ ပြန်လာသည်။ ပြန်လာလာချင်း ချစ်ဦးဝေ သော်တာနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"လာပါဦး....သော်တာ"





သော်တာ ချစ်ဦးဝေနားကို လှုပ်လီလှုပ်လဲ့ဖြင့် လျှောက်လာသည်။

"မင်း ဘယ်တွေသွားနေတာလဲ"

"မော်လီတို့အိမ် သွားတာပါ ကိုကိုရဲ့၊ သူတို့အိမ်မှာ...."

"တော်စမ်း.... သော်တာ၊ လျှာအရိုးမရှိတိုင်း မင်းလျှောက်ဖြီးမနေနဲ့"

သော်တာ နှုတ်ခမ်းစူကာ ချစ်ဦးဝေနားထိုင်လိုက်သည်။ ချစ်ဦးဝေ သော်တာကိုကျောခိုင်းကာရပ်ရင်း မာကျောစွာ ပြောလိုက်သည်။

"မင်း ခြေလှမ်းတွေ ဘယ်လှမ်းနေတယ်ဆိုတာ ငါသိတယ် သော်တာ၊ မင်းကို ပထမတစ်ခါ ငါပြန်ပေါင်းခဲ့တာလဲ မေမေ့မျက်နှာကြောင့်ပေါင်းခဲ့တယ်၊ မင်းကို ချစ်လွန်းလှချည့်လို့ အောက်မေ့ မနေနဲ့"

သော်တာ နှုတ်ခမ်းကိုတွန့်ကာ မဲ့လိုက်သည်။

"သော်တာသာပြောနေ ကိုကိုကျတော့ကော မြစိမ်းခက်နဲ့ပေါင်းနေတာပဲ မဟုတ်လား"

"အေး....ပေါင်းတယ်၊ဘာဖြစ်လဲ၊ သူဟာ မင်းလို ငါ့ကို ငွေမက်ပြီးယူတဲ့ မိန်းမ မဟုတ်ဘူး၊ ချစ်လို့ ယူတဲ့မိန်းမ၊ ပြီးတော့ မင်းလို လင်ရှိရက်နဲ့ပျက်စီးနေတဲ့မိန်းမ မဟုတ်ဘူး"

"ဘာ....ကိုကို၊ သော်တာ ဘာပျက်စီးလို့လဲ"

"မင်း....ဘာ ပျက်စီးတယ်ဆိုတာ မင်း သိမှာပေါ့"

"မင်း အခု ဘယ်ကလာလဲ"

သော်တာ မျက်နှာကိုမော့ထားလိုက်သည်။ ချစ်ဦးဝေ သော်တာနားကိုလာရင်း....

"ဖြေလေကွာ....မင်း ဘာလို့ မဖြေလဲ၊ မဖြေနိုင်ဘူး မဟုတ်လား"

ချစ်ဦးဝေ ဟာဟားဟား အော်ရယ်လိုက်သည်။ချစ်ခြင်း မေတ္တာမပါသည့်အိမ်ထောင်ရေးသည် သည်လိုပဲဖြစ်မည်ကို သူကြိုသိရမည်။

ခုတော့....

"တောက်"

ချစ်ဦးဝေ တောက်ခေါက်ကာ တိုက်ထဲမှ ပြေးထွက်လာခဲ့သည်။

တော်ပြီ....နောက် သူမနှင့်မပတ်သက်လိုတော့။

ဒေါ်နုနုတိုက်ထဲမှပြေးထွက်သွားသော သားကိုကြည့်ကာ မျက်ရည်များကျလာသည်။

သည်မီးသည် သူမွေးသည့်မီး။

သော်တာကတော့ ချစ်ဦးဝေထွက်သွားသည်ကိုပင် မမှု ရီကော်ဒါဖွင့်ကာ ကချေများပင် ၂ နေလိုက်သေးသည်။





ဒေါ်နုနုခေါင်းကိုခါကာ သက်ပြင်းကိုချလိုက်သည်။

သော်တာ့အမေ မမကြီးက သူ့သမီးဝဋ်ကကျွတ်ကာ တရားရိပ်ခိုလို့သွားနိုင်ပေမယ့် သူ့မှာတော့ သည်အပူမီးက တငြိးငြိး တောက်လောင်နေသည်။

သားဖြစ်သူကို စာနာစိတ်နှင့်ပဲ ချွေးမကို နှစ်သိမ့်လိုက်သည်။

"ဟုတ်သားပဲ....သမီးရယ်၊ သမီးလဲအိမ်ထောင်ရှင် ဖြစ်နေမှပဲ၊ အိမ်မှာပဲနေပေါ့"

သော်တာက ဒေါ်နုနုကိုကြည့်ကာ မျက်နှာကို ဆတ်ခနဲ မော့ရင်း မာကျောစွာ လှမ်းပြောသည်။

"သော်တာ သူနဲ့ မယူခင်လဲသွားတယ်၊ ယူပြီးလဲသွားမှာပဲ မေမေ၊ သော်တာ့ကို နေရာတကာ မချုပ်ချယ်ပါနဲ့"

"အော်ကွယ်....မေမေက သမီးအတွက်ပြောနေတာကို"

"မလိုပါဘူး၊ မေမေကိုယ်တိုင် ဟိုဘက်ချွေးမဘက်ခပ်ပါပါ ဖြစ်နေတယ်မဟုတ်လား၊ ဒါဆို မေမေ ဟိုဘက်မှာ သွားနေ၊ ဒီအိမ်မှာ မနေနဲ့"

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ တကယ်ဆို သမီးကို မေမေကိုယ်တိုင် သဘောတူလို့ ပေးစားခဲ့တာပါ၊ မြစိမ်းကတော့ နဂိုတည်းကလဲ သဘောမတူဘူး၊ ခုလဲ သဘောမတူဘူး၊ နောင်လဲ မတူပါဘူးကွယ်၊ မေမေက သမီးတို့အတွက်ပြောတာပါ"

"အိမ်ပြန်လာတာ စိတ်ညစ်တယ်၊ အပြင်မှာ နေတာ အေးတယ်....သွားမယ်"

"သမီး....သော်တာ"

ဒေါ်နုနု ဘယ်လိုပင် လှမ်းခေါ်ပေမယ့် သော်တာက လုံးဝ လှည့်မကြည့်တော့ပါ။

ကားကို ကိုယ်တိုင်မောင်းကာ ခြံထဲမှ အပြင်းမောင်း ထွက်သွားတော့သည်။

တဖြည်းဖြည်း ပျောက်ကွယ်သွားသော ကားကလေးကို လှမ်းကြည့်ရင်း ဒေါ်နုနု ခင်ပွန်းသည်၏ စကားကို ကြား ယောင်လာသည်။

အင်း....သူမွေးသည့်မီး သူ့ဘာသာပဲသူ လောင်မြိုက် ခံရတော့မည်။

* * *



အခန်း (၁၈)

"ဘယ်လိုလုပ်ကြမလဲ မောင်"

သော်တာ အောင်ဘော်ကို အားကိုးစွာ လှမ်းကြည့် လိုက်သည်။

ချစ်ဦးဝေ အိမ်ကိုပြန်မလာတာ သုံးလခန့်ရှိပါပြီ။

သော်တာမရှိသည့်အချိန် သူ့အမေနှင့် လာစကားပြော ပြီး သော်တာကိုတွေ့သည်နှင့် စကားတစ်လုံးမှ မပြောဘဲ ပြန်သွားသည်မှာ အကြိမ်ကြိမ်။

ခါတိုင်းဆို ဘာအရေးလဲ၊ ခုတော့ သော်တာ့မှာ ဒုက္ခ လှလှ တွေ့နေရပြီ။

"သော်တာ ဘယ်လိုလုပ်ရမှာလဲ မောင်၊ လုပ်ပါဦး"

အောင်ဘော် စီးကရက်ကိုခဲကာ အကြံထုတ်နေသည်။

ပထမ တစ်ခါတုန်းက ချစ်ဦးဝေခွင့်လွှတ်ခဲ့ပေမယ့် သည်တစ်ခါတော့ ခွင့်လွှတ်နိုင်မည် မုထင်။

"သော်တာတော့ သေသာ သေလိုက်ချင်တော့တာ မောင်ရယ်"

ဒုက္ခတွေ့မှ သော်တာ မျက်ရည်ဝိုင်းလာသည်။

"သော်တာ့ယောကျ်ား ပြန်လာအောင် သော်တာ ကြံပေါ့"

"သူပြန်မလာခင် သော်တာတို့အကြောင်း သိသွားရင် သော်တာ ဘယ်လိုလုပ်ရမလဲ"

"ဒါများ ခက် ခက်လွန်းလို့ သော်တာရယ်၊ သူထွက်မသွားခင်တည်းက သော်တာ့ အဖြစ်အပျက်ကို သော်တာ့ အဘွားကြီးကို ပြောလိုက်ပေါ့"

သော်တာ ပေါ့ဆစွာ ပြောနေသော အောင်ဘော်ကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

သူ သည့်လို ပေါ့ပေါ့နေ ပေါ့ပေါ့စားမို့ မေမေကလည်း သဘောမတူသလို သူ့အမူအကျင့်ကိုလည်း သော်တာမနှစ်မြို့ခဲ့။

ဒါပေမယ့်သူ့ ကျေးဇူးကြောင့် သော်တာ အခုလိုကောင်းစားနေရသည်ကိုတော့ သော်တာ မငြင်းလိုပါ။





သူ့ဘက်မှ လိုက်လျောမှုတွေကြောင့် သော်ဟာ့ဘက်မှလည်း လိုက်လျောမှုတွေ အများကြီး ပေးခဲ့ရသည်။ သည်ထဲမှာ ငွေလည်းပါသည်၊ လူလည်း ပါသည်။

ယခုတော့ သော်တာ ဒုက္ခရောက်တော့မည်။

သော်တာ အောင်ဘော်ကို မျက်စောင်းထိုးလိုက်သည်။

မိန်းမတစ်ယောက်ကို ရှာမကျွေးနိုင်လျှင်သာရှိမည်။ဉာဏ်နီဉာဏ်နက်တွေကတော့ သူ့ခေါင်းထဲမှာ ထုတ်လို့မကုန်။

"ယုံအောင်ပြောရင် ယုံမှာပေါ့ သော်တာရာ၊ သော်တာ ပြောတတ်ပါတယ်၊ မဟုတ်ဘူးလား"

သော်တာ အောင်ဘော့်ကိုကြည့်ကာ သက်ပြင်းချရင်း ကျောခိုင်းလိုက်သည်။

နောက်ဆုံးတော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့။

"ဒီကို နောက် သော်တာ လာနိုင်မှာ မဟုတ်တော့ဘူး နော် မောင်၊ လိုက်လဲ မလာနဲ့ဦး"

"မောင်သိပါတယ်၊ မောင့်ကို ငွေအလုံအလောက်သာ ပေး၊ မောင် သော်တာ့ဆီ ဘယ်တော့မှ မလာဘူး"

"ပေးရပေါင်းလဲ များနေပြီ မောင်၊ မောင်ဘာမှမလုပ်တော့ဘူးလား"

"လုပ်စရာ လိုလို့လား သော်တာရဲ့၊ သော်တာကသူဌေးမကြီးပဲ ဥစ္စာ"

"သူ့ရှေးမကြီးလဲ ဒုက္ခရောက်နေတာ မောင်၊ သူက သော်တာ့ကို သိပ်ကြည့်တော့တာ မဟုတ်ဘူး၊ သူ့ ကို ကောင်မဆီကိုပဲ သွားပြီး အရေးလုပ်နေတာ"

"ဒါကိုများ အရေးထ ားလို့"

"အရေးမထားလို့ မဖြစ်တော့ဘူးမောင်၊ အဘွားကြီးက ပါ ဟိုဘက်ကို ပါချင်ချင် ဖြစ်လာပြီ"

"စိတ်ချ၊ ချစ်ဦးဝေရဲ့ ဘဝမှာ သော်တာတစ်ယောက် တည်း မင်းမူနိုင်အောင် မောင်လုပ်ပေးမယ်၊ သော်တာ ကျေနပ်ပြီလား"

သော်တာ မျက်နှာကို မော့ကာ ပြုံးလိုက်သည်။ သည် စကားကြားရတာလောက် နားမှာဆိမ့်တာ ဘယ်ရှိပါ့မလဲ၊

"မောင့်ကိုတော့ တန်ရာတန်ကြေး ပေးရမယ်နော်"

"မောင်ရယ်၊ သူ့ကိုသာ တစ်ဦးတည်း ပိုင်ဆိုင်ရမယ် ဆိုရင် မောင် ဘယ်လောက် လိုချင်လဲ၊ မောင့်ရှေ့ ချက်ချင်း ရောက်လာစေရမယ်"

"စိမ်လိုက်"

အောင်ဘော် ကျေနပ်စွာ လက်ဖြစ် တစ်ချက်တီးလိုက် သည်။ အောင်ဘော်တဲ့၊ သူများ မှုက်ခုံးပေါ် လမ်း လျှောက်ပြီး ထမင်းစားရမှ မြိန်ယှက်တတ်တာ လူတကာ အသိ....





သည်အထဲ သော်တာဆိုသည့် သူဌေးသမီးလေးနဲ့ တွေ့ တော့ ပိုဟန်ကျသွားသည်။

ယခုဆို သော်တာကို လက်လွှတ်လိုက်ရသည်မှ လွဲလျှင် အောင်ဘော့်အဖို့ အားလုံးအသင့်....

နေဖို့အိမ်၊ စီးဖို့ကား၊ သုံးဖို့ငွေအသင့်....

ကဲ....ဘာလိုသေးလဲ....

မလိုအောင် ရနေသည့်အထဲ ယခု နောက်ထပ်ရဖို့ ဖန် လာပြန်သည်။

"မောင့်ကို လိပ်စာသာပေး၊ မောင်ရအောင် ကြံပေး မယ်"

"ဒါမှ သော်တာ့မောင်၊ ရော့....အခု တစ်သောင်း ယူ ထားလိုက်ဦး၊ လုပ်ငန်းအောင်မြင်ရင် မောင့်ကို တစ်သိန်း တိတိထပ်ပေးမယ်"

"တစ်သိန်း ဟုတ်လား၊ စိမ်လိုက်"

အောင်ဘော် လက်ဖြစ် တီးလိုက်သည်။ သော်တာ နေရာမှ ထလိုက်သည်။

"ကဲ....သော်တာ ပြန်မယ် မောင်၊ အရေးအကြောင်းရှိ သော်တာ ဖုန်းဆက်လိုက်မယ်"

"လိပ်စာကော"

"ပေးမယ်လေ မောင်၊ သော်တာ စုံးစမ်းရဦးမှာ၊ သွား မယ်"

ထိုနေ့မှစတာ အောင်ဘော်နှင့် အဖြစ်အပျက်ကို နောက်တစ်ကြိမ် အဘွားကြီးကို လှည့်ရပြန်သည်။

အဘွားကြီးက မသိရှာ၊ သော်တာဖြိုးသမျှ ယုံသည်။

အဘွားကြီး ယုံနေသမျှတော့ သော်တာအဖို့ ဇိမ်။

ကိုယ်ဝန်ရှိစ ကတည်းက သော်တာအပြင်ကို လုံးဝမထွက်တော့၊ အိမ်မှာ ပြန်ကုတ်ကာ ငြိမ်နေလိုက်သည်။

သည်တော့လည်း ဒေါ်နုနု ချွေးမအပေါ် ပြန်လည်ယုံကြည်လာပြန်သည်။

သားလာတော့ ချွေးမအကြောင်း ပြောပြသည်။ သားကို အိမ်မှာ ပြန်နေဖို့ စည်းလုံးသည်။

ချစ်ဦးဝေမှာ အမေ့ကိုလည်း မလွန်ဆန်နိုင်ရှာ မြစိမ်းမှာ ကိုယ်ဝန်ရှိနေပြီမို့ အိမ်မှာတစ်လှည့်၊ မြစိမ်းဆီမှာ တစ်လှည့် နေ နေချိန် မြစိမ်းတို့အိမ်ကို စုံစမ်းပြီး ရောက်လာသူက အကြံသမား အောင်ဘော်။

"ဒီအိမ်ဟာ ဒေါ်မြစိမ်းခက်တို့ အိမ်ပါလား"

မြစိမ်း မွေးလာမည့်ကလေးအတွက် သိုးမွေးထိုးနေရာမှ အိမ်ရှေ့ကို လှမ်းကြည့်လိုက်သည်။

လူတစ်ယောက် အသားဖြူဖြူ အရပ်မနိမ့်မမြင့်နှင့် အိမ်ထဲကို အကဲခတ်နေ၍ မြစိမ်း ထွက်လာကာ အသံပေးလိုက်သည်။





"ဟုတ်ပါတယ်ရှင်၊ ဘာကိစ္စပါလဲ"

"ကျွန်တော် ဒေါ်မြစိမ်းခက်နဲ့ တွေ့ချင်လို့ပါ"

ကျွန်မ မြစိမ်းခက်ပါပဲ၊ ပြောပါ"

"ဩော်...ဒေါ်မြစိမ်းခက်ဆိုတာ ဒီကညီမကိုး၊ ဒါနဲ့ များဗျာ"

"ရှင်"

မြစိမ်း ညှော်သည်မျက်နှာကို လှမ်းကြည့်ကာ တအံ့တသြမေးလိုက်သည်။

"ဘာဖြစ်လို့ပါလဲ ရှင်"

"ကျွန်တော် ဒေါ်မြစိမ်းခက်ကို ပြောစရာရှိလို့ပါ"

"ဟုတ်ကဲ့ပြောပါ"

"ကျွန်တော်ဟာ ဒေါ်မြစိမ်းခက်ကို လိုလားသူ တစ်ဦးပါ"

မြစိမ်း ထိုလူ့မျက်နှာကို စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်သည်။

"ကိစ္စကတော့ ကိုချစ်ဦးဝေ ကိစ္စပါ"

"ရှင်....မောင်....ဘာဖြစ်လို့လဲ"

အောင်ဘော် မြစိမ်းခက်မျက်နှာကို ကြည့်ကာ ပြုံးလိုက်သည်။

မျက်နှာကို ကြည့်လိုက်သည်နှင့် မြစိမ်းခက် အဘယ်မျှ ငိုးသားမှုန်း သူခန့်မှန်းမိ၍လည်း....

"အင်း....ဒေါ်မြစိမ်းခက် ဒီလို ရိုးသားလေ ကိုချစ်ဦးဝေ ပိုရှုပ်လေပဲကိုး"

မြစိမ်း မျက်မှောင်ကို တွန့်ကာ ထိုလူ့ကို လှမ်းကြည့်လိုက်သည်။

သည်လူ ဘယ်သူလဲ၊ မောင့်အကြောင်း မကောင်းကြောင်းတွေဘာတွေ လာပြောနေတာလဲ။ မြစိမ်း အတွေးကို အောင်ဘော်ရိပ်မိ၍ မျက်နှာချိုသွေးကာ မြစိမ်းကို လှမ်းပြောလိုက်သည်။

"ကျွန်တော့်ကို တလွဲမထင်ပါနဲ့နော် ဒေါ်မြစိမ်းခက်၊ ဒေါ်မြစိမ်းခက်က ကိုချစ်ဦးဝေကို ယုံစားပြီး နေချိန်မှာ ကိုချစ်ဦးဝေမှာ သော်တာဆိုတဲ့ မိန်းမနဲ့ သားသမီးဘယ်နှစ်ယောက်ရနေပြီ အောက်မေ့လဲ"

"အို....ဘယ်နှစ်ယောက်ရရမှာလဲရှင့်၊ မောင့်ဇနီးဟာ ကျွန်မပဲ ဥစ္စာ"

"အဲဒါ ဒေါ်မြစိမ်းခက် ရိုးတာကိုး၊ ချစ်ဦးဝေမှာ ဒေါ်မြစိမ်းခက်အပြင် သော်တာဆိုတဲ့ မိန်းမနဲ့ ကလေးနှစ်ယောက်ရနေပြီ"

"အို....အို ကျွန်မ မကြားချင်ဘူး"





မြစိမ်း နားကို ပိတ်ထားလိုက်သည်။ ဒီလူ ဘာအကြံနဲ့ သူ့ကို သည်စကားတွေ လာပြောနေတာလဲ။

မြစိမ်း မျက်ရည်များနှင့် မော့အကြည့်၊ အောင်ဘော် ကြင်နာစွာ ပြုံးရင်း....

"ကျွန်တော် ဒီလိုလာပြောရင် ဒေါ်မြစိမ်းခက် ခံစားရမယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်တော် ဒေါ်မြစိမ်းခက်ကို သနားတယ်ဗျာ၊ ကိုချစ်ဦးဝေ လှည့်စားသမျှ ခံနေရတာတော့ ကျွန်တော် မလိုလားဘူး၊ မယုံရင် ကျွန်တော် လိုက်ပြပါရစေလား"

"တော်....တော်ပါတော့ရှင်၊ မြစိမ်း မကြားပါရစေနဲ့ တော့"

မြစိမ်း ထိုလူရှေ့မှာတင် မျက်နှာကိုအုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။ မောင်နှင့် သော်တာ့အကြောင်း မြစိမ်းသိပေမယ့် သည်လောက်အထိ ဖြစ်လာမည်ဟု မြစိမ်း မထင်။

မောင် ညာသည်။ သိပ်ညာသည်။ ဒါနဲ့များ သော်တာနှင့် သူ ဘာမှ မပတ်သက်တော့သလို သူဘာလို့ ဖုံးကွယ်နေခဲ့ရတာလဲ။

ခု....ကလေးနှစ်ယောက်ပင် ရပြီတဲ့။

ရက်စက်လိုက်တာ၊ မြစိမ်းကတော့ မောင့်စကားဘော ယုံလို့၊ မိဘညီအစ်ကို မောင်နှမတွေ တားမြစ်ခဲ့တာတောင် မောင့်ကို စွတ်ပြန်ချစ်ခဲ့သည်။

မောင့်ကို အထင်ကြီးခဲ့သည်။ ခုတော့ မြစိမ်း မောင့်မျက်နှာကို ဘယ်လိုကြည့်ရတော့မှာလဲ၊ မုန်းတယ်၊ မောင့်ကိုသိပ်မုန်းတယ်။

သည်ဘက်မှာ မြစိမ်း ငိုကြွေးနေရချိန်၊ တစ်ဘက်မှာလည်း....

"ကိုကို"

ချစ်ဦးဝေ သော်တာကို စိတ်မပါသကို လှမ်းကြည့်လိုက်သည်။

မွေးပြီးကာစ ကလေးငယ်လေးနှင့်မို့ လာနေပါ သားရယ်၊ မေမေ့မျက်နှာကို ထောက်ပါဟု မေမေ့မှာစကားအရ လာနေရပေမယ့် မြစိမ်းမျက်နှာကိုသာ မြင်ယောင်နေအဲ သော်တာက ခေါ်လိုက်၍ လှမ်းကြည့်လိုက်ခြင်း ဖြစ်သည်။

"ကိုကို ကြားပြီးပလား"

"ဘာလဲ"

"ကိုကို့ချစ်သူ မြစိမ်းသတင်းလေ"

ချစ်ဦးဝေ မျက်မှောင်ကြုတ်ကာ သော်တာကို လှမ်းကြည့်လိုက်သည်။





သည်မိန်းမ ဘာတွေများ လုပ်ကြံဦးမည်မသိ။ မေမေ့မှာစကားအပြင် သူ့ရင်သွေးကြောင့် ပြန်လာရပေမယ့် ချစ်ဦးဝေကတော့ စကားပြောချင်စိတ်ပင် မရှိပါ။

မသက်မသာနှင့် သော်တာကို လှမ်းအကြည့်။ သော်တာက အသံကို နှိမ့်ကာ ချစ်ဦးဝေကို လှမ်းပြောသည်။

"လူတစ်ယောက်နဲ့ ကိုကို့ကွယ်ရာမှာ ဖောက်ပြန်နေတယ်တဲ့"

"ဘာ....ဘာ ပြောတယ်"

ချစ်ဦးဝေ နေရာမှသာကာ ဒေါ်နှင့် မောနှင့် သော်တာ့ကို ဆောင့်အော်ပစ်လိုက်သည်။

သော်တာရယ်ရင်း....

"ကိုကိုကလဲနော်၊ ဒေါသချည်းပဲ"

"ဒေါသကြီးမှာပေါ့ကွ၊ မင်းဘာလို့ သူများကို မဟုတ်တမ်းတရားပြောလဲ၊ မြစိမ်းဟာ မင်းလို မိန်းမစား မဟုတ်ဘူး၊ ကြွခြေသိက္ခာနဲ့ မိန်းမကွ"

သော်တာ မျက်နှာကိုမော့ကာ ရယ်လိုက်သည်။ ချစ်ဦးဝေ သော်တာ့ကိုကြည့်ရင်း နေရာမှ ချာခနဲ ထွက်လာခဲ့သည်။

"ကိုကို....ကိုကို"

သော်တာက မျက်နှာကို မော့ကာရယ်ရင်း ချစ်ဦးဝေနား လျှောက်လာသည်။

''ကိုကို ဒီလိုယုံကြည်လေ၊ သူက ကိုကို့ကို လိမ်လို့ရနေတာပေါ့''

''တိတ်စမ်း သော်တာ၊ မင်းသာ ငါ့ကိုလိမ်နေ ညာနေတာ၊ မြစိမ်းဟာ လိမ်တတ်တဲ့ မိန်းမစားမဟုတ်သလို၊ မင်းကို ဖောက်ပြန်တတ်တဲ့ မိန်းမလဲ မဟုတ်ဘူး၊ ရိုးသားပြီး သစ္စာရှိတဲ့ မိန်းမတစ်ယောက်၊ မင်းသာ ဖြစ်ချင်တိုင်း ဖြစ်နေတာ''

''တော်....ကိုကို၊ သော်တာ သည်းမခံနိုင်တော့ဘူး၊ သော်တာ အလျှင်တုန်းက ဖြစ်ချင်တိုင်းဖြစ်ခဲ့ပေမယ့် အခုဖြစ်လား၊ ကိုကို့ဘာသာ လျှောက်သွားချင်ရာသွားနေပြီး သော်တာ့ကို မစွပ်စွဲနဲ့၊ မယုံရင် မေမေ့ မေးကြည့်''

''ဟုတ်သားပဲ သားရယ်၊ သမီးကလဲ သွေးနုသားနုနဲ့ဘာတွေလျှောက်ပြောနေတာလဲ''

''သော်တာ မှန်တာပြောတာ မေမေ၊ သူမယုံဘူး၊ သူ့ကောင်မမှ သူ့ကောင်မ ဖြစ်နေတယ်''

''မယုံရင်လဲ စုံစမ်းကြည့်လိုက်ပေါ့ သားရယ်၊ အဖြေထွက်လာမှာပေါ့၊ မဟုတ်ဘူးသား''

ချစ်ဦးဝေ နေရာမှ ချက်ချင်းထကာ ကားကို စက်နှိုးပြီး မြစိမ်းဆီကို အပြင်းမောင်းလာခဲ့သည်။

သော်တာ့စကားကြောင့်သာ သူ ထွက်လာခဲ့ရပေမယ့် မြစိမ်းမေတ္တာကို သူ အကြွင်းမဲ့ ယုံသည်။ မြစိမ်း သူ့ကို အဘယ်မျှချစ်သည်ကို သူ နားလည်သည်။





နားလည်စိတ်နှင့် ခြံနားကို အရောက်....

''ဟင်''

ချစ်ဦးဝေ မျက်ခုံးတွန့်သွားသည်။

ခြံထဲမှ လူတစ်ယောက်ထွက်သွားပါလား။

ထိုသူက ချစ်ဦးဝေကို မတွေ့ပေမယ့် ချစ်ဦးဝေက တွေ့လိုက်သည်။

အသားဖြူဖြူ အရပ်မနိမ့်မမြင့်၊ သည်လူကို ချစ်ဦးဝေ တစ်ခါမှ မမြင်ဖူးပါဘူး။

သူ ဘာလာလုပ်တာလဲ....

သော်တာပြောသလိုများ ဟုတ်နေလေပြီလား။

ချစ်ဦးဝေ အိမ်ပေါ်အတက် မြစိမ်း မျက်နှာပျက်သွားသည်။

ဒါဆို သေချာပါပြီ။

နေနှင့်ဦးပေါ့၊ နောက်တစ်ခါ တွေ့ရင်တော့လား။

ချစ်ဦးဝေ အံကိုကြိတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

* * *

## အခန်း (၁၉)

"ယုံပြီမဟုတ်လား မမြစိမ်း"

မျက်ရည် ဝေ ဝဲလာသည်။ မျက်ရည်ကို မကျအောင် အံကိုခဲကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

မြစိမ်းကို ပြောတော့ ရှုတင်တဲ့။

ယခု သူ့ ရှုတင်က သော်တာ့ဆီမှာပဲ။

"တိတ်ပါ မမြစိမ်းရယ်၊ ကျွန်တော်လဲ စိတ်မကောင်းပါဘူး၊ မမြစိမ်းဘက်က မခံချင်လို့သာ လာပြောရတာ၊ ကျွန်တော် မမြစိမ်း စိတ်ဆင်းရဲမှာ မလိုလားပါဘူး"

"ရပါတယ် ကိုမြင့်မောင်ရယ်၊ မြစိမ်း ခံနိုင်ရည်ရှိပါတယ်၊ မြစိမ်း သူ့ကိုမှ ချစ်မိတာကိုး"

မြစိမ်း အံကိုကြိတ်ကာ ကားပေါ် ပြန်တက်လာသည်။

သူကတော့ သမီးမွေးနေ့မို့ စောစောပြန်လာဖို့ မှာပေမယ့် သင်းက ဒီမှာသာ ပျော်မွေ့နေသည်။

သည်လိုဆို မြစိမ်းကို ဘာလို့ ယူထားသေးလဲ။

"ဒရိုင်ဘာအိမ်ကို ပြန်မောင်း"

မြစိမ်း သမီးကို တင်းတင်းဖက်ကာ ရှိုက်ငိုပစ်လိုက်သည်။

သည်လိုမှန်းသိ သူ့ကို မြစိမ်း ပြန်မပေါင်းပါ။

ယခု သမီးလေးရမှ မြစိမ်း သူ့ကို စွန့်လွှတ်ရတော့မှာလား။

"စိတ်မကောင်းပါဘူး မမြစိမ်းရယ်၊ ဒီလိုမှန်းသိ ကျွတော် ခေါ်တောင် မပြပါဘူး"

"အိုး....မြင်လိုက်ရတော့ ကျွန်မ သူ့ကို ပိုတောင် စိတ်နာ နိုင်သေးတယ်"

အောင်ဘော်တစ်ဖြစ်လဲ မြင့်မောင် စိတ်ထဲမှ ကျိတ်ပြုလိုက်သည်။

"ဖြစ်နိုင်ရင် ကျွန်တော် မမြစိမ်းကို စိတ်ချမ်းသာစေချင်ပါတယ်"

"အိုး"

မြစိမ်း ကိုမြင့်မောင်ဆိုသည့်လူ၏ မျက်နှာကိုကြည့်ကာ အလန့်တကြား အော်လိုက်သည်။





မြင့်မောင် ကပျာကယာ လက်ကာရင်း....

"တလွဲမထင်ပါနဲ့ခနော် မမြစိမ်း၊ ကျွန်တော် ရိုးရိုးသားသားပြောတာပါ"

မြစိမ်း ကိုမြင့်မောင်ကိုကြည့်ကာ သက်ပြင်း ချလိုက်သည်။

သိရသည်မှာ မကြာလှသေးပေမယ့် သည်လူသည် မြစိမ်းတို့အကျိုးအတွက် လာရောက်သူမှန်း မြစိမ်း သိ၍လည်း....

"ကျေးဇူးတင်ပါတယ် ကိုမြင့်မောင်ရယ်၊ မြစိမ်းက အိမ်အလုပ်တစ်ဘက်နဲ့ ကလေးတစ်ယောက်နဲ့ဆိုတော့ သူ ဘာလုပ်တယ်ဆိုတာ မြစိမ်း သိနိုင်တာ မဟုတ်ဘူး၊ ကိုမြင့်မောင်ကျေးဇူးကြောင့် သိရတာမို့ မြစိမ်း ကျေးဇူးတင်ပါတယ်၊ ကိုမြင့်မောင် ထမင်းစားသွားပါလား ဟင်"

"ဟာ....နေပါစေ မမြစိမ်း"

"ဘယ်ဟုတ်ပါ့မလဲ၊ စားပါ"

"နေ....နေ....မမြစိမ်း၊ ကျွန်တော် ပြန်မယ်၊ အလုပ်တွေရှိသေးတယ်"

မြစိမ်း တားနေသည့်ကြားမှ ထပြန်သွားသည့် ကိုမြင့်မောင်ကိုကြည့်ကာ မြစိမ်း သက်ပြင်းချလိုက်သည်။

နောက်တစ်နေ့ မြစိမ်း ဈေးမှ ပြန်အလာ....

"မမြစိမ်း"

"ဩော် .. ကိုမြင့်မောင်"

မြစိမ်း ကိုမြင့်မောင် ဖွင့်ပေးရာ တံခါးမှ ဝင်လာရင်း အိမ်အတွင်းကိုအကြည့် ကိုမြင့်မောင်က လှမ်းပြောသည်။

"အလှ အဝတ်သွားလျှော်တယ် မမြစိမ်း၊ ကျွန်တော်သာ မမြစိမ်းကို စောင့်နေတာ"

"အရေးကြီးသလား ကိုမြင့်မောင်"

"ကြီးတော့ မကြီးပါဘူး၊ လမ်းကြုံလို့ ဝင်လာတာပါ"

"ဒါဆို ခဏနော်၊ မြစိမ်း အဝတ်သွားလဲမလို့"

မြစိမ်း အိပ်ခန်းတွင်း ဝင်ကာ အဝတ်လဲနေဆဲ မြစိမ်းနားကို ကိုမြင်မောင် ရောက်လာသည်။

"ဟင်....ရှင်....ရှင်....ဘာလာလုပ်တာလဲ"

မြစိမ်း ကိုမြင်မောင့်ကို ကြည့်ကာ အလန့်တကြား အအော် ကိုမြင့်မောင်က ရယ်ကာ မြစိမ်းနားကို လျှောက်လာသည်။

"အို....ရှင် ဘာလုပ်တာလဲ၊ ထွက်....ထွက်၊အခု ကျွန်မအခန်းထဲကထွက်၊ လာကြပါဦးရှင်"

မြစိမ်းအော်ပေမယ့် ထိုလူက မြစိမ်း အခန်းထဲက မထွက်ဘဲ ပါးစပ်ကိုပိတ်ကာ တင်းကျပ်စွာ ဖက်ထားဆဲ....

"ဩော်....ဒီလိုတောင် ဖြစ်နေကြပြီကိုး"





"ဟင်....မောင်၊ မဟုတ်ဘူး"

မြစိမ်း ထိုလူ့ရင်ခွင်ထဲမှ ထွက်ကာ သူတို့ကို ခါးထောက်ကြည့်နေသည့် မောင့်ဆီကို ပြေးလာရင်း ငြင်းပေမယ့်....

မောင်က မြစိမ်း ပခုံးကို ဆောင့်တွန်းကာ မြစိမ်းကို ဒေါနှင့်မောနှင့် အော်တော့သည်။

"လက်ဆုပ်လက်ကိုင် မိနေတာတောင် မင်း မုန်လာဥလုပ်ချင်သေးတယ်၊ ကဲကွာ....မုန်လာဥ လုပ်ချင်ဦး"

"ဖြန်း"

"မဟုတ်ဘူး မောင်၊ မြစိမ်းနဲ့ ဒီလူနဲ့ ဘာမှ မပတ်သက်ဘူး၊ သူ....သူ့ ဘာသာသူ မြစိမ်းအဝတ်လဲနေတဲ့ နေရာ ဝင်လာပြီး မြစိမ်းကို လာဖက်လို့ မြစိမ်းရုန်းနေတုန်း မောင်ရောက်လာတာပါ"

"တော်စမ်း မြစိမ်း၊ မင်းဘယ်လိုပဲ ညာညာ ဒီကောင်ဒီအိမ်ကိုလာနေတာ ငါတွေ့တာ သုံးခါရှိပြီ၊ မင်း ဘာ ညာဦးမလဲ"

"မောင်ရယ်၊ မြစိမ်းကို ယုံပါ၊ မြစိမ်း မောင့်ကိုပဲ ချစ်တာပါ၊ မြစိမ်း အချစ်ဟာ မောင့်အတွက်ပဲ ဖြစ်ပေါ်လာတဲ့ တစ်ချစ်တည်းသော အချစ်ပါ မောင်ရယ်၊ ယုံပါ"

ချစ်ဦးဝေ မြစိမ်း ကိုကြည့်ကာ အော်ရယ်လိုက်သည်။

သည်လူနှင့်တွေ့ပြီးကတည်းက မြစိမ်း သူ့ကို မခေါ်နိုင် မပြောနိုင် ဖြစ်နေသည်ကိုလည်း သူမသိဘဲ နေမလား။

"မောင် မယုံရင် သူ့ကို မေးကြည့်ပါ၊ သူနဲ့မြစိမ်းနဲ့ ဘာမှ မဆိုင်ပါဘူး"

"ဟော့ ကောင် မြေစမ်း၊ မင်းနဲ့ မြစိမ်းနဲ့ ဘယ်လိုလဲ"

ချစ်ဦးဝေ အောင်ဘော်ပခုံးကို ဆွဲဆောင့်ကာ အမေး... အောင်ဘော် ခေါင်းညိတ်ကာ ဖြေလိုက်သည်။

"မမြစိမ်းဟာ ကျွန်တော့် ချစ်သူပါ၊ ဒီနေ့ သူချိန်းထားလို့ ကျွန်တော် လာတာပါ"

"ဘာ...ဘာ"

မြစိမ်း ထိုသူ့ ပါးကိုလှမ်းအရိုက် ချစ်ဦးဝေက မြစိမ်းကိုယ်ကို အားနှင့်ဆွဲကာ အမန်းထောင့်ကို ဆောင့်တွန်းလိုက်သည်။

"သစ္စာဖောက်မ၊ မိန်းမယုတ်မ"

"မဟုတ်ဘူး မောင်၊ မဟုတ်ဘူး၊ မြစိမ်း ရှင်းပြပါရစေ"

"မလိုချင်ဘူး၊ မင်းအသံလဲ မကြားချင်ဘူး၊ မင်းမျက်နှာလဲ မကြည့်ချင်ဘူး၊ အခု ငါ့အိမ်ပေါ်က ဆင်း"

"စဉ်းစားပါဦး မောင်ရယ်၊ မြစိမ်းဟာ ဖောက်ပြန်တတ်တဲ့ မိန်းမစားလား၊ သိပ်ချစ်ဘက်တဲ့ မိန်းမစားဆိုတာ မောင် သိပါတယ်"





"အိုကွာ...မင်းအသံ မကြားချင်ပါဘူးဆို၊ ဘယ်မှာလဲ ငါ့ကလေး"

ဖြစ်ချင်တော့ ထိုအချိန်မှာမှ အလှနှင့်သမီးက အိမ်ပေါ်ကို တက်လာသည်။

"လာ...သမီး၊ ဖေဖေ့ဆီကို"

"မောင်ဒီလိုမလုပ်ပါနဲ့၊ လာ...သမီး၊ မေမေ့သမီး"

မြစိမ်း မောင့်လက်ထဲကသမီးကို အတင်းဆွဲယူကာ မောင့်ကို ရင်ဆိုင်လိုက်သည်၊

တကယ်အပြစ်ရှိသူက သူ။ ယခုတော့သူ့ အပြစ်ကို ဖုံးကွယ်ကာ မြစိမ်းကို အပြစ်လာလုပ်နေသည်။

သမီးသာ မရှိလျှင် မြစိမ်း မောင့်ကို တစ်ချက်မျှပင်လှည့်မကြည့်ဘဲ ဆင်းသွားနိုင်သည်။ သမီးရှိနေတော့ သမီးကို အဖေမဲ့သမီးအဖြစ် မခံနိုင်သည်မို့ မြစိမ်း စိတ်ကိုလျှော့ကာ မောင့်ကို တောင်းပန်လိုက်သည်။

"မောင်"

မြစိမ်း သမီးကိုပွေ့ကာ မောင့်ခြေရင်းမှာ ဦးခိုက်ရှိက်ငိုလိုက်သည်။

"မြစိမ်းပြောတာ ယုံပါမောင်ရယ်၊ ဒီလူဟာ မြစိမ်းနဲ့ လုံးဝ မပတ်သက်တဲ့လူပါ"

"မပတ်သက်လို့ မင်းအိပ်ခန်းကို ရောက်နေတာပေါ့၊ မင်းကို ဖက်နေတာပေါ့"

"ဒါတော့ မောင်ရယ်၊ ဒီလူအကြံနဲ့လာနေတာ နေမှာပေါ့"

"တော်တော့ မြစိမ်း၊ ဒီလူ အကြံနဲ့လာတယ်ဆိုလဲ မင်းလက်ခံမှ ဖြစ်တာ၊ မင်းဆင်းမလား၊ ငါဆင်းရမလား၊တစ်ခွန်းပဲ ပြော"

မြစိမ်းနေရာမှ ထကာ မောင့်မျက်နှာကို ခပ်စိမ်းစိမ်းစိုက်ကြည့်လိုက်သည်။ နောက်တော့ ဘာမပြော ညာမပြော အိမ်ပေါ်မှ ပြေးဆင်းသွားခဲ့မိတော့သည်။

"မမလေး....မမလေး"

အလှကပြေးခေါ်ပေမယ့် မြစိမ်းလုံးဝ လှည့်မကြည့်တော့ပါ။

စိတ်မှာနာကြည်းလွန်း၍ မြစိမ်းမျက်နှာက မာကျောကာ ခြေလှမ်းတွေက သွက်နေသည်။

"ဒါ....ဒါဆို အမေ့မှာ ဘာအပြစ်မှ မရှိဘဲနဲ့ အိမ်ကထွက်ခဲ့ရတာပေါ့နော် ဦးလေး"

"ဟုတ်တယ်၊ မြစိမ်းဟာ သိပ်သနားစရာကောင်းတဲ့ မိန်းကလေးပါကွယ်၊ သူထွက်လာပြီးနောက်မှ ကိုချစ်ဦးဝေ





လဲ အလှကြောင့် သူမှားကြောင်းသိပြီး လိုက်ခေါ်လို့ ထွက်ပြေးရာက ကားမှောက်တဲ့ ဒဏ်ရာနဲ့ မျက်နှာမှာ အမာရွတ်ကြီးရခဲ့တယ်၊ အဖေတို့ 'ပန်းသစ်မြိုင်'ကို မလာခင် သူမန္တလေးမှာ နေသေးတယ်၊ အဖေလဲ ကားမောင်းရင်း တွေ့တာနဲ့ သူ့ကို ဒီကိုမရမကခေါ်လာခဲ့တာ၊ နာမည်ပြောင်း၊ ဘဝပြောင်း နေလာခဲ့တာကြာပြီ၊ လူလူ ရန်ကုန်သွားမှ ဇာတ်လမ်းတွေအားလုံး ပေါ်ကုန်တော့တာ"

"အဖေ ဒီဇာတ်လမ်းတွေ ဘယ်လိုလုပ်သိလဲ"

ဦးလှကျော် ဘာမှမပြောဘဲ အဝေးကို ငေးနေသည်။

"ဟင်....အဖေ ပြောလေ"

နန်းဝေ သူ့အဖေ လက်ကို ကိုင်လှုပ်ကာ မေးလိုက်မှ ခေါင်းကို ဆတ်ခနဲညိတ်ပြရင်း နန်းဝေကို လှမ်းကြည့်သည်။

"ပြောသေ အဖေ၊ အဖေ ဘယ်လိုသိလဲ"

"ပြောတဲ့လူက ပြောလို့ပေါ့ လူကလေးရယ်"

ပြောတဲ့လူက ဘယ်သူလဲ အဖေ"

အမေးမျက်ဝန်းနှင့် နန်းဝေအကြည့်၊ ဦးလှကျော် သက်ပြင်းကိုချကာ ခပ်တိုးတိုးပြောသည်။

"မြစိမ်းပြောလို့လဲ သိတယ်၊ နောက်....လှဘော်လဲ ပြောပြတာပါ"

"လှဘော်ဆိုတာ ဘယ်သူလဲဟင်"

"လှဘော်ဆိုတာ အဖေ ခုနကပြောတဲ့ အောင်ဘော်ပေါ့"

"ဒါ....ဒါဆို အဖေ ဒီဦးအောင်ဘော်ဆိုတဲ့လူနဲ့ သိတာပေါ့ ဟုတ်လား"

နန်းဝေ ကပျာကယာ အမေး ဦးလှကျော်ခေါင်းကို လေးပင်စွာ ညိတ်လိုက်သည်။

"သိဆို သူဟာ အဖေ့ညီအရင်း ခေါက်ခေါက်ကိုး"

"ဟာ....အဖေ"

"ဒီအကြောင်းတွေ မြစိမ်းသိမှာစိုးလို့ အဖေလုံးဝမဟာခဲ့ဘူး၊ တကယ်တော့ လှဘော်ဟာ အဖေငယ်ငယ်လေးတည်းက ကွဲသွားတဲ့ ညီပါ၊ အဖေ့အဖေနဲ့ အမေကွဲတော့ အဖေက အဖေနဲ့အတူကျန်ခဲ့ပြီး လှဘော်က အမေနဲ့ပါသွားတယ်၊ တစ်သက်လုံး တွေ့ချင်လို့ ရှာတုန်းက အဖေမတွေ့ခဲ့ဘူး၊ တွေ့မယ့်တွေ့တော့ မြစိမ်းအိမ်ကိုအလာ သူနဲ့ခြံဝမှာတိုးတော့တာပဲ၊ ဒီအချိန်မှာ မြစိမ်းတို့က ပြဿနာဖြစ်ပြီးနေတဲ့အချိန်၊ အဖေ သူ့ကို အတင်းခေါ်ပြီး ရှင်းခိုင်းပေမယ့် သူ မရှင်းဘူး၊ အဖေ ဒေါသ တော်တော်ထွက်သွားတယ်၊ အဖေဟာ ရိုးသားတယ်၊ညာမစားဘူး၊ လိမ်မစားဘူး၊အဖေက ရိုးသားသလောက် အဖေ့ညီကျမှ ဒီလိုလူ ဖြစ်ရကောင်းလားဆိုပြီး





ဒေါသနဲ့အဖေ သူ့ကိုဆွဲထိုးတာ သူခံနေတယ်၊ အဖေထိုးပြီးမောတော့ သူကမေးတယ်၊ ကျေနပ်ပြီလားတဲ့၊ နောက်တော့ သူထွက်သွားတာပဲ၊ အဖေ လိုက်ခေါ်ပေမယ့် သူ မလိုက်ဘူး၊ သူ့ဘဝနဲ့ အဖေ့ဘဝနဲ့ မတူဘူးတဲ့၊ သူ့ဘဝနဲ့သူ နေပါရစေတဲ့၊ အဲဒါသာ ကြည့်တော့သား၊ တစ်အူတုံဆင်း ညီအစ်ကိုရင်းတောင် အဖေက မြစိမ်းအပေါ် အဖြူ သူကအမည်း၊ ခုလူလူဖြစ်လာတာလဲ သူပဲ စီစဉ်တာနေမှာ၊အဖေ ရှက်တယ်၊ သိပ်ရှက်တယ်"

လူလူ မျက်ရည်များကြားမှ နာကြည်းစွာပြုံးကာ ဦးလေးလှကျော်ကို နှစ်သိမ့်လိုက်သည်။

"မရှက်ပါနဲ့ ဦးလေးရယ်၊လူလူတို့ ကုသိုလ်ကံပေါ့၊အမေဟာ ဖေဖေ့ကို ချစ်လွန်းလို့ ဒီလိုဖြစ်ခဲ့ရတယ်လို့ လူလူ မှတ်ပါတယ်၊ လူလူ အမေ့ပစ္စည်းတွေလဲ မမက်မောပါဘူး၊ လူလူမက်တာ အမေ့မေတ္တာ၊ အမေ့ကိုလူလူတွေ့ချင်တယ် ဦးလေး၊ အမေ့ကို ရှာပေးပါ နော်...နော်"

ပြောရင်း လူလူ ရှိုက်ကာငိုမိပါပြီ၊ လူလူ့ကြောင့် အမေ စိတ်ဆင်းရဲရသည်။

လူလူ့ကြောင့် အမေ တစ်သက်လုံး မဖော်ချင်ခဲ့သည့် ဇာတ်လမ်းကို ဖော်ခဲ့ရသည်။

ယခုတော့ လူလူကြောင့် အမေ အဝေးကို ပြေး... ရပြန်ပြီ။

"အမေ....အမေရယ်၊ လူလူမှားပါပြီ၊ လူလူ အမေ့စကား ကို နားထောင်ပါ့မယ်၊ အမေ ပြန်လာခဲ့ပါနော်၊ လူ... အမေ့ကို စောင့်နေမယ်၊ လူလူ အမေနဲ့ပဲ နေမယ်"

သနားလိုက်ပါဘိတော့ လူလူရယ်....

နန်းဝေ သီးသီးထန်ထန် ငိုနေသည့် လူလူ့ကိုကြည့်ကာ အံကို ကြိတ်ရင်း လက်သီးကို တင်းတင်းဆုပ်လိုက်သည်။

သူ့အဖေနှင့်သူသည် လူလူနှင့် လူလူ့ အမေအတွက် ဖြူစင်သော စေတနာထားခဲ့သော်သည်း သူ့ဦးလေးကြောင့် လူလူ တို့ ဒုက္ခရောက်ခဲ့ရသည်။

"ဒီကိစ္စတွေကို ကျွန်တော် ဦးကောင်းလွန်းဆီ သွားပြော လိုက်မယ်အဖေ၊ ကျွန်တော်မခံနိုင်ဘူး၊ ဦးလေးပေမယ့်... မကောင်းတာလုပ်ရင် မကောင်းတာဖြစ်စေရမယ်၊ မကောင်း ဘူးလားအဖေ"

စိတ်အားထက်သန်စွာပြောနေသည့် နန်းဝေကို ကြည့်ကာ လူလူ ခေါင်းခါလိုက်သည်။

"ရှိပါစေတော့ နန်းဝေရယ်၊ တို့အတွက်နဲ့ ဘယ်သူ့ကို မှ ဒုက္ခမရောက်စေချင်တော့ဘူး၊ ဖြစ်နိုင်ရင် အမေ့ကိုပဲ ရှာ ပေးပါ၊ လူလူ အမေ့ကို တွေ့ပါရစေ"





"တစ်နေ့ကျ တွေ့ရမှာပေါ့ ကလေးရယ်"

လူလူ ပါးပေါ် မျက်ရည်များ စီးကျလာသည်။ အမေ လူလူ့ကို မုန်းသွားလေပြီလား....

အဖေ့ကို ချစ်မိသည့် အချစ်ကြောင့် အမေ့ဘဝ မုန်တိုင်း ထန်ခဲ့ရသည်။ ယ

သည်မုန်တိုင်းကို ငြိမ်သက်အောင် အမေနေလာခဲ့ပြီးမှ လူလူ့ကြောင့် အမေရင်မှာ နောက်ထပ်တစ်ခါ ခံစားရ တာလား အမေရယ်....

အမေ့လို ပါပဲ။

လူလူ့ရင်မှာလဲ ထပ်တူထပ်မျှခံစားခဲ့ရပါတယ် အမေ....

လူလူ ကိုယ်ချင်းစာနိုင်ပါတယ်၊ အမေ့ကို နားလည်နိုင်ပါ တယ်....

လူလူ အမေ့ကို တွေ့ပါရစေလားဟင်....

အမေ ရှိတတ်သည့်နေရာ၊ အမေ ထိုင်တတ်သည့်နေရာ လေးများကို လျှောက်ကြည့်ရင်း မျက်ရည်ကျနေသည့်လူလူ့ ကို နန်းဝေကြည့်ကာ သူပါ မျက်ရည်လည်လာသည်။

ဖြစ်နိုင်လျှင် လူလူ့ရင်မှာ သောကဟူသမျှ မြူတစ်မှုန် ပင် မထင်စေချင်ပါ။

အဖေ ဒေါ်မြစိမ်းအပေါ် ထားခဲ့တဲ့အဖြူရောင် မေတ္တာ လို သူလည်း လူလူ့ကို ထာဝရ အဖြူရောင် မေတ္တာသာ ပေးဆက်လိုပါသည်။

သည်လို ပေးဆက်ရ၍ လူလူပျော်မည်ဆိုလျှင် သူ့အသည်း တွေ၊ သူ့နှလုံးတွေ ကွဲကြေပါစေတော့ နန်းဝေ ပေးဆက် ပါမည်။

ခုတော့ လူလူရယ် လူလူ့အသည်းကို ကွဲကြေဖို့ တို့ရန်ကုန် ကို ခေါ်သွားမိသလိုပါပဲလား”

နန်းဝေ မျက်ရည် ဖြိုင်ဖြိုင်ကျနေသည့် လူလူ့ကိုကြည့် ၁ စိတ်မကောင်းခြင်းကြီးစွာ တွေးနေချိန် ရန်ကုန်မှာ ၃မူ....

ဒ

* * *



**အခန်း (၂၀)**

“ဟား ဟား ဟား....သော်တာတို့ကြံ ခံနိုင်ရိုးလား”

“မောင့်ကိုလဲ ထည့်တွက်ဦးလေ သော်တာ”

“ရက်စ်....ရက်စ်၊ ကျေးဇူးတင်ပါသွတဲ့ရှင်”

နှစ်ဦးသားသဘောကျစွာ ရယ်မောလိုက်မိသည်။

ခုတော့ ဦးကောင်းလွန်းသမီး ခင်ကောင်းမေ (ခေါ်) လူလူ ဘာတတ်နိုင်သေးလဲ။

ဖခင်ဆီမှအမွေမရသည့်အပြင် အရှက်တကွဲအကျိုးနည်း ဖြင့် ပန်းသစ်မြိုင်ကို ပြန်ပြေးခဲ့ရပြီ မဟုတ်လား။

သူ့ကို သိပ်ချစ်သည့်ရွှေနေကြီး ဦးမျိုးလွင်ကော ဘာ တတ်နိုင်သေးလဲ။

သော်တာ နေရာမှထကာ ဖုန်းကောက်လှည့်လိုက်သည်။ တစ်ဘက်မှ ဖုန်းကိုင်လာသူက ဒေါ်မျိုးခင်။

"မမခင်ပါလား....သော်တာပါ"

ဒေါ်မျိုးခင် ဖုန်းကိုင်ရင်းမှ သားကို လှမ်းကြည့်လိုက်သည်။

"ကြားပြီးပြီလား"

"ကြားပြီးပါပြီကွယ်"

ညဘက် လူလူဖြစ်သည့်ပြဿနာကို ဒေါ်သော်တာတို့ ခြံထဲတွင် ကျန်ရစ်ခဲ့သည့်ဧည့်သည်များမှတစ်ဆင့် ဒေါ်မျိုးခင်ကော ကိုမျိုးလွင်ပါ ကြားသိခဲ့ပြီးပါပြီ။

ဒေါ်မျိုးခင်ပြုံးရင်း....

"ဒါကြောင့် သားကိုပြောနေရတာပေါ့ သော်တာရယ်၊ ဘယ်ကမှန်းမသိ ဘာမသိနဲ့ သားက ရုပ်လေးလှတာမြင် စွတ်ကြိုက်ချင်တာ၊ ခုတော့ သိသွားပြီလေ"

မျိုးလွင် အံကိုကြိတ်ကာ နေရာမှ ထလာခဲ့သည်။

ဖြစ်နိုင်လျှင် သည်စကားတွေကို သူ လုံးဝမကြားချင်ပါ။ လူလူ့ကို သူ ယုံကြည်သည်။

ဒါပေမယ့် မေမေတို့ယုံကြည်အောင် သူ ဘယ်လိုချေဖျက်ရမလဲ....





စိတ်ပျက်စွာထိုင်နေဆဲ မျိုးလွင်နားကို ဒေါ်မျိုးခင်ရောက်လာသည်။

မေမေလာလျှင် သည်အကြောင်းတွေ ကြားရတော့မည်ကို ကြိုသိနေသည်မို့ နေရာမှအထ....

"သား....ထိုင်ပါဦး"

မျိုးလွင် သက်ပြင်းချကာ နေရာမှာ ထိုင်လိုက်သည်။

"သား....ကြားလိုက်တယ် မဟုတ်လား"

မျိုးလွင် မေမေ့မျက်နှာကို လှမ်းကြည့်လိုက်သည်။ သူ ဘာ ပြောရမလဲ။

ညကတည်းက မေမေတို့ရှေ့မှာ သူကိုယ်တိုင် အတင်းပြန်ခိုင်းသည်ကို လူလူဇွတ်နေခဲ့သည်။

ယခုတော့ အပြစ်ဟူသမျှ လူလူ့အပြစ်ပေါ့....

"မေမေ့ ပြောစကား နားထောင်ပါ သားရယ်၊ မိဘဆိုတာ သားသမီးကိုကောင်းစေချင်တဲ့ သူတွေချည်းပါပဲကွယ်"

မျိုးလွင် မေမေ့ကိုမျက်ရည်ကြားမှ လှမ်းအကြည့်၊ မေမေ့ရုပ်ပုံက ဝေဝါးစွာပေါ်လာသည်။

မျိုးလွင်....ဘာပြောရမလဲ....

"မေမေ"

မျိုးလွင် အံကိုကြိတ်ကာ မေမေ့ကိုတင်းကျပ်စွာ ဖက်ထားလိုက်မိတော့သည်။

သည်အခိုက် သူ့မျက်ဝန်းမှ မျက်ရည်ပေါက်နှစ်ပေါက်က သူ့ပါးပေါ် ဖျတ်ခနဲ ကြွေကျလာသည်။

သည်မျက်ရည်ပေါက်နှင့်အတူ သူ့အသည်းနှလုံးတွင်းမှ လူလူကို ချစ်မိသည့်အချစ်များသည် ဖျတ်ခနဲလွင့်စဉ်ထွက်သွားရသည်ကို မျိုးလွင်မှလွဲ၍ ဘယ်သူ နားလည်မှာလဲ....

ဒေါ်မျိုးခင် သားကို ရင်ခွင်တွင်းထွေးပိုက်ကာ ပြုံးလိုက်မိသည်။

ဩော်....သားရယ်။ ကလေးလိုပါပဲလား။

မျိုးလွင်ရင်တွင်းမှာတော့ လူလူ့ကို မမေ့နိုင်သေးပါ....

ချစ်ခဲ့ကြသည်မှာ ဘာကြာသေးလို့လဲ....

ဖြစ်နိုင်လျှင် မေမေ့ကို ဘိုနှင့်ကိစ္စ ငြင်းပစ်လိုက်ချင်ပါသည်။

ဒါပေမယ့် မျိုးလွင် ဘယ်လိုငြင်းရမလဲ....

မျိုးလွင် မေမေ့နားမှထလာကာခြံထဲကို ပြေးဆင်းလာပေမယ့်....

နားထဲမှာတော့ လူလူ့စကားသံလေးသာကြားယောင်နေသည်။





လူလူ အစ်ကို့ကို ချစ်တယ်၊သည်အချစ်ဟာ တစ်သက်တာအတွက် တစ်ချစ်တည်းပဲ....

ဟုတ်ရဲ့လား လူလူရယ်၊ မင်း အစ်ကို့ကိုချစ်တာ ဟုတ်ရဲ့လား....

မင်း အစ်ကို့ကို လှည့်စားခဲ့တာလား၊ အခု အစ်ကို့မှာ မင်းအတွက် ဘယ်လောက် ခံစားနေရလဲ၊ မင်း မြင်လှည့်စေချင်တယ်။

မျိုးလွင် အံကိုကြိတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရပ်နေချိန် ဒေါ်မျိုးခင်ကတော့ ဒေါ်သော်တာတို့ဆီ ဖုန်းကောက်လှည့်လိုက်သည်။

''ဟဲလို''

ဘို ဖုန်းကိုပြေးကိုင်ကာ ထူးလိုက်သည်။

''ဘယ်သူပါလဲ''

''ဘိုပါ''

''ဩော်....သမီး၊ အန်တီခင်လေ''

''ဩော်....အန်တီ၊ ပြောပါ''

''သော်တာရှိလား သမီး''

''မာမီမရှိဘူး အန်တီ၊ မနက်တည်းက အပြင်ထွက်သွားတယ်''

"အေးကွယ်၊ သော်တာလာရင် သမီးပဲ ပြောလိုက်ပါ သမီးနဲ့ သား ကိုမျိုးတို့ကိစ္စ တိုင်ပင်ချင်လို့ အန်တီ့ဆီ လာခဲ့ ပါဦးလို့"

"ဟုတ်ကဲ့ အန်တီ"

"ဒါပဲနော် သမီး"

တစ်ဘက်မှ ဖုန်းချသွားပေမယ့် ဘို ဖုန်းကို မချဖြစ်သေး

ဘာတဲ့၊ သမီးနဲ့ သား ကိုမျိုးတို့ကိစ္စတဲ့။

ကိုမျိုးနဲ့သူ....

သူနဲ့ ကိုမျိုး....

"အို"

ဘို အပေါ်ထပ်ကို ပြေးတက်လာကာ အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။

မျက်ဝန်းများက နံရံမှ ပိုစတာဆီ အပြေးအလွှား ကြည့်မိသည်။

ကိုမျိုး....ကိုမျိုးကို ဘို ပိုင်ဆိုင်ရတော့မှာပါလား၊ ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလား....

မျက်လုံးကိုမှိတ်ကာ ခေါင်းအုံးကို ပိုက်ထားဆဲ....

"ဘာဖြစ်နေတာလဲ ဘို"





ချို ရောက်လာသည်။ ဘို အိပ်လျက်မှ ချို့ကို လှမ်းပြောလိုက်သည်။

"ခုနက အန်တီခင် ဖုန်းဆက်တယ်"

"ဘယ်က အန်တီခင်လဲ"

"ကိုမျိုးမေမေလေ"

ချို မျက်မှောင်ကုတ်လိုက်သည်။

"သူ့သားနဲ့ ငါ့ကိစ္စ ပြောစရာရှိလို့၊ မာမိ့ကို သူ့ဆီ လွှတ်လိုက်ပါတဲ့"

ချို သူ့အစ်မကို မျက်မှောင်ကုတ်ကြည့်လိုက်သည်။ ဘို့မျက်နှာက ပြုံးနေ၍ ခပ်တိုးတိုး မေးလိုက်မိသည်၊

"ဘို သူ့ကို ချစ်လို့လား"

"ချစ်တယ် ထင်တာပဲ"

ဘိုက စပ်ဖြဲဖြဲ ဖြေသည်။ ချို အစ်မဖြစ်သူကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

သူက အချစ်ကို နားလည်သူမှ မဟုတ်လေဘဲ....

သူသိတာ အချစ်ကို ကစားစရာ အရုပ်တစ်ရုပ်လောက်သာ နားလည်တာ....

ချို့ ရင်ထဲမှာတော့ နွမ်းနေသည်။ မာမီ့ဆီမှတစ်ဆင့် သူလူလူ့အကြောင်းကို သိပြီးခဲ့ပါပြီ။

ချိုတို့နှင့် အမွေလုမည့်သူမို့ မာမီ သည်လို ပြုကျင့်ခဲ့ပေမယ့် ချိုကတော့ လူလူ့ကို မမုန်းနိုင်ပါ။

ဖြစ်နိုင်လျှင် ချို လူလူ့ကို လက်ထပ်ချင်သည်။

ရိုးမြေကျ ပေါင်းဖက်ချင်သည်။

သူ ဘယ်လိုလုပ်ရမလဲ။

မျက်ဝန်းထဲမှာတော့ လူလူ့ မျက်ဝန်းလေးကိုသာ မြင်ယောင်နေခိုက်....

ချို့မျက်ဝန်းတွင်းကို ဒယ်ဒီ့ပုံရိပ် ဝင်လာသည်။

“ချို မင်းမာမီကော”

ချို ဦးကောင်းလွန်းကို စိုက်ကြည့်နေမိသည်။

ယခင်က သည်လူကြီးကို ဖခင်တစ်ယောက်အဖြစ် သူ တွယ်တာခဲ့ဖူးပေမယ့် ယခုတော့ သည်လူကြီးက သူ့ဖခင် မဟုတ်တဲ့....

ချို ယုံကြည်ရမှာလား....

တွေတွေကြီးငေးနေသည့် ချို့ကို ဦးကောင်းလွန်း ထပ်မေးလိုက်သည်။

ညကတည်းက သူ ဆုံးဖြတ်ပြီးခဲ့ပြီ။

စိမ်းမေရှိတဲ့ ပန်းသစ်မြိုင်ကို သူ လိုက်သွားတော့မည်။





စိမ်းမေက သူ့ကို သိပ်ချစ်တဲ့သူပဲ၊ ခွင့်မလွှတ်ဘဲ နေမလား....

စည်းစိမ်ချမ်းသာဆိုတာ ရှိသင့်တာတော့မှန်သည်။

ဒါပေမယ့် လူ့ဘဝမှာ အဓိကလိုအပ်ချက်က စည်းစိမ်ချမ်းသာထက် စိတ်ချမ်းသာဖို့ပဲ မဟုတ်လား။

နှစ်ပေါင်းများစွာ သူ့ဘဝကို သည်စည်းစိမ်ချမ်းသာတွေနှင့် သူ မြှုပ်နှံထားခဲ့သည်။ စိတ်ချမ်းသာမှုဆိုတာ ဘယ်မှာလဲ။

ယနေ့မှစ၍ သူ စိတ်ချမ်းသာအောင် နေတော့မည်။
သူ စိတ်ချမ်းသာမှုအတွက်ဆို ဘာနှင့် လဲရလဲရပေါ့။
သူ အားလုံးကို လဲသွားပါမည်။
“မင်း မာမီလာရင်သာပြောလိုက်၊ ဒယ်ဒီသွားပြီလို့”
ကောင်းလွန်း အိတ်ကို ဆွဲကာ နေရာမှ အထွက်....
“သား”

ဒေါ်နုနု သူ့အခန်းအတွင်းမှ ဘီးလေးလှိမ့်ကာ သားဆီကို ထွက်လာသည်။

“မေမေ့ကို သူစိမ်းတွေနဲ့ ထားခဲ့မလို့လား သားရယ်၊ မေမေလဲ မြစိမ်းဆီကို သားနဲ့အတူ လိုက်ခဲ့ပါရစေ”

“သူစိမ်းတွေ၊ ဟုတ်လား မေမေ”

ဦးကောင်းလွန်း သူ့အမေကို ပြေးဖက်ကာ အံ့သြတကြီး မေးလိုက်သည်။

"သူစိမ်းတွေပေါ့ သားရယ်၊ သားကလွဲလို့ မေမေ့မှာ အားကိုးမရှိပါဘူး၊ သူတို့တွေဟာ မေမေတို့နဲ့ ဘာသွေးသားမှ မစပ်တဲ့ သူစိမ်းစစ်စစ်တွေပါ"

"ဘာပြောတယ် မေမေ"

ကောင်းလွန်း မေမေ့မျက်နှာကို အံ့သြစွာကြည့်ကာ တွေဝေနေဆဲ ဒေါ်နုနုကအပေါ်ထပ်မှ ပြေးဆင်းလာသည့်ဘိုနှင့်ချိုကိုကြည့်ကာ တုန်ယင်စွာ ပြောလိုက်သည်။

"သူတို့နှစ်ယောက်လုံးဟာ သားနဲ့ရတဲ့ ကလေးတွေမဟုတ်ပါဘူး သားရယ်၊ သော်တာ သူ့အလျှင် ယောကျ်ားနဲ့ရတဲ့ ကလေးတွေပါ၊ မေမေကိုယ်တိုင် သဘောကျလို့ ပေးစားခဲ့တဲ့ မိန်းမမို့ မေမေ တစ်သက်လုံး ဖွင့်မပြောခဲ့ဘူး၊ ခုတော့ မခံနိုင်တော့ဘူး သား၊ သားရဲ့ရင်သွေးအစစ်ဟာ လူလူ၊ လူလူပါ"

"ဘာမေမေ ဘာ…ပြန်ပြောပါဦး၊ လူလူဟာ ကျွန်တော့်သမီး ဟုတ်လား"

"ဟုတ်တယ်သား။ သူတို့ပြောတာတွေ မေမေအားလုံးကြားပြီးပြီ၊ တကယ်တော့ မြေးလေး လူလူဟာ ဘာမှမသိရှာတဲ့ သော်တာ့ထောင်ချောက်ထဲမှာ အမိခံရတာ"





"သော်တာ့ထောင်ချောက်ထဲမှာ အမိခံရတာ…."

ကောင်းလွန်း သည်စကားကို ရေရွတ်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။

လက်စသတ်တော့ သော်တာ့ စနက်ကိုး။

တစ်သက်လုံးလည်း သူတို့သားအမိကို ဒုက္ခပေးပြီးပြီ။ ယခု မြစိမ်းတို့သားအမိကိုပါ ဒုက္ခထပ်ပေးတော့မည်ကို ကောင်းလွန်း နားလည်လိုက်၍….

"အခု သော်တာ ဘယ်မှာရှိမလဲ မေမေ"

"ဟိုကောင့်ဆီမှာပဲ ရှိမှာပေါ့"

အောင်ဆော်။

ကောင်းလွန်း နှုတ်မှ တီးတိုးရေရွတ်ကာ တိုက်ထဲမှ ပြေးဆင်းလာခဲ့သည်။ မြစိမ်းနှင့် ကွဲအောင်လည်း သူပဲလုပ်သည်။ ယခုတစ်ခါ သမီးနှင့်ကွဲအောင်လည်း သင်းပဲ လုပ်တာ နေမည်။ စက်ဆုပ်လွန်း၍ ရင်မဆိုင်ဘဲနေခဲ့ပေမယ့် ယခုတော့ ရင်မဆိုင်၍ မဖြစ်တော့၊

ထိုအချိန် ဘိုကလည်း တိုက်ထဲမှ ပြေးထွက်ကာ သူ့ကားကို အလျှင် မောင်းထုတ်လိုက်သည်။

မာမီနှင့် ဒယ်ဒီ တွေ့၍မဖြစ်။ ပြဿနာတွေ တက်နိုင်သည်။ သူနှင့် ကိုမျိုးကိစ္စက ရှိသေးသည် မဟုတ်လား။

ချိုကတော့ ခေါင်းခါကာ နေရာမှာ ကျန်ရစ်ခဲ့သည်။

ယခုကိစ္စမှာ ဒယ်ဒီမှားသည်လား၊ မာမီ မှားသည်လား။ သူ မဝေခွဲတတ်။

သူ သိတာ လူလူ့ ကို သူချစ်သည်။

ဖြစ်နိုင်လျှင် မာမီနှင့်အတူ သူတို့မှားခဲ့သမျှ အပြစ်တွေ ဝန်ချကာ သူ လူလူ့ လို လက်ထပ်လိုသည်။

လူလူ ခွင့်လွှတ်သည်အထိပေါ့။

သူ စောင့်နေမည်။ အတွေးများဖြင့် ချို ဘွားအေနား ဒူးထောက်လိုက်သည်။

"ဘွားဘွား"

ဒေါ်နုနု မျက်နှာကို တစ်ဘက်ကို လွှဲလိုက်သည်။

တစ်သက်လုံး သူ သည်းညည်း ခံလာခဲ့ပြီးပြီ။

ယခုမှတော့ သူခံစရာ မလိုတော့....

အမှန်တရားဘက်ကို သူလိုက်တော့မည်။ လူလူ့ ဘက်မှ သူရပ်တည်တော့မည်။

"ကျွန်တော် တောင်းပန်ပါတယ် ဘွားဘွား"

"မလိုပါဘူးကွယ်၊ မင်းတို့စိတ်တိုင်းကျ လုပ်ခဲ့ပြီးပြီ၊ နေခဲ့ပြီးပြီပဲ၊ ငါ့ကိုကော အဘွားတစ်ယောက်လို မင်းတို့ နေရာပေးလား၊ ငါ့မှာ မင်းတို့အမေနဲ့ သဘောတူခဲ့မိလို့ သမီးနှစ်





ယောက် ဆုံးရှုံးခဲ့ရတယ်၊ မြေးတစ်ယောက် ဆုံးရှုံးခဲ့ရတဲ့ ငါ့သားရင်ထဲမှာလဲ ဘယ်လောက်ဝေဒနာတွေ ခံစားခဲ့နေ ဒါတွေဟာ မင်းတို့တွေကြောင့်"

"ကျွန်တော် နားလည်ပါပြီ ဘွားဘွား၊ အလျှင်တုန်းက ဘာဖြစ်ခဲ့ ဖြစ်ခဲ့ ကျွန်တော့်ကိုယ် ကျွန်တော် အခု ပြုပြင်ပါ့မယ်၊ ဘွားဘွား ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါ"

ဒေါ်နုနု ထိုစကားလုံးလေး သုံးလုံးကို ခပ်တိုးတိုး ရေရွတ်ကာ သူ့ ရှေ့မှ ချို့ကို လှမ်းကြည့်လိုက်သည်။

ရန်သူတောင် လက်နက်ချရင် ကြေအေးရသေးတာ၊ ချိုသည် သူ့ ရန်သူ မဟုတ်။

သူ့ မြေးအရင်းလေးလို သူ တစ်သက်လုံး ဆက်ဆံခဲ့ဖူးသည့်သူ....

နောက်ပိုင်း မြေးလို ဆက်ဆံရတော့ကော သူ့ အဖို့ ဘာဆုံးလာမလဲ....

ဒေါ်နုနု ချို့ လက်ကို လှမ်းကိုင်လိုက်သည်။

"ဘွားဘွားရယ်"

ချို ဒေါ်နုနုပေါင်ပေါ် ခေါင်းတင်ကာ ရှိုက်ငိုလိုက်မိသည်။

...ချုခုမှ သူ့ရင်မှာ အေးမြသွားသည်။

ယခု...းသွား သူ့ကို မစိမ်းကားသေးပါလား။
သူ မဝေ...

သူ့အိမ်....ကျွန်တော် ဘွားဘွားကို တစ်သက်လုံး ဘွား...းလို့ ခေါ်ပါရစေ''

''မြေးရယ်''

ဒေါ်နုနု မျက်ဝန်းမှာ မျက်ရည်များ ဝေသီလာသည်။

တကယ်တမ်း သူ့အသည်း မာချင်ဟန် ဆောင်ပေမယ့် သူ့မှာ စိမ်းကားရက်စက်တတ်သော အသည်းနှလုံးမရှိပါ။

ပြီးတော့ ချိုဆိုတာ သူ့လက်ပေါ်မှာ ကြီးပြင်းခဲ့ရသည့် ကလေးတစ်ယောက်ပဲ မဟုတ်ပါလား....

မြေးအရင်း မဟုတ်ပေမယ့် သူ့မြေးအရင်းလို ချစ်နိုင်ပါသည်။ ဒါကြောင့်လည်း....

''ကဲ....လူလေး၊ စိတ်ညစ်မနေနဲ့တော့၊ ဘွားဘွား မင်းကို ခွင့်လွှတ်ပါတယ်ကွယ်''

''ဒါဆို လူလူနဲ့ ကျွန်တော် တွေ့ခွင့်ရှိဦးမှာပေါ့နော် ဘွားဘွား''

''အေးပေါ့ကွယ်''

''ဒါပေမယ့် ဘွားဘွားရယ်''





ချို ခေါင်းခါလိုက်သည်။ သူကသာ မျှော်လင့်နေပေမယ့် ...လူကတော့ သူ့ကို အမုန်းကြီးမုန်းသွားမှာ သေချာနေ...ပြီ။

သူ့ကြောင့်ပဲ လူလူ အရှက်ရကာ ပန်းသစ်မြိုင်ကို ပြန်...သွားခဲ့ရသည် မဟုတ်လား....

လူလူ အမုန်းပြေအောင် သူ ဘယ်လို တောင်းပန်ရမလဲ။

ဒေါ်နုနု ချို့ကိုကြည့်ကာ သက်ပြင်းရှိုက်လိုက်သည်။ ...ည့်ကလေး၏ အမူအကျင့်ကို ဒေါ်နုနု မကြိုက်ခဲ့ပေမယ့် ...ခုလို ရိုကျိုးလာသည်ဆိုတော့လည်း သူ လျစ်လျူမရှုနိုင်ပါ။

လူတစ်ယောက် မကောင်းဘူးဆိုလျှင် တစ်သက်လုံး ...ကောင်းတော့ဘူးလား....

ပြန်ကောင်းလာတော့ လက်မခံနိုင်ဘူးလား....

ယခု ချိုက ပြန်ကောင်းလာသည့် လူတစ်ယောက်မို့....

''အေးကွယ်...လူလေး စိတ်ချမ်းသာအောင် နေပါ၊ ...ွားဘွား လူလေးဘက်က ရှိပါတယ်''

''ဘွားဘွား''

ချို့မျက်ဝန်းမှ ဝမ်းသာလိုက်လှဲသောမျက်ရည်များ စီးကျ...လာသည်။

ထိုအချိန် ကျောက်မြောင်းရှိ ဦးအောင်တော်အိမ်မှာ ...တော့....

"မာမီ....မာမီ"

ဘို ကားကို အပြေးတစ်ပိုင်းရပ်ကာ သူ့မိခင်ကို လှမ်းအော်လိုက်သည်။

"ဟဲ့....ဘာလဲ ဘို"

"ဒယ်ဒီ လိုက်လာပြီ မာမီ၊ မာမီ ရှောင်နေရင် ကောင်းမယ်နဲ့ ဘူတယ်၊ မာမီ့ကိစ္စတွေ အားလုံးလဲ ဒယ်ဒီ သိသွားပြီ"

"ဘာ"

ဒေါ်သော်တာ သမီးဖြစ်သူကို အလန့်တကြား လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်၊ ဟိုအဘွားကြီး ပြောလိုက်ပြီ မာမီ"

"ဒါ....ဒါဆို မာမီတို့ ဘယ်လိုလုပ်ကြမလဲ"

"မာမီ ရှောင်နေလိုက်ပါ၊ ဘို မာမီ့ကို ရှောင်နိုင်အောင် အချိန်မီလာပြောတာ"

"ဒါဆို ကိုအောင်ဘော် ကျွန်မ ပြန်ဘော့မယ်"

ဘို ဦးအောင်ဘော်ကို တစ်ချက် လှမ်းကြည့်ကာ သူမ ကားဆီ လျှောက်လာခဲ့သည်။

ဖခင်ဖြစ်ပေမယ့် ဖခင်နှင့်မတူသည့်လူကို မဆက်ဆံချင်ပါ၊ သူ မာမီ့ကို တာဝန်မယူ၍ ဒယ်ဒီက တာဝန်ယူခဲ့ရသည် မဟုတ်လား....





"သမီး"

အောင်ဘော် နှုတ်မှ တီးတိုးရေရွတ်ကာ ဘို့ကို လှမ်းကြည့်နေချိန် ဘိုက မျက်နှာကို ချာခနဲလှည့်ကာ သူ့ခြံထဲမှ ကားကို အပြင်း မောင်းထွက်သွားသည်။

ကားနှစ်စီး ထွက်သွားသည်ကို ငေးမောကြည့်နေသည့် အောင်ဘော့် မျက်ဝန်းတွင်းသို့ နောက်ထပ် အသစ်ရောက်လာသည့်ကားက ဦးကောင်းလွန်းကား။

အောင်ဘော် ငေးကြည့်နေဆဲ ဦးကောင်းလွန်း သူ့အိမ်လေးပေါ်ကို အပြေးတစ်ပိုင်း ပြေးတက်လာသည်။

* * *

## အခန်း (၂၁)

"ဘယ်မလဲ ဟိုကောင်မ"

"ဘယ်သူလဲခင်ဗျာ"

အောင်ဘော် မသိဟန်ဆောင်ကာ ဦးကောင်းလွန်းကို လှမ်းအမေး ဦးကောင်းလွန်း အောင်ဘော့် အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲကာ ဒေါသတကြီး အော်လိုက်သည်။

"ဘယ်သူကမလဲ၊ သော်တာပေါ့"

"သော်တာ ဒီကို မလာပါလား"

ကောင်းလွန်း ပြုံးကာ စီးကရက်ပြာခွက်ကို လှမ်းကြည့်လိုက်သည်။

အရှိန်မသေသေးသည့် စီးကရက်က ပြာခံခွက်မှာ အငွေ့တလူလူထွက်လျက်....

ကောင်းလွန်း စီးကရက်ကို လက်ဖြင့်ကိုင်ကာ အောင်ဘော် ကို ပြလိုက်သည်။

"ဒါ ဘာလဲ"

အစီခံမှ နှုတ်ခမ်းနီများ ဖျောက်မရ၊ ဖျက်မရပါ၊ ကောင်းလွန်း အောင်ဘော့ ကို ပြုံးကာ ထပ်မေးလိုက်သည်။

"ကဲ....ဘယ်မှာလဲ"

"အခုလေးတင်ပဲ ဘိုလာခေါ်သွားပါတယ်"

ကောင်းလွန်း မျက်မှောင်ကုတ်ကာ အောင်ဘော့ ကို အကြည့် အောင်အော် ကောင်းလွန်းလက်တွင်းမှာ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း....

"ယုံပါ၊ အခုလေးပဲ ထွက်သွားကြတာပါ"

ကောင်းလွန်း အောင်ဘော့ အင်္ကျီရင်ဘတ်ကို ကိုင်ထားရာမှ ဆောင့်တွန်းကာ အိမ်ထဲမှ ပြေးဆင်းလာခဲ့သည်။

အောင်ဘော် အိမ်ပေါ်မှပြေးဆင်းသွားသည့် ဦးကောင်းလွန်းကို ပျှမ်းကြည့်ကာ သက်ပြင်းချလိုက်သည်။

လိမ်တတ်ညာတတ်၊ မုသားသုံးပြီး ဉာဏ်နီဉာဏ်နက်ထုတ်တတ်သည်မှလွဲ၍ အောင်ဘော် သတ္တိမရှိပါ၊ ကြောက်တတ်သည်။

ဦးကောင်းလွန်းထွက်သွားမှ အသက်ကို ပြင်းပြင်း ရှူသိုက်မိသည်။





ကောင်းလွန်းမှာတော့ အောင် ဘော့ စကား အဆုံးတိုင်း ကားကို အပြင်း မောင်းလာခဲ့သည်။

တွေ့ကြသေးတာပေါ့ သော်တာရယ်၊ မင်းပဲ ငါ့ကို ဒုက္ခပေးနိုင်မလား၊ ငါပဲ မင်းလက်ကလွတ်အောင် ရှောင်နိုင်မလား....

ကောင်းလွန်း ကားကို အပြင်းမောင်းနေချိန် သော်တာမှာလည်း ကမူးရှူးထိုးနှင့် ကားကို အပြင်း မောင်းလာခဲ့သည်။

မဟုတ်တာလုပ်ထားသူမို့ သူ ကိုကို့ကို ရင်မဆိုင်ဝံ့ပါ။ ပြီးတော့ ကိုကို သူ့အကြောင်းတွေ အားလုံး သိကုန်ပြီတဲ့။

သူ ဘယ်လိုဖြေရှင်းရမလဲ....

ယခင်တစ်ခါလို ခြေဖက်တောင်းပန်လည်း ကိုကိုက ခွင့်လွှတ်တော့မည် မထင်။

အမေလက်ထက်မှ ယခု သမီးလက်ထက်ထိတောင် သူ ဒုက္ခပေးခဲ့ပြီးပြီ မဟုတ်လား....

သူ ဘာလုပ်ရမလဲ....

ဘယ်သူ့ဆီ သွားရမလဲ....

ကားမောင်းရင်းမှ သော်တာ စဉ်းစားလာသည်။ သူ့အတွက်ကတော့ အရေးမကြီး....

သူ့ဘဝမှာ သူ နေချင်သလို နေခဲ့ပြီးခဲ့ပြီ၊ သူ လုပ်ချင်တာ လုပ်ပြီးခဲ့ပြီ။

သူလုပ်သမျှလည်း အောင်မြင်ခဲ့သည်။

ခက်တာက သမီးအတွက်၊ ဘိုအတွက်....

သားချို့အတွက် သူ သိပ်မပူ၊ ယောက်ျားလေးပဲ၊ ဘယ်လိုနေနေ နေနိုင်သည်။

ဘို့ကိုတော့ သူပူသည်။ ယခုအချိန်အထိ သမီးနားမှာ အားကိုးအားထား ယောက်ျား သူမမြင်။

သမီးအတွက် သူစိတ်အေးချင်သည်။ မျိုးလွင်ကို ကိုယ်ရေးကိုယ်တာ ကိစ္စအရ သူမုန်းသော်လည်း ကောင်လေးက တည်ကြည်သည်။

ပညာရှိသည်။

သမီးကို ဆုံးမနိုင်သည်။ သည်လိုလူမျိုး၏လက်ပဲ သူထည့်ချင်သည်။

ကားကို အရှိန်မြှင့်ကာ ဘောက်ထော်ဘက်ကို မောင်းလာခဲ့သည်။

မမခင်နှင့်သွားတွေ့မည်။ သမီးနှင့်ကိုမျိုးကိစ္စကို တိုင်ပင်မည်။

မမခင်လက်ခံသည်ဆိုလျှင် သူပိုင်သည့် ပစ္စည်းတစ်ဝက် သမီးကို ခွဲပေးလိုက်မည်။





အတွေးဖြင့် နောက်ကြည့်မှန်ကို လှမ်းအကြည့်....

"အို...."

ဒေါ်သော်တာ နှလုံးသွေးပျက်မတတ် ထိတ်လန့်သွားသည်။

ကားနောက်ခန်းမှာ ပါလာသည်က မိန်းမကြီးတစ်ယောက်။

စုတ်ပြတ်သော အဝတ်အစားများ၊ မျက်နှာမှာလည်း ရှုံ့တွတွ ဒဏ်ရာကြီးအပြင် ခေါင်းမှ ဆံပင်များကလည်း အသွယ်သွယ်ကျနေ၍ ဒေါ်သော်တာ ကြောက်လန့်ကြားကြည့်ကာ လှမ်းအော်မေးလိုက်သည်။

"ရှင် ဘယ်သူလဲ၊ ရှင် ဘယ်သူလဲ၊ အခု ကျွန်မကားပေါ်ကဆင်း"

"ဟင်း....ဟင်း....ဟင်း"

နောက်ဘက်မှမိန်းမကြီးက ဒေါ်သော်တာ့အသံကြားမှ သွားဖြဲကာ တဟင်းဟင်းရယ်ရင်း သူ့မျက်နှာကို ဒေါ်သော်တာ့မျက်နှာနား တိုးလိုက်သည်။

"ဪ....သော်တာ....သော်တာ၊ စည်းစိမ်ချမ်းသာတွေ ယစ်မူးပြီး တို့ကိုတောင် မမှတ်မိနိုင်တော့ဘူးကို၊ သေသေချာချာကြည့်ပါဦး သော်တာရဲ့၊ တို့မျက်နှာက ဒီလောက်ပဲ ရုပ်ဆိုးသွားပြီလား"

"မသိဘူး၊ နင်ပြောတာတွေလဲ ငါနားမလည်ဘူး၊ နင် ခု ငါ့ကားပေါ်ကဆင်း၊ မဆင်းရင် အော်လိုက်ရမလား"

"အော်ရဲအော်လေ၊ ငါလာတာ ဆင်းဖို့လာတာမဟုတ် ဘူး၊ နင့်ကိုသတ်ဖို့လာတာ၊ ငါဘယ်သူလဲ နင်သိရဲ့လား"

သော်တာ ကားမောင်းရင်း နောက်ကြည့်မှန်မှတစ်ဆင့် နောက်ဘက်ကို မသိမသာလှမ်းအကြည့် နှုတ်မှအလန့်တကြား အော်လိုက်မိသည်။

"ဟင်....နှစ်ဦး"

"သိပ်ဟုတ်ပေါ့၊ နင့်အစီအစဉ်ကို အဟုတ်မှတ်ပြီး လုပ် တဲ့နှစ်ဦးလေ၊ နင်ကတော့ တို့ညီအစ်မကို ပထုတ်ပြီး မိဘ ည်းစိမ်တွေနဲ့ ဇိမ်တွေရစ်၊ တို့ညီအစ်မကတော့ ခွေးလို ားလို ဒုက္ခတွေရောက်လိုက်ရတာ၊ သစ်ထူးလဲသေပြီ၊ ငါလဲ မ်မီးလောင်ခံရတာ ငါ့လင်ကော ငါ့ကလေးပါ ပါသွား ၊ ငါတောင် ကံကောင်းလို့မသေတာ၊ ဒါတွေဟာ ဘယ် ့ကြောင့်လဲ"

"ငါ....ငါပြောပါရစေဦး နှစ်ဦးရယ်၊ ဒါ...ဒါတွေဟာ ါလုပ်တာ မဟုတ်ခဲ့ရပါဘူး"

"နင်မလုပ်လို့ ဘယ်သူလုပ်မလဲ၊နင့်ကြောင့် ငါ့တို့အစ်ကို စိတ်ဆင်းရဲ၊ ငါတို့အမေလဲ ဒုက္ခရောက်၊ ငါ နင့်ကိုသတ် ်"





"နှစ်ဦး....နှစ်ဦး မလုပ်နဲ့"

ဒေါ်သော်တာ ကားကိုမောင်းရင်းမှ သူ့လည်ပင်းဆီ ရောက်လာသည့် နှစ်ဦး၏သန်မာသောလက်များကိုအရှောင်-

ကားက ယိမ်းထိုးသွားကာ လမ်းဘေးကို ထိုးဆင်းသွား သည်။

"အို....အို....အို"

သော်တာ ကားကိုအမြန်ထိန်းပေမယ့် မရတော့ပါ။အရှိန် ပြင်းလွန်းသည့်ကားက သစ်ပင်ကြီးတစ်ပင်ကို ဦးတည်ပြီး သည့်နောက်မှာတော့....

ကျယ်လောင်သော အသံကြီးနှင့်အတူ ဦးခေါင်းဆီမှ ပြင်းပြသောနာကျင်မှုဝေဒနာကြောင့် ဒေါ်သော်တာ ပတ် ဝန်းကျင်နှင့် အဆက်ပြတ်သွားတော့သည်။

* * *

## အခန်း (၂၂)

"မာမီ…မာမီ"

ဘို မိခင်လက်ကို တယုတယဆုပ်ကိုင်ကာ တိုးညင်းစွာ ရှိုက်ငိုလိုက်သည်။

"မာမီ၊ ဘို့ကိုပစ်ထားခဲ့တော့မှာလား၊ ဒါနဲ့ မာမီပဲ ဘို့ကို စိတ်မချဘူးဆို"

ချိုကတော့ အံကိုကြိတ်ကာ မိခင်မျက်နှာကို စိုက်ကြည့်နေမိသည်။

အလှုသိပ်ကြိုက်သည့် မာမီ။

နေရာတကာ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်ခဲ့တဲ့မာမီ၊ ယခု မာမီ ဘဝက မာမီဖြစ်ချင်သလို ဖြစ်လာသေးရဲ့လား၊ သေမင်းဆီကတော့ မာမီလွတ်အောင် ပြေးနိုင်သေးရဲ့လား။

ကောင်းလွန်း ပတ်တီး ပလပ္စနှင့် ခုတင်ထက်မှာ ထဲ လျောင်းနေသော သော်တာ့ကို ကြည့်ကာ သက်ပြင်းချလိုက်သည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိတဲ့။

သော်တာ့အဖြစ်ပဲကြည့်။ သူ့မကောင်းမှုကို သူ့ဘာသာ သူ စီစဉ်သွားသည်။

ကားတိုက်မှုကြောင့် ညီမဖြစ်သူ နှစ်ဦးမေမှာလည်း ပွဲချင်းပြီး သေဆုံးသွားခဲ့ပါပြီ။

ယခု သော်တာမှာလည်း အသက်က ယဲ့ယဲ့။

အခြေအနေ မကောင်းဘူး။ ဦး ကောင်းလွန်း လာခဲ့ပါသို့ ၍ လာနေပေးရပေမယ့် ကောင်းလွန်း သော်တာ့မျက်နှာကို လုံးဝမကြည့်ချင်တော့ပါ။

စိတ်မှာ နာသည်။

သူမ သူ့ကို နှိပ်စက်ခဲ့သည်မှာ တစ်ခဏမှ မဟုတ်ဘဲ၊ သူ့ တစ်ဘဝစာပဲ....

နာကြည်းလွန်း၍ မလာချင်ပေမယ့် သည်ကိစ္စက သာရေး မဟုတ်၊ နာရေးမို့ သမီးနှင့် စိမ်းမေဆီ အပြေးသွားချင်သည့်အရေးကို ချုပ်တီးကာ သူမနား လာနေပေးရသည်။

သူ့မှာ လူဟူသည့် စိတ်က ရှိနေသေးသည် မဟုတ်လား။





ဦးကောင်းလွန်း သော်တာ့မျက်နှာကို စိုက်ကြည့်ကာ တွေဝေနေဆဲ....

သော်တာ့ နှုတ်ခမ်းလေးများက တရွရွ လှုပ်ခတ်လာသည်။

"မာမီ....မာမီ"

ဘိုး မိခင်လက်ကို ဆုပ်ကာ ဝမ်းသာအားရ လှမ်းခေါ်လိုက်သည်။

"သမီး"

"ဟုတ်....ဟုတ်ပါတယ် မာမီ၊ ဘိုပါ၊ မာမီ သတိရပြီလားဟင်"

ဒေါ်သော်တာ ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြသည်၊

"ချို ကော"

"သား ဒီမှာရှိပါတယ် မာမီ"

ချို ရှိုက်ရင်းမှ မိခင်လက်ကို ဆုပ်ကိုင်ကာ ထူးလိုက်သည်၊ သည်ကမ္ဘာလောကမှာ သူတို့အတွက် အရင်းနှီးဆုံးက သည်မိခင်ပဲ ရှိသည် မဟုတ်ပါလား....

ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ မိခင်က မိခင်ပဲမို့ မာမီ့ကို တစ်ခုခု ဖြစ်မသွားစေလိုပါ။

ချိုတို့နားမှာ အမြဲရှိနေစေချင်သည်။ မာမီရှိတော့ အားရှိတာပေါ့။ သည်အတွေးနှင့် ချို မေးလိုက်မိသည်။

“မာမီ....ဘာပြောချင်လို့လဲ ဟင်”

“သား....ဒယ်ဒီကော”

ပြောရင်းမှ သော်တာ ခင်ပွန်းသည်ကို မျက်လုံးလေး ဝင့်ကာ ကြည့်လိုက်မိသည်။

“ကိုကို”

ကောင်းလွန်းကိုယ် တောင့်တင်းသွားသည်။ သူမ သည်လို မဖြစ်ခင်က သူ အမုန်းဆုံး လူသားကို ပြပါဆိုလျှင် သော်တာ့ကိုသာ ပြရခြိမ့်မည်။

သည်မျှ သူ မုန်းသည်။

ယခု သူမုန်းသောလူသား သော်တာက အသက်ယဲ့ယဲ့ မျှသာ ရှိတော့သည်။ သည်အချိန်မှာ သူ မုန်းနေကော ရတော့မှာတဲ့လား....

“သော်တာ့ကို စကား မပြောချင်တော့ဘူးလား ကိုကိုရယ်”

ကောင်းလွန်း အံကိုကြိတ်ကာ သော်တာ့နား လျှောက်လာခဲ့သည်။

ဘဝ တစ်လျှောက်လုံး အောင်လံတလွင့်လွင့်ဖြင့် ဝင့်ချင်တိုင်းဝင့် လွှင့်ချင်တိုင်း လွင့်နေတုန်းက သူမ လေသံက သည်လို မပျော့ပျောင်းခဲ့ပါ။





ထာဝစဉ်လို မော့ပြီး ချီနေသည့် မျက်နှာက ယခုတော့ ာ်တီးဖြူဖြူများကြားမှ နွမ်းနယ်နေသည်။

သည်တော့လည်း ကောင်းလွန်း လျှော့ရမှာပဲ မဟုတ်ား....

သူက ရှင်လူ၊ သော်တာက သေလူ....

သူ့ဘဝကို အနိုင်ယူခံရသည့် ဘဝများ၊ သေခါနီးတောင် သော်တာက အနိုင်ယူပြန်သည်။

“သော်တာ မိုက်မဲမိတာကို ခွင့်လွှတ်ပါ ကိုကိုရယ်”

သည်လို သေကောင်ပေါင်းလဲသာ မဖြစ်ဘဲ သာမန်အချိန်ဆို သူ ဘယ်ခွင့်လွှတ်နိုင်ပါ့မလဲ၊ အခုတော့ သော်တာ့ကို ကြည့်ပြီး ကောင်းလွန်းလည်း စိတ်မကောင်းပါ။ ရင်ထဲက ဘ်ဆန္ဒအတိုင်း သော်တာ့ကို နှစ်သိမ့်လိုက်သည်။

“ကိုကို ခွင့်လွှတ်ပါတယ် သော်တာ၊ သော်တာ နေကောင်းအောင်သာနေ”

သော်တာက သူ့စကားကြောင့် မဲ့ပြုံးပြုံးသည်။ သူ့အခြေအနေသူ သိပါသည်။ သူမသေခင် မှာချင်တာတွေ မှာခဲ့ပါရစေ....

“ကိုကို”

ကောင်းလွန်း သော်တာ့မျက်နှာကို စိုက်ကြည့်လိုက်သည်။ သော်တာက အသက်ကို ပြင်းစွာရှူရင်းမှ အားခဲကာလှမ်း ပြောသည်။

"သော်တာ့ကို တစ်ခု ကူညီပါ"

"ပြော....သော်တာ၊ ကိုကို ကူညီမယ်"

သေအံ့ဆဲဆဲ လူတစ်ယောက်ကို ဘယ်နည်းနှင့်မျှ ကောင်းလွန်း ခေါင်းမခါရက်ပါ။

သူ မကောင်း၍ သူခံရပြီ မဟုတ်လား၊ ကိုယ်ကောင်းဖို့ အရေးကြီးသည်မို့.....

"ကိုကို သော်တာ့ကို ဘာကူညီရမလဲ"

"သော်တာ ကိုကိုအောင်လွင်နဲ့ မမခင်ကို တွေ့ချင်တယ် ကိုကို၊ ကိုကို အဲဒါလေး ကူညီပါ"

"မာမီရယ်"

ဘို မအောင့်နိုင်တော့ပါ၊ မာမီ့ ကိုယ်ကိုဖက်ကာ သည်းထန်စွာ ရှိုက်ငိုလိုက်သည်။

မာမီ ဘို့ကို သည်လောက်ပဲ ချစ်သတဲ့လား၊ ပြင်းထန်သည့် ဒဏ်ရာတွေကြားမှ ဘို့အတွက် မာမီစိတ်ပူနေရှာသည် မဟုတ်ပါလား။

"မာမီ....မာမီရယ်၊ ဘို ဘယ်လိုဖြေရမှာလဲ"

ဘို လှိုက်လှဲစွာ ငိုကြွေးနေချိန်၊ ဦးကောင်းလွန်း ကတော့ တယ်လီဖုန်းရှိရာ သွားကာ ကိုကိုအောင်လွင့်ဆီ အရေးတကြီး ဖုန်းဆက်နေမိသည်။





မကြာခင် ကိုကိုအောင်လွင်တို့ ရောက်လာပါတော့မည်။ သော်တာ ဘာပြောမှာလဲ၊ ဘာလုပ်မှာလဲ။

စိုးရိမ်စိတ်ဖြင့် သော်တာ့ကိုကြည့်နေသည့် ဦးကောင်းလွန်းကို သော်တာ လက်အုပ်ချီရင်း ကန်တော့သည်။

"သော်တာ့အမှားတွေ ခွင့်လွှတ်ပါကိုကိုရယ်၊ သော်တာ ကိုကို့ အပေါ်မှာ အများကြီး မှားခဲ့မိပါတယ်၊ စော်ကားမိပါတယ်၊ ဒီလိုစော်ကားမိလို့လဲ သော်တာ သွားရတော့မယ် ကိုကို"

"မပြောနဲ့တော့လေ သော်တာ"

"မာမီရယ်၊ တော်ပါတော့"

ဘို သီးထန်စွာ ငိုကြွေးမိသလို၊ ချိုမှာလည်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ အံကို တင်းတင်းကြိတ်ထားမိသည်။

သည်အဖြစ်တွေကို ချို မမြင်ချင်ဆုံးပါ။

သူတို့ သတင်းတွေ ကြားကာစက မာမီ့ကို ရွံမုန်းခဲ့မိပေမယ့် ယခုတော့ ချို မာမီ့ကို မမုန်းတော့ပါ။ မမုန်းသည့်အပြင် မာမီ သူတို့ကိုထားကာ ထွက်သွားမှာ စိုးရိမ်၍ မာမီ့ကို ကြောက်လန့်တကြား ငေးနေဆဲ မာမီ့ဆီမှ တိုးတိုးညင်းညင်း ခေါ်သံထွက်လာပြန်သည်။

"ကိုကို"

"သော်တာကလဲ မပြောပါနဲ့တော့ဆို"

"မပြောလို့ မဖြစ်ဘူး ကိုကို၊ သော်တာ့ကိုယ် သော်တာ နားအလည်ဆုံး၊ သားချို"

ဒယ်ဒီ့ကို ပြောနေရာမှ သူ့ဆီကို လက်ကမ်းလာ၍ ချို မာမီ့လက်ကို အပြေးအကိုင် မာမီက ဒယ်ဒီ့ကို မော့ကြည့်သည်။

"ကိုကို"

ဒယ်ဒီက ခေါင်းအညိတ်။

"ချို့ကို ကိုကို့လက်ကို အပ်ပါတယ်၊ ကိုကို့သားအရင်း မဟုတ်ပေမယ့် ကိုကို့သားအရင်းလို ကိုကိုသတ်မှတ်ပေးပါ"

"ကိုကို ဒီလောက် မစိမ်းကားပါဘူးသော်တာရယ်၊ ကိုကို ချို့ကို ဒီနေ့ထက်ထိ သားအရင်းလို ချစ်ခင်ဆဲပါ"

"ကိုကို့သဘောထား ပြည့်ဝတာကို သော်တာ နားလည်ပါတယ်၊ အခု သော်တာပြောတာက လူလူနဲ့ချိုကိစ္စကို ပြောတာပါ"

"မာမီရယ်"

ချို အံကိုတင်းတင်းကြိတ်ကာ မာမီ့လက်ကို တင်းကျပ်စွာ ဆုပ်ထားမိသည်။





သည်လောက် သေငယ်ဇောနှင့် ရောဂါဝေဒနာကို ခံစားနေရတာတောင် မာမီ့မေတ္တာက ကြီးမားလှချည်လား။

ချို မာမီ့ပါးပြင်ကိုဖက်ကာ ရှိုက်အနမ်း....

မာမီကလည်း သူ့ကိုရှိုက်နမ်းရင်း....

"သား...မာမီ့ကို စိတ်ဆိုးပြေပြီလားဟင်"

"သား....သား....မာမီ့ကို စိတ်မဆိုးပါဘူး"

"သော်တာ့ကို အသေဖြောင့်ချင်ရင် ဒီဆန္ဒကိုတော့ ကိုကို ဖြည့်ဆီးပေးပါ ကိုကိုရယ်၊ သော်တာ စိတ်ချမ်းသာပါရစေနော်"

ကောင်းလွန်း သော်တာ့ကိုကြည့်ကာ ခေါင်းညိတ်လိုက်သည်။ သော်တာ စီစဉ်တာ ကောင်းစေချင်၍ပဲ။

ချို့ကိုလည်း သူ့သားအဖြစ် ထာဝရ ဆက်ဆံရမည်။

လူလူကလည်း သူ့သမီးလေးပေါ့။

"ကိုကို အမြန်ဆုံး စီစဉ်ပေးပါ့မယ်"

ကောင်းလွန်း သော်တာ့လက်ကိုကိုင်ကာ ပြောနေဆဲ။ အခန်းတွင်းကို ဦးအောင်လွင်နှင့် ဒေါ်မျိုးခင်တို့ ဒရောသောပါး ပြေးဝင်လာသည်။

ဒေါ်မျိုးခင် သော်တာ့ဘေးနားရပ်ကာ မျက်ရည် တွေတွေကျရင်း....

"ဖြစ်ရလေ သော်တာရယ်၊ မနက်ကပဲ ဖုန်းဆက်တယ် အခု ဘယ်လိုဖြစ်ရတာလဲ၊ မမခင် စိတ်မကောင်းလိုက်တာ"

သော်တာ ဒေါ်မျိုးခင်လက်ကိုကိုင်ကာ မချိပြုံး ပြုံးရင်း ပြောလိုက်သည်။

"သူများမကောင်းကြံ ကိုယ်ခံ ဘဲ့ မမခင်ရဲ့၊ သော်တာ့ဘဝ တစ်လျှောက်လုံး သူများတကာတွေကို မကောင်းတာလုပ်ခဲ့တော့ သော်တာ ဒီလို ခံစားရတော့တာပေါ့"

"သော်တာကလဲကွယ်၊ မဟုတ်တာ"

"ဟုတ်ပါတယ် မမခင်၊ မမခင်နဲ့ အစ်ကိုအောင်လွင်တို့ကို ခေါ်ခိုင်းတာလဲ အဲဒီကိစ္စပါပဲ"

ပြောရင်း သော်တာမောနေ၍ ပါးစပ်ကိုဟကာ အသက်ရှူနေရှာသည်။

ဦးအောင်လွင်ကတော့ ဦး ကောင်း လွန်း ကို ခေါ် ကာ သော်တာ့အခြေအနေ မေးမြန်းနေသည်။

ရောဂါက ဦးခေါင်းပိုင်းကို ထိခိုက်သည့်ဒဏ်ရာကော ကိုယ်ခန္ဓာအောက်ပိုင်းကို ထိခိုက်မိသည့် ဒဏ်ရာပါ ပြင်းထန်လှသည်မို့ မျှော်လင့်ချက်မရှိတော့ဟု ကောင်းလွန်း သိထားပြီးပြီ။

သည်တော့ သူမဆန္ဒကို ဖြည့်ဆည်းပေးရန်သာ ရှိတော့သည်မို့ သော်တာ့အခြေအနေကို လှမ်းအကြည့်....





"မမခင်"

သော်တာက ဒေါ်မျိုးခင်ကို အားကိုးတကြီး လက်ကမ်းသည်။ ဒေါ်မျိုးခင် သော်တာ့လက်ကို ဆုပ်ကိုင်ရင်း....

"ပြောလေ သော်တာ၊ ညီမ ဘာပြောချင်လို့လဲ"

"သမီးကို သော်တာ စိတ်မချဘူး မမခင်ရယ်၊ အဲဒါ သား မောင်မျိုးလွင်နဲ့...."

"စိတ်ချ သော်တာ၊ သော်တာ့ဆန္ဒအတိုင်း မမခင် စီစဉ်ပါ့မယ်"

"ဝမ်းသာလိုက်တာ မမခင်ရယ်၊ မမခင်နဲ့ အစ်ကိုအောင်လွင့်ကို သော်တာ ကန်....ကန်တော့...."

"သော်တာရယ်"

ဒေါ်မျိုးခင်ကော ဦးအောင်လွင်ပါ မျက်ဝန်းအစုံကို မှိတ်လိုက်မိသည်။ သားနှင့် သမီးအတွက် သူမမှာ သေချင်သည်ကိုပင် အောင့်ကာ ခံစားခဲ့ရသည်။

ယခုတော့လည်း သူမ စိတ်ချသွားပြီထင့်....

မျက်နှာမှာ အပြုံးတစ်ဝက်နှင့် လူ့လောကကို ထာဝစဉ် ကျောခိုင်းသွားခဲ့ပြီ။

ဦးကောင်းလွန်း အံကိုကြိတ်ကာ လက်အုပ်ချီလျက်မှ အသက်ထွက်သွားရှာသော သော်တာ့လက်ကို ဖြုတ်ကာ

ရင်ဘတ်ပေါ်ကို တင်ပေးချိန် ဘို့ ငိုရှိုက်သံက သနားစဖွယ် ထွက်ပေါ်လာသည်။

"သမီးတို့ကို ထားသွားပြီလား မာမီရယ်၊ မာမီမရှိရင် ဘိုတို့ ဘယ်သူ့ကို အားကိုးရမှာလဲ မာမီ၊ သမီးတို့ကို ထားပြီး ထွက်မသွားပါနဲ့၊ မာမီ ပြန်လာခဲ့ပါ၊မာမီ ပြန်လာခဲ့ပါ"

ချိုကလည်း အသံမထွက်ဘဲ မျက်ရည်များ စီးကျနေသည်။

ဦးကောင်းလွန်း ချို့ပခုံးကိုဖက်ကာ နှစ်သိမ့်လိုက်သည်။

သည်နေ့မှ သူ့သားအရင်း မဟုတ်မှန်း သူသိခဲ့ပေမယ့် တစ်သက်လုံး သူထင်လာသည်က သူ့သားအရင်း အထင်နှင့်ပါ။

ယခုတော့ သူ့သားအရင်း မထင်နိုင်ဘူးလား၊ စာနာစိတ်နှင့်လည်း....

"သား"

"ချိုက ဦးကောင်းလွန်းကို မျက်ရည်ပြည့်သော မျက်ဝန်းဖြင့် မော့ကြည့်လိုက်သည်။

တစ်ချိန်က သည်လူကြီးကို သူ့ဖခင်အရင်း ထင်ခဲ့ပေမယ့် မနေ့ကတော့ သူ သိခဲ့ရပြီ။

သည်လူကြီးသည် သူ့ဖခင်မဟုတ်တဲ့၊ ဒါဖြင့် သူ ဘယ်သူ့ကို အားကိုးရမှာလဲ....





ဝမ်းနည်း အားငယ်စိတ်ဖြင့် မျက်ရည်အကျ....

"သားဟာ ဒယ်ဒီ့သားပါ"

"ဒယ်ဒီရယ်"

ချို ဒယ်ဒီ့ကိုယ်ကို တင်းကျပ်အောင် ဖက်ရင်း ရှိုက်ငိုလိုက်သည်။

ဒေါ်မျိုးခင်ကလည်း ဘို့ကိုယ်လေးကို အသာတွဲရင်း နှစ်သိမ့်လိုက်သည်။

"တိတ်ပါ သမီးရယ်၊ သမီးတို့မာမီ သေသွားပေမယ့် သမီးတို့အတွက် စိတ်ချမ်းသာသွားရပါတယ်၊ သူ့ဆန္ဒကို အန်တီတို့ အမြန်ဆုံး ဖြည့်ဆည်းပေးမှာပါ"

ဒေါ်မျိုးခင်စကားကို နားထောင်ကာ ဘို ခေါင်းခါလိုက်သည်။အန်တီဒေါ်မျိုးခင်သိထားသည့် ဘိုက ဦးကောင်းလွန်း၏ သမီး၊ 'ဘိုသော်တာလွန်း' အဖြစ်နှင့်ပါ။

ယခု ဘိုက ဦးကောင်းလွန်းသမီးမှ မဟုတ်ဘဲ....

အန်တီ သဘောတူနိုင်ပါဦးမလား။

"ဘို...ဘိုသွားပါရစေ"

ဘို အခန်းတွင်းမှ ပြေးအထွက် ဦးကောင်းလွန်း လှမ်းအော်လိုက်သည်။

"ဘို....ဘယ်သွားမလို့လဲ"

"ဘို....ဘို ခြေဦးတည့်ရာ သွားပါရစေ"

"ဒယ်ဒီပြောဦးမယ် သမီး"

"ဒယ်ဒီ..."

ဘိုနှုတ်မှ တီးတိုးရေရွတ်ကာ ဦးကောင်းလွန်းကို ငေးကြည့်နေသည်။

ယခင်က သည်လူချောချောကြီးကို သူ့ဖခင်အရင်းဟု ဘို ထင်မိပေမယ့် ယခုတော့ သည်လူကြီးသည် သူနှင့် သူစိမ်းပြင်ပြင်ပါကလား။

ဘို ဘယ်သူ့ကို အားကိုးရမှာလဲ။

ဘိုတို့အတွက် အရင်းနှီးဆုံးမိခင်ကလည်း ဆုံးပါးသွားခဲ့ပြီ။

ဖခင်ဆိုတာကလည်း ပျက်စီးချင်တိုင်း ပျက်စီးနေသူ...

"ဘို....ဘို မနေပါရစေနဲ့တော့"

"ဘို....သမီး၊ ဘို....ဒယ်ဒီပြောဦးမယ်"

အားလုံး လှမ်းတားနေသည့်ကြားမှ ဘို ဆေးရုံပေါ်မှ ပြေးဆင်းသွားတော့သည်။

ဦးကောင်းလွန်း ဘို့ကိုလှမ်းကြည့်ကာ သက်ပြင်းချလိုက်သည်။





သော်တာမသေလျှင် သည်ကလေး နှစ်ယောက်အတွက် သူ့မှာ တာဝန်မရှိပေမယ့်...

ယခုတော့ သူ့မှာ တာဝန်ရှိလာခဲ့ပြီ။

သော်တာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ သူ တာဝန်ကျေအောင် ကြိုးစားရမည်။

* * *

## အခန်း (၂၃)

"အဲဒါပဲ ကိုကို"

ကောင်းလွန်း သူ့စကားကို လက်စသတ် လိုက် သည်။ ဦးအောင်လွင်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နိုင်ပေမယ့် ဒေါ်မျိုးခင်ကတော့ ရင်ဘတ်ကိုဖိကာ အံ့သြတကြီး ကြည့်ရင်း....

"ဒါ...ဒါဆို ဘိုက"

"ဟုတ်ပါတယ် မမခင်၊ ကျွန်တော့်သမီးအရင်း မဟုတ်ပါဘူး၊ သော်တာနဲ့အောင်ဘော်နဲ့ ရထားတဲ့ကလေးပါ၊ ကျွန်တော့် သမီးအရင်းက တလောက ပန်းသင်မြိုင်ပြန်သွားတဲ့ လူလူပါ"

"မြော်ကွယ်"

ယခုမှ ဒေါ်မျိုးခင် သားဖြစ်သူမျက်နှာကို မဝံ့မရဲ လှမ်းကြည့်ရှာသည်။

သား လူလူနှင့်ချစ်စဉ်က သူပဲ လူလူ့ကို ဘယ်က အုတ်ကြားမြက်ပေါက် ကလေကချေမှန်း မသိဟုတားကာ သူပဲ ဘိုနှင့် အတင်းစီစဉ်ခဲ့သည်။

ယခု သူစီစဉ်သည့်ဘိုကမှ တကယ့်ကလေကချေ၏ သမီးပါလား။

မေမေ့ကိုခွင့်လွှတ်ပါသားရယ် အကြည့်ဖြင့် မျိုးလွင်ကို အကြည့်....

မျိုးလွင် နေရာမှထကာ ခြံထဲကိုဆင်းလာခဲ့သည်။

လူလူနှင့်ပတ်သက်ကာ ခံစားရလွန်းသည့်ရင်က ပိုထူးမလာတော့ပါ။

သူ့ဘဝကို ရေစုံမျှောထားပြီးပြီ မဟုတ်လား။ ချစ်ပေမယ့် ဘာတတ်နိုင်တော့မှာလဲ။

မေမေတို့စီစဉ်သည့်အတိုင်း လိုက်နာပါမည်ဟု သူ ကတိပေးခဲ့ပြီးပြီ။

မင်းမှာသစ္စာ၊ လူမှာကတိတဲ့။

သူ လူ ယောကျ်ား။





ကတိမဖျက်ချင်တော့ပါ၊ သည်ကတိအတွက် သူ့အသည်းနှလုံးကိုရင်းကာ သူ ပေးဆက်ပါတော့မည်။

ယခု ဦးလေးချစ်ရောက်နေသည့်ကိစ္စလည်း သူနှင့်ဘိုကိစ္စ။

ဘိုကို သမီးအရင်းမဟုတ်ပေမယ့် သူ့ခံစားခွင့် ရှိသည့်အထဲမှ တစ်ဝက်တိတိ၏တစ်ဝက် ဘိုကိုပေးမည့်အကြောင်းလာပြောနေခြင်းပင်။

သူ ဒါတွေ ဘာလုပ်ရမှာလဲ။

အသည်းနှလုံးတောင် ဆုံးရှုံးခဲ့ရပြီးမှတော့ ကျန်တာကို သူ စိတ်မဝင်စားချင်တော့။

"သား"

ခြံထဲရှိခုံတန်းကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ တွေးနေသဲ သူ့နားကို မေမေရောက်လာသည်။

"မေမေ့ကို ခွင့်လွှတ်ပါသားရယ်၊ မိဘဆိုတာ သားသမီးကို နစ်နာစေချင်ရိုး ထုံးစံမရှိခဲ့ပါဘူး၊ လူလူဆိုတာလဲ...."

"တော်ပါတော့ မေမေရယ်၊ ဒီနာမည်ကို သား မကြားပါရစေနဲ့တော့၊ မေမေ ဘာလုပ်ချင်လဲ၊ သား အားလုံးကို လုပ်ပေးမယ်၊ သား အသည်းနှလုံးနဲ့ရင်းပြီး လိုက်လျောမယ်"

"သားရယ်"

ဒေါ်မျိုးခင် သားကိုကြည့်ကာ မျက်ရည်များ စီးကျလာသည်။

စေတနာနှင့် ကြံစည်ခြင်း ဖြစ်ပေမယ့် သူ့စေတနာသည် သားအတွက် ဝေဒနာ ဖြစ်ခဲ့ရချေပြီ။

"မေမေတို့ မင်္ဂလာရက် သတ်မှတ်ပေးလိုက်ပြီ သား"

သေဆုံးသွားသူကို ကတိပေးလိုက်ပြီးပြီမို့ ကတိတည်ရမှာ သူတို့တာဝန်။

"အခု ဝါတွင်းကြီးဆိုတော့ ဝါကျွတ်တာနဲ့ စီစဉ်ဖို့ မေမေ ကတိပေးလိုက်ပြီ"

ဝါကျွတ်သည်နှင့် စီစဉ်ဖို့ မေမေ ကတိပေးလိုက်ပြီ တဲ့လား....

မျိုးလွင် မချိပြုံးပြုံးလိုက်သည်။

မကြာခင် သူ့ဘဝ ဘို့လက်တွင်းကို ရောက်ရတော့မည်။

လူလူနှင့် ထာဝစဉ် ဝေးကွာရတော့မည်။

လူ့ဘဝဆိုသည်မှာ ဒါပဲလား....

မချစ်ခင်က အချစ်သည် ပူလောင်မှန်းမသိပေမယ့် ချစ်ပြီးသည့်နောက်မှာတော့ အချစ်ကြောင့် လွမ်းရ၊ ဆွေးရ၊ တမ်းတရ၊ မျှော်လင့်ရ၊ ကြေကွဲရ....

ယခုတော့ ထာဝရ ခွဲခွာရတော့မှာပါလား....





သည်လိုမှန်းသိ အချစ်ကို သူမကြုံတွေ့လိုပါဘူး၊ ခက်တာက အချစ်ဆိုတာ ကိုယ်ဖြစ်စေချင်တိုင်း၊ ကိုယ်ချစ်စေချင်တိုင်း ဖြစ်သည့်အရာမှ မဟုတ်လေဘဲ....

သူနှင့် လူလူနှင့်လည်း တွေ့ခဲ့ကြပေမယ့် ချစ်မိကြလိမ့်မည်ဟု မထင်ခဲ့မိပါ။

ခုတော့ အချစ်၏ဒဏ်ကို မျိုးလွင် ကောင်းကောင်း ခံစားနေရပြီ။

"သား....ဦးလေးချစ်နဲ့ လာတွေ့လိုက်ပါဦးလား"

"မတွေ့ပါရစေနဲ့တော့ မေမေရယ်၊ မေမေတို့ စိတ်တိုင်းကျ စီစဉ်ပြီးပြီ မဟုတ်လား၊ သား လိုက်နာမယ်၊ ဘာလိုသေးလဲ"

ဒေါ်မျိုးခင် ဆို့နင့်ကြေကွဲစွာ ပြောနေသော သားကို ကြည့်ကာ မျက်ရည်များ ကျလာသည်။

သည်လိုမှန်းသိ သား၏ အချစ်ရေးပြဿနာကို သူ ဝင်မစွက်ခဲ့ပါဘူး....

ခုတော့ သူ့ကြောင့် သားခံစားနေရပြီ။

သူ့မှာလည်း ရှေ့တိုးရ အခက်၊ နောက်ဆုတ်ရ အခက်၊ ကတိတွေ ပေးမိခဲ့ပြီ။

"မေမေတို့ စိတ်ချမ်းသာဖို့ဆို သား အသည်းနှလုံးကို ပေးပါတယ်၊ မေမေတို့ ကြိုက်သလိုသုံးပါ၊ အခု လောလောဆယ်တော့ သား စိတ်တိုင်းကျ နေပါရစေ"

"သားရယ်"

ခြံထဲမှ တဖြည်းဖြည်းလျှောက်ကာ အပြင်ကို ထွက်သွားသည့် သားကျောပြင်ကို ကြည့်ကာ ဒေါ်မျိုးခင် စိတ်မကောင်းစွာဖြင့် မျက်ရည်များ ကျလာသည်။

* * *



## အခန်း (၂၄)

"အဝတ်တွေ ထည့်ပြီးပြီလား သား"

"ထည့်ပြီးပါပြီ ဒယ်ဒီ"

ချို ဦးကောင်းလွန်းမျက်နှာကိုကြည့်ကာ မျက်နှာငယ်လေးဖြင့် လှမ်းပြောသည်။

ယခု သူတို့ကို ပြောနေသည့် လူက ဖခင်အရင်းမဟုတ် ဟူသည့်အသိကြောင့် ချို့ရင်မှာ နွမ်းနေသည်။ အားငယ်နေသည်။

ဦးကောင်းလွန်း ချို့ပခုံးကိုဖက်ကာ နှစ်သိမ့်လိုက်သည်။

"သား ဘာဖြစ်နေလဲ"

"ဘာ....ဘာမှ မဖြစ်ပါဘူး ဒယ်ဒီ"

ဘာမှ မဖြစ်ဘူးဆိုပေမယ့် အလျင်လို မနေဝံ့တာအမှန်။

သည်ခြံ၊ သည်တိုက်၊ သည်ပစ္စည်းတွေက သူတို့နှင့် မဆိုင်သလို ခံစားရသည်။ သိမ်ငယ်ရသည်။

ဒယ်ဒီက ကောင်းပေမယ့် ရင်မှာ မဝံ့ရဲတာအမှန်....

သည်ပစ္စည်းတွေ၏ ပိုင်ရှင်အစစ် မကြာခင် ရောက်လာတော့မည် မဟုတ်လား....

"သမီး ဘို၊ ကောင်းကောင်းနေနော်၊ မောင်မျိုးလွင်ကို အစစအရာရာ သည်းညည်းခံပါ"

"ဟုတ်ကဲ့ပါ ဒယ်ဒီ"

ဘို ပြန်ပြောလိုက်ရပေမယ့် ဘို့အသံက အဖျားခတ်ကာ တုန်ယင်သွားသည်။

လွန်ခဲ့သည့်တစ်ပတ်က ကိုမျိုးနှင့် သူ လူကြီးတွေရှေ့မှာ စေ့စပ်ပြီးခဲ့ပါပြီ။

ယနေ့အထိ ကိုမျိုး သူ့ကို စကားတစ်လုံး မပြောသေးပါ။ ဘို့ရင်မှာ နွမ်းနေသည်။

မာမီမရှိ၍ အားငယ်ရတာတစ်မျိုး၊ ကိုမျိုး အပြုအမူကြောင့် စိတ်ပျက်ရတာ တစ်မျိုး၊ဘို့ရင်မှာ ပြင်းထန်စွာ ခံစားနေရသည်။





သည်နေ့တော့ ဒယ်ဒီတို့ ပန်းသစ်မြိုင်ကို သွားမှာ ကြိုသိနေ၍ ဘို အစောကြီးထကာ စောင့်နေမိခြင်းပင်။

ကိုမျိုးက ညက ခဏလာကာ ပြန်သွားခဲ့သည်။ ဒယ်ဒီက ကိုမျိုးနှင့် ဘို့ အခြေအနေကို နားလည်သလိုနှင့် ဘို့ကို နှစ်သိမ့်သည်။

"အစတော့ ဒီလိုပေါ့သမီးရယ်၊ ကစ်မိသားနဲ့ တစ်မိသားဆက်ဆံရတာ သာတာလဲရှိမယ်၊ နာတာလဲရှိမယ်၊ ဘာပဲဖြစ်ဖြစ် သမီး မောင်မျိုးကို လိုက်လျောပါ"

ဘို ကိုမျိုးနှင့် စေ့စပ်ပြီးကတည်းက ဆုံးဖြတ်ပြီးပါပြီ၊ ဘို ယခင်က ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့ ယခု ဘိုက ကိုမျိုးဇနီးလောင်း၊ ဇနီးလောင်းတစ်ယောက်နှင့်ညီအောင် သူ ကျင့်ကြံနေထိုင်ပါမည်။

ဘို့ဘဝမှာ အမေလည်း မရှိတော့၊ အဖေဆိုတာလည်း အမေဆုံးစဥ်က လာပင် မကြည့်ခဲ့၊ ချစ်ခြင်းမေတ္တာဖြင့် တည်ဆောက်ထားခြင်းမှ မဟုတ်ဘဲ....

မာမီ ဆီမှ ပစ္စည်းကိုမက်ကာ ချစ်ခဲ့သူဆိုတော့ မာမီ မရှိသည်နှင့် မဆက်ဆံတော့ပြီ။

သည်တော့ ဘိုတို့ အားကိုးစရာ ဒယ်ဒီပဲ ရှိတော့သည်။

ဒယ်ဒီက နာမည်နှင့်လိုက်အောင် ဘိုတို့အပေါ် ကောင်းရှာပါသည်။ သားသမီးအရင်း မဟုတ်မှန်း သိပေမယ့် မာမီ

ဆုံးပြီး တစ်ပတ်အကြာ ဘိုနှင့် ချို့ကို သူပိုင်ပစ္စည်း တစ်ဝက် တိတိ ခွဲဝေပေးသည်။

ဘိုနှင့်ချို မယူလိုသော်လည်း ဒယ်ဒီ တိုက်တွန်းလွန်း၍ လက်ခံလိုက်ရပေမယ့် စိတ်မှာမဝံ့ပါ။

သည်ပစ္စည်းများကို တကယ်ပိုင်ဆိုင်သင့်သူက လူလူပဲ မဟုတ်ပါလား....

သည်ကိစ္စပြီးတော့ ဒယ်ဒီ အန်ကယ်ဦးအောင်လွင်နှင့် အန်တီခင်တို့ဆီ သွားကာ ကိုမျိုးနှင့် ဘို့ကိစ္စ စီစဉ်သည်။

ဘို ဒယ်ဒီ့ကျေးဇူးတွေ ဘယ်လို ဆပ်ရတော့မှာလဲ....

သည်လောက် ကောင်းလွန်းသည့်သူကို မာမီကော သူပါ စိတ်ဆင်းရဲအောင် လုပ်ခဲ့ကြသည်။

သည်အဖြစ်တွေကို ပြန်လည်တွေးတိုင်း ဘို ကြေကွဲရပါ သည်။

ကြေကွဲစိတ်ဖြင့် ဒယ်ဒီ့ကို အငေး....

"မျိုးကိုလဲ ဒယ်ဒီ ဖုန်းဆက်ပြီး မှာခဲ့တယ်၊ ဘို့ကို သည်းညည်းခံပါလို့၊ သမီးကလဲ အလျှင်တုန်းကလို မနေနဲ့ တော့ပေါ့၊ ကြားလား"

ဒယ်ဒီရယ်....

အဖေဖြစ်ပေမယ့် အမေလို မှာနေသော ဒယ်ဒီ့ကိုကြည့် ကာ ဘို မနေနိုင်တော့၊ ဒယ်ဒီ့ကိုဖက်ကာ ငိုကြွေးလိုက်သည်။





"ဘို့ကို ခွင့်လွှတ်ပါ ဒယ်ဒီရယ်၊ ဒီလော(...)သော်တာ့ကို ဒယ်ဒီ့ကို ဘိုတို့ ဖြစ်မှားမိခဲ့တယ်" (...)ည်ရသည်။

"ခွင့်လွှတ်ပါတယ် သမီးရယ်၊ ဒယ်ဒီ ခွင့်လွှတ်ပါတယ်၊ အရေးကြီးတာက သမီးဟာ အလျှင်ကဘို မဟုတ်တော့ဘူး၊ ပိုင်ဆိုင်မယ့်လူ ရှိသွားပြီ၊ ကိုယ့်ကို အပြစ်အပြောမခံရအောင် နေပါ"

"စိတ်ချပါ ဒယ်ဒီရယ်၊ ကိုမျိုး ဘို့ကို ဘယ်လောက်မုန်း မုန်း ဘို ခွင့်လွှတ်စိတ်နဲ့ ကိုမျိုးကို ချစ်ပါ့မယ်၊ ကိုမျိုး ချစ်လာ အောင် ကြိုးစားပါ့မယ်"

"ကဲ....ဒယ်ဒီသွားမယ် သမီး"

ဘို ခေါင်းညိတ်ကာ ကားတွင်းကို လှမ်းအကြည့် ချိုက အင်္ကျီ(စ)အီး နီညိုရောင်ထဲမှ ဘို့ကို လက်လှမ်းပြသည်။

ရှေ့ဘက်ရှိ ဒယ်ဒီ့ ဘီအမ်ဒဗလျူ မိုးပြာရောင်ထဲမှာ တော့ ဒယ်ဒီရယ်၊ ဘွားဘွား ဒေါ်နုနုရယ် နောက်ခန်းမှာ ထိုင်နေကြသည်။

မကြာမတင်မှာ ဒယ်ဒီ့ဇနီး ဒေါ်မြစိမ်းမေနှင့် သမီး လူလူတို့ ပါလာကြတော့မည်။

ယခင်ကဆိုလျှင် ဘို ဝန်တိုမိဦးမှာ သေချာပေမယ့်....

ယခု သည်ခြံနှင့် သည်အိမ်က ဘိုတို့နှင့် ဘာမှ မဆိုင် တော့ပါ။

ဆုံးပြီး တန်ဆီဒီ အပြီးအပိုင် အမွေခွဲပေးခဲ့ပြီးပါပြီ။ တိတိ ခဲ့ ဆဲမှာ ပါရမီမှ တိုက်လေးတစ်လုံးလဲ ပါသည်။ ဘို ကူမျိုးနှင့် လက်ထပ်ပြီးလျှင် နှစ်ယောက်အတူ သွားနေချင် ပေမယ့် ကိုမျိုးက သူ့အိမ်မှ ဘယ်မှမသွား ဆို၍ ဘို ငြိမ် နေခဲ့ရသည်။

ယခင်က ဗိုလ်ကျချင်တိုင်း ကျခဲ့သည့် ဘို၊ ကိုမျိုးနှင့်မှ ငြိမ် လည်နေရတော့သည်။

ဒါပေါ့လေ၊ ဘိုက သူများအချစ်ကို ဝင်လုထားတာကိုး။ သည်တော့ ဘို သည်လို ခံစားရမှာပေါ့....

ကိုယ့်အဖြစ်ကို ဝမ်းနည်းစိတ်ဖြင့်တွေးနေဆဲ ဘွားဘွား ၏ ရွှင်မြူးသောအသံက ဘို့နားထဲကို ဝင်လာသည်။

"သား၊ မေမေ့ချွေးမမြစိမ်းအတွက် ဝယ်လာတဲ့ပစ္စည်း တွေ ထည့်ခဲ့ရဲ့လား"

"ထည့်ခဲ့ပါတယ် မေမေရဲ့"

"မြေးလေးအတွက်ကော"

"ပါပါတယ် မေမေရယ်"

ကောင်းလွန်း ပြုံးကာ မေမေ့ကို ပြန်ပြောလိုက်သည်။

စိမ်းမေ ပန်းသစ်မြိုင်မှာရှိသည်တု ကြားပြီးကတည်းက သွားချင်နေသည်မှာ ကြာခဲ့ပါပြီ။

စီစဉ်ဆဲ ဖြုန်းဆို မမျှော်လင့်ဘဲ သောဘာဆုံးပါးခဲ့ သည်။





ဆုံးပြီးမြန်တော့ သူ့မှာ မအေးသေး၊ သောဘာတာ့ကို ကတိပေးခဲ့သည့်အတိုင်း ဘို့ကိစ္စအတွက် ဆောင်ရွက်ရသည်။ နောက်ထပ်နှစ်လခန့် ကြာမြင့်ခဲ့သည်။

ယခု ဘို့ကိစ္စလည်း တစ်ပိုင်းတစ်စတော့ ဆောင်ရွက်ပြီးခဲ့ ပါပြီ။

ချို့ကိစ္စပဲ ကျန်တော့သည်။ မကြာခင်မှာ သမီးနှင့်တွေ့ ကာ သူ့ဆန္ဒကို ပြောပြမည်။

သမီးသဘောတူလျှင် သူ့တာဝန်ကျေပြီ။

သမီးဘိုနှင့် မျိုး။

သားချိုနှင့် သမီးလူလူ။

သူနှင့်မြစိမ်း မခွဲမခွာ နေကြရတော့မည်။ ဪ....ငို ကြွေးခြင်းအဆုံးသတ်တော့ ရယ်မောခြင်းကို စရမည်တဲ့။

မောင်ရယ်ရတော့မှာလား မြစိမ်းရယ်၊ မောင် ရယ်ပါရ စေတော့။

ပင်ပန်းခဲ့သမျှ မြစိမ်းရင်ခွင်မှာ အပန်းဖြေပါရစေတော့။

ကားဒရိုင်ဘာဘေးမှထိုင်ကာ ဦးကောင်းလွန်း အတွေး တွေ ဝေနေသလို....

ဦးကောင်းလွန်းကားနောက်မှပါလာသည့် ချို့မှာလည်း အတွေးတွေ တဝေဝေနှင့်ပါ။

ဒယ်ဒီ့အစီအစဉ်အရ ချို လိုက်လာခဲ့ရပေမယ့် လူလူ့ကို တွေ့ရမှာ သူ စိုးရွံ့နေသည်။

လူလူမှ သူ့ကိုတွေ့ပါ့မလား၊ ကြောက်ရွံ့နေသည်။

တကယ်တော့ မာမီ့အစီအစဉ်ကို သူလုံးဝမသိခဲ့ရပါ။

သူ လူလူ့ကို ချစ်တာပဲသိသည်။

သည်အချစ်က ရိုးမြေကျချစ်သည့်အချစ်။

လူလူ့ဆီမှပါလာမည့်အမွေကိုလည်း သူ မမက်မောပါ။

ဖြစ်နိုင်လျှင် ဒယ်ဒီဝေပေးထားသည့် အမွေကိုပင် လူလူ့ကိုပြန်အပ်ကာ သူ့လုပ်အားဖြင့် သူ လူလူ့ကို ရိုးသားစွာရှာဖွေကျွေးချင်ပါသည်။

လူလူ လက်မခံနိုင်သေးလည်း လူလူ လက်ခံနိုင်သည်အထိ သူ စောင့်ပါမည်။

ဦးကောင်းလွန်းနှင့် ချို အတွေးများဖြင့် ပန်းသစ်မြိုင်ကို လာချိန်....

လူလူကတော့ အိမ်ရှေ့ကပြင်လေးမှာထိုင်ကာ အမေ့ကို မျှော်နေမိသည်။

သည်နေ့ဆို အမေထွက်သွားသည်မှာ နှစ်လကျော်ခဲ့ပြီ။

အမေရယ်၊ လူလူ့ကို စိတ်ဆိုးပြေပါတော့၊ အမေ့ကို စိတ်ဆင်းရဲအောင် လုပ်ခဲ့မိလို့ လူလူ့မှာလဲ စိတ်ဆင်းရဲရပါတယ် အမေရယ်။

အမေ ပြန်လာပါတော့။

အမေမရှိ၍ အမိုးဗျားခေါ်နှင့် လူလူနှစ်ယောက်တည်း နေရသည်။





မနက်ခင်းဆို လူလူက ဈေးထွက်ရကာ ညနေပိုင်းမှ ပြန်ရောက်သည်။

အမေရှိစဉ်က အမေ့အစီအစဉ်နှင့် မပူမပင်မကြောင့်မကြနေရပေမယ့် အမေမရှိတော့ လူလူ့မှာ တာဝန်ရှိလာသည်။

“သမီး၊ ရန်ကုန်ကိုသွားပါလား”

ဦးလေးလှကျော်က လူလူ့ကိုတိုက်တွန်းသည်။ လူလူ နှုတ်ခမ်းကို တွန့်ကာပြုံးရင်း ခေါင်းခါလိုက်သည်။

ရန်ကုန်ဆို ကြောက်ပါပြီ။ လူလူ မသွားဝံ့တော့ပါ။ အသည်းလည်းကွဲ၊ အရှက်လည်းကွဲ၊ အမေလည်းဆုံး၊ ချစ်သူလည်း ဆုံး။

လူလူ့ဘဝမှာ ဘာကျန်တော့လို့လဲ။

ဟန်ဟန်ပန်ပန် လူလူဆိုသည့် ရုပ်ကလေးသာ ရှိတော့သည်။

သည်ရုပ်ကလေးတောင် အမေဆိုသည့် မျှော်လင့်ချက်နှင့် ရှင်သန်နေရသည့်ရုပ်ကလေး။

အမေ့ကိုသာ မမျှော်လင့်ရတော့ဘူးဆိုလျှင် လူလူ အသက်ရှင် ရပ်တည်နေနိုင်မည် မဟုတ်တော့ပါ။

တလောက ဒေါ်သော်တာဆုံးသည့်သတင်း လူလူ သတင်းစာထဲတွင် ဖတ်လိုက်ရသည်။

စိတ်မကောင်းပါသော်လည်း လူလူ ဘာတတ်နိုင်မှာလဲ၊ သတ္တဝါတစ်ခု ကံတစ်ခုပဲ။

ကောင်းမှုပြုသူသည် ကောင်းသည့် လုပ်ရပ်ကြောင့် ကောင်းကျိုးကို ခံစားရမည် ဖြစ်သလို....

မကောင်းမှုပြုသူသည်လည်း မကောင်းသည့် လုပ်ရပ်ကြောင့် မကောင်းကျိုးကို ခံစားရမှာ မမှတာ။

ခုဒါသော်တာ သူ့မကောင်းကျိုးကို သူ ခံစားသွားရခြင်းပဲ....

စိတ်မကောင်းဖြစ်နေဆဲ နောက်ထပ် မမျှော်လင့်သည့် သတင်းတစ်ပုဒ်ကို လူလူ ဖတ်လိုက်ရသည်။

အစ်ကိုနှင့် ဘိုစေ စုပ်သည့်သတင်း။

လူလူ မချိပြုံး ပြုံးလိုက်သည်။ ဖြစ်သင့်ဖြစ်ထိုက်သည့် ကိစ္စပဲ။

ဦးကောင်းလွန်း သမီးစစ်စစ် ဖြစ်ပေမယ့် လူလူ့ဘဝက ရွှေဘုံပေါ်မှာ စံခဲ့ရသည့် ဘဝမဟုတ်....

အပယ်ခံဘဝ။

အမုန်းခံဘဝ။

အစ်ကို့ကို လူလူ ချစ်ပါသည်။ ဒါပေမယ့် အစ်ကို့ဘဝနှင့် လူလူ့ဘဝနှင့်က မိုးနှင့်မြေ....

အစ်ကိုက ဟိုး....မိုးကောင်းကင်ပေါ်က လူ၊ လူလူ့ဘဝက ဟိုး....အောက်ဆုံးက မြေကြီး။

"လူလူ ဝမ်းသာပါတယ် အစ်ကိုရယ်"

လူလူ သတင်းစာလေးကို ရင်ဝယ်ကပ်ကာ တီးတိုး ရေရွတ်လိုက်မိသည်။





ဗိုရလွန်းသည့် မျက်ဝန်းကတော့ မျက်ရည်ကျနိုင်ခြင်း မရှိတော့ပါ။

"လူလူ"

ဝေသီသော မျက်ဝန်းလေးနှင့် အဝေးကို ငေးနေသည့် လူလူ့နား နန်းဝေ ဝင်ထိုင်သည်။

လူလူနှင့်အတူ ပြဿနာဖြစ်လာပြီးကတည်းက နန်းဝေလည်း ရန်ကုန်ကို ကားမဆွဲတော့ပါ၊ အခြားမြို့ဘက်ကို ပြောင်းဆွဲနေသည်။

"နှင် နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် နန်းဝေရယ်"

နန်းဝေ လူလူ့ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

ဒေါ်လေးကျော့မေရှိစဉ်က သူ လူလူ့အတွက် စိတ်အေးရပေမယ့် ယခု ဒေါ်လေးကျော့မေ မရှိသည့်နောက် လူလူ့တာဝန်က အဖေနှင့် သူ့အပေါ် ပိကျလာသည်။

အဖေ့ထက် သူ့အပေါ်မှာ ပိုသည်။ သွားသွား လာလာ လူလူ့အတွက် စိတ်မချခဲ့....

လူလူ စိတ်ညစ်၍ထွက်သွားမှာ၊ လူလူ သူ့ကိုယ်သူ တစ်ခုခု လုပ်လိုက်မှာ နန်းဝေ စိုးရိမ်နေသည်။

လူနှင့်မမျှအောင်၊ အရွယ်နှင့်မမျှအောင် လူလူ ခံစားချက်က ကြီးမားလှသည် မဟုတ်လား....

"နှင် ထမင်းစားပြီးပလားဟင်"

"မဆာပါဘူး နန်းဝေရယ်၊ ဘာဖြစ်လို့လဲ"

"ကြက်သားဟင်းလေး ချက်တာနဲ့ ငါ နင့်အတွက် ထည့်လာခဲ့တယ်"

"ဒုက္ခရှာလို့ နန်းဝေရယ်၊ ဦးလေး စားပါစေ"

"အဖေစားတာလဲ စားပေါ့၊ ငါ နင့်ကိုလဲ စားစေချင်လို့ပါ"

လူလူ နန်းဝေကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

သွေးမတော် သားမစပ် နန်းဝေအကြင်နာတွေက လူလူ့အပေါ်မှာ များပြားလွန်းနေပါပြီ။

အမေရှိစဉ်က အဖေမဲ့သမီးမို့ နန်းဝေ ကြင်နာခဲ့သလိုယခု အဖေရှိကာ အမေမရှိပြန်တော့ အမေမဲ့သမီးလေး လူလူ့ကို နန်းဝေ ကြင်နာရပြန်သည်။

ဒါပေမယ့် လူလူ့မှာ နန်းဝေအတွက် ပေးဆပ်စရာ ဘာဆိုဘာမှ မရှိ....

"နင်လဲ ငါ့အတွက် ပင်ပန်းနေပြီနော်....နန်းဝေ"

ယောက်ျားသားမရှိသည့်အိမ်မို့ ရေကိစ္စ၊ ထင်းကိစ္စ၊ မီးကိစ္စ၊ ဗာဟီရကိစ္စတွေအထိ နန်းဝေမပါလျှင် မပြီး....

"ဒါများ လူလူရယ်၊ ငါ ဒေါ်လေးကျော့မေရှိကတည်းက ငါ လုပ်ပေးနေကျပဲ"

"ငါက နင်ပင်ပန်းမှာ စိုးလို့ပါ"

ပင်ပန်းလည်း နင့်အတွက်ပဲဟု ပြောမည်ပြုပြီးမှ နန်းဝေ မပြောဖြစ်။





သူ လူလူ့ကို ချစ်သည်။ လူလူ့ဘဝကို မြင့်မားစေချင်သည်။

သည်သို မြင့်မားဖို့ဆို သူ့ဘဝကိုလမ်းခင်းပေးရ ပေးရသူ ခင်းပေးပါမည် အတွေးဖြင့် လူလူ့ကို လှမ်းခေါ်လိုက်သည်။

"လူလူ"

"ပြောပါ နန်းဝေ"

လူလူအဝေးကို ကြည့်နေရာမှ နန်းဝေကိုကြည့်လိုက်သည်။

အမိုးဗျားခေါ် တစ်နေ့က လူလူ့ကို နားချသည်။ အမေမရှိသည့်နောက် မိန်းကလေး နှစ်ယောက်တည်း နေရတာမသင့်တော်။ လူလူ့မှာ ချစ်သူရှိလားတဲ့။

လူလူ အမိုးကို အလန့်တကြား မော်ကြည့်မိသည်။

အမိုး မျက်ဝန်းတွေက လူလူ့ကို ကြင်နာစွာ စိုက်ကြည့်နေသည်။

ဘာမှ သွေးသား မတော်စပ်ပေမယ့် အမိုးက လူလူ့ကိုသူ့ရင်မှဖြစ်သော သွေးသားနှယ် ချစ်ခင်လွန်းသည်။

အမေမရှိသည့်တိုင် စောင့်ရှောက်နေသည်ကိုပဲ ကြည့်ပါလား။

"အမိုးလဲ အသက်ကြီးပြီ ကလေးရယ်၊ ကလေးကို စိတ်ချချင်ပြီ"

လူလူ ဘာပြန်ပြောရမှာလဲ။ အမိုးကိုသာ မျက်ရည်ဝဲသောမျက်ဝန်းလေးဖြင့် အကြည့်....

"မောင်နန်းဝေလေးနဲ့ အမိုးစိစဉ်ချင်တယ်ကွယ်"

"အမိုးရယ်"

လူလူ အမိုးကိုယ်ကို တင်းကျပ်စွာ ဖက်ကာ ရှိုက်ငိုလိုက်သည်။

အမေသာရှိလျှင် လူလူ သည်လို ဘယ်ပြောခံရမလဲ၊အမေ့မေတ္တာရိပ်မှာ လူလူ မှေးမှိတ်နေရုံ အပန်းဖြေနေရုံ....

အမေ မရှိတော့ အမိုးမှာ တာဝန်ရှိသည်။ အဖေဆိုတာ လူလူ့ အတွက် သူစိမ်းတစ်ရံဆံပါ။ လူလူကသာ ဖခင်မှန်း သိပေမယ့် ဖေဖေကတော့ လူလူ့ကို သမီးမှန်း သိပါလေစ။

သည်အဖြေနှင့် သည်အမေ၏ တာဝန်ဖြစ်သည့် လူလူကို အမိုးက ဘာမဆိုင်ညာမဆိုင် ဝင်ပူနေရသည်။

အမိုး ဘယ်လောက်ပူနိုင်မလဲ။ အမိုးအသက်က ခြောက်ဆယ်ကျော်ပါပြီ။

"အမိုးရယ် လူလူသေပါရစေ"

သည်လို အဖေကွဲ အမေကွဲနေသည့် ဘဝထက်စာလျှင် လူလူသေတာ မကောင်းဘူးလား။အမိုးနားမှ ပြေးအထွက်....

"လူလူ....လူလူ"

အမိုး လူလူ့နောက်ကို ပြေးလိုက်လာသည်။ အသက်အရွယ် ကြီးမြင့်သည့်အထဲ လူလူ့နောက်ကို ပြေးလိုက်လာသည့် အမိုးအသွင်က ပင်ပန်းလွန်း၍ လိုက်မောနေသည်။

"ကလေးမကြိုက်ရင်အမိုးမပြောတော့ပါဘူးကွယ်၊အမိုးကို ထားခဲ့ပြီး ထွက်တော့ မသွားလိုက်ပါနဲ့"





"အမိုးရယ်"

စိတ်ထဲ ခံစားရသမျှတွေ ပြေပါစေတော့ရယ်လို့ လူလူ့ သာလာခဲ့မိပေမယ့် လူလူ့အတွက် သွားစရာ နေရာ ပြေးစရာ မြေလဲ မရှိပါ။

ပမယ့်

လူလူ့ကို စောင့်ကြိုနေမည်က မြစ်သံလွင်ပဲ ရှိသည်ပျက် တစ်ခါတစ်ခါတော့လည်း မြစ်သံလွင် ကမ်းစပ်တွင်....။ ကာ ကိုယ့်ဘဝကို မိုက်မိုက်မဲမဲ ရေစီးထဲ မျှောပစ်လိုက် သည်။

ဒါမှ ပူပင်ရလွန်းသည့် သူ့ဘဝလေး ချုပ်ငြိမ်းသွားရမည် မဟုတ်လား။

အမေ့အကြောင်းလည်း တွေးစရာမလို၊အဖေ့အကြောင်းလည်း စဉ်းစားစရာမလို။

အစ်ကို့အကြောင်းကိုကောပေါ့။

အားလုံးအားလုံးကို မေ့ပစ်နိုင်မည်။ မေ့မပစ်နိုင်သေးဘော့ အားလုံးကို ထိုင်သတိရနေသဲ။ နန်းဝေ ရောက်လာခြင်းဖြစ်သည်။

သည်နေ့ ဈေးပိတ်သည့်နေ့မို့ လူလူ အိမ်မှာရှိနေခြင်းဖြစ်သည်။

လူလူရှိတော့ အမိုးက သူ့ရွာခဏပြန်သည်။သူ့မှာလည်း ဆွေတွေ မျိုးတွေနှင့် ဖြစ်သည်။

လူလူ့အပေါ် သံယောဇဉ်ရှိရှာသာ နေရပေမယ့် အမိုး သက်ကြာကြာ နေနိုင်မလဲ။

လူလူ့ သက်ပြင်းကိုချကာ နန်းဝေကို လှမ်းကြည့်လိုက်သည်။

အဖေ

မေတ္တာ လူလူ သည်တိုင်းပဲ ရေရှည်နေ၍ ဖြစ်ပါတော့မလား။

နန်းဝေကိုယ်တိုင်လည်း လူလူ့ကို မဟာဝံ့ပါ။ တလောက အမိုးဗျားခေါ် သူတို့အိမ်လာကာ လူလူနှင့် သူ့အကြောင်း အဖေ့ကို ပြောသွားသည်။

အဖေကိုယ်တိုင်လည်း အမိုးဗျားခေါ်နှယ် လူလူနှင့်သူ့ကို လက်ဆက်ပေးလိုသည့် ဆန္ဒရှိသည်။

အမေဖြစ်သူကို မပိုင်ဆိုင်ခဲ့ရပေမယ့် သားလက်ထက်မှာတော့ သမီးဖြစ်သူကို ပိုင်ဆိုင်စေချင်ပုံရသည်။

နန်းဝေကိုယ်တိုင်လည်း လူလူကို ပိုင်ဆိုင်လိုပါသည်။

သို့ပေမယ့် ယခုလို လူလူ ခံစားနေရချိန်မှာ သူဖွင့်မပြောသင့်သေးဟု ထင်သည်။

လူလူက သူ့ကို အခွင့်ကောင်းယူသည့် လူတစ်ယောက်ဟု ထင်သွားမှာ စိုးသည်။

လူလူကို တစ်ထောင့်ငါးရာ မေတ္တာဖြင့် သူ ထာဝစဉ် ချစ်နိုင်ပါသည်။ အတွေးများဖြင့် လူလူ့ကိုအကြည့် လူလူလည်း နန်းဝေကို ကြင်နာစွာ ငေးကြည့်နေသည်။





အစ်ကို့ကို ချစ်မိသည့် အချစ်သာ လူလူ့ရင်မှာ ယခုထက်တိုင် ခိုဝင်မနေတော့ဘူးဆိုလျှင် နန်းဝေသည် လူလူ့အတွက် အသင့်တော်ဆုံး လူသားပါ။

လူလူ ကြည်ဖြူနိုင်ပါသည်။ ချစ်နိုင်ပါသည်။ ဒါပေမယ့် အစ်ကို့ကို ချစ်မိသည့် အချစ်က လူလူ့ရင်မှာ မပျောက်ပျက်နိုင်သေးတော့ လူလူ နန်းဝေကို ဘယ်လိုအဖြေပေးရမလဲ....။

ငါ့ကိုနားလည်ပါ နန်းဝေရယ်....။

သည်အတွေးများဖြင့် နန်းဝေကိုအကြည့်....

"အို"

လူလူ ကိုယ်လေး တောင့်ခနဲနေအောင် မတ်သွားရှာသည်။

လူလူ့ ထိတ်လန့်တကြား အသွင်ကြောင့် နန်းဝေ လူလူ ကြည့်ရာ လှမ်းအကြည့်-

"ဟင်"

နန်းဝေ မျက်နှာပျက်သွားသည်။ ကားနှစ်စီးက သူ့တို့ လမ်းထဲကို လူးလူးလိမ့်လိမ့်လေးဖြင့် တငြိမ့်ငြိမ့်ဝင်လာသည် မဟုတ်ပါလား....။

ပထမကားက ဘီအမ်ဒဗလျူ မိုးပြာရောင်။

ဒုတိယကားက နီညိုရောင် အက်(စ)အီး။

ရန်ကုန်မှ ပြန်လာသည်မှာ မကြာသေး၍ သည်ကား
ပိုင်ရှင်များကို နန်းဝေ သိရှိနေ၍ အံ့ဩနေသလို ငေးနေဆဲ
ကားပေါ်မှ ဆင်းလာသူကိုအတွေ့ လူလူ ချာခနဲလှည့်ကာ
အိမ်ထဲကို ပြေးဝင်လာခဲ့တော့သည်။

* * *



အခန်း (၂၅)

"လူလူ....သမီး"

ဦးကောင်းလွန်း အိမ်ထဲကို ပြေးဝင်သွားသည့် လူလူ့ ကျောပြင်ကို လှမ်းကြည့်ကာ ကြေကွဲ ဝမ်းနည်းစွာ ခေါ် လိုက်ချိန်....

နောက်ကားမှ ပါလာသည့် ချိုမှာလည်း လူလူ့ အပြုအမူကြောင့် မျက်နှာပျက်ကာ နေရာမှာ တုံ့ခနဲရပ်သွားရှာသည်။

နန်းဝေ ဘာလုပ်ရမှန်းမသိ၊ နောက်မှ နေရာမှ ကပျာကယာထကာ ဦးကောင်းလွန်းကို ခရီးဦးကြိုလိုက်ရသည်။

"လာ....အန်ကယ်"

ဦးကောင်းလွန်း ကွပ်ပျစ်လေးမှာ ဝင်ထိုင်ရင်း အိမ်လေးကို လှည့်ပတ်ကြည့်ကာ သက်ပြင်းကိုချလိုက်သည်။ သည့်နောက် နန်းဝေကို လှမ်းပြောလိုက်သည်။

"အန်ကယ်လဲ လာမလို့ပါပဲကွယ်၊ ရန်ကုန်မှာလဲ ပြဿနာတွေ ဖြစ်နေလို့ ကြာသွားရတယ်"

"ကျွန်တော်တို့လဲ ကြားပါတယ် အန်ကယ်၊ ဒီမှာလဲ"

"ဘာ....မောင်နန်းဝေ၊ ဒီမှာလဲ ဘာဖြစ်လို့လဲ"

ဦးကောင်းလွန်း စိုးရိမ်တကြီး လှမ်းမေးကာ နန်းဝေမျက်နှာကို အထိတ်တလန့် လှမ်းကြည့်လိုက်သည်။

နန်းဝေ တံတွေးကို မျိုချလိုက်သည်။ သူဘယ်လို ပြောရပါမလဲ....။

ခရီးရောက်မဆိုက် မပြောလည်းမပြောချင်၊ မပြော၍လည်းမပြီးမို့ စကားစကို စဉ်းစားနေဆဲ....

"မြစိမ်း....လူလူတို့ ရန်ကုန်က ပြန်လာကတည်းက ဒီကထွက်သွားတာ နှစ်လကျော်ခဲ့ပါပြီ ကိုချစ်ဦးဝေ"

"ဟာ....အဖေ"

"ကိုလှကျော်"

"ဟုတ်ပါတယ် ကိုချစ်ဦးဝေ"

ဦးလှကျော် ပြောရင်း ဦးကောင်းလွန်းဘေးရှိ ကွပ်ပျစ်လေးမှာ ဝင်ထိုင်လိုက်သည်။

ဦးကောင်းလွန်း စိတ်မကောင်းစွာဖြင့် မိခင်ဖြစ်သူကို လှမ်းကြည့်လိုက်သည်။





လာစဉ်တုန်းကတော့ မျှော်လင့်ချက်တွေ ကိုယ်စီဖြင့် စိတ်ကူးယဉ်ခဲ့ကြသည်။

မြစိမ်းနှင့် သမီးကိုခေါ် ရန်ကုန်ကိုသွား။

တစ်သက်လုံး သူ့ကြောင့် စိတ်ဆင်းရဲခဲ့ရသည့် မြစိမ်းကို အကြင်နာများစွာဖြင့် ကောင်းလွန်းပြုစုမည်။ စိတ်ချမ်းသာအောင်ထားမည်။

သမီးကိုလည်း ကျောင်းပြန်တက်စေမည်။ ဒါမှမဟုတ် သမီး ဘာလုပ်ချင်သလဲ....ကြိုက်သလိုလုပ်ပေါ့။

တစ်သက်တာ တာဝန်မကျေခဲ့သမျှ ယခု တာဝန်တွေကျေနိုင်အောင် ကောင်းလွန်း စဉ်းစားလာခဲ့သည်။

မြစိမ်း မလိုက်ပါဘူးဆိုလည်း ရအောင်ကိုခေါ်မည်။

မြစိမ်း သူ့ကို ချစ်သည်ပဲ။

သည်အတွေးတွေဖြင့် ပျော်ရွှင်စွာ လာခဲ့မိသည့် ကောင်းလွန်း....။

ယခုတော့ မျှော်လင့်ထားသမျှတွေ သဲထဲရေသွန်သလို အလကား ဖြစ်ခဲ့ရပြီ။

ဒေါ်နုနုကိုယ်တိုင်လည်း ချွေးမနှင့်တွေ့ဖို့ ပင်ပန်းကြီးစွာ လိုက်လာပြီးမှ မတွေ့ရတော့ စိတ်မကောင်း ဖြစ်သွားသည်။

သူ့အပြစ်တွေကလည်း မနည်း၊ သည်အပြစ်တွေ ကြေအောင် သူမြစိမ်းကို ဘယ်လို တောင်းပန်ရမလဲ....

ချွေးမအပေါ် တာဝန်မကျေရလျှင်တောင် မြေးအပေါ်မှာတော့ သူကျေချင်ပါသည်။

သည်စိတ်ကူးတွေနှင့် သူတစ်သက်တာ ကျစ်ကျစ်ကုတ်ကုတ်သိမ်းဆည်းလာသည့် ပစ္စည်းတွေက သူ့ကိုယ်ထဲမှာ ပါလာသည်။

စိန်နားကပ်၊ စိန်လက်စွပ်၊ စိန်လက်ကောက်၊ စိန်လော်ကက်....

အနည်းဆုံး ဆယ်သိန်းဖိုးခန့်တော့ ရှိပါလိမ့်မည်။

ဘာဖြစ်လဲ....

သူ့သားပိုင်ဆိုင်သမျှ စည်းစိမ်တွေပင် ပေးအပ်ဖို့ စဉ်းစားခဲ့သေးတာ၊ သူကလည်း သူပိုင်သလောက်လေးတော့ပေးချင်သည်။ ယခု သည်ပစ္စည်းထုပ်ကို ဘယ်သူ့ကို ပေးရမလဲ....

"သူ ဘယ်ကို ထွက်သွားတာလဲ ကိုလှကျော်ရယ်၊ ကျွန်တော်လိုက်ခေါ်လို့ ရမလား"

ဦးလှကျော် သူ့လက်ထဲပါလာသည့် စာလေးတစ်စောင်ကို ဦးကောင်းလွန်းသို့ လှမ်းပေးလိုက်သည်။

သည်စာကို လူလူသို့ပင် သူမပြခဲ့။

ဦးကောင်းလွန်းကိုတော့ ပြသင့်တယ် ထင်၍ ပြလိုက်ခြင်းပင်....





စာထဲတွင်ကား....

**ကိုလှကျော်**

မြစိမ်း ရှိသေစွာဖြင့် ကန်တော့ခဲ့ပါတယ်။

ဖြစ်ချင်တိုင်းလဲ မဖြစ်ရတဲ့ဘဝမှာ မဖြစ်ချင်တာတွေပဲ မြစိမ်းဘဝမှာ တောက်လျှောက်ဖြစ်ခဲ့တယ်။

ခုလဲ မြစိမ်းအတိတ်ကို မြစိမ်းလုံခြုံလှပြီ ထင်ခဲ့ပေမယ့် သွေးက စကားပြောခဲ့ပြီ ကိုလှကျော်ရယ်....

မကြာခင်မှာ သမီး သူ့အဖေကို သိတော့မယ်....

မြစိမ်း သည်လို ဆက်နေလို့ ဖြစ်မလား။ ကွဲပြီးသားပစ္စည်းတစ်ခုကို ပြန်ဆက်လို့ ကောင်းပါတယ်ဆိုရင်လဲ အက်ရာကတော့ ရှိနေမှာပါ။

မြစိမ်း ပြန်မဆက်ချင်တော့ဘူး၊ ပြန်မကောင်းချင်တော့ဘူး။

မြစိမ်း ဘဝနဲ့ မြစိမ်း နေပါရစေတော့။

သမီးကိုတော့ ကိုလှကျော် နားလည်အောင် ရှင်းပြပေးပါ။

ခေါင့်ရှောက်ပေးပါ။

မြစိမ်းကတော့ ပြန်မလာချင်တော့ဘူး ကိုလှကျော်ရယ်၊ လူ့ဘဝကို စိတ်ကုန်ပါပြီ။

ဒီလို ရေးလိုက်လို့ မြစိမ်းကိုယ် မြစိမ်း တစ်ခုခုလုပ်လိုက်မယ် မထင်လိုက်ပါနဲ့၊ မရှာလိုက်ပါနဲ့။

**မြစိမ်း နားလည်ပါတယ်။**

**မြစိမ်းဘဝကို မြစိမ်းအေးချမ်းအောင်တည်ဆောက်မှာပါ။**

**မြစိမ်းဘဝက ပူလောင်တာ ကြာမြင့်ခဲ့ပါပြီ၊ သမီးဆိုတဲ့ သံယောဇဉ်နဲ့ သည်အပူကို မြစိမ်း လက်ခံခဲ့တယ်။**

**ခုတော့ သမီးအတွက်လဲ မြစိမ်း မပူချင်တော့ဘူး....**

**ဘယ်သူ့အတွက်မှလဲ မပူချင်တော့ဘူး။**

**မြစိမ်း သွားရမယ့်နေရာ ရှိပါတယ်၊ အဲဒီနေရာကို မြစိမ်း သွားမှာပါ။**

**သမီးနှင့်တကွ ကိုလှကျော်တို့ သားအဖ ထာဝရ စိတ်ချမ်းသာ နိုင်ပါစေ။**

**တစ်ချိန်က မြစိမ်း**

စာလေးအပြီး ဦးကောင်းလွန်း သက်ပြင်းကို ချလိုက်သည်။

သည်ပုံဆို မြစိမ်း လုံးဝ ပြန်လာတော့မည် မထင်။

သူ ဘာဆက်လုပ်ရမလဲ။

သည်အမေးဖြင့် ဦးလှကျော်ကို အကြည့်၊ ဦးလှကျော်ကလည်း သူ့ကို ပြန်ကြည့်နေ၍ ဦးကောင်းလွန်း ခေါင်းကို ငုံ့ကာ တိုးညင်းစွာ ပြောလိုက်မိသည်။

''သူ ကျွန်တော့်ကို သိပ်စိတ်နာနေမယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမယ့်ဗျာ မြစိမ်း ဒီမှာရှိတယ်ဆိုတာ သိသိ





ချင်း ကျွန်တော် ပြေးလာချင်ပေမယ့် ရန်ကုန်မှာလဲ ပြဿနာတွေက ရှုပ်ထွေးနေတော့ မလာခဲ့နိုင်ဘူး၊ မြစိမ်း ကျွန်တော့်ကို ခွင့်မလွှတ်နိုင်လောက်အောင် စိတ်နာနေတာ ကျွန်တော် သိပါတယ်၊ ဒီအပြစ်တွေ ကြေအောင်ဆိုပြီး ကျွန်တော်လာခဲ့တာ နောက်ကျသွားပြန်ပြီပေါ့နော် ကိုလှကျော်''

ဦးလှကျော် စိတ်မကောင်းစွာ ခေါင်းညိတ်နေသည်။

''မြစိမ်းဟာ သိပ်စိတ်ကြီးတဲ့သူဆိုတာ ကျွန်တော်သိပါတယ်၊ သူ ဘယ်မှာရှိမယ်ဆိုတာ ကိုလှကျော် မသိဘူးလားဟင်''

ဦးလှကျော် ဖြည်းညင်းစွာ ခေါင်းခါလိုက်သည်။

သည်တစ်ခါတော့ သူ တကယ်မသိရိုးအမှန်ပါ။ သူမသားအောင်ကို မြစိမ်း ထွက်သွားခဲ့သည်မဟုတ်ပါလား။

ဦးကောင်းလွန်း အံကိုကြိတ်ကာ လက်သီးဆုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဦးလှကျော်ကို လှမ်းပြောလိုက်သည်။

''ကျွန်တော့်ဘက်က အပြစ်တွေများလွန်းတော့ သူ ခွင့်မလွှတ်နိုင်ဘူးနဲ့ တူပါတယ် ကိုလှကျော်ရာ''

သားစကားကိုနားထောင်ကာ ဒေါ်နုနု မျက်ရည်ကျလာသည်။

ချွေးမကိုတွေ့ချင်၍ အလာကောင်းပေမယ့် အခါနှောင်းခဲ့ပါချေပြီ။

"သားတို့ မြစိမ်းကို တွေ့အောင်ရှာကြတာပေါ့ မေမေရယ်၊ မငိုပါနဲ့"

ဦးကောင်းလွန်း အမေဖြစ်သူကိုနှစ်သိမ့်နေဆဲ ဦးလှကျော်သားဖြစ်သူကို လှမ်းမေးလိုက်သည်။

"ဒါနဲ့ လူလူကောသား"

"အိမ်ထဲမှာ အဖေ"

"လူလူလဲ ကျွန်တော်တို့ကို သူ့အမေလို စိတ်နာနေတယ်နဲ့ တူပါတယ်ဗျာ"

ပြောရင်း ဦးကောင်းလွန်း ပါးပေါ် မျက်ရည်များ စီးကျလာသည်။

နာလောက်အောင်လည်း သူ့မိသားစုဘက်မှ ဆိုးသွမ်းခဲ့မိသည်ကိုး။

သည်အဖြစ်တွေကို ကြေအောင်လာခဲ့ခြင်းမို့ လူလူကျေနပ်သည်အထိ တောင်းပန်ရမှာ သူတို့တာဝန်။

"ကျွန်တော် လူလူ့ကိုတွေ့ပါရစေ"

"တွေ့ရမှာပါ၊ လူလူဟာ စိတ်ကောင်းရှိပြီး ပြည့်ဝတဲ့မိန်းကလေးတစ်ယောက်ပါ၊ သား....သွားခေါ်လိုက်လေ"

နန်းဝေ လူကြီးတွေရှေ့မှဖြတ်ကာ အိမ်လေးထဲအဝင်မီးဖိုချောင်အဝတွင်ထိုင်ကာတသိမ့်သိမ့်ရှိုက်ငိုနေသော လူလူ့ကို အမှတ်မထင်တွေ့လိုက်ရသည်။





"လူလူ"

နန်းဝေ လူလူ့ဘေးထိုင်ကာ ခပ်တိုးတိုးလှမ်းခေါ်လိုက်သည်။

လူလူ ငိုရှိုက်လျက်မှ နန်းဝေကို လှမ်းရန်ထောင်လိုက်သည်။

"ငါ့ကိုခေါ်ဖို့ လာတာဆို၊ မလာဘူးနန်းဝေ၊ နင်ပြန်"

"လူလူရယ်....ဖြစ်မလား၊ နင်စဉ်းစားပါဦး"

"အို....ငါဘာမှမစဉ်းစားဘူး၊ သူတို့ဟာ ငါ့ဘဝကိုကော ငါ့အမေဘဝကိုပါ စိတ်ဆင်းရဲအောင်လုပ်တဲ့ သူတွေ၊ ဒုက္ခပေးတဲ့သူတွေ၊ ငါ မတွေ့ချင်ဘူး၊ ငါမုန်းတယ်"

ပြောရင်း လူလူ နောက်ဖေးဘက်မှဆင်းကာ ခြံထဲကို ထွက်လာခဲ့သည်။

မတွေ့ချင်။

သည်လူတွေအားလုံးကို သူမုန်းသည်။ သူတို့နှင့် ပတ်သက်ခဲ့မိ၍ အမေ သူ့ကိုထားကာ အဝေးကို ပြေးထွက်သွားသည်။

ယခုတစ်ခါ သူတို့လာပြန်ပြီ၊ သူတို့လာလျှင် လူလူပြေးရမှာလား။

"သွားပါ နန်းဝေရယ်၊ ငါမတွေ့ပါရစေနဲ့နော်....နော်၊ ငါ ရှိုကြီးခိုးပါရဲ့"

"လူလူရယ်...."

နန်းဝေ လူလူ့မျက်နှာလေးကိုကြည့်ကာ စိတ်မကောင်းဖြစ်သွားသည်။

လူလူ သည်လောက်တောင် ခံစားနေရသတဲ့လား။

ဖြစ်နိုင်လျှင် သူလည်း လူလူ့ကို ဦးကောင်းလွန်းတို့နှင့် မတွေ့စေချင်ပါ။

ဒါပေမယ့် ဖြစ်မလား၊ ဦးကောင်းလွန်းသည် လူလူ့ဖခင်ပါ။

ဒေါ်လေးကျော့မေမရှိလျှင် လူလူ့ကို ဦးကောင်းလွန်း ပိုင်သည်။

သူ ဘာပြောပိုင်ခွင့်ရှိမှာလဲ။

နန်းဝေ တွေးနေဆဲ နန်းဝေတို့နားကို လူတစ်ယောက် ရောက်လာသည်။ ထိုသူက ချို။ ချို ခေါင်းကိုငုံ့ကာ တရှိုက်ရှိုက်ငိုနေသည့် လူလူ့ကိုကြည့်ကာ တီးတိုးခေါ်လိုက်သည်။

"လူလူ"

"ဟင်...."

လူလူ ချို့ကိုကြည့်ကာ မျက်နှာကို ချာခနဲ လွှဲပစ်လိုက်သည်။

မုန်းသည်။ သည်လူ့ကြောင့် သူ့ဘဝ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရသည်။ အမေနှင့် လွဲခဲ့ရသည်။ ယခု သည်လူ သူ့ရှေ့ကို ဘာလာလုပ်ပြန်တာလဲ....

"သွား....ရှင် ထွက်သွား၊ ကျွန်မ ရှင့်ကို သိပ်မုန်းတယ်"





"လူလူရယ်၊ ဒီလောက်တောင်ပဲလား"

"ဟုတ်တယ်၊ ဒီ့ထက်ပြောရရင် ကျွန်မ ရှင့်ကို အမှုန့်တောင် ခြေပစ်ချင်သေးတယ်"

ချို လူလူ့ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။ သည်ပြဿနာတွေကို ကြိုသိ၍ သူ သည်ကို လိုက်မလာချင်ခဲ့ပါ၊ ဒါပေမယ့် လိုက်မလာဘဲ နေတော့ကော သူ နေနိုင်ခဲ့လို့လား၊ သူ လူလူ့ကို ချစ်သည်။

ထာဝစဉ် မြတ်နိုးလိုစိတ်ဖြင့် ပိုင်ဆိုင်ချင်သည်။ဒါကြော လည်း....

"လူလူ့ကို ချို ရှင်းပြပါရစေ"

"အို....မရှင်းနဲ့၊ ရှင့်အသံလဲ ကျွန်မ မကြားချင်ဘူး၊ ရှင်လဲ ကျွန်မနားက ထွက်သွားရင် ကောင်းမယ်"

လူလူရယ်....

ချို အံကိုကြိတ်ကာ အဝေးကို ထွက်သွားသည်။

နန်းဝေ ခေါင်းငိုက်စိုက်ချကာ ထွက်သွားသည့် ချို့ကို ကြည့်ကာ လူလူ့ကို မှမ်းပြောလိုက်သည်။

"လူလူကလဲဟာ၊ မကောင်းပါဘူး"

"ဘာမကောင်းတာလဲ၊ သူ့ကြောင့် ငါ အရှက်ကွဲရတာ ကျတော့ ကောင်းသလား၊ နင့်ညီမအရင်းဆို နင် ဒီစကား ပြောမလား"

"ခက်တယ် လူလူ"

နန်းဝေ လူလူ့ကိုကြည့်ကာ ခေါင်းခါလိုက်သည်။

သူ့ညီမအရင်းလေးထက် ပိုကာ စေတနာတွေထားမိနေ၍ သူ့ရင်ထဲ အဘယ်မျှလောက် ခံစားနေရသည်ကို လူလူ သိပါလေစ....

ဒါတွေကို သူ ဘယ်လိုပြောရမလဲ။

လောလောဆယ် အိမ်ရှေ့မှာ လူကြီးတွေစောင့်နေ၍....

"လာပါ လူလူရယ်၊ ခဏလေးတော့ တွေ့လိုက်ပါ"

"မတွေ့ဘူး နန်းဝေ၊ ငါ့အမေဘဝကို ဒုက္ခရောက်အောင် ပိုင်နိုင်စီးလိုက်တဲ့ သူကိုကော ငါ့ဘဝတို အရှက်ကွဲအောင် လုပ်ခဲ့တဲ့သူကိုကော ငါ ခွင့်မလွှတ်နိုင်ဘူး၊ လိုက်မတွေ့နိုင်ဘူး"

နန်းဝေ ခေါင်းမာစွာပြောနေသော လူလူ့ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။

သူ့ လူလူ နားလည်အောင် ဘယ်လိုများ ရှင်းပြရပါ့မလဲ။

နန်းဝေ အိမ်ရှေ့ကို ပြန်အရောက် ဦးကောင်းလွန်းနှင့် ဒေါ်နုနုက နန်းဝေမျက်နှာကို မျှော်လင့်တကြီး လှမ်းကြည့်နေကြသည်။

နန်းဝေ ဘယ်လိုဖြေရမလဲ....

"သမီးကော မောင်နန်းဝေ"

"သူ....သူ....မတွေ့ချင်ဘူးလို့ ပြောတယ် အန်ကယ်"

ဦးကောင်းလွန်း ခေါင်းကိုညိတ်ကာ သက်ပြင်းကိုချလိုက်သည်။ သည်လို ဖြစ်လာမည်လို့တော့ သူ ကြိုတင် တွေးမိသား၊ ဒါပေမယ့် သူ လက်လျှော့၍ မဖြစ်....





သမီးမှာ အမေမရှိတော့ဘူးဆိုလျှင် အဖေတစ်ယောက်အနေဖြင့် သူ တာဝန်ယူရမည်။

သည်ထက် ပိုတင်းမာလာလျှင် ဥပဒေအရ သူ ခေါ်ပိုင်ခွင့်ရှိသည် အတွေးဖြင့် ဦးလှကျော်ကိုအကြည့်....

"ဖြည်းဖြည်းပေါ့ ကိုချစ်ဦးဝေရယ်၊ ဒီမှာ နေဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့၊ သမီး ပြန်လိုက်နိုင်တဲ့ အချိန်အထိ နေဖို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်"

"ဒါဆို လူလူ စိတ်ပြေလာမှာပါ၊ ဒါနဲ့ ကိုချစ်ဦးဝေတို့ ဘယ်မှာ တည်းမလဲ"

"ဈေးနားက တည်းခိုခန်းမှာ' တည်းဖို့ ကျွန်တော်တို့ ဘွတ်ကင်လုပ်ခဲ့ပြီးပါပြီ"

"စားတော့ကော"

"အဆင်ပြေသလိုပဲ စားလိုက်မယ် ကိုလှကျော်၊ ဘာမှ မလုပ်နဲ့၊ ဒါဆို ကျွန်တော်တို့ ပြန်မယ်၊ ညနေ တစ်ခေါက် လာခဲ့ဦးမယ်"

"သွားတို့၊ မြေးလေး စိတ်ပြေလာအောင် ကြည့်ပြောထားပေးပါဦးကွယ်၊ အဘွားက လမ်းလျှောက်နိုင်တဲ့သူ မဟုတ်ပါဘူး၊ မြေးလေးကို တွေ့ချင်လွန်းလို့ အပင်ပန်းခံပြီး လာခဲ့ရတာပါ"

"စိတ်ချပါအမေ၊ ကျွန်တော်တို့ ပြောပြပါ့မယ်"

"ကိုလှကျော် ခဏ"

ဦးကောင်းလွန်း ဦးလှကျော်ကို ခေါ်ကာ လက်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ပြသည်။

"ဒါကို လူလူ့ကို ပြပေးပါ"

"ဟုတ်ကဲ့ ဆက်ဆက်ပြပေးပါ့မယ် ကိုချစ်ဦးဝေ"

"ဒါဆို ကျွန်တော်တို့ ပြန်မယ်နော်"

"ဦး....ပြန်လိုက်ပါဦးမယ်"

ချို ဘွားအေဖြစ်သူကို ပွေ့ကာ ဖခင်ကားထဲထည့်ပြီး ဦးလှကျော်ကို လှမ်းနှုတ်ဆက်လိုက်သည်။

ယခုတော့လည်း ချိုသည် လိမ္မာယဉ်ကျေးသိမ်မွေ့သော လူငယ်လေးတစ်ဦး ဖြစ်ခဲ့ပါပြီ။

နှင်းဝေ ကားကိုမောင်းကာ လူလူရှိရာ ခြံထဲကို ခေါင်းငဲ့ကြည့်သွားသည့် ချို့အသွင်ကို လှမ်းကြည့်ရင်း သက်ပြင်းချလိုက်သည်။

သူ့ရင်တွေ မောသဆက်မောလာရတော့မည် ထင်ပါသည်။

အေးလေ သူမောခဲ့ရတာ ယခုမှ မဟုတ်တော့ပဲလေ။

ကြာခဲ့ပါပြီပဲ၊ ကြာမြင့်ခဲ့ပြီပဲ။

* * *



## အခန်း (၂၆)

"လူလူ လက်မခံနိုင်ဘူး ဦးလေး၊ ဒါကို လုံးဝ လက်မခံနိုင်ဘူး၊ ဘယ့်နှယ် ကိုယ့်မှာ သမီးရှိတယ်ဆိုတာ သိလျက်နဲ့ လျစ်လျူရှုထားပြီး အခုမှလာပြီး လာဘ်ထိုးသလိုမျိုးလုပ်လို့ကတော့ မိလူလူတို့က မမက်ရေးချထဲကပဲ"

လူလူနှုတ်ခမ်းကို မျဉ်းတပြေးတည်းကျအောင် တင်းတင်းစေ့ရင်းမှ ခေါင်းမာစွာ ပြောလိုက်သည်။

ဦးလှကျော် သက်ပြင်းကိုချရင်း လူလူ့ကို နှစ်သိမ့်လိုက်သည်။

"ဒီလို မပြောရဘူးလေ ကလေးရယ်၊ သူ့မှာ အဆင်မပြေလို့ မလာရပေမယ့် သူ့ သမီးနဲ့ မြစိမ်းကို ရှာနေတာ ဦးလေးအသိပါ၊ အခု ဒီစာချုပ်ကလဲ ဒေါ်ယော်တာ မသေခင် ချုပ်ထားခဲ့တာပါတဲ့၊ သမီးမယုံရင် စာချုပ်ကိုဖတ်ကြည့်"

လူလူ ဦးလှကျော်ပြရာ နေရာကို လှမ်းကြည့်လိုက်သည်။ နေ့စွဲမှာ လွန်ခဲ့သည့် နှစ်လကျော်ခန့်တည်းက နေ့စွဲကို လူလူ တွေ့ရသည်။

"သူ အခုအချိန်မှာ အလွန်ကြေကွဲနေရတဲ့ အချိန်ပါ၊ ဒါကို သမီးငြင်းလိုက်မယ်ဆိုရင် သူ ဘယ်လောက်ခံစားလိုက်ရမလဲ၊ ဒါက သမီးအဘွား ပေးသွားတာပါ"

ဦးလှကျော်ဒေါ်နုနုပေးသည့် ပစ္စည်းတွေကိုလည်း ဖွင့်ပြလိုက်သည်။

"အဘွားကြီးလဲ သနားပါတယ် သမီးရယ်၊ လျှော့လိုက်ပါတော့"

လူလူ ရှိုက်ကာရှိုက်ကာ ငိုပစ်လိုက်သည်။

လျှော့ရလွန်းလို့ သူ့ တစ်ကိုယ်လုံး ဘာကျန်တော့လို့လဲ....

ဦးလှကျော် လူလူ့ ကို အကဲခတ်ရင်း နှစ်သိမ့်လိုက်သည်။

"နော်....သမီး၊ ဦးလေးတောင်းပန်ပါတယ်၊ ဦးကောင်းလွန်းဟာ သမီးစိတ်မချမ်းသာမှာစိုးလို့ ဘာမှ မပြောရှာပေမယ့် သူဟာ အဖေရင်းပါ၊ သမီးကို ပိုင်ဆိုင်ခွင့်ရှိပါတယ်၊ ဦးလေးနဲ့ နန်းဝေဟာ သူစိမ်းတွေပါ၊ သမီးကို ဘယ်လောက်ခင်ခင် ပိုင်ဆိုင်ခွင့်မရှိပါဘူး သမီးရယ်၊ ဦးလေးပြောတာကို သမီးနားထောင်ပါ"

လူလူ မျက်ရည်ကို သုတ်ပစ်လိုက်သည်။ သည်ပုံဆို လူလူ ရန်ကုန်ကို လိုက်သွားရမှာပေါ့။





"လူလူ မခွဲနိုင်ဘူး ဦးလေးရယ်၊ ပြီးတော့ မေမေ့ ကိုလဲ ဒီလိုပဲ ထားခဲ့ရမှာတဲ့လား"

ပြောရင်း လူလူ ဦးလေးလှကျော်ကိုဖက်ကာ ရှိုက်ငိုလိုက်သည်။

နန်းဝေကော ဦးလှကျော်ပါ လူလူ့ ကိုကြည့်ကာ မျက်ရည်ကျနေကြသည်။ သူတို့လည်း လူလူ့ ကို မခွဲချင်ပါ။

"ဒါပေမယ့် သူတို့ ဘယ်လိုလုပ်တားမလဲ။

လူလူနှင့် သူတို့သည် ရင်းနှီးပေမယ့် သူစိမ်း တစ်ရံဆံတွေပါ။

"သေသောသူ ကြာလျှင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့သတဲ့ သမီး၊ မြစိမ်းတစ်နေ့တော့ ပြန်လာမှာပါ၊ဦးလေး သမီးကို ပြောချင်တာက သေမှငိုနေမယ့် အစား မသေခင် စိတ်ချမ်းသာကြရအောင် သမီးဖေဖေကို ညနေကျရင် တွေ့လိုက်ပါနော် သမီး၊ ဦးလေး သမီးကို တောင်းပန်ပါတယ်"

မျက်ရည်များ ဝေ့ဝဲလာကာ ပြောနေရှာသော ဦးလေးလှကျော်ကိုကြည့်ကာ လူလူ မငြင်းရက်နိုင်တော့ပါ။

ခေါင်းကိုအညိတ်....

"ဦးလေး ဝမ်းသာလိုက်တာ သမီးရယ်"

ဦးလှကျော် လူလူ့ ကို ဖက်ထားရင်းမှ သားကိုအကြည့် သူ့ ရင်မှာ နင့်သွားသည်။

နန်းဝေက သူ့အဖြစ်ကိုမြင်မှာစိုး၍ ခြံထဲကို ဆင်းသွားပေမယ့် ဦးလှကျော် သား၏မျက်နှာကို မြင်လိုက်ပါသည်။

ကိုယ့်သားသမီးပဲ သည်သား၏ ရင်ထဲတွင် ဘာတွေဖြစ်ကာ ဘယ်လို ခံစားနေရသည် ဦးလှကျော် မရိပ်မိဘဲနေမလား...။

သူ ရိပ်မိပါသည်။ ဒါပေမယ့် သူတို့ လူလူ့ကို ဘယ်လိုတားမလဲ။

ပိုင်ရှင်သည်ဦးကောင်းလွန်းမို့ သူ့သမီး သူ့ကိုပြန်အပ်ဖို့ ဦးလှကျော်မှာ တာဝန်ရှိနေသည်။

ညနေ ဦးကောင်းလွန်း စကားအတိုင်း ပြန်ရောက်လာသည်။

"သမီးကော"

အိမ်ပေါ်တက်လာချင်း ဦးကောင်းလွန်းက မေးသည်။

"ရှိပါတယ် ကိုချစ်ဦးဝေ၊ ထိုင်ပါ"

ကောင်းလွန်း စိတ်မောစွာ ထိုင်လိုက်သည်။ သမီးမလိုက်ဘူးဆိုလျှင်တော့ ဥပဒေအရ လိုက်အောင် ခေါ်ရပေမည်။ ဒါပေမယ့် သည်လိုမျိုးလည်း သူ မလုပ်ချင်၊ သမီးကိုယ်တိုင် စိတ်ပြောင်းကာ လိုက်လာလျှင် အဘယ်မျှကောင်းမလဲ တွေးနေဆဲ....

"ဖေဖေ"

"သမီး"





အခန်းထဲမှ ပြေးထွက်လာသော သမီးကို ကောင်းလွန်းက ဖက်လိုက်သည်။

"ဖေဖေ့ကို ခွင့်လွှတ်ပါ သမီးရယ်၊ သမီးကို ဖေဖေ အခုမှ တွေ့ရပေမယ့် နှစ်ပေါင်းများစွာကတည်းက တမ်းတလာခဲ့ရတာပါ၊ ယုံပါ"

လူလူ ရှိုက်ငိုလျက်မှ သူ့လက်ထဲမှ စာရွက်ကို အဖေ့ကို လှမ်းပေးလိုက်သည်။

"ဘာလဲ သမီး"

"သမီး ဒါတွေ မလိုချင်ပါဘူး၊ သမီး လိုချင်တာဘာ ဖေဖေ့ရဲ့ မေတ္တာပါ"

"သမီးရယ်"

ဦးကောင်းလွန်း မျက်ဝန်းမှ ပီတိမျက်ရည်များ စီးကျလာသလို တစ်ချိန်လုံး လူလူ့ကိုငေးကြည့်နေမိသည်။ ဒေါ်နုနု မျက်ဝန်းမှလည်း မျက်ရည်များ စီးကျလာသည်။

"မြေးလေးရယ်....ဒီလိုပြည့်ဝတဲ့ မြေးလေးကို ဘွားဘွားတို့ ပစ်ထားခဲ့မိတယ်၊ ဘွားဘွားကို ခွင့်လွှတ်ပါနော်"

လူလူ မျက်ရည်များကြားမှ ဘွားအေကို ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်နုနု လူလူ့ခေါင်းလေးကို ပွတ်ကာ....

"ဘွားဘွားတို့ ပစ္စည်းတွေ ဘွားဘွားတို့ ပြန်မယူပါဘူး မြေးရယ်....ယူပါ၊ မြေးကို ဒီ့ထက်မက ဘွားဘွားတို့ ပေးဦးမှာပါ"

"လူလူသိချင်တာ ပစ္စည်းမဟုတ်ပါဘူး၊ ဘွားဘွားတို့ဆီက မေတ္တာအစစ်ပါ"

"အေး....ငါ့မြေးလိုချင်တဲ့ မေတ္တာအစစ်ကို ဘွားဘွားတို့ပေးမယ်၊ ငါ့မြေးလဲ ဘွားဘွားတို့စကားကို နားထောင်ပါ"

လူလူ ဘွားအေကို မော့ကြည့်လိုက်သည်။ ယခုမှ နီးနီးကပ်ကပ် တွေ့ဖူးပေမယ့်....

ရန်ကုန်မှာကတည်းက လူလူ ဘွားဘွားကို ချစ်ခဲ့ရပါသည်။ ချစ်ခင်စိတ်နှင့်လည်း....

"ပြောပါ ဘွားဘွား"

"မြေး....ချို့ကို လက်ထပ်လိုက်ပါ"

"ရှင်....ဘွားဘွား

လူလူ နေရာမှထကာ ဘွားအေကို အလန့်တကြား လှမ်းကြည့်လိုက်သည်။

ဒေါ်နုနု လူလူ့လက်လေးကို ညင်သာစွာဆွဲရင်း လူလူ့ကို လှမ်းပြောလိုက်သည်။

"ငါ့မြေးကို မြေးအရင်းမို့ ဘွားဘွား မခွဲနိုင်သလို ချိုကလဲ ဘွားဘွားမြေးအရင်းလိုနေလာတဲ့ ကလေးမို့ ဘွားဘွား မခွဲချင်ဘူး မြေးရယ်၊ ဘွားဘွားကိုချစ်ရင် ဘွားဘွားစကား နားထောင်ပါနော် မြေး"

လူလူ ခေါင်းခါလိုက်သည်။ ဘွားဘွားကို ချစ်ပေမယ့်သူ ဘွားဘွားစကားကိုတော့ နားမထောင်နိုင်ပါ။





သူ့ရင်ထဲမှ အချစ်သည် အစ်ကိုနှင့်ပင် ကုန်ဆုံးခဲ့ပါပြီ။ နောက်ထပ်အချစ်အသစ်လည်း ဖြစ်တည်တော့မည် မဟုတ်ပါ။

"လူလူ....လူလူ သွားပါရစေတော့ ဘွားဘွား"

လူလူ ခြံထဲကို ပြေးဆင်းလာခဲ့သည်။ ရင်မှာတော့ မထင်မှတ်သည့် စကားတွေကြောင့် တုန်လှုပ်နေသည်။

သူ....ချို့ကို လက်ထပ်ရမယ်တဲ့။

မထပ်ပါရစေနဲ့....ချိုကြောင့် နန်းဝေ ခေါင်းကွဲခဲ့ရသည်၊ သည်ပြဿနာကြောင့် လူလူနှင့် အစ်ကို ဆုံစည်းကာ ချစ်ခဲ့ရသည်။

နောက်....ချိုကြောင့် လူလူ အရှက်ကွဲကာ အစ်ကိုနှင့် ဝေးခဲ့ရသည်။

သည်လိုလူမျိုးကို လူလူ လက်ထပ်ရမယ်တဲ့လား။

လူလူ မဲ့ပြုံးပြုံးလိုက်သည်။ နောက် နေရာမှ ခပ်သွက်သွက်ပြေးလာကာ အိမ်ရှေ့ရှိ ကားဘေးတွင် ရပ်နေသော ချို့ပါးကို ဖြန်းခနဲချပစ်လိုက်သည်။

"ဟာ....လူလူ"

ချို ရုတ်တရက်မို့ လန့်သွားကာ လူလူ့လက်ကို ဖျတ်ခနဲဆွဲချုပ်ကိုင်ထားလိုက်သည်။

"လွှတ်....လွှတ်၊ ဒါ ရှင့်ဉာဏ် အကုန်ပဲလား"

"ဘာပြောတာလဲ လူလူ"

"ရှင့်အစ်မကို ကျွန်မချစ်သူနဲ့ အတင်းပေးစားပြီးတော့ ကျွန်မကို လူကြီးတွေနဲ့ ပူဆာ၊ ရှင့်အတင်းယူ၊ ဒါရှင့်အစီအစဉ်မဟုတ်လား"

"ဟာ....လူလူအထင်လွဲနေပြီ၊ ဒီအစီအစဉ်ကို ကျွန်တော် လုံးဝ မသိရပါဘူး၊ လူလူ့ကို ဘယ်သူပြောလဲ"

"ခုပဲ ဘွားဘွားပြောတာ"

"လာ....လူလူလိုက်ခဲ့၊ ကျွန်တော် လူကြီးတွေရှေ့မှာမေးပြမယ်၊ ကျွန်တော်စီစဉ်တာလား မစီစဉ်တာလားဆိုတာ"

လူလူ ချို့လက်ထဲမှ သူ့လက်ကိုဆွဲနုတ်ကာ အိမ်ထဲကို ခပ်တင်းတင်းပြန်လိုက်လာခဲ့သည်။

အိမ်ထဲမှလူများက လူလူနှင့်ချို့ကိုကြည့်ကာ အံ့အားသင့်ဆဲ ချို ဒေါ်နုနုကို လှမ်းခေါ်လိုက်သည်။

"ဘွားဘွား"

"ဘာလဲ လူလေး"

"လူလူက ကျွန်တော့်ကို အထင်လွဲနေတယ်၊ ဘွားဘွားတို့နဲ့ပေါင်းပြီး လူလူ့ကို ကျွန်တော် ရအောင်ယူတယ်လို့ ဗွေစွဲနေတယ်"

"ဩော်....မြေးရယ်၊ ဒီကိစ္စကို ချို လုံးဝမသိရပါဘူး၊ ဘွားဘွားနဲ့ သမီးဖေဖေ စီစဉ်ခဲ့တာပါ၊စီစဉ်ရတဲ့အကြောင်းရင်းကလဲ ဘွားဘွားတို့မိသားစုလေး ဥမကွဲသိုက်မပျက် ပြန်နေရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ၊ ချို့ဆန္ဒ လုံးဝမပါပါဘူး"





"ဟုတ်ပါတယ် သမီး၊ သမီးသဘောမတူရင် ဖေဖေ ဒီကိစ္စကို လုံးဝ ဖျက်ပစ်လိုက်မှာပါ သမီး၊ ယုံပါ"

လူလူ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ငြိမ်နေလိုက်သည်။ ချို လူလူ့မျက်နှာကို မဝံ့မရဲလှမ်းကြည့်ရင်း....

"တို့ ဒီကိုလိုက်လာတာ လူလူ့ကို တောင်းပန်ချင်စိတ်တစ်ခုတည်းနဲ့ လိုက်လာတာပါ"

"ဟုတ်ပါတယ် မြေးရယ်၊ ချိုဟာ အလျင်တုန်းကဆိုးရင်ဆိုးမယ်၊အခု လိမ္မာခဲ့ပါပြီ၊ မြေး ရန်ကုန်မှာဖြစ်ခဲ့တဲ့ပြဿနာဟာလဲ ချိုနဲ့ လုံးဝမပတ်သက်ခဲ့ပါဘူး၊ ဘွားဘွားသိပါတယ်၊ ယုံပါမြေးရယ်"

လူလူ ရှိုက်ငိုလိုက်သည်။ ဦးကောင်းလွန်းကတော့ နေရာမှ ထလိုက်ရင်း သမီးဖြစ်သူကို လှမ်းပြောလိုက်သည်။

"ကဲ....ဖေဖေတို့ပြန်မယ် သမီး၊ ဒီကိစ္စကို သမီးသဘောမတူရင် မေ့လိုက်ပါ၊ ဖေဖေတို့ အတင်းမစီစဉ်ပါဘူး၊ အဓိကက သမီးစိတ်ချမ်းသာဖို့ပါ"

လူလူ ဖေဖေ့ကိုကြည့်ကာ ခေါင်းညိတ်လိုက်သည်။

"ဘွားဘွားလဲ ပြန်မယ်နော် မြေး"

ချို လူလူ့ကို ဘာမှမပြော၊ ဒေါ်နုနုကိုပွေ့ချီကာ ကားထဲ သွင်းပြီးမှ လူလူ့ဆီကို ပြန်လျှောက်လာကာ နှုတ်ဆက်လိုက်သည်။

"ချို ပြန်မယ်လူလူ၊ စိတ်ချပါ လူလူရယ်၊ ချစ်ခြင်းမေတ္တာဆိုတာ ဖန်တီးယူလို့မရတဲ့အရာပါ၊ ဘိုဟာ ချစ်ခြင်းမေတ္တာ

ကို ဖန်တီးယူခဲ့လို့ စိတ်မချမ်းသာရှာပါဘူး၊ ကျွန်တော် လူလူ့ကိုချစ်မိတာ ဝန်ခံပါတယ်၊ ဒါပေမယ့် ဇာတ်မဖန်တီးချင်ပါဘူး၊ ဘို့လို ခံစားရမယ်ဆိုတာ နားလည်ပါတယ်၊ ဒီကပြန်တယ်ဆိုရင်လဲ ကျွန်တော့်ပိုင်ဆိုင်သမျှတွေ လူလူ့ကို အပ်ပြီး ကျွန်တော် ရန်ကုန်က အပြီးထွက်သွားမှာပါ၊ လူလူ စိတ်ချမ်းသာရမှာပါ''

ပြောပြီးပြီးချင်း ချို အိမ်လေးပေါ်မှ အပြေးပြန်ဆင်းသွားကာ ခြံရှေ့မှ ကားကို အပြင်းမောင်းထွက်သွားသည်။

လူလူ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်ငိုလိုက်သည်။ ဘို့နှင့်အစ်ကို အဆင်မပြေဘူးတဲ့လား၊ လူလူ စိတ်မကောင်းပါဘူး အစ်ကိုရယ်၊ အတွေးနှင့် နန်းဝေကိုအကြည့် နန်းဝေ လူလူ့ကိုကြည့်ကာ စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါလိုက်သည်။

''ခက်တယ် လူလူ....နင့်ကြောင့်ခက်တယ်''

နန်းဝေစကားကြောင့် လူလူမျက်နှာကို ဆတ်ခနဲမော့ကာ နန်းဝေကို ရန်ထောင်လိုက်သည်။

''ဘာခက်ရမှာလဲ၊ သူ့ကြောင့် နင့်ခေါင်းကွဲတယ်၊ သူ့ကြောင့် ငါ့ဘဝအရှက်ရခဲ့တယ်၊ ဒီလိုလူကို ငါက လက်ထပ်ရမှာလား''

''ဘာဆိုင်လို့လဲ လူလူရယ်၊ ငါခေါင်းကွဲတာ ငါ့ဘာသာ ရန်ဖြစ်လို့ကွဲတာ၊ နင်အရှက်ကွဲတာ သူ့အမေလုပ်လို့ကွဲတာ၊ သူနဲ့ဘာဆိုင်လဲ''





''ဆိုင်တယ်၊ သူ့ကြောင့် ငါ့ဘဝ ဒုက္ခတွေ့ခဲ့ရတာ၊ အစ်ကိုနဲ့လဲ ကွဲခဲ့ရတာ''

''မဆိုင်ပါဘူး လူလူရယ်၊ ဖြစ်ချိန်တန်လို့ဖြစ်၊ ပျက်ချိန်တန်လို့ ပျက်ခဲ့ရတဲ့ အဖြစ်မှာ နင် သူ့ကိုချည်းပဲ အပြစ်ပုံချနေလို့ ဖြစ်ပါ့မလား၊ တရားပါ့မလား''

''ဒါဆို နင်ကပါ ငါ့ကို သူနဲ့လက်ထပ်ဖို့ သဘောတူနေတာပေါ့ ဟုတ်လား နန်းဝေ''

နန်းဝေ လူလူ့ကို မကြည့်ဘဲ ခေါင်းညိတ်လိုက်သည်။

သည်နည်းမှလွဲ၍ ဘယ်နည်း ရှိတော့မှာလဲ....

သူ လူလူ့ကို ချစ်ပေမယ့် ဘယ်နည်းနှင့်မှ လက်မထပ်နိုင်ပါ၊ သူနှင့် လူလူဘဝက မိုးလိုမြေလို ကွာခြားခဲ့ပြီ မဟုတ်ပါလား၊ ပြီးတော့ လူလူ့စိတ်ကိုလည်း သူသိသည်။

လူလူ နန်းဝေကို ကြည့်ကာ ငိုပါလေပြီ။

''နင်....နင်ဟာ အသည်းနှလုံး မရှိသလိုဘဲ''

သြော်....လူလူရယ်....

နန်းဝေ မချိသည့်ကြားမှ ရယ်လိုက်မိသည်။

ပြောရက်လေခြင်း။

လူလူ့ကို ချစ်ရလွန်း၍ သူ့ရင်ထဲ အသည်းထဲတွင် ကွဲကြေနေရသည့် အဖြစ်ကို လူလူ မသိရှာလေသလား၊ သည်စကားတွေ ပြောနေရတာပင် သူ့ရင်မှာ နင့်လှပါပြီ၊ ဒါပေမယ့် မပြောလို့ကော ဖြစ်မလား၊ ဒါကြောင့် နန်းဝေ အံကိုကြိတ်ကာ လူလူ့ကို လှမ်းပြောလိုက်သည်။

"နင့်မှာ အမေလဲ မရှိဘူး လူလူ၊ အဖေရှိတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဖေဆိုတာ ယောကျ်ားသား၊ သမီးကို အသေးစိတ် စောင့်ရှောက်နေနိုင်မှာ မဟုတ်ဘူး၊ သူ့ အလုပ်နဲ့သူ၊ နင့်ဘဝကို နင် ဒီလိုပဲ နေသွားမလား၊ နေလို့ကော တင့်ပါ့မလား"

လူလူ နန်းဝေကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေသည်။

ခံစားရလွန်းသည့် ရင်ကတော့ လှိုင်းထန်နေသည်။ ပြီးတော့ နန်းဝေ သည်စကားတွေကို တကယ်ပြောတာမှ ဟုတ်ပါလေစ၊ စဉ်းစားနေမိသည်။

တကယ်ဆို သူပြောသင့်သည်က လူလူ့ကို လက်ထပ်ချင်သည့်အကြောင်း၊ ချစ်သည့်အကြောင်း၊ နန်းဝေ လူလူ့ကို ချစ်တာ လူလူ မသိဘဲ နေမလား....

ယခု သည်စကားတွေနှင့် ဆန့်ကျင်ကာ သူက ချိုနှင့် လူလူ့ကို အတင်း တိုက်တွန်းနေသည်။

လူလူ နာကြည်းစွာဖြင့် ပြုံးကာ မျက်နှာကို မော့လိုက်သည်။

"ဒါဖြင့် နင် ငါ့ကို ချိုနဲ့ တကယ်သဘောတူတယ်ပေါ့နော်"

"ချိုဟာ အလျင်တုန်းက ဆိုးပေမယ့် အခု လိမ္မာယဉ်ကျေးတဲ့ သူတစ်ယောက်ပါ လူလူရယ်၊ ငါသဘောတူပါတယ်"





ပြောရင်း နန်းဝေ အသံတွေ အဖျားခတ်ကာ တုန်ယင်သွားသည်။ ဒါပေမယ့် ဟန်ဆောင်ကာပြုံးရင်း....

"ဘာလဲ၊ နင်က ငါ သဘောမတူဘူး ထင်နေလို့လား၊ ငါ သဘောတူပါတယ် လူလူရယ်၊ သိပ်....သိပ်ကို သဘောတူပါတယ်"

လူလူ နှုတ်ခမ်းကို တွန့်ကာ ပြုံးရင်း ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

ဪ....နန်းဝေရယ်၊ နင်ဟာ နင့်အဖေလိုလူစားပါပဲလား၊ လူကြီးတွေက သည်လောက် လမ်းတွေ ခင်းပေးနေပါလျက် နင် လျှောက်မလာခဲ့ဘူး....

ဘာဖြစ်လို့လဲ၊ နင့်ကို ငါ လက်မခံနိုင်ဘူး ထင်နေလို့လား....

အစ်ကို့ကိုချစ်မိတဲ့အချစ်မျိုး သည်တစ်သက် ဘယ်သူ့ကိုမှ မချစ်နိုင်တာတော့ ငါ ဝန်ခံပါတယ် နန်းဝေရယ်....

ဒါပေမယ့် နင့်ကို ချစ်သူတစ်ယောက်လို လက်မခံနိုင်ပေမယ့် အစ်ကိုတစ်ယောက်လို ငါ လက်ခံနိုင်ပါတယ်၊ နင်ဟာ ငါ့ဘဝတစ်လျှောက်လုံး အနစ်နာခံခဲ့တဲ့ သူတစ်ယောက်ပဲ၊ အနစ်နာခံရင် အသာစံခွင့် မရှိတော့ဘူးတဲ့လား....

"နင် စဉ်းစားပါဦး နန်းဝေရယ်"

"ဘာစဉ်းစားစရာလိုလဲ လူလူ၊ သူ နင့်ကိုချစ်တဲ့ အချစ်ကို နင် သိနေမှပဲ၊ ငါ ပြောနေစရာတောင် မလိုတော့ပါဘူး"

လူလူ သက်ပြင်းကိုချကာ နန်းဝေကိုလှမ်းပြောလိုက်သည်။

"အေးလေ၊ နင် ဒီလောက် သဘောတူနေတော့လဲ ငါ မငြင်းတော့ပါဘူး၊ နင် ဖေဖေတို့ကိုသာ သွားပြောလိုက်ပါ၊ ငါ သဘောတူပါပြီလို့...."

ပြောပြီးပြီးချင်း လူလူ အိပ်ခန်းထဲကို ဝင်ပြေးကာ အိပ်ရာပေါ် မှောက်ပြီး ရှိုက်ငိုလိုက်မိသည်။

အိမ်ထဲဝင်သွားသည့် လူလူ့ ကျောပြင်ကို ကြည့်ကာ နန်းဝေ မချိပြုံး ပြုံးလိုက်သည်။

သည်လိုမှ မလုပ်လျှင် လူလူ ချို့ကို လက်ခံမည် မဟုတ်....

သူ့ဘဝ ဘာဖြစ်နေပါစေ လူလူ့ ဘဝလေး သာယာအေးချမ်း လှပနေလျှင် နန်းဝေ ကျေနပ်ပါသည်။

သူ လူလူ့ ကို ချစ်သည့်အချစ်က ပေးဆပ်လိုသည့် အချစ်နှင့် ချစ်ခဲ့ရခြင်းပဲ....

လူလူ့ ဆီမှ ဘာမှမရလျှင် နေပါစေ၊ သူ့ ဆီမှ အချစ်တွေကို လူလူ့ ကို ပေးဆပ်နေရလျှင်ပင် သူ ကျေနပ်ရပါပြီ၊ ပျော်ရွှင်ရပါပြီ။

နန်းဝေ အိမ်လေးပေါ်မှအဆင်း ဘယ်လိုကဘယ်လို ကျလာမှန်းမသိသည့် မျက်ရည်စက် နှစ်စက်က သူ့ ပါးပြင်ပေါ်တွင် စိုသွားသည်။

နန်းဝေ ပြုံးကာ သူ့ ပါးပြင်ကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်သည်။

* * *



## အခန်း (၂၃)

ယခင်တစ်ခါကလိုပင် ပန်းသစ်မြိုင်မှ မနက်စောစောထွက်လာခဲ့ကြသည်။

သည်တစ်ခါ ထွက်လာခြင်းက ယခင်တစ်ခါလို ခိုးကြောင်ခိုးဝှက် ထွက်လာခြင်းမဟုတ်သလို အလည်အပတ်ထွက်လာခြင်းလည်း မဟုတ်။

ပန်းသစ်မြိုင်ကို ထာဝရ စွန့်လွှတ် ထွက်ခွာလာခဲ့ခြင်းပင်။

ပထမတစ်ခါ ထွက်လာစဉ်က နန်းဝေနှင့် ဖြစ်ပေမယ့် ယခုအခါမှာတော့ ချိုနှင့်ပါ။

လူလူနှင့်ချို ကားရှေ့ဝယ် ဘွားဘွားနှင့် ဖေဖေ့ ကားက ရှိနေသည်။

ချို့မျက်နှာက ကျေနပ်ပြုံးများဖြင့် ဝေဆာနေသလောက် လူလူ့ရင်ထဲမှာတော့ ငိုချင်စိတ်ကသာ လွှမ်းမိုးနေသည်။ သူအိပ်မက် မက်နေတာများလား၊ အိပ်မက်ပဲ ဖြစ်ချင်ပါသည်။

ဒါမှ သူအိပ်ရာမှ နိုးလာလျှင် အစ်ကို့ကို တွေ့ရမည်။

ယခင်အတိုင်း အစ်ကိုနှင့်လူလူနှင့် ပြန်ချစ်ကြ၊ ရန်ဖြစ်ကြ။

အစ်ကိုနှင့်လူလူ စတွေ့စဉ်ကလည်း သည်လိုနေရာမျိုးမှာပဲ၊ သည်လိုအချိန်မျိုးမှာပဲ....

အစ်ကိုရယ်....

မတွေးပါဘူး စဉ်းစားထားပေမယ့် အဖြစ်ချင်းတူတော့ အစ်ကို့ကို ပိုသတိရသည်။ သတိရစိတ်ဖြင့် မျက်ရည်ဝေ့ဆဲ....

"လူလူ"

"ဟင်....နန်းဝေ"

နန်းဝေက လူလူ့ ကားနှင့် မလှမ်းမကမ်းမှာ ရပ်နေသည်။ မျက်နှာမှာသာ အပြုံးပန်းတွေ ပန်ဆင်ထားပေမယ့် နန်းဝေရင်ထဲမှာလည်း ငိုကြွေးနေခဲ့သည့်အဖြစ်ကို လူလူ ကြိုသိနေ၍....

ကားပေါ်မှဆင်းကာ နန်းဝေ နားကို လျှောက်လာခဲ့သည်။

လူလူရယ်....

နန်းဝေ လူလူ့ကိုကြည့်ကာ သက်ပြင်းချလိုက်သည်။





ယခင် သူနှင့်သိခဲ့သည့် လူလူက သာမန် လက်လုပ်လက်စား သားသမီး ကောင်မလေး လူလူ။

ယခု လူလူက နိုင်ငံကျော် ရုပ်ရှင်မင်းသား ဦးကောင်းလွန်း၏ သမီးလူလူ။

သူဌေးသမီး လူလူ။

အခြေအနေခြင်း မတူသလို၊ ပုံစံခြင်းက ကွဲပြားခြားနားသွားလေပြီ။

ပြီးခဲ့သည့်အခေါက် သူနှင့်လူလူ ရန်ကုန်ကို သွားခဲ့စဉ်က လူလူ့အသွင်က သာမန် မိန်းကလေးတစ်ယောက်အသွင်။

ခု လူလူက နတ်ရေကန်ထဲ တွန်းပို့လိုက်သလို အများကြီး ပြောင်းလဲသွားခဲ့ပါပြီ။ ရွှေဝါရောင် ဝတ်စုံကို လှပသော ကိုယ်လုံးပေါ်ဝယ် ကြော့ရှင်းစွာ ဝတ်ဆင်ထားပြီး နားထက်မှာ ပန်ထားသည့် စိန်နားကပ်က မီးရောင်လဲ့လဲ့ကြားမှာ ဖျပ်ဖျပ်မါနေသလို....

ရွှေကြိုးမျှင်မျှင်တွင် ဆွဲထားသည့် စိန်လော်ကက်၊ စိန်တန်းကွင်း လက်စွပ်နှင့် စိန်လက်ကောက်တွေက....

နန်းဝေကို နောက်ဆုတ်ဖို့ ညွှန်ကြားနေသလိုမို့....

မချိပြုံး ပြုံးကာ လူလူ့ကို လှမ်းအကြည့်၊ လူလူက မျက်ရည်ဝေသော မျက်ဝန်းများဖြင့် သူ့ကို လှမ်းပြောသည်။

"နင်....ငါ့ဆီကို မကြာမကြာလာပါ နန်းဝေရယ်၊ ငါ့ကို ပစ်မထားပါနဲ့၊ နင့်စကား နားထောင်လို့သာ ငါလိုက်ရတာ၊ ငါ လုံးဝ လိုက်ချင်တာ မဟုတ်ဘူး"

"လူလူကလဲဟာ လူတွေနဲ့"

ပြောရင်းပြောရင်း ငိုရှိုက်နေသည့် လူလူ့အဖြစ်ကို ကြည့်ကာ နန်းဝေ စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"ဘာဖြစ်လဲ၊ ငါမှ မလိုက်ချင်တာကို"

လူလူက နှုတ်ခမ်းစူကာ သူ့ကို ရန်ထောင်သည်။

သူ့ကိုကတိပေးပြီး၍လိုက်ခဲ့ရပေမယ့် ရန်ကုန်မှာအစ်ကိုနှင့် တွေ့ရမည့်အရေးကို တွေးကာ လူလူ စိတ်ဆင်းရဲနေသည်။

မမြင်ရလျှင် လူလူဖြေနိုင်ပါသေးသည်၊ မြင်နေရလျှင်လူလူ ဘယ်လို ဖြေရမလဲ။

"ငါ....မလိုက်ချင်တော့ဘူး နန်းဝေရယ်"

"ဘယ်ဖြစ်မလဲလူလူ၊ ဇက်ပေါ်တက်ဖို့ လက်မှတ်တောင် ဖြတ်ပြီးနေမှပဲ၊ နင်....မမိုက်ချင်ပါနဲ့ လူလူရယ်၊ ငါတောင်း ပန်ပါတယ်၊ ဒီမှာနေလို့ နင်စိတ်ချမ်းသာတာတော့ ဟုတ်ပါ တယ်၊ ဒါပေမယ့် ရေရှည်ဖြစ်မလား၊ နင် ဘယ်သူ့ကိုသွား အားကိုးမလဲ"

"နင်နဲ့ ဦးလေးလှကျော် ရှိနေတာပဲ"

"ငါ ခဏခဏပြောခဲ့ပြီးပြီပဲ လူလူရယ်၊ ငါတို့တွေဟာ သူစိမ်းတွေပါ၊ ပြည့်စုံ ကြွယ်ဝတဲ့လူတွေလဲ မဟုတ်ပါဘူး၊ နင် ဒီမှာနေရင် ဆင်းရဲမယ်၊ ဟိုမှာနေရင် ချမ်းသာမယ်"

"ငါ ဒါတွေမက်တာမှ မဟုတ်ဘဲ နန်းဝေရယ်၊ ရွှေဘုံ ပေါ်မှာစံပြီး စိတ်ဆင်းရဲနေရတော့ကော ငါဘာလုပ်မှာလဲ၊ ငါမလိုက်တော့ဘူး နန်းဝေ"





"ခက်ပါလား လူလူ"

သူ့ရှေ့မှာ ခေါင်းငုံ့ကာ ငိုရှိုက်နေသည့် လူ့ကို ကြည့်ကာ နန်းဝေ စိတ်ပျက်စွာ ခေါင်းကို ခါယမ်းလိုက် သည်။

ညက သူမပင် ဟုတ်တိပတ်တိနှင့် လိုက်မည်လုပ်ပြီး ယခု လူလူဖောက်လာပြီ။

သူ လူလူ့ကို ဘယ်လိုပြောရပါ့မလဲ။

ချိုနှင့် ဦးကောင်းလွန်းတို့ကလည်း အဝေးမှ ရပ်ကာ လူလူ့ကို စိုးရိမ်စွာ လှမ်းကြည့်နေကြပြီမို့ နန်းဝေ သက် ပြင်းကိုချကာ လူလူ့ကို လေသံမာမာနှင့် လှမ်းပြောလိုက် သည်။

"နင် သိပ်ခက်တယ် လူလူ၊ နင့်ကို ညီမလေးအရင်းလို ခင်လို့ ငါက ချော့ပြောနေတာကို နင်က အကောင်းမှတ်နေ တယ်၊ ဒီမှာနေလို့ နင်ဘာလုပ်မှာလဲ"

"ခါတိုင်းလိုပဲ ငါဈေးရောင်းမယ်၊ အားရင် ကျောင်း ဆက်တက်မယ်"

"အေး....အဲဒါ အလျင်တုန်းက နင့်အမေ ရှိနေတုန်းက၊ အခု နင့်အမေက ဘယ်မှာလဲ"

"အမေမရှိလဲ နင်ရှိနေတာပဲ နန်းဝေရယ်"

"ဘာဆိုင်လဲ၊ ငါက နင့်နားမှာ သက်တော်စောင့်လို နင့်ကို အမြဲ စောင့်ရှောက်နေရမှာလား၊ မစောင့်ရှောက် နိုင်ဘူး လူလူ၊ ငါ့မှာလဲ ဒီ့ပြင်ကိစ္စတွေ ရှိနေသေးတာ"

"နင်မရှိလဲ ဦးလေး ရှိနေတာပဲ နန်းဝေရယ်"

"အဖေရှိလဲ့ အဖေက နင့်ကို အမြဲ စောင့်ရှောက်နေ မလား၊ နင်က တို့နဲ့ ဘာတော်လို့လဲ၊ တို့နဲ့ ဘာဆိုင်လို့လဲ"

"နန်းဝေရယ်"

ရင့်သီးစွာ ပြောနေသည့် နန်းဝေကို ကြည့်ကာ လူလူ သည်းထန်စွာ ငိုကြွေးလိုက်သည်။

သူကတော့ မခွဲနိုင်လွန်း၍ ပြောနေပေမယ့် နန်းဝေ စကားတွေကတော့ သူ့အပေါ် စိမ်းကားလှချည်လား.... ရက်စက်လှချည်လား။

"နင်....နင်....ဒါတွေ တကယ်ပြောနေတာပေါ့ နန်းဝေ"

"တကယ်မပြောလို့ ငါက နင့်ကို ညာပြောနေရမှာလား လူလူ၊ နင့်အတွက်နဲ့ပဲ ငါ့ဘဝကို အချိန်ကုန်မခံနိုင်ဘူး၊ ငါ့ ဘဝကိုငါ တိုးတက်အောင် အများကြီး ကြိုးစားရဦးမှာ"

"ငါ....ငါနားလည်ပါပြီ နန်းဝေရယ်၊ ငါသွားမယ်"

လူလူ အံကိုကြိတ်ကာ ချို့ကားပေါ်ကို ပြေးတက်လာ ခဲ့သည်။

လူလူကတော့ သူ့ကိုခင်လွန်း၍ မခွဲနိုင်မခွာရက် ဖြစ်နေ သလောက် သူကတော့ လူလူ့ကို သွားစေချင်နေပြီကိုး။

....ငါသွားပါ့မယ် နန်းဝေရယ်၊ နင် မမြင်ချင်တဲ့ ငါ့ မျက်နှာကို နင် ဘယ်တော့မှ မမြင်စေရတော့ပါဘူး၊ ငါ ဘယ်တော့မှ ပြန်မလာတော့ဘူး....။





စီးကျလာသည့် မျက်ရည်များကို လက်ကိုင်ပဝါဖြင့်သုတ် ကာ လူလူထိုင်နေချိန်....နန်းဝေမှာတော့ မချိပြုံး ပြုံးကာ အဝေးမှာ ရပ်ကျန်ရစ်ခဲ့သည်။

သည်လိုမှ မပြောလျှင် ပန်းသစ်မြိုင်မှ လူလူ ခွာမည် မထင်။

လူလူ နှမကောင်းစားဖို့ဆိုလျှင် သူ့ကိုမုန်းရုံမက သတ်၍ ပင်သွားပါစေ....နန်းဝေခံပါမည်။

သူ လူလူ့ကိုချစ်တာ အနစ်နာခံခြင်းများနှင့် ပေးဆပ် ကာ ချစ်ခဲ့ရသည့် အချစ်ပဲ။

တစ်သက်လုံး အနစ်နာခံလာပြီး ယခုမှတော့ သူများ အသင်လွဲ မခံပါရစေနှင့်တော့။

"ကျေးဇူးတင်ပါတယ် ကိုနန်းဝေရယ်"

ချိုက လူလူ့ကိုကြည့်ကာ နန်းဝေကို လာပြောသည်။

သူကိုယ်တိုင်လည်း လူလူကို လိုက်စေချင်လွန်း၍သာ ခေါ် လာရပေမယ့် လူလူ့ကို စကားမပြောရဲပါ၊ လန့်သည်။

လူလူ သည်လို ငိုနေတော့ ပိုလို့ပင် နေရခက်လှပါသည်။

"သူ....စိတ်များ သိပ်ဆင်းရဲနေမလား ကိုနန်းဝေ"

"ခဏပေါ့ဗျာ....နောက်တော့လဲ သူ စိတ်ချမ်းသာသွား မှာပါ"

စိတ်ချမ်းသာလျှင် ကောင်းပါရဲ့၊ မချမ်းသာလျှင် ချို ဘယ်လိုလုပ်ရမလဲ။

"ကိုနန်းဝေ မကြာခဏ လာပါဗျာ၊ လူလူဟာ ကိုနန်းဝေကို တော်တော်ခင်တယ်"

နန်းဝေ နှုတ်ခမ်းကို တင်းဘင်းစေ့ကာ ခေါင်းညိတ်လိုက်သည်။

လူလူကတော့ နန်းဝေဆီ တစ်ချက်မှပင် လှည့်မကြည့်တော့၊ မြစ်ပြင်ကို မဲကြည့်နေသည်။

ကောင်းပါသည်။ ဝေးကြရမည့်အတူတူ နာကြည်းမှုနှင့် ဝေးရတော့ လူလူ သူ့ကို ပိုမေ့နိုင်လိမ့်မည်။

"သွားမယ် ကိုနန်းဝေ"

ရှေ့မှကား ဇက်ပေါ်တက်ပြီဆိုတော့ ချို နန်းဝေနားမှာ နေ၍မဖြစ်တော့၊ နှုတ်ဆက်လိုက်သည်။

"ရော့....ချို၊ ဒါလေး လူလူ့ကိုပေးလိုက်"

ညကတည်းက သူရှာဖွေထားရသည့် ပန်းလေးတစ်ပွင့်ကို နန်းဝေ သူ့အိတ်ထဲမှထုတ်ကာ ချို့ကိုလှမ်းပေးလိုက်သည်။

အဖြူရောင်သစ်ခွပွင့်လေး တစ်ပွင့်ပင်။

အဖေ့တုန်းက လူလူ့မိခင်ကို ပန်းအဖြူလေးပေးကာ သူ့မေတ္တာဖြူစင်ကြောင်း ပြခဲ့သည်။ သူ့လက်ထက်မှာလည်း လူလူ့ကို သည်လိုပဲ ပန်းအဖြူလေးပေးကာ သူ့မေတ္တာဖြူစင်ကြောင်း ပြရတော့မည်။

ခွင့်လွှတ်ပါ လူလူရယ်၊ ငါ့ကိုခွင့်လွှတ်ပါ။





အတွေးဖြင့် နန်းဝေ လူလူ့ကိုလှမ်းအကြည့် လူလူက ချိုလှမ်းပေးသည့် သူ့ပန်းဖြူဖြူလေးကိုယူကာ တင်စစီခြွေပစ်လိုက်သည်။

လူလူရယ်....

နန်းဝေ အံကိုကြိတ်ကာ လက်သီးကို တင်းတင်းဆုပ်ပစ်လိုက်သည်။

လူလူ သူ့ကို သည်မျှ မုန်းသွားပြီတဲ့လား။

အေးလေ....ငါ့ဘဝက လူလူ့အချစ်ထက် အမုန်းကိုပဲ ထိုက်ထန်တဲ့သူပါ။

"မောင်နန်းဝေ သွားပြီ"

ဦးကောင်းလွန်း ကားရှေ့ခန်းမှ လက်ပြကာ ဇက်‌ေ

တက်သွားသလို....

"ကိုနန်းဝေ သွားပြီနော်" ကမ်း

ချိုကလည်း လက်ပြကာ သူ့ကားကို ဇက်ပေါ်

သည်။ ငိုသံ

လူလူကတော့ နှုတ်ခမ်းပါးကို တင်းတင်းစေ့ကာ ေ

တည့်တည့်ကို ကြည့်နေသည်။သူ့ဘက်ကို လှည့်လည်းမလှည့်။

နန်းဝေ လူလူ့ကျောပြင်လေးကိုကြည့်ကာ မချိပြုံးပြုံးလိုက်သည်။

ကောင်းပါတယ်၊ သံယောဇဉ်ပြတ်လက်စနှင့် ပြတ်လျှင် သူလည်း ခံစားရသက်သာမည်၊ လူလူလည်း ခံစားရ သက်သာမည်။

သူ ဘယ်လောက်ခံစားရပေမယ့် လူလူ သည်လို ကြော့ ကြော့မော့မော့နှင့်နေရလျှင် သူ ဝမ်းသာရပါသည်။အတွေး ဖြင့် လူလူရှိရာ ကားဆီသို့အငေး....

"လူလေး"

"ဟင်"

အံ့ဩလွန်း၍ နန်းဝေ နှုတ်က အာစေးထည့်ထားသလို ပိတ်သွားသည်။ ခဏနေမှ....

"ဒေါ်လေး....ဒေါ်လေးကျော့မေ မဟုတ်လားဟင်"

"ဟုတ်ပါတယ် လူလေး၊ ဒေါ်လေးကျော့မေပါ"

နန်းဝေ ဘာမှမပြောနိုင်ပဲ ဒေါ်လေးကြော့မေကိုသာ ားကြည့်နေမိသည်။

နေ၍ဆုံကြီအဖြူ၊ ယောဂီဝတ်နှင့် ယောဂီတဘက်ကို ပတ်

"ရေ ညကသည့် ဒေါ်လေးမျက်နှာက အပူအပင်ကင်းကာ အေး သည်၊ သိမ်မွေ့နေသည်။ နန်းဝေကို ပြုံးကာကြည့် န်းငေ့...

ဒေါ်လေးရဲ့ အေးချမ်းတဲ့အရပ်ကို ဒေါ်လေး ရှာခဲ့ပြီး ပါပြီ လူလေးရယ်၊ အခု ဒေါ်လေးသမီးကို ဒေါ်လေး လာ နှုတ်ဆက်တာ"

"လူလူမရှိတော့ဘူး ဒေါ်လေးရဲ့၊ လူလူသွားပြီ၊ လူလူ.... လူလူ"

နန်းဝေ လူလူ့နာမည်ကို တကြော်ကြော်အော်ကာ ကုန်း ပေါ်မှ ပြေးဆင်းပေမယ့် ဇက်က ကမ်းနှင့်ကွာခဲ့ပါပြီ။





လူလူ နန်းဝေအသံကိုကြားပေမယ့် လုံးဝလှည့်မကြည့်၊ နှုတ်ခမ်းကိုကိုက်ကာ ရှေ့တည့်တည့်ကိုသာကြည့်နေပါ၍ ချို လှမ်းပြောလိုက်သည်။

"လူလူ ဟိုမှာ ကိုနန်းဝေလိုက်လာနေတယ်၊ ဘာဖြစ်လို့ လဲမသိဘူး၊ သူ့ဘေးမှာလဲ မိန်းမကြီးတစ်ယောက်"

"ဟင်...."

သူ့ဘေးမှာ မိန်းမကြီးတစ်ယောက်ဆိုမှ လူလူ့ကိုယ် လေး နောက်ဘက်ကို ချာခနဲလှည့်ကာ ကြည့်မိလျက်သား ဖြစ်သွားသည်။

နန်းဝေ အားတက်သွားရင်း ထပ်အော်လိုက်သည်။

"လူလူ....ဒီမှာ ဒေါ်လေးကျော့မေ"

"မေမေ"

လူလူ သံကုန်အော်ကာ ကားပေါ်မှဆင်းပေမယ့် ကမ်း နှင့်ဇက်က အတော်ဝေးပါပြီ။

လူလူ မျက်ရည်များ ပေါက်ပေါက်ကျလာရင်း ငိုသံ လေးနှင့် လှမ်းအော်ရှာသည်။

"မေမေ လူလူ ပြန်လာခဲ့မယ်၊ မေမေ့ဆီ လူလူပြန်လာခဲ့ မယ်"

ဇက်ပေါ်မှ ရေထဲဆင်းဟန်ပြင်နေသည့် လူလူ့ကို ချိုဆွဲ ထားရဆဲ....

ဒေါ်မြစိမ်း မြစ်ဆိပ်ကို ပြေးလာကာ လူလူ့ကိုလှမ်းပြော လိုက်သည်။

"မလာနဲ့တော့ သမီး၊ သမီးဘဝနဲ့ မေမေ့ဘဝ ဝေးကွာသွားပြီ၊ သမီးဘဝမှာ သမီး အေးချမ်းအောင်သာ နေတော့"

"မေမေရယ်၊ လူလူ မေမေ့ကို ခဏလေးတောင် မတွေ့ခဲ့ရဘူး"

လူလူ ဇက်ပေါ်မှ မြင်နေရသည့် မိခင်ကို ကြည့်ကာ ကြေကွဲစွာ ပြောနေချိန်။

မြစ်ဆိပ်မှာ ကျန်နေသည့် ဒေါ်မြစိမ်းမေ တဖြစ်လဲ ဒေါ်ကျော့မေမှာလည်း သမီးဖြစ်သူကို မျက်ရည်ပြည့်သော မျက်ဝန်းများဖြင့် ငေးကြည့်နေရှာသည်။

"မေမေနဲ့ သမီး ရာသက်ပန် ခွဲရမယ်ဆိုတာများ သိရင် သမီး ရန်ကုန်ကို မသွားခဲ့ပါဘူး၊ အခု လူလူ မေမေ့ဆီ ပြန်လာခဲ့မယ်"

ဇက်ပေါ်မှ ရှန်းကန်ကာ ဆင်းဟန်ပြင်နေသည့် လူလူ့ကို ဦးကောင်းလွန်း လာချုပ်ကိုင်ကာ နှစ်သိမ့်လိုက်သည်။

"နေပါစေ သမီးရယ်၊ မြစိမ်းဘဝနဲ့ မြစိမ်း နေပါစေ၊ သူ့ဘဝက ခုမှ အေးချမ်းရတာပါ"

"ဟင့်အင်း....လူလူ မေမေ့ကို ဒီလို အဝတ်တွေနဲ့ မကြည့်ပါရစေနဲ့၊ ပြန်ထွက်လိုက်တော့ မေမေရယ်နော်၊ သမီးနဲ့ မေမေနဲ့ အတူ ပြန်နေမယ်၊ အခုဆို ဖေဖေလဲ ရှိနေပြီ၊ လူလူ ဖေဖေနဲ့ မေမေနဲ့ အတူ နေပါရစေနော် မေမေနော်"





လူလူ ငိုရှိုက်သံလေးနှင့် ပြောပေမယ့် ဒေါ်မြစိမ်းက ခေါင်းကို ဖြည်းလေးစွာ ခါသည်။

တစ်သက်မှာ တစ်ခါ၊ တစ်ခါမှာ တစ်ချစ်တည်းနှင့် သူ မောင့်ကို ချစ်ခဲ့ပြီးပါပြီ။

ချစ်လွန်း၍ သူ့ဘဝမှာ အရာအားလုံးကို စွန့်လွှတ်ခဲ့ရသည်။ ပေးဆပ်ခဲ့ရသည်။

နောက်တစ်ခါ သမီး....

သမီးအပေါ်မှာလည်း သူ ပုံ၍ ချစ်ခဲ့သည်။ တာဝန်ကျေခဲ့သည်။

ယခုတော့ သူ့ အချစ်တွေအစား သမီးမှာလည်း အချစ်သစ်တွေ ဝေနေပါပြီ။

သူရှိနေဖို့ မလိုအပ်တော့....

သည်ဆုံးဖြတ်ချက်တွေနှင့်အတူ သူ အလံတစ်ရာသာသနာပြုအဖွဲ့မှာ သူ ဝင်ခဲ့ပြီးပါပြီ။

ဘုရားရိပ်၊ တရားရိပ်သည် အရိပ်အာဝါသအားလုံးထဲတွင် အအေးမြဆုံး မဟုတ်ပါလား။

ဘဝတစ်သက်တာ ပူလောင်ခဲ့ရသော သူ့ရင်ကို ဘုရားရိပ်၊ တရားရိပ်ဖြင့် ဖြေသိမ့်ပါတော့မည်။

သည်အတွေးဖြင့် နေရာမှ လှည့်အထွက်....

"မြစိမ်း"

ဒေါ်မြစိမ်းမေ ကိုယ်ကို ခပ်ဖြည်းဖြည်းလှည့်ကာ ခင်ပွန်းသည်ကို လှည့်ကြည့်လိုက်သည်။

"မောင့်ကို ခွင့်လွှတ်ပါ"

ဒေါ်မြစိမ်းမေ ပြုံးလိုက်သည်။ သည်အပြုံးထဲမှ ဘာတွေပါမည်နည်း၊ ဦးကောင်းလွန်း မခန့်မှန်းတတ်ပေမယ့် ဒေါ်မြစိမ်းမေ ကိုယ်တိုင်ကတော့ ကိုယ့်အပြုံး ကိုယ်နားလည်နေသည်။

သည်အပြုံးသည် ခွင့်လွှတ်သည့် အပြုံး....

အရာအားလုံးကို စွန့်လွှတ်သည့် အပြုံး....

"သမီးအတွက်ကို စိတ်ချပါ"

ဒေါ်မြစိမ်းမေ ခေါင်းညိတ်လိုက်သည်။သည်လို စိတ်ချခဲ့၍လည်း သည်လို ဘဝကို ကူးပြောင်းနိုင်ခဲ့ခြင်းပဲ မဟုတ်ပါလား....

နေရာမှ လှည့်ထွက်မည်အပြု....

"မေမေ"

ကြေကွဲဖွယ် ငိုရှိုက်သံလေးက ဒေါ်မြစိမ်းမေ ခြေလှမ်းတွေကို တုံ့ဆိုင်းသွားစေသည်။

သံယောဇဉ်....

ဟိုးငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ရစ်ပတ်နှောင်တွယ်လာသည့် သံယောဇဉ်....

သည် သံယောဇဉ်ကြောင့် သူ မိန်းမသားတန်မဲ့ လောကကြီးကို အံတုခဲ့သည်။

သည်သံယောဇဉ်ကြောင့် သူ့ဘဝ ရှင်သန်နိုးကြားခဲ့ရသည်။





မကြာခင်က သည်သံယောဇဉ်လေး သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားခဲ့ရသည်။

ချစ်လွန်းခဲ့မိ၍ သူ့ရင်မှာ လောင်မီးကျကာ ပူလောင်ဆွေးမြည့်ခဲ့ရသည်။

ရူးမတတ် ခံစားခဲ့ရသည်။

ယခုတော့ ရက်တွေ၊ လတွေ ရလာသလို အချိန်တွေလည်း ကြာမြင့်လာပြီမို့ ဒေါ်မြစိမ်းမေ ဖြေနိုင်ပါပြီ။

သမီးဘဝလည်း သူ့ဖခင်၏ မေတ္တာရိပ် အောက်မှာ အေးမြနိုင်ပါပြီ၊ လုံခြုံမှုအပြည့် ရှိနေပါပြီ။

သူ ရှိဖို့ ဘာလိုတော့လဲ....

ခြေလှမ်းလို အရွေ့....

"မေမေ မေမေ့ကို သမီးကန်တော့ပါတယ်"

လူလူ ဖခင်လက်မှ ရုန်းထွက်ပြီး မေမေ့ကို ဦးခိုက်ကာ လှမ်းကန်တော့လိုက်သည်။

ဒေါ်မြစိမ်းမေ ပြုံးလိုက်သည်။ သည့်နောက် မြစ်ဆိပ်မှ တက်ကာ ကုန်းမြင့်ပေါ်ကို လျှောက်လာခဲ့သည်။

မကြာခင်မှာ သူနှင့် သူ့အဖွဲ့သားများအားလုံး ပန်းသဝ်မြိုင်မှ ခရီးဆက်ရန် ရှိနေပါသည်။

လျှောက်လာပြီးမှ တစ်စုံတစ်ဦးကို သတိရ၍ လှည့်အကြည့်....

"သြော်....မောင်နန်းဝေ"

ဒေါ်မြစိမ်းမေ ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

သူတင် ဘဝကို ပေးဆပ်ရသလား အောက်မေ့ပေမယ့် သူ့လို ဘဝကို ပေးဆပ်ရသူတွေလည်း မနည်းပါလား....

သည်အထဲ သည်ကလေး၏ဖခင် ကိုလှကျော်လည်း ပါခဲ့သည်။

ဒေါ်မြစိမ်းမေ တမြည့်မြည့်တွေးကာ လျှောက်လာချိန်၊ မြစ်ဆိပ်မှာ ရှိနေသည့် နန်းဝေမှာတော့ သူ့ရှေ့မှဇက်ကြီး ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိသည်၊

မကြာခင်မှာ သည်ဇက်ကြီး တစ်ဘက်ကမ်းကို ရောက်တော့မည်။

ပြီးတော့ ရန်ကုန်ကို ခရီးဆက်မည်။

သူနှင့်လူလူ တဖြည်းဖြည်း ဝေးကွာသွားသလို လူလူနှင့် သူ့ဘဝသည်လည်း ဝေးသထက် ဝေးကြရတော့မှာလား၊ သည်အတွေးဖြင့် နန်းဝေ ကြည့်နေချိန် လူလူ့မှာလည်း သူ့အကြည့်များကို လုံးဝ မရုပ်သိမ်းမိသေးပါ။

ဖြစ်နိုင်လျှင် လူလူ့ရှေ့မှ ဆိပ်ကမ်းကြီးပျောက်ကွယ်သွားသည်အထိ လူလူကြည့်ဦးမည်။

သည်အကြည့်က နောက်ဆုံးအကြည့်ပဲ မဟုတ်လား။

မကြာခင် လူလူ ဘဝသစ်ကို အခြေချရတော့မည်။ သည်အခြေချရသည့် ဘဝသစ်ထဲ နန်းဝေလည်း ပါမည်မထင်။ အမေလဲ ပါမည် မထင်။

စိတ်သစ်လူသစ်နှင့် စရမည့်လမ်းမှာ လူလူ သည်လို ရေရှည် ငေးနေ၍ ဖြစ်ပါ့မလား။





လူလူတွေးနေဆဲ လူလူ့မျက်နှာကြည့်ကာ ချို သက်ပြင်းကို ချလိုက်သည်။

သူတို့လုပ်ရပ်သည် လူလူ စိတ်ဆင်းရဲဖို့များ ဖြစ်နေပြီလား....

ဖြစ်နိုင်လျှင် ချို လူလူ့ကို ထာဝရ စိတ်ချမ်းသာစေချင်ပါသည်။

လူလူ့မေတ္တာကို အနိုင်အထက်နှင့် မရယူချင်....

ချို လူလူ့ကို ငေးကာ ဆုံးဖြတ်ချက်တစ်ရပ်ကို ချက်ချင်းချလိုက်သည်။

သူ လူလူစိတ်ချမ်းသာအောင်ထားမည်။ လူလူ့ မျက်နှာလေး ပြုံးနေပျော်နေမှ သူလည်း စိတ်ချမ်းသာမည် မဟုတ်ပါလား။

ချို ဖခင်ဖြစ်သူဆီ လျှောက်လာကာ ပြတ်သားစွာ ပြောလိုက်သည်။

"ချို လူလူ့ကို လက်မထပ်တော့ဘူး ဒယ်ဒီ"

"ဘာဖြစ်လို့လဲ"

"လူလူ စိတ်မချမ်းမြေ့တာ ချို မမြင်ချင်ဘူးဒယ်ဒီ၊ မာမီကြောင့် သူ့အမေတစ်သက်လုံး စိတ်ဆင်းရဲခဲ့ရသလို ချို့ကြောင့်လဲ လူလူ့ကို တစ်သက်လုံး စိတ်မဆင်းရဲစေချင်ဘူး"

"အဲဒီတော့ ချိုဘာလုပ်ချင်လဲ"

ချို ဦးကောင်းလွန်းကို တီးတိုးကပ်ပြောလိုက်သည်။ ဦးကောင်းလွန်း ပြုံးကာ ခေါင်းညိတ်လိုက်သည်။

လူလူကတော့ မသိ။ ကားပေါ်တွင် ငူငူလေးပါလာသည်။

မကြာခင် ဇာက်ကြီး တစ်ဘက်ဆိပ်ကို ရောက်တော့မည်။

ထို့မှမကြာခင် ရန်ကုန်ကို သူ ရောက်တော့မည်။

ရန်ကုန်ကို ရောက်ပြီဆိုလျှင် သူ့ဘဝလည်း ဆုံးသွားပြီ။

ချိုနှင့်သူ မကြာခင် လက်ထပ်ရတော့မည်။ ကိုယ့်ဘဝကိုယ် ငြိမ်းနည်း စိတ်ဖြင့် မျက်ရည်ကျနေဆဲ....

"လူလူ"

လူလူ ချို့ကို လှမ်းကြည့်လိုက်သည်။

"မငိုပါနဲ့ လူလူရယ်၊ လူလူ့ကို ချို စိတ်ချမ်းသာအောင် ထားပါ့မယ်"

လူလူပြုံးလိုက်သည်။ ချစ်သူနှင့် ကွေကွင်းနေရသည့် သူတစ်ယောက်အဖို့ ဘယ်သို့လုပ် စိတ်ချမ်းသာနိုင်တော့မလဲ။

အချစ်ဆုံး အမေကို လူလူ စွန့်လွှတ်ခဲ့ရပြီ။

အချစ်ဆုံး ချစ်သူကို လူလူ မုန်းမေ့လိုက်ရပြီ။

အတွယ်တာရဆုံး လူကို လူလူ ထားခဲ့ရပြီ။

ဒါတွေကို ခံစားနေရသည့် လူလူ့ရင်က ဘယ်လိုလုပ် အပျော်တွေ ဝင်လာဦးမှာလဲ။

လူလူ သက်ပြင်းကို ချကာ အဝေးကို ငေးနေလိုက်သည်။

ရန်ကုန်ကို ရောက်ပြီး မကြာခင် အစ်ကိုနှင့် ဘို မင်္ဂလာဆောင်ကြတော့မည်။





သည်ပွဲမှာ လူလူ ဘယ်လိုနေရမှာလဲ။အစ်ကိုနှင့်ဘို့မျက်နှာကိုလူလူဘယ်လို ကြည့်ရမှာလဲ။

မျက်ရည်တွေ တစ်ပေါက်ပြီး တစ်ပေါက် ကျနေသော လူလူ့ကိုကြည့်ကာ ချို သူ့လက်ကိုင်ပဝါဖြူလေးကို ထုတ်ကာ ယုယကြင်နာစွာ သုတ်ပေးလိုက်မိသည်။

သူမျှား မျက်ရည်ကြီးငယ်ကျမှ အချစ်ကိုရမည်ဆိုလျှင် ချို ထိုအချစ်ကို လက်မခံချင်ပါ။

ချို ကားလီဗာကို ဖိကာဖိကာ နင်းလိုက်သည်။

ရန်ကုန်ရောက်သည်နှင့် သူ ဘိုနှင့် တွေ့မည်။ စီစဉ်စရာရှိတာ စီစဉ်မည်။

ဆုံးဖြတ်ချက်ကိုချပြီးတော့ စိတ်က ပေါ့ပါးသွားသည်။ နေရတာလည်း လွတ်လပ်ပေါ့ပါးသွားသလိုပင်....

* * *

## အခန်း (၂၈)

"လာ လူလူ"

ရန်ကုန်ကို ညနေ လေးနာရီခန့်မှာ ဝင်လာသည်။

လူလူတို့ ကားအဆိုက် ဘိုက တိုက်ထဲမှ ပြေးထွက်ကာ ကြိုသည်။

လူလူ အံ့ဩသွားသည်။ ဘို့အသွင်က ယခင်နှင့် တခြားစီ....

ယခင်က မျက်နှာကိုမော့ကာ လောကကြီးကို ထီမတင်သလို ကြည့်တတ်သည့် ဘို့သဏ္ဍာန်က ယခုတော့ ညှိုးကာ နွမ်းနေရှာသည်။

"လူလူ့ အတွက် ဘယ်အခန်းပြင်ထားလဲ ဘို"

"အပေါ်ထပ်မှာ ပြင်ထားပေးပါတယ် ဒယ်ဒီ၊ လာ.... လူလူ"

ဘိုက လူလူ့အိတ်ကို လွယ်ကာ အပေါ်ကို တက်မည်ပြုနေ၍....

"ပေး မမ၊ လူလူ့ဘာသာ လွယ်ပါ့မယ်"

"မဟုတ်တာ လူလူရယ်၊ မမ လွယ်ခဲ့ပါ့မယ်"

သခင်က ရေတစ်ခွက်ပင် ခပ်မသောက်သည့် ဘိုက ယခုတော့ လူလူ့အတွက် အားလုံးစီစဉ်ပေးသူ ဖြစ်နေ၍ လူလူ အားနာနေဆဲ ဘိုက လှမ်းပြောသည်။

"လူလူ ကြည့်စမ်း၊ ဒီပုံတွေက ဘယ်သူ့ပုံတွေလဲ"

လူလူ့အခန်းလုံးပြည့် ကပ်ထားသည်က တွမ်ခရုဲ့ ပုံတွေပါ။

ဘို ဘာသဘောနှင့် သည်ပုံတွေကပ်ထားရတာလဲ၊ လူလူ့ကို ခနဲ့ချင်လို့လား....

မျက်ရည်ဝေ့ဝဲသော မျက်ဝန်းများနှင့် ဘို့ကိုအကြည့်....

"လူလူ"

ဘိုက လူလူ့နားကို ကပ်ကာ ကြင်နာစွာ ခေါ်သည်၊

လူလူ မထူးဘဲ ခေါင်းကို ငုံ့လိုက်သည်။ အနိုင်ရနေမှ ဘို သူ့ကို ဘာလို့ ထပ်အနိုင်လိုချင်နေရတာလဲ။

"ဒီပုံတွေက ကိုမျိုးနဲ့ သိပ်တူတယ်နော်"

လူလူ နေရာမှထလာကာ ရေချိုးခန်းထဲဝင်ပြီး ရှိုက်ငိုလိုက်သည်။

သည်နေရာ သည်ဒေသကို လာလျှင် သည်လို ခံစားရမည်ဆိုတာ သိနေ၍ မလာချင်ကာမှ ဘို နှိပ်စက်ရက်သည်။





"လူလူ"

ဘိုက အပြင်မှ တကြော်ကြော်အော်ကာ ရယ်နေသည်။

"လူလူ ထွက်ခဲ့ပါဦး"

မကောင်းတတ်၍ ထွက်အလာ....

"လာ....လူလူ့ကို ပြစရာရှိလို့"

ဘို လက်ဆွဲခေါ်ရာ အခန်းတစ်ခန်းကို လူလူ ရောက်သွားသည်။

"ကြည့်စမ်း လူလူ၊ ဘယ်လောက်လှလဲ"

"အို"

လူလူ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ကာ မျက်လုံးကို မှိတ်ထားလိုက်သည်။

သူ့ရှေ့မှ အခန်းက မင်္ဂလာမောင်နှံအခန်းကြီးပါ။

ဇာပြာလွလွများခင်းထားသည့် နှစ်ယောက်အိပ်ခုတင်၊ ဗီရို၊ စားပွဲ၊ မှန်တင်ခုံ အားလုံး အားလုံးက အသစ်ကျပ်ချွတ်တွေပါ။

"ဒါ....ကိုယ်နဲ့ ကိုမျိုး လက်ထပ်ပြီးရင် နေမယ့်အခန်းလေ၊ မကောင်းဘူးလား"

"ကောင်းပါတယ်"

ဟန်ဆောင်ကာပြောနေရပေမယ့် လူလူ့နှလုံးသည်းခိုင်တွေ ပြတ်ပါတော့မည်။

"ဒီလက်စွပ်က စေ့စပ်တုန်းက ကိုမျိုး ကိုယ့်ကို ဝတ်ပေးတဲ့ လက်စွပ်လေ"

စိန်ပတ်လည် စီ●ားသည့် လက်စွပ်လေးက လူလူ့ကို လှောင်နေသလို ပြောင်နေသလိုပါ။

လူလူ သည်းမခံနိုင်တော့....

"ဘို လူလူ့ကို ဒါတွေ ဘာလို့ ပြောနေတာလဲ၊ လူလူနဲ့ အစ်ကို့ ဇာတ်လမ်းက ပြီးဆုံးခဲ့ပြီပဲ"

"တကယ်လား လူလူ"

"လူလူ အစ်ကို့ကို မေ့လိုက်ပါပြီ၊ အစ်ကိုနဲ့ လူလူက ဖြစ်မှမဖြစ်နိုင်တော့ဘဲ"

"ဘာဖြစ်လို့လဲ"

"လူလူ....ချို့ကို မကြာခင် လက်ထပ်ရတော့မှာပဲ"

"လူလူ....ချို့ကို ချစ်လို့လား"

လူလူမဖြေဘဲ ဘို့ကိုကျောခိုင်းကာ ရပ်လိုက်သည်။

"ဘိုမေးတာဖြေလေ လူလူ"

လူလူ သက်ပြင်းချကာ ဘို့ကို လှမ်းကြည့်လိုက်သည်။ ဘိုက လူလူ့ကို ကြည့်နေ၍ လူလူ ခပ်ပြတ်ပြတ်ပဲ လှမ်းပြောလိုက်သည်။

"ချို့ကို ချစ်လားဆိုတော့ လူလူ မချစ်ဘူးဘဲ ဖြေရမှာပဲ ဘို၊ လူလူ့ တစ်သက်မှာ တစ်ချစ်တည်းပဲ ချစ်တတ်တယ်၊ ဒါပေမယ့်....ဒါပေမယ့်...."

လူလူ ပြောမရတော့ပါ။ ရှိုက်၍ရှိုက်ကာသာ ငိုချပစ်လိုက်တော့သည်။

"လူလူရယ်"





ဘို....လူလူ့ကို စိတ်မကောင်းစွာဖြင့် ဖက်လိုက်သည်။

"လူလူ...ကိုမျိုးကို တကယ်ပဲ ချစ်တယ်နော်"

"အစ်ကိုနဲ့တွေ့မှ လူလူ အချစ်ကို တွေ့ဖူးတာပါ၊ အစ်ကိုဟာ လူလူ့ အချစ်ဦးပါ၊ဒါပေမယ့် လူလူ မေ့လိုက်ပါပြီ"

"တကယ်မေ့တာလား လူလူရယ်၊ အခုနေ ကိုမျိုးကို တွေ့ရင်ကော လူလူ ဘယ်လိုနေမလဲ"

လူလူ သက်ပြင်းချလိုက်သည်။ သည်စကားတွေ မကြားချင်တော့၍ ရန်ကုန်ကို မလာချင်ကာမှ သည်စကားတွေသာ ကြားနေရ၍ ဘို့ကို စိတ်ပျက်လက်ပျက် လှမ်းပြောလိုက်သည်။

"လူလူ တစ်ယောက်တည်း နေပါရစေ ဘိုရယ်၊ လူလူဟာ စိတ်ဆင်းရဲလာတဲ့သူပါ"

"ဘိုကလဲ လူလူ့ကို စိတ်ချမ်းသာစေချင်တဲ့သူပါ လူလူရယ်၊ ဟိုမှာ ဘယ်သူလဲ ကြည့်စမ်း လူလူ"

"ဟင်...."

လူလူအံ့ဩလွန်း၍ ပါးစပ်လေးပင် ပွင့်သွားသည်။

"အစ်ကို...."

အစ်ကိုက လူလူ့ကို မျက်ရည်ဝေ့သော မျက်ဝန်းများဖြင့် လှမ်းကြည့်နေသည်။

လူလူ....ဘာပြောရမှာလဲ။ ဘို့ကိုတစ်လှည့်၊ အစ်ကို့ကို တစ်လှည့် လှမ်းအကြည့်....

"လူလူ"

ဘိုက လူလူ့နားကို လျှောက်လာကာ လူလူ့လက်လေးကို လှမ်းဆွဲသည်။ ပြီးတော့ စိန်လက်စွပ်လေးကို သူကိုယ်တိုင် ဝတ်ပေးလာသည်။

လူလူ နားမလည်နိုင်သလို ဘို့ကို ငေးအကြည့်....

"ဘို နားလည်ပါပြီ လူလူ၊ တကယ်တော့ အချစ်ဆိုတာ ဖန်တီးယူလို့ မရတဲ့အရာပါ၊ ဘို အချစ်ကို အတင်းကာရော ဇွတ်ဖန်တီးယူမိတယ်၊ ဒါပေမယ့် အလကားပါပဲ၊ ကိုမျိုး တကယ်ချစ်တာ လူလူ့ကိုပါ"

"အို...အစ်ကို တကယ်ချစ်လဲ လူလူတို့ ယူလို့ရတော့တာမှ မဟုတ်ဘဲ ဘိုရယ်၊ ဒီလက်စွပ်ကို ပြန်ယူပါ၊ ဘိုဝတ်ပါ"

"မဟုတ်တာ လူလူ၊ ကိုယ့်ကို မချစ်မနှစ်သက်သူရဲ့ရင်ခွင်ကို ဘို မဝင်လိုတော့ပါဘူး၊ လူလူ လက်ခံပါ၊ ဒီမှာ ဘာလဲ လူလူ ကြည့်ပါဦး"

"ဟင်"

လူလူ ဘို့ကို အလန့်တကြား လှမ်းအကြည့် ဘိုက သူနှင့် ကိုမျိုးတို့ စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းသည့်သတင်း လူလူ ပါသည့် သတင်းစာကို လူလူ့ကို လှမ်းပြသည်။

လူလူ ယုံရမှာလား....။

ဝမ်းသာစိတ်ဖြင့် အစ်ကို့ကို လှမ်းအကြည့် အစ်ကို့ မျက်ဝန်းတွေက လူလူ့ကို ရွှန်းရွှန်းစားစား လှမ်းကြည့်နေသည်။





လူလူ ဟန်မဆောင်နိုင်တော့၊ အစ်ကို့ရင်ခွင်တွင်းဝင်ကာ အားရပါးရ ရှိုက်ငိုပစ်လိုက်သည်။

သည်မြင်ကွင်းကို ကြည့်ကာ အားလုံး ဝမ်းသာနေကြသူတွေက....

ဦးကောင်းလွန်း၊ ချိုနှင့် ဘို။

လူလူ အစ်ကို့ရင်ခွင်တွင်းမှ ရုန်းထွက်ရင်း....

"အစ်ကို...လူလူ့လက်ကိုဆိတ်ပါ အစ်ကို"

"ဘာဖြစ်လို့လဲ လူလူ"

"လူလူ အိပ်မက် မက်နေတာလား၊ လူလူ့ကို နောက်နေကြတာလား"

"အိပ်မက် မဟုတ်ဘူး ခင်ဗျ၊ နောက်တာလဲ မဟုတ်ဘူး၊ ဒါ...တကယ်၊ လူလူဆိုတဲ့ ကောင်မလေး ယောကျ်ားရတော့မယ်...."

"အို"

အစ်ကို့ တီးတိုးစကားသံကြားမှာ လူလူ ရှက်လွန်း၍ ခေါင်းအငုံ့....

"လူလူ...တို့သွားမယ်"

"ဟင်....ဘို ဘယ်လဲ"

"နက်ဖြန် ချိုကောဘိုပါ ဂျပန်ကိုသွားဖို့ ရက်စေ့ပြီ"

သည့်အလျင်အချိန်များက ချိုမသွားချင်၍ လေယာဉ်လက်မှတ်နေ့စွဲများကို နောက်ဆုတ် နောက်ဆုတ်လာခဲ့ပေမယ့် နက်ဖြန်မှာတော့ မရတော့ပါ။

ဘိုမှာလည်း ယခင်ကသွားဖို့ အစီအစဉ်မရှိပေမယ့် ကိုမျိုးနှင့် စေ့စပ်ပြီးမှ သူ့အခြေအနေကို သူနားလည်လာသည်။

မာမီသည် လူလူ့မိခင် ဒေါ်မြစိမ်းခက်၏မေတ္တာကို လုယူကာ သူ့ဘဝကိုသူ တည်ဆောက်ခဲ့၍ ဒယ်ဒီ့အချစ်ကို မရခဲ့သလို....

ငယ်ငယ်ရွယ်ရွယ်နှင့် လူ့လောကထဲမှ ထွက်ခွာခဲ့ရသည်။

သူ သည်အဖြစ်မျိုးကို မခံစားလိုပါ။

ဒါကြောင့် ကိုမျိုးနှင့်စေ့စပ်ပြီး မကြာခင်မှာ သူ နိုင်ငံခြား သွားဖို့ လျှောက်ထားခဲ့သည်။

ယခုတော့ သူသွားရပါတော့မည်။

"ဒါ ကိုယ်တို့ပိုင်ဆိုင်ခွင့် စာချုပ်တွေ လူလူ"

ဘိုကောချိုပါ လူလူ့လက်တွင်းကို စာချုပ်စာတမ်းများ အပ်ကြသည်။

လူလူ မျက်ရည်တွေတွေကျကာ ခေါင်းကိုခါယမ်းရင်း....

"လူလူ ဒါတွေမလိုချင်ပါဘူး ဘိုရယ်၊ လူလူလိုချင်တာ ဘိုတို့ဆီက မေတ္တာပါ"

"မေတ္တာဆိုတာလိုချင်လို့လဲမရဘူး၊ မလိုချင်လို့လဲ ရတတ်တဲ့အရာပါ၊ လူလူ့ဆီမှာ အားလုံးရဲ့မေတ္တာတွေ စုနေပါပြီ လူလူရယ်၊ ကဲ....ဘိုသွားမယ်၊ ကိုယ်တို့ ဒီည ပါရမီအိမ်မှာ အိပ်မယ်၊ နက်ဖြန်သွားမယ်"

"လူလူ....ချိုသွားမယ်"





ချိုက လူလူ့နားလျှောက်လာကာ လူလူ့ကို နှုတ်ဆက်သည်။

"ရော့....လူလူ၊ ဒီပစ္စည်းလေးက ချို အမြတ်တနိုး သိမ်းထားတဲ့ ပစ္စည်းလေးပါ"

"အို...."

လူလူ ချို့ကို စိတ်မကောင်းစွာ လှမ်းကြည့်လိုက်သည်။

ချိုလှမ်းပေးသည့်ပစ္စည်းက ပလတ်စတစ် လောင်းထားသည့် ဆယ်တန်လေးတစ်ရွက်ပါ။

ချိုရယ်....

လူလူငေးနေဆဲ အခန်းထဲမှ အားလုံးထွက်သွားကြသည်။

လူလူ အစ်ကို့ကိုလှမ်းအကြည့် အစ်ကိုက လူလူ့ကို မချိမချဉ် ပြုံးကြည့်နေသည်။

"အစ်ကိုနော်....ဘာကြည့်တာလဲ"

"သူဌေးမကြီးဆိုတော့ ဘယ်လိုများ ချစ်စကား စပြောရမလဲလို့ အစ်ကို စဉ်းစားနေတာ၊ မတော် အလျင်တစ်ခါတုန်းကလို ရှင့်ကို မချစ်နိုင်တော့ပါဘူးဆို ဒီကကောင် ဘယ်လိုလုပ်ရမလဲ"

"တော်ပါနော်၊ သူ့ကိုချစ်မိလို့ ဒီကရင်မှာတော့ ခံစားလိုက်ရတာ၊ သူက မခံစားရသလိုဘဲ"

"လူလူရယ်၊ ပါးစပ်ကပြောမှပဲ ခံစားရတယ်လို့ လူလူထင်မှာလား၊ အစ်ကို့ရင်ထဲ လူလူဝင်ကြည့်စမ်းပါ၊ လူလူ

အစ်ကို့ ကို တစ်ချစ်တည်းချစ်ခဲ့ဖူးသလို အစ်ကိုဟာလဲ လူလူ့ ကိုပဲ တစ်ချစ်တည်း ချစ်ခဲ့ဖူးတဲ့သူပါဆိုတာ ယုံပါ''

''ယုံပါတူး၊ ဒီမှာဖြင့် ငိုလိုက်ရတာ''

''တာလဲ၊ အစ်ကို ဘိုနဲ့လက်ထပ်သွားပြီ ထင်ပြီးတော့ လား''

''သိဘူး''

လူလူ အစ်ကို့နားမှ ရှောင်အထွက်....

''လုပ်ပြန်ပြီ၊ အလျင်တစ်ခါတုန်းကလဲ အစ်ကို့ ကို အဲလို လုပ်သွားလို့ ဘာဖြစ်ပြီးပြီလဲ''

''ဘာဖြစ်လို့လဲ''

''ကောင်မလေးတစ်ယောက်ကို ဟောဒီလို ကောင်လေး တစ်ယောက်က ပွေ့ချီပြီး အခန်းထဲခေါ်သွားတာရော''

''အစ်ကိုနော်....လွှတ်''

''မလွှတ်နိုင်တော့ဘူး၊ အလျင်တစ်ခါ လွှတ်လိုက်လို့ ဒီကောင် သေလုအောင် ခံစားခဲ့ရပြီးပြီ၊ ဒီတစ်ခါတော့ ဘယ် ကိုမှ မလွှတ်နိုင်တော့ဘူး''

''အစ်ကို့ မေမေက လူလူနဲ့သဘောတူလို့ ဒီရောက်နေတာ လား''

''မေမေကိုယ်တိုင်က သားလေးစိတ်ဆင်းရဲလှပြီ၊ ချွေးမ လေးကို သား ဟိုအိမ်က သွားစောင့်နေဆိုလို့ လာစောင့်နေ တာ''





''ဒီလိုဆို လူလူတို့မလာခင်ကတည်းက အစ်ကိုတို့က စီစဉ် ထားနှင့်တာပေါ့....ဟုတ်လား''

''ဒါပေါ့''

''လူလူလိုက်မလာရင် ဘယ်လိုလုပ်မလဲ''

''လိုက်ခေါ်မှာပေါ့''

''လိုက်ခေါ်လို့ မလိုက်ရင်ကော''

''လူလူ ငိုသလို ငိုချပစ်လိုက်မှာပေါ့''

''အစ်ကိုနော်၊ လူလူလဲ မငိုဘဲနဲ့''

''တကယ် မငိုဘူးလား''

လူလူ မျက်စောင်းခဲကာ တစ်ဘက်ကိုအလှည့် အစ်ကိုက လူလူလှည့်ရာဘက် လိုက်လာရင်း....

''အစ်ကိုမေးတာ ဖြေလေ၊ လူလူ တကယ် မငိုဘူးလား လို့''

''ငိုပါဘူး''

''ဒါဆို....အစ်ကို ဘို့ကိုပဲ လက်ထပ်လိုက်တော့မယ်''

''အစ်ကိုနော်''

''ဟောဗျာ''

မျိုးလွင် ကြည့်နေဆဲ လူလူ နေရာမှာထိုင်ကာ အားရပါး ရ ငိုချပစ်လိုက်သည်။

သည်တစ်ခါ ငိုရခြင်းက ဝမ်းနည်းစိတ်ဖြင့် ငိုခြင်းမဟုတ်၊ ပျော်ရွှင် ကြည်နူးစိတ်ဖြင့် ငိုရခြင်းပါ။

မျိုးလွင် လူလူ့ကိုယ်လေးကို- ကြင်နာစွာဖြင့် သိုင်းအဖက်

လူလူကိုယ်တိုင်လည်း မျိုးလွင်ကို ဖက်မိရက်သား ဖြစ်သွားသည်။

သည်လိုပဲ မခွဲမခွာ ထာဝရ နေပါရစေတော့။

နှစ်ဦးသား ရင်မှာ ပြိုင်တူ ဆုတောင်းနေချိန်....

တံခါးဆီမှ ကလစ် ဟူသော အသံသဲ့သဲ့ကို ကြားလိုက်ရသည်။ တစ်စုံတစ်ဦးက လာပိတ်ပေးတာပဲ ဖြစ်ပါလိမ့်မည်။

ခုချိန်မှာ ဘယ်တစ်စုံတစ်ဦးကိုမှ မျိုးလွင်ကော လူလူကော ဂရုမစိုက်နိုင်တော့ပါ။

ခွဲခဲ့ရသည့် ရက်တွေ ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။

"နောက် ဘယ်တော့မှ မခွဲတော့ဘူးနော် လူလူ"

"လူလူလဲ အစ်ကို့ လိုပါပဲ"

နှစ်ဦးသား တင်းကျပ်စွာ ဖက်ထားလိုက်မိကြသည်။

တ လူ အစ်ကို့ ကို ဖက်ရင်း မျက်ဝန်းထဲ နန်းဝေကို မြင်ယောင်လာသည်။

သူနှင့် အစ်ကိုအဖြစ်ကို ကြားလျှင် နန်းဝေ ဝမ်းသာနေမှာလား။ အေးလေ သူကတော့ ကြံဖန် ဝမ်းသာနေမှာပါ။

လူလူ မျက်လုံးကို စုံမှိတ်ကာ အစ်ကို့ကို တင်းကျပ်စွာ ဖက်ထားလိုက်မိတော့သည်။

ရှင်လန်း ချမ်းမြေ့ ကြပါစေ။

ဆက်လက်ကြိုးစားနေဦးမည့်

**ဝေဝေအောင်**